www.burmeseclassic.com

VIEW

ကျူး

ကာလောင်းရဲ့

# ဝ
# သျူး

ချစ်ခြင်းဖွဲ့ အနုပညာ

BURMESE CLASSIC



COVER Idea Kyav

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေခွင့်ပြုချက်အမှတ် - ၄၀၀၂၂၅၀၇၀၀

မျက်နှာဖုံးခွင့်ပြုချက် - ၄၀၀၂၈၉၀၇၀၀

ထုတ်ဝေသူ

ဒေါ်မြင့်မြင့်ရီ (ယ-၀၃၅၈၈)

(ရွှေတာရာ)

အမှတ် (၉၃)၊ အခန်း (၃၀၀)

ဆရာစံလမ်း၊ ဗဟန်းမြို့နယ်

အတွင်းမျက်နှာဖုံးပုံနှိပ်

ဦးကျော်မင်း (ဖြ-၀၁၄၃၀) (ရွှေမြဝတီပုံနှိပ်တိုက်)

အမှတ်(၂၂၉) ၃၂-လမ်း (အထက်)

ပန်းဘဲတန်း၊ ရန်ကုန်မြို့

မျက်နှာဖုံးဒီဇိုင်း

Idea Kyaw & Kyaw Oo

ပုံနှိပ်ခြင်း

ပထမအကြိမ်

၂၀၀၀ ဇွန် လ

အုပ်ရေ - ၁၀၀၀ တန်ဖိုး - ၄၀၀

ဖြန့်ချိရေး

[illegible]

ဖုန်း - ၀၁- ၂၈၀၈၈၈

[illegible]

ချမ်းမြမှီးအနုပညာ / ထိုး - ရန်ကုန်

ရွှေတာရာ၊ ၂၀၀၀

၂၀၀ - စာ၊ ၁၀ × ၁၂ စင်တီ

(၁) ချမ်းမြမှီးအနုပညာ

# အခန်း (၁)

အဆုံးအစမရှိသော လယ်ကွင်းပြင်ကြီးကိုခငေးမောရင်း မေသသူ ... လောက်ထဲမှ မီးခရက်တိုကို မီးသတ်ကာ အဝေးသို့ ပစ်လိုက် ... ဒွေမီးတိမ်တွေ လေဝေနေသည်။ ဘာလုပ်ရမည်မှန်းမသိသော ဦးတည်ရာ ... ပျက်နေသော စိတ်တို့ကသာ သူ့စိတ် သူ့နှလုံး သူ့ဦးနှောက်ထဲမှာ ... ရှုပ်ထွေးကုန်ကြသည်။

တကယ်ဆို သူ့ကိုယ်သူပင် ဘာမှန်းရေရေရာရာ မသိသည့် ... ဖြစ်၏။ မရောက်ဘဲ မေမေဆုံးတာ ရက်လည်ပြီးနှင့်သည်။ ဖိုးကြော်နှင့် ... တကြီးထဲမှာ သူတစ်ယောက်တည်း ဘာကိုမှ မလုပ်တတ် ... မှိုင်းနှင့် ကျန်ရစ်ခဲ့ရခြင်းဖြစ်၏။ မေမေကတော့ သူငယ်တည်းကပင်

www.burmeseclassic.com



ဆုံးပါးသွားခဲ့သည်မို့ မေမေ့မျက်နှာကော သူမှတ်မိခြင်းမရှိခဲ့ပါ။ သူ့ဘဝတစ်လျှောက်လုံး ဒီအဖေတစ်ယောက်ကိုသာ မှီတွယ်ခဲ့ရခြင်းဖြစ်သည်။ ခုတော့ ဖေဖေကလည်း ရုတ်တရက်ကြီး ဦးနှောက်သွေးကြောပြတ်ကာ ဆုံးပါးသွားခဲ့ပြီ။

ဘဝအတွက် ဘာဆိုဘာကိုမှ ပြင်ဆင်ထားခြင်းမရှိခဲ့သော ဇေယသု တစ်ယောက်သာ လောကအလယ်တွင်ကျန်ရစ်ခဲ့ရတော့၏။ သူ ဘာဆက်လုပ်ရမည်နည်း။ သူ့တွင်ပိုင်ဆိုင်တာဆို၍ ပျဉ်ထောင်အိမ်လေးတစ်လုံးနှင့် ပရိဘောဂအချို့သာ။ လောကကြီးတွင် သူမည်သို့မည်ပုံ ရပ်တည်ရမည်ကို မသိနားမလည်နိုင်သေးသော ဆယ့်ကိုးနှစ်အရွယ် ကောင်လေးတစ်ယောက်မို့လည်း သူ့စိတ်တွေ ဂိုလိုပ် လေးလံထိုင်းမှိုင်းနေတာဖြစ်သည်။

“ယသု မင်းဘာလုပ်မယ် စဉ်းစားထားလဲ”

ရပ်ကွက်ထိပ်ရှိ စိမ်းစိုနေသော လယ်ကွင်းပြင်ကန်ဘောင်စပ်တွင်ထိုင်ကာ တွေးဝေနေသည့် ဇေယသုဘေးရှိ ထိပ်ချင်းကပ်နေသည့် သူငယ်ချင်းဖြစ်သူ ထင်ကျော်က ဝင်ထိုင်ကာ မေးလိုက်ခြင်းဖြစ်၏။

“ငါလည်း မသိတော့ဘူးကွာ၊ တစ်သက်လုံး ဘာမှမလုပ်ဘဲ နေလာတဲ့ကောင်ဆိုတော့လည်း ခုလို ပြဿနာကြီး ထင်မထားတာတွေ ဖြစ်ကုန်တော့ ငါလည်း စိတ်ဓာတ်တော်တော်ကျနေမိတယ်ကွ”





“အင်း ငါဆိုရင်လည်း ဒီလိုပဲဖြစ်မယ်နဲ့တူတယ်၊ ဒါပေမဲ့ ခု မင်းအရွယ်က ရှိသေးတယ်၊ မင်း ဒီလိုမှိုင်တွေနေလို့လည်း ဘယ်သူကမှ ထမင်းလာကျွေးမှာ မဟုတ်ဘူး”

ထင်ကျော်က ယသုကို နှစ်သိမ့်ပေးလိုခြင်းဖြစ်ပေမယ့် ယသုကတော့ ခေါင်းကိုသာ သွက်သွက်ခါလိုက်၏။

“အားလေ ငါကလည်း ဒီတိုင်းကြီးတော့ ထိုင်မနေချင်ပါဘူး။ ဒါပေမဲ့ ငါလို ဆယ်တန်းဖြေထားတယ်ဆိုတဲ့ အထင်ကြီးလောက်စရာမရှိတဲ့ အရည်အချင်းတစ်ခုနဲ့ ငါက ဘာလုပ်ရမှာလဲ၊ ဒါကြောင့်ပဲ ငါ တော်တော် စိတ်ပျက်နေမိတာပေါ့ကွာ”

ယသုက ညည်းတွားလိုက်သည်။ သို့သော် ထင်ကျော်ကတော့ တစ်ခုခုကို စဉ်းစားမိလေဟန် အရေးတကြီးပုံစံဖြစ်သွားရင်း

“ငါ ခုမှ သတိရတယ်ကွ၊ ငါ့ဦးလေးနှစ်ဝမ်းကွဲတစ်ယောက်က ရန်ကုန်မှာရှိတယ်လေ၊ သူက ငါ့ကို အလုပ်တွေဘာတွေလုပ်ချင်ရင် ရန်ကုန်လာခဲ့နိုင်းဖူးတယ်ကွ”

“အဲဒါ မင်းကိုပြောတာပဲကွာ၊ ငါက ဘာလုပ်နိုင်မှာလဲ”

“အာ မင်းကလည်း တုံးလိုက်တာကွာ၊ မင်းကရန်ကုန်မှာ ငါနဲ့လိုက်နေပေါ့ကွ”

“ငါတို့က ဘာနဲ့နေရမှာလဲ”



www.burmeseclassic.com

www.burmeseclassic.com



"ဦးလေးကြီးက သူ ဝယ်ထားတဲ့အိမ်သစ်မှာ နေစေတာဆိုတော့ အိမ်တောင်ကို ရောင်းမယ်ဆောင် လုပ်နေသေးတာ။ ဒါပေမဲ့ ငါက တော့နိုင်ဖို့ရာကို ပြောထားလို့ သူက မထေသေးတာတွေထားတာ ဒီ ရန်ကုန် ထောင်းတော့ခုစနစ်ရှိ အိမ်အိမ်ကို ပြင်ဆင်ထောင်သေးတာချို့ နေနိုင်မှာ ပေါ့"

မိတ်ဆိုးရုံရှိတော့ မရှိတော့ဘူး ယောလုံတွေပေါ်သည်။ နေရာအိမ် ရှိမှတော့ အလုပ်ရှာလုပ်ရမည်မှာ မိန်းမွဲမကူသွားမည်ဟု သူစဉ်းစား ဆိုင်ပေးထားပြေးမြို့နိမ်း။

"မင်းတော့က ဒီမှာပဲလိုတာ။ ထင်ကျော်"

"ဘာ...ကျွန်ုပ်ရှာတဲ့နေ့ကျွှာ ငါကလည်း အခက်မရှိလို့ ပြိမ်နေ တဲ့ ၅ မင်း...တော့ ငါလည်းရန်ကုန်သွားချင်ပြီကွ"

"ဟိုဆိုလည်း မင်းဦးလေးကို ပေးရှာအောင် ပြန်လာကိုသွားမယ် ထားဆိုင်းတော့ မင်းဘက်က ပေးရာပြီးဆိုရင် ငါတို့သွားကြတာပေါ့"

"ဒါ လောကမပြောတော့ ယာလ"

ထင်ကျော်က ဝမ်းသာအားရသည်နှင့် ပေးလိုက်သောအခါ ဖေးယာရာသည် ခေါင်းတစ်ချက်ညိတ်ပြရင်း အပြုံးပြုပေးလိုက်တော့သည်။

ထို့နောက် တစ်ပတ်အကြာတွင် သူတို့နှစ်ယောက်သား ထင်ကျော် ဦးလေးကြီးမှ ပွတ်လိုက်သော လိုက်ထရပ်စ်ကားနှင့် တစ်ကြိမ်မြို့နယ်ဖြိုးလေး





မှ ရန်ကုန်သို့ ရောက်ရှိခဲ့ကြသည်။

ပထမဆုံး သွားရောက်ခဲ့သည်က ထင်ကျော်ဦးလေး ပေါက်ရှိနေ ထိုင်သော မြို့ဝင်းနှင့်တိုက်အိမ်လေးဆီသို့ ဖြစ်သည်။

"ဟေး ဒို့ထင် ရောက်ပြီတော့။ ငါက မင်းတို့ကို မနက်ထည်း က မျှော်နေတာကွ"

အိမ်ထဲသို့ဝင်လိုက်သည်နှင့် အသားလတ်လတ် ဗိုက်ရွှဲရွှဲနှင့် အသက်လေးဆယ်ကျော်ခန့် လူကြီးတစ်ဦးက ဆီးကြိုပါ၏။ ထင်ကျော် ဦးလေးဆိုတာ ဖြစ်မည်နှင့်တူသည်။

"ဟုတ်ကဲ့ ဦးအောင်၊ ကျွန်တော်တော့ ဖေ့တော်တော့ပင်ပန်းသွားပြီ ရှ"

"အဲဒါတယ်ကွာ မင်းတို့နှာရို အဆင်သင့်ပါပဲ။ ဒါနဲ့ ဒီကောင် လေးက မင်းပြောတဲ့ မင်းသူငယ်ချင်းဆိုတာလား"

ဦးအောင်က ဖေးယာရာကို သက်ညှိုးထိုးပြီးက မေးသည်။ သူက တော့ အဝတ်အစားများသည့်တားသော ပလတ်စတစ်အိတ်ကို လက်ထဲကိုင်ရင်းက ခေါင်းညိတ်ပြလိုက်သည်။ ထင်ကျော်ကလည်း

"ဟုတ်တယ်လေ သူပါအဖော်ရှိတော့ ကျွန်တော်လည်း ဦး အောင်ဆီလာဖို့ ဝိတ်စရဲသွားတာပေါ့"

"မင်းကောင်က လူရှေ့ပဲကွ အသက်ရော ဘယ်လောက်ရှိ



www.burmeseclassic.com

www.burmeseclassic.com



လဲ"

အသောကြီးညို မျှော့ကိုယ်ချောင်းချောင်းနှင့် အရပ်ကြီးက ခြောက်ပေနီးပါးရှိသော ယနေ့ကျိုကြည့်ရှာ ဦးအောင်က မေးလိုက်ခြင်းဖြစ်သောကြောင့် ယခုကဲ့သို့

"ဆယ့်တိုးနှစ်ပါ"

"ဟာ မင်းဆယ့်ကိုးနှစ်ကလည်း တွားလိုက်တာကွာ၊ ငါတို့ ဖိုးထင်ထက်တောင် တစ်နှစ်လောက် ငယ်သေးတာပဲ ပညာရောတတ်လား"

"ဟုတ် ကျွန်တော် ဆယ်တန်းမြေထားပါတယ်"

"ဟား မင်းမဆိုးဘူးပဲ၊ ငါတို့ ဖိုးထင်ကတော့ ဆယ်တန်းကို ပြန်မြေနိုင်းလို့ကို မရတာ"

ဦးအောင်က ဖိုးထင်ဘက်သို့ မေးငေါ့ကာ ပြောလိုက်သည်။

"ကျွန်တော်လည်း နှစ်နှစ်ကျပြီးပါပြီ၊ ဒီနှစ်တော့ နောက်ဆုံးအနေနဲ့ ဖြေလိုက်တာပါ"

"ဘယ်လိုပဲဖြစ်ဖြစ်ပေါ့ကွာ ပညာလို ဆိုသည်မရှိတဲ့ကွ၊ ဖိုးထက်မင်းနာမည် ပြောပါဦး"

"မေယသု ပါ ဦးအောင်"

"အေး အေး ကောင်းပြီ မင်းတို့လည်း ပင်ပန်းလာတယ်ဆို





တော့ အရင်နားလိုက်ပါဦး။ ညနေစာစားမှပဲ အေးအေးဆေးဆေး ဆက်ပြောကြတာပေါ့ကွာ"

ယသုနှင့်ဖိုးထင်ကို အပေါ်ထပ်ရှိ အခန်းတစ်ခုသို့ လိုက်ပို့ပေးပြီး ဦးအောင်က ပြန်ဆင်းသွား၏။

ယသုနှင့်ဖိုးထင်ကို အပေါ်ထပ်ရှိ အခန်းတစ်ခန်းသို့ လိုက်ပို့ပေးပြီး ဦးအောင်က ပြန်ဆင်းသွား၏။

ထိုအခါမှ ယသုက လက်ဆွဲအထုပ်ကိုချကာ ခုတင်ပေါ်တက်ထိုင်ရင်း

"မင်းဦးလေးက သဘောကောင်းသားပဲကွ"

"ဖါပေါ့ သဘောလည်းကောင်းတယ်၊ လူမှုကြီးဆိုတော့ ဘာအချုပ်အနှောင်မှလည်း မရှိဘူး။ ငါတို့အတွက်လည်း အေးဆေးပဲ"

"အင်း ဟုတ်တယ်နော် ငါနဲ့ မင်းဦးလေးက အဝတ်အစားတွေ ရောင်းတဲ့ဆိုင် ဖွင့်ထားတာဆို"

"အေး ဟုတ်တယ်ကွ၊ မြို့ထဲမှာလေ၊ ငုံဦးလေးက မြဝတီဘက်က အထည်တွေယူပြီး ဒီမှာဆိုင်ပြန်ဖွင့်ရောင်းတာပေါ့။ ပထမတော့ ဆိုင်ဘယ်ဖွင့်နိုင်ပါ့မလဲ၊ နောက်ပိုင်းမှာ အလုပ်ကအဆင်ပြေတော့ ဆိုင်ဖွင့်နိုင်လာတာ"

"ငါတို့က ဆိုင်ထိုင်ပေးရမှာလား"

www.burmeseclassic.com



"ပထမတော့ ဒါပဲလုပ်ရမှာပေါ့၊ နောက်ပိုင်းကျရင်တော့ ငါလည်း မပြောတတ်ဘူးကွ၊ ဒါတွေနောက်မှပေါ့ကွာ၊ ငါ ရေချိုးတော့မယ် မင်းရော"

"ငါတော့ အိပ်တော့မယ်ကွာ၊ မျက်လုံးတွေ မဖွင့်နိုင်တော့ဘူး"

"ဒါဆိုလည်း ပြီးရော"

ရေချိုးခန်းထဲသို့ ဝင်ကျော်ဝင်သွားချိန်မှာတော့ ယသုက အိပ်ဆောင်ရှေ့သွားပြီး တစ်ညလုံး ပင်ပန်းခဲ့သည့်ဇက်ကို ရှုမှင် အတိုး ရှုစိမ့်ရတော့၏။

"ယောကောင်း ထတော့၊ ဦးအောင်က ထမင်းစားဖို့ခေါ်ခိုင်းလိုက်တယ်"

ဝင်ကျော်က သူ့ကျောကိုပုတ်ကာ နှိုးလိုက်သည်မို့ သူလည်း ကမန်းကတန်း ထထိုင်လိုက်ကာ

"အေး ခဏကွာ ငါ ရေချိုးလိုက်ဦးမယ်"

"မြန်မြန်လုပ် ယောကောင်"

ထမင်းစားရန် ဦးအောင် စောင့်နေသည်ဆိုသော အသိကြောင့် ယသုက အောနေသွားကာ ရေကိုခပ်မြန်မြန် ချိုးလိုက်သည်။ ထို့နောက် အဝတ်အစားလဲလှယ်ကာ ဝင်ကျော်နှင့်အတူ အောက်ထပ်ရှိ ထမင်းစားပွဲသို့ ရောက်တော့





"လာ ဖိုးဝင် ဟိုကောင်လေးလည်း လာ"

သူတို့ကိုမြင်သည်နှင့် ဦးအောင်က လှိုက်လှဲစွာခေါ်လိုက်သည်။ ဦးအောင် ပုံစံက အကဲခတ်ကြည့်မိသမျှတော့ အလွန်ပင် သဘောမနော ကောင်းသော လူကြီးတစ်ဦးဖြစ်ဟန်တူ၏။

"စားကြဦး အဝသာစားနော်၊ ငါကတော့ တစ်ယောက်တည်း သမားဆိုတော့ ဖြစ်သလိုပဲ နေတတ်တယ်၊ ဒါပေမဲ့ ဒီနေ့တော့ မင်းတို့ အတွက် ဖွယ်ဖွယ်ရာရာ ချက်ခိုင်းထားပါတယ်ကွ"

စားပွဲပေါ်မှ ဟင်းခွက်များကို လက်ညှိုးညွှန်ကာ ဦးအောင်က ပြောတော့ ယသုက

"မလုပ်ပါနဲ့ဗျာ၊ အပန်းကြီးပါတယ်ဗျ၊ ကျွန်တော်တို့က ထိရည် တစ်မျိုးတည်းနဲ့တောင် စားနိုင်တဲ့ကောင်တွေပါ"

"အမလေး ငါကလည်း ဒါမျိုးမကြိုက်တာပေါ့၊ ဒီနေ့ကတော့ မင်းတို့ခရီးပန်းလာလို့ ငါက အပင်ပန်းခံပြီး မောင်မြကိုချက်ခိုင်းထား တာ၊ အဲဒီတော့ ဒီနေ့ အဝသာစားထားကြ"

"ဦးအောင်အကြောင်းကတော့ သိပြီးသားပါဗျာ"

ဖိုးဝင်က ထမင်းကို တစ်လုတ်ပြီးတစ်လုတ် ပါးစပ်ထဲသို့သွင်း ရင်းမှ ပြောလိုက်တော့ ဦးအောင်က သဘောတကျ ရယ်မိပြန်၏။

"အေး မင်းတစ်ယောက်ပဲ ငါ့အကြောင်းကောင်းကောင်း သိ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ဒါကြောင့် မင်းကိုပါနဲ့တွဲလုပ်စေချင်တာပဲ”

“ဒါတော့ စိတ်မပူနဲ့ ဦးအောင်ရေ၊ ယာသုကလည်း အလုပ် အရမ်းလုပ်ချင်နေတာ၊ ကျွန်တော်တို့နှစ်ယောက်ပေါင်းပြီး ကြိုးစားမှာပါဗျ”

“ဟုတ်တယ် ဦးအောင် ကျွန်တော့်ကိုလည်း ထင်ကျော်ကိုယုံ့သလို ယုံလို့ရပါတယ်”

သူတို့နှစ်ယောက်ထံမှ စကားများကို နားထောင်ကာ ဦးအောင် မျက်နှာကြီးက ပြုံးဖြီးနေသည်။ ရုပ်ပင် လူ့အလုပ်တွင် တကယ်လိုအပ် နေသော လူယုံရလာပြီမဟုတ်လား။ အရင်ကဆို မြဝတီတက်တက်ကာ အဝတ်များယူလျှင်လည်း ဦးအောင်၊ ဆိုင်မှာစာရင်းစစ်လျှင်လည်း ဦး အောင်၊ လစ်ရင်လစ်သလို ဆိုင်ကိုလျှပ်တစ်ပြက် ဝင်စစ်ရတာလည်း ဦးအောင်ဖြစ်နေသမျှတွေ ခုတော့ မိုးထင်နှင့်ယာသု ရောက်လာ၍ အနား ယူနိုင်တော့မည်လေ။

■ ■ ■

“ကဲ ဒါကတော့ မင်းတို့လုပ်ရမယ့်ဆိုင်ပဲ၊ လောလောဆယ် တော့ ဆိုင်မှာပဲ ခဏဝင်ကူပြီး လေ့လာကြည့်ဦးပေါ့”

ဦးအောင်၏ဆိုင်သည် မြို့လယ်ခေါင်တည့်တည့် လူအသွား အလာများသော လမ်းမတန်းကြီးပေါ်တွင် ဖွင့်ထားခြင်းဖြစ်၏။ ဆိုင်မှာ





အိမ်ခန်းနှစ်ခန်းတွဲစာမျှဖြစ်၍ အရောင်းစာရေး ငါးယောက်ခန့်ထားသည်။ ခုတော့ သူတို့နှစ်ယောက်နှင့်ပါဆို ခုနစ်ယောက်ဖြစ်သည်။

“မင်းတို့ကို ငါက စာရင်းအင်းပိုင်းတွေပါ လုပ်စေချင်တာ၊ ဒါပေမဲ့ အဲဒါမျိုးတွေကလည်း သေချာနားလည်မှရမှာလေ၊ မိုးထင်ကို စာရင်းကိုင်သင်တန်းတက်နိုင်ရအောင်ကလည်း၊ ဒီကောင်က စာလုပ် ရမှာ စိတ်ကုန်လို့ ဆယ်တန်းတောင် ပြန်မဖြေတဲ့အကောင်ဆိုတော့ အခက်သား ကွ”

ဦးအောင်က သူ့ရုံးခန်းထဲတွင် သူတို့နှစ်ယောက်ကိုခေါ်ကာ ပြောနေခြင်းဖြစ်၏။

“ကျွန်တော် ဝါသနာမပါပေမယ့် ယာသုကတော့ လုပ်ချင်မယ် ထင်တယ်”

ထင်ကျော်က သူ့ထံသို့ လွှဲချလိုက်သည်။ ဦးအောင်ကလည်း မိုးထင်စကားကြောင့် သူ့ဘက်လှည့်လိုက်ပြီး

“ဘယ်လိုလဲ ယာသု၊ မင်းကရော ဝါသနာပါရဲ့လား။ မင်း တကယ်လုပ်မယ်ဆိုရင် မင်းကိုငါ စာရင်းအင်းနဲ့ပတ်သက်တဲ့ သင်တန်း တက်ခွင့်ပေးမယ်”

ဦးအောင်စကားကြောင့် ယာသု လိုက်ခနဲပျော်သွား၏။ သူ့ဘဝ ထိုးတက်ဖို့အတွက်ဆို သူ မလုပ်နိုင်စရာ ဘာအကြောင်းမှမရှိ။



www.burmeseclassic.com

www.burmeseclassic.com



"ဦးအောင်ကသာ တက်ခွင့်ပေးမယ်ဆို တက်မှာပေါ့ဗျာ၊ ကျွန်တော်က အဲဒီလို သင်တန်းတွေတက်ချင်တာဗျ"

"ကဲ ဟုတ်ကျပြီ၊ ဒါဆိုလည်း မင်းတို့စုံစမ်းလိုက်ကွာ၊ ဒါပေမဲ့ ညနေဘက်တက်လို့ရတဲ့ သင်တန်းတော့ ဖြစ်ပါစေပေါ့၊ အလုပ်ကိုတော့ အပျက်မခံနိုင်ဘူး"

"ဟုတ်ကဲ့ပါ ဦးအောင်၊ ကျွန်တော်ကလည်း အလုပ်ပျက်မခံနိုင်ပါဘူး"

စီးပွားရေးလုပ်နေသော လူတို့၏ထုံးစံအတိုင်း ဦးအောင်ဘက်က တောင်းဆိုသည်ကို ယသု မလိုက်လျောနိုင်စရာ ဘာမှမရှိ။ အခုကာက သူ့ဘဝအတွက်ဆို ဘာကိုမဆို လုပ်နိုင်ရမည်ဟု သူ့ကိုယ်သူ သတိပေးထားလိုက်သည်။ ခုတော့ ဦးအောင်က သူ့ကျေးဇူးရှင်ဖြစ်နေပြီမို့ ပိုလို့တောင် အလိုက်သိရဦးမည်လေ။

"ဒါနဲ့ ဦးအောင် ဒီတိုက်မဟုတ်ခင် ပဉ္စတောင်အိမ်လေး ရောင်းလိုက်ပြီလား"

"မရောင်းသေးပါဘူးကွ၊ ဘာဖြစ်လို့လဲ"

"ဒီအိမ်မှာဆို ဦးအောင် အစောင့်အယောက်ဖြစ်မှာစိုးလို့ ကျွန်တော်နဲ့ ယသု အဲဒီအိမ်လေးမှာ သွားနေရင် ကောင်းမလားလို့"

"ဟာ ဘာဆိုင်လို့ အစောင့်အယောက်ဖြစ်ရမှာလဲ၊ နောက်ကမှ ငါ



တစ်ယောက်တည်း ပျင်းနေတာ၊ ဟိုကောင် မောင်မြကလည်း ထမင်းဟင်းချက် အိမ်သန့်ရှင်းရေးလုပ်တာကလွဲပြီး သူ့ဘာသာ အေးအေးဆေးနေ တာ၊ မင်းတို့ရောက်လာတော့ ငါ့အတွက် အဖော်တောင်ရသေးတယ် ပေါ့ပါကွာ ငါနဲ့ပဲ"

တကယ်တော့ ဖိုးထင်ကို ထိုစကားပြောနိုင်းခြင်းသည် ယသု ဖြစ်၏။ ကိုယ်က သွေးမတော် သားမစပ် အဲဒီအိမ်ကြီးပေါ်တွင် ကပ်နေရခြင်းအား စိတ်မသန့်၍ ပြောနိုင်းခြင်းဖြစ်ပေမယ့် ဦးအောင်က ခုလို ပြောလာတော့လည်း ငြင်းလို့မရမှာ သေချာသွားပါပြီ။

လောလောဆယ်တော့ ကံကြမ္မာဟာ သူ့ဘက်တွင် ရှိနေပါသေးသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

"ငါသွားတော့မယ် ထင်ကျော်"

"အေး ညကျရင် အိမ်တန်းပြန်လာဦး၊ ကားစီးတတ်ပြီ မဟုတ်လား"

သူက တစ်နေ့လုံး ဆိုင်ထိုင်ပေးကာ ဆိုင်သိမ်းခါနီးမှ တရင်းကိုင်သင်တန်းသို့ သွားခြင်းဖြစ်သည်။ ပထမဆုံးတက်သည့်နေ့ကတော့ ထင်ကျော်ကလိုက်ကာ ကားစီးရမည့်နေရာများ စီးရမည့် ကားနံပါတ်များကို သေချာပြထားပြီးဖြစ်၏။

ယခုလည်း၊ သူ ကားမှားစီးမည်စိုးကာ မေးနေပြန်သည်။

"စီးတတ်ပါပြီကွာ၊ မင်းကလည်း ငါ့ကို တော်တော်မှတ်နေလို့လား"





"စီးတတ်တယ်ဆိုလည်း ပြီးတာပါပဲကွာ၊ ငါက မင်း ကားမှားစီး ရောက်ရောက်သွားမှာစိုးလို့ပါ"

"မပူပါနဲ့ကွာ အဲဒီလိုဖြစ်ရင်တောင် ငါ့ဆီမှာ ဦးအောင်ရဲ့ ဖုန်း ပါပါတယ်ကွ"

"တော်ပြီဟေ့၊ မင်းကိုတော့ ငါဘာမှမပြောတော့ဘူးသိလား ပြေး သွားပေတော့ တော်ကြာ သင်တန်းနောက်ကျနေဦးမယ်"

ယသုကလည်း၊ ထင်ကျော့်ကို စပ်ဖြဲဖြဲနှင့် လက်ပြန်ပြကာ ထဲမှထွက်ခဲ့ပြီး ကားဂိတ်သို့ ခပ်သုတ်သုတ်လျှောက်လိုက်၏။ သင်တန်း မိနစ်နှစ်ဆယ်သာ လိုတော့သည်လေ။ ကားက ဆယ့်ငါးမိနစ်လောက် စီးမှာဖြစ်သည်။

ထို့ကြောင့် ခပ်သွက်သွက်လျှောက်လာကာ သူ့မျက်လုံးများက ချိုးလေးတစ်ခုကို ကွေ့အဝင်မှာပင် ထိုလမ်းချိုးလေးထဲမှ ထွက်လာသော ဂျစ်ကားတစ်စင်းနှင့် ရုပ်ထိကာ ယသုခန္ဓာကိုယ်ကြီးမှာ ရှောင်ချိန် မရလောက်အောင်ပင် ကတ္တရာလမ်းပေါ်သို့ အရှိန်မထိန်းနိုင်တော့ လဲသွားရ၏။

"ဟာ အား"

လဲကျသွားသော အရှိန်ကြောင့် သူ့ခါးထဲမှ မျက်ခနဲနေအောင် သွားသည်မို့ ရုတ်တရက် ပြန်မထနိုင်။ သူ့ကိုတိုက်လိုက်သော ဂျစ်



www.burmeseclassic.com

www.burmeseclassic.com



ကားလေးကတော့ နေရာမှာ မလှုပ်မယှက်ရပ်သွားပေမယ့် ကားပေါ်မှ တစ်စုံတစ်ဦးဆင်းလာခြင်းကိုတော့ သူ မတွေ့ရပေ။

ထို့ကြောင့်ပင် ဒေါသမျက်လုံးများနှင့်အတူ ထိုကားလေးဆီသို့ ဝေ့ဝဲ၍ စေ့ကြည့်လိုက်၏။

ဟင် ကားမောင်းသူနေရာမှာထိုင်နေတာ ယောက်ျားလေး တစ်ဦးမဟုတ်ပါဘဲ မိန်းကလေးတစ်ဦးဖြစ်နေကြောင်းကို သူ အံ့သြစွာ တွေ့လိုက်ရသည်။ ပြီးတော့ ထိုမိန်းကလေးက သူ့ကိုအူကြောင်ကြောင် နိုင်လှသော မျက်လုံးများဖြင့် ထိုင်ရာမှမထ ကြည့်နေသေးသည်လေ။

မြင်မြင်ချင်းမှာပင် ကောင်မလေး မည်မျှလှကြောင်း သူ သတိ ထားမိပေမယ့် ထိုအလှတရားများကို သူမ၏မထုံတတ်တေးလုပ်နေသော မျက်နှာလေးကိုကြည့်ရင်း ထွက်လာသော ယခုဒေါသများက ဖုံးလွှမ်း သွား၏။

"ဟေး ဘာကြောင့်ငေးနေတာတုန်း။ ဒီမှာ မင်းတိုက်လိုက်တာ မဟုတ်လား"

"အို၊ မေ့ ကားနဲ့တိုက်မိတာ မဟုတ်ပါဘူး"

သူမက ပြောင်ပင်ငြင်းလိုက်သောကြောင့် ယခုမှာ ပိုရှုံ့ခံဖြစ် သွားသည်။ ရန်ကုန်သူတွေ တော်တော်မျက်နှာပြောင်တိုက်ရဲလှန်းသည် ဟုလည်း မှတ်ချက်ချလိုက်၏။





"မင်းက ပြောင်လိမ်နေတာပါလား။ လမ်းကကျဉ်းကျဉ်းလေး ဒီက အကွေ့ မင်းကားက ဘွားခနဲပေါ်လာပြီး တိုက်လိုက်တာလေ"

လမ်းက လူရှင်းနေသည်မို့ ထိုပြဿနာက သူတို့နှစ်ယောက် အညှိနှိုင်းတင် ရှိနေသည်။

"မေ့ ကားနဲ့မတိုက်မိဘူးလို့ ပြောပြီးပြီနော်၊ ရှင် မတရား စွပ်စွဲနေ သိလား"

"ဇော် မင်းတော်တော်ပြောရ လက်ပေါက်ကပ်တာပဲ၊ မင်းကား ...ဘမ်ပါပဲရှိတာကို"

သူ ဒေါသတော်တော်ဖြစ်နေပြီမို့ လေသံကလည်း မာသွားကာ ကျယ်လောင်သွား၏။ ထိုအခါမှ ကားပေါ်မှ ကောင်မလေးက ခေါင်းလေး ကို မဆိုစလောက်လေး ငုံ့လိုက်ကာ

"တိုက်မိတာ မဟုတ်ပါဘူး။ ရပ်ပြီးထိသွားတာပါ၊ ရှင့်ဘာသာ ...အရှိန်နဲ့ရှင် လဲကျသွားပြီးတော့များ"

အသံလေးက ရှာချင်ပေမယ့် သူမအာမှာမို့ အနည်းငယ် ထိန်း ပြီးပြောလိုက်ရသောပုံပေါက်၏။ ထိုအခါမှ သူကလည်း စိတ်ပြောပစ်ရန် ...လှလိုက်သည်။

ထိုစဉ်မှာပင် အိခနဲအသံနှင့်အတူ ကောင်မလေးက ကား ...သောရင်ပေါ်သို့ ခေါင်းကိုမှောက်ချပစ်လိုက်ပြီး တစ်ကိုယ်လုံး တသိမ့်



www.burmeseclassic.com

သိပ်တုန်ခါနေသည်ထိ ငိုပစ်လိုက်တော့ ယသု ကိုယ်တိုင်ပင် ဘာလုပ်ရမှန်း
လုပ်ရမည်မသိဖြစ်သွား၏။

"ဟာ မင်းက ဘာလို့ငိုရတာတုန်း။ မင်းကားနဲ့ထိမိတာက
ငါလေ၊ ဒီမှာ ခါးက တော်တော်နာသွားတာ၊ ထတောင် မထနိုင်တော့
ဘူး။ မင်းမြင်တဲ့အတိုင်းပဲ၊ ဖါကိုမင်းကငိုတယ် ဟုတ်လား"

သူက ကတ္တရာလမ်းပေါ်တွင် ခပ်လျှောလျှောထိုင်နေလျက်သား
နှင့်ပင် ကားပေါ်မှ ကောင်မလေးအား အော်လိုက်၏။ သူ့အော်သံ
ကြောင့် ကောင်မလေး၏ငိုသံက ပိုမိုကျယ်လောင်လာကာ

"အီး ဟီး မေ့ကိုပဲ ငိုင်းအော်နေကြတာပဲ၊ မေက တမင်လုပ်
တာမှမဟုတ်တာကို၊ သူ့ဘာသာ မတော်တဆ ဖြစ်တာပါ"

ကောင်မလေး၏ အော်ငိုရင်းပြောလိုက်သော အသံကြောင့်
သူ ကျစ်စနဲ့ စုပ်သတ်လိုက်မိသည်။ ခုတော့ သူကပဲ တရားခံပြန်ဖြစ်နေ
သည့်ပုံပါ။

"ဟော့ ဟော့ မငိုနဲ့လေ၊ ငါကမင်းကို ဘာမှလုပ်တာ မဟုတ်ဘူး
လေ၊ မင်းကသာ ငါ့ကိုတိုက်မိတာလေ၊ ခု ငါ့ခါးနာသွားလို့ ထတောင်
မထနိုင်တော့ဘူးလေ၊ မင်းကွာ"

သူ စိတ်ပျက်လက်ပျက် ညည်းညူလိုက်သည်။ တကယ့်ကို
ဂျစ်တစ်တစ်လေးဖြစ်နေသော ကောင်မလေးကို သူ စိတ်မရှည်ချင်တော့





ဒီ၊ အခင်တန်းချိန်က စနေလောက်ပြီဖြစ်သည်။ သို့သော် သူကတော့
ကားလမ်းမပေါ်မှနေ၍ မထနိုင်သေး။

"ကဲ မင်းငိုနေမယ့်အစား ငါ့ကိုလာတွဲထူပေးတာကမှ ကောင်း
ဦးမယ်နဲ့တူတယ်၊ ကားပေါ်ကဆင်းဦးကွာ"

"ရှင်က တကယ်မထနိုင်တော့ဘူးလား"

သူ့စကားကြောင့် ကောင်မလေးက ခေါင်းမော့လာကာ မျက်
ရည်များကို လက်ခုံနှင့်ပွတ်သုတ်ပစ်လိုက်ပြီး မျက်လုံးလေးများ ဝိုင်းစက်
ဆာ ကြည့်ရင်း မေး၏။

"ဟား မင်းကိုငါက လမ်းမအလယ်ခေါင်မှာ ဟန်ဆောင်ပြီ
နေတား မင်းတို့ရန်ကုန်သူတွေ တကယ် ခက်တာကိုး"

ယသု၏ စိတ်ပျက်လက်ပျက် ညည်းညူလိုက်သံကြောင့် ကောင်
မလေး ကားပေါ်မှဆင်းလာကာ

"ကဲ ထ"

သူမ လက်ချောင်းချောင်းလေးကို သူ့ထံသို့ ကမ်းပေးကာ ပြောလိုက်
သော အမူအရာလေးက တကယ့်ကိုအပြစ်ကင်းစင်နေသူလေးလို။

တုံးတိုတိုညှပ်ထားသော လေးတောင့်ပုံလက်သည်းလေးများက
သွေးရောင်ကြောင့် ပန်းနုရောင်လွှမ်းနေတာကလွဲ၍ ဘာကာလာမှ တင်
မထား။ ကော့စင်းနေသော လက်မလေးမှာတော့ ဖန်စီကျောက်လက်စွပ်



www.burmeseclassic.com

www.burmeseclassic.com



လေးတစ်ကွင်းကို အလှဆင်ဝတ်ထားၿပီး ကမ်းပေးနေသော ထိုလက်ကလေးကိုကြည့်ပြီး ယသုပင် အားမပြုရက်ဖြစ်သွားသည်။

သို့သော် ကိုယ့်အခြေအနေက ဘယ်လိုမှ ကိုယ့်အားကိုယ်ကိုးကာ မတ်တတ်ရပ်မရသည့်မို့ ထိုလက်နုနုလေးကိုပင် အားပြုရပ်လိုက်ရသည်။ လူက မတ်တတ်ဖြစ်သွားတော့မှ ဂျစ်ကားလေးအိမ်ခေါင်းကိုကိုင်ကာ ခပ်ဆဆ ရပ်လိုက်၏။ လမ်းလျှောက်လို့ မရမည်ကတော့ သေချာနေပါပြီ။

ငယ်ငယ်တည်းက နယ်မြို့လေးတွင်နေခဲ့သော တောသား ဖြစ်ခဲ့ပေမယ့် မေမေ့ရဲ့အလိုလိုက်မှုတွေထဲမှာ ယသု ဘာအလုပ်မှမလုပ်တတ်ခဲ့။ ထို့ကြောင့်ပင် ကတ္တရာလမ်းပေါ်သို့ ပစ်လဲကျသွားသော အချိန်လောက်နှင့်ကို သူ လမ်းမလျှောက်နိုင်တော့ခြင်းဖြစ်သည်။

"ရှင်က လမ်းလျှောက်လို့မရဘူးလား"

ကောင်မလေးက စူးစမ်းလိုဟန် မျက်လုံးနက်နက်လေးများနှင့် မေးလာ၏။

"အေးကွ"

ယသုကလည်း တုံးတိတိ ဖြေလိုက်သည်။ ထိုအခါ ကောင်မလေးက ဘာလုပ်လို့လုပ်ရမှန်းမသိတော့သည့်ပုံနှင့် ဆာမူရိုင်းပုံညှပ်ထားသော သူမဆံပင်တိုတိုများအား လက်ချောင်းလေးများနှင့် ကုတ်ခြစ်ပစ်လိုက်ပြီး လေပူတစ်ချက်ကို မှုတ်ထုတ်လိုက်၏။





"ဒါဆို ဘာဆက်လုပ်ကြမလဲ၊ ကဲ မထူးပါဘူး ရှင့်အိမ်က ဘယ်မှာလဲပြော၊ မေ လိုက်ပို့ပေးမယ်"

မေ ဆိုသော ကောင်မလေးက ယသုကို မေးသလိုလိုနှင့် သူ့အာသာပင် ဆုံးဖြတ်ချက်ချနေပြန်သည်။

"ငါက အိမ်ပြန်ဖို့မဟုတ်ဘူးကွ၊ မြေနီကုန်းမှာ သင်တန်းသွားတက်ဖို့"

"ရှင်ကရှေ့ညီလေ ဒီလောက်တောင် လမ်းလျှောက်မဖြစ်နေတာကို သင်တန်းက ဘယ်လိုသွားမှာလဲ"

"ဟူး စိတ်ညစ်တယ်ကွာ၊ ငါက သင်တန်းတက်နေတာ ခုမှ နှုတ်ယရက်ရှိသေးတယ်၊ ပျက်ရမယ်ဆိုတော့ မရိုက်ဘူး"

"မတတ်နိုင်ဘူးလေ၊ ဒါတွေအားလုံးက ရှင့်ဘာသာ မဆင်မခြင် ကွေ့ဝင်လာလို့ ဖြစ်ရတာပဲ၊ ကဲပါ ရှင့်အိမ်ကိုသာပြော၊ မေ လိုက်ပို့ပေးပါ့မယ်ဆို"

မငြင်းနိုင်တော့သည့်အဆုံး ယသုက ဆိုင်တည်နေရာကို ပြောပြလိုက်၏။

"ရှင့်ကို အဲဒီဆိုင်ပို့ပေးရမှာလား ဟုတ်လား"

ကောင်မလေးပုံက သူ့ထက်တော့ စည်းစည်းငယ်မျှပိုပုံပင်။ ရှင်းသောင်းဘီတို ပေါင်လယ်လောက်လေးကို ခပ်ပွပွတီရှပ်ဖြူလေးနှင့်



www.burmeseclassic.com

www.burmeseclassic.com



တွဲဝတ်ထားသည့်ပုံက, နုနယ်ပြီး အပြစ်ကင်းလွန်းသည့်ပုံပါပဲ။ သို့သော် ဝတ်စားထားသည့်ပုံကိုတော့ ယသုမျက်လုံးထဲ အနည်းငယ်ကွဲရဲချင်မိသည်။ ဒီလောက်ထိ ပေါင်တံဖွေးဖွေးဖင်းဖင်းလေးများ ထင်းခနဲနေအောင် လူတကာ မြင်ရလောက်သည့် အပြင်အဆင်မျိုးက ယသုမျက်လုံးထဲမှာတော့ ဘယ်လိုမှ အံမဝင်တာ အမှန်ပင်။

ခေတ်မမီသည့် တောသားလို့ပဲဆိုဆို သူကတော့ တစ်လမ်းလုံး နှာခေါင်းရှုံ့လာသည်။ ဒါကို သတိထားမိဟန်တူသည့် ကောင်မလေးက

“ဘာလို့ နှာခေါင်းရှုံ့တာလဲ၊ ဘာလဲ ရှင့်ကို မေက ဆေးခန်းလိုက်မပို့ပေးလို့လား။ ဆောရီးနော်၊ မေ့မှာပိုက်ဆံအလုံအလောက် မပါလို့ပါ။ အိမ်နဲ့ စိတ်ဆိုးပြီးထွက်လာတာ၊ အိတ်ထဲမှာ ငါးရာပဲပါတယ်သိလား အဟီး”

တစ်ဖက်က စတီယာရင်ကို ထိန်းရင်း ကျန်လက်တစ်ဖက်က ဂျင်းဘောင်းဘီအိတ်ထဲသို့ လက်နှိုက်ပြီး မြန်ထုတ်လိုက်သောအခါ သူမ၏ လက်ချောင်းချောင်းလေးများထဲ၌ ခေါက်ရိုးကျိုးနေသော ငါးရာတန်တစ်ရွက်ပါလာသည်။ ထို ငါးရာတန်ကို သူမက ယသုမျက်နှာရှေ့တွင် လာဝှေ့ရမ်းပြနေသေး၏။

သူကတော့ စိတ်ရှုပ်ထွေးလာကာ သူမလက်ကလေးကို အသာပုတ်ထုတ်ပစ်လိုက်ပြီး

“ကားကိုပဲ ဂရုစိုက်မောင်းစမ်းပါကွာ။ မင်းလုပ်နေပုံက ငါ့ကို





ကားပေါ်တင်လာပြီး အသေသတ်မယ့်ပုံနဲ့”

“အမလေးနော် မေက ကိုယ့်ကိုကိုယ်တော့ သေကြောင်းမကြံပါဘူးရှင်”

သူမက ရယ်ရယ်မောမောလေးလုပ်ကာ ပြောလိုက်ခြင်းပေမယ့် ယသု၏ ရင်များကတော့ ခုန်လှုပ်နေသည်လေ။ သူတို့ ထွက်လာသောနေရာနှင့် ဆိုင်က တစ်ဘလောက်မျှသာ ဝေးသော်လည်း ကားလမ်းကြောင်းအခြေအနေအရ ဝေ့ပတ်ကာသွားနေရသည့်မို့ သူနှင့်ကောင်မလေးတို့ စကားပြောချိန် နည်းနည်းပိုရခြင်းဖြစ်သည်။

နောက်ထပ်မိနစ်အနည်းငယ် အကြာမှာတော့ ဂျစ်ကားလေးက ဆိုင်ရှေ့တွင် ထိုးရပ်သွားခဲ့သည်။ သူက ဆိုင်ဝတွင်ရပ်နေသော ထင်ကျော်ကို ကားပေါ်မှ လက်လှမ်းပြတော့ ထင်ကျော်က မယုံနိုင်သောမျက်လုံးများနှင့် ယသုကို ပြူးကြောင်ကြည့်နေသေး၏။

“ဟေ့ကောင် ဘာပြူးကြည့်နေတာလဲ၊ လာပါဆို”

ယသုက နှုတ်မှထွက်ကာခေါ်တော့မှ ထင်ကျော်က ထိုပြူးကြောင်ကြောင်မျက်လုံးများနှင့်ပင် ကားနားသို့ရောက်လာသည်။

“ငါ့ကိုတွဲကွာ”

“ဟာ ဟေ့ကောင် မင်းလွန်ခဲ့တဲ့ မိနစ်ပိုင်းကတင် အကောင်းအတိုင်းပဲ၊ သင်တန်းကိုထွက်သွားတာလေ၊ ခု ဘာတွေဖြစ်လာတာတုန်း”



www.burmeseclassic.com

www.burmeseclassic.com



“ငါ့ကိုအရင်တွဲပြီး ဆိုင်ထဲဝင်ပါကွာ၊ ကျန်တာတွေ နောက်မှ ပြောပြမယ်”

“ဪ ဖေဖေကွာ”

ထင်ကျော်က သူ့စကားအတိုင်းပင် သူ့ကိုကားထဲမှနေ၍ တွဲထုတ်ကာ ဆိုင်ထဲရှိ ခုံတစ်လုံးတွင် ထိုင်စေလိုက်ပြီး သူတို့နောက်မှ ထပ်ချပ်မကွာလိုက်သော ကားမောင်းလာသည့် ကောင်မလေးအား စူးစမ်းသလို မေးမောလိုက်၏။

ထင်ကျော်၏သိပ်သိချင်နေသော ဆန္ဒကို နားလည်သည့် ဖေယသုကလည်း၊

“ကြည့်မနေနဲ့ကွ အဲဒါ ငါ့ကိုကားနဲ့တိုက်တဲ့ ဟာမလေး”

ဟာမလေး ဟုပြောလိုက်သော သူ့စကားကြောင့် ရင်တွင်းမှ ဒေါသများက ထောင်းခနဲ ထွက်သွားသေးသည်။ သို့သော် ခုချိန်မှာ ကိုယ့်ကို သူကတစ်ခုခု တရားတွေဘာတွေဖွင့်မည်ဆိုလျှင် အခက်ဟု တွေးမိကာ ထိုဒေါသအား မြန်မြန်ချုပ်လိုက်ရ၏။

“ဘယ်လို ဘယ်လို မင်းကိုသူက ကားနဲ့တိုက်တယ် ဟုတ်လား ယသု”

ထင်ကျော့်ပုံက ခုမှ စိုးရိမ်ပူပန်တကြီး ဖြစ်သွားသည့်ပုံမျိုးနှင့် ကောင်မလေးကိုလည်း စိမ်းစိမ်းကြီးကြည့်လိုက်သည်။





“အို ကားနဲ့တိုက်တာ မဟုတ်ပါဘူး။ မေ့ကားနဲ့ ရှပ်ထိသွားတာ ပါ။ သူ့ဘာသာ ပတ်ဝန်းကျင်ကို ဂရုမစိုက်ဘဲနဲ့ လမ်းကျဉ်းလေးထဲ တွေ့ရလာပြီးတော့များ”

ကောင်မလေးကလည်း ဆတ်ဆတ်ထိမခံ ပြန်ရန်တွေ့လိုက်၏။

“ဘယ်လိုပဲဖြစ်ဖြစ် ကားမောင်းတဲ့သူက မှားတာပဲ၊ မင်းက သူ့ကို မတောင်းပန်တဲ့အပြင် အနာတရဖြစ်သွားတဲ့လူကိုတောင် ပြန်ပြီး အပြစ်ဖို့နေသေးတယ်၊ ပြောနေတာကြာတယ်ကွာ၊ ပေး မင်းအိမ်လိပ်စာ မင်းအိမ်က လူကြီးတွေနဲ့ ဆွေးနွေးရလိမ့်မယ်”

ဖေယသု စကားကြောင့် ကောင်မလေးက အတော်ပင် ကြောက်လန့်သွားသည့်ပုံနှင့် မျက်လုံးလေးပြူး ခေါင်းလေးကို ရမ်းခါပစ်ကာ

“ဟင့်အင်း ဟင့်အင်း မေ့ အိမ်လိပ်စာ မပေးနိုင်ဘူး။ ရှင်တို့က လျော်ကြေးလိုချင်လို့လား”

ကောင်မလေး စကားကြောင့် ထင်ကျော်ရောသူပါ မျက်လုံး ပြူးသွားရသည်။ တကယ်တော့ ယသုက ထိုစကားကို ကောင်မလေးအား ခြိမ်းခြောက်ရုံသက်သက် ထုတ်သုံးလိုက်ခြင်းဖြစ်၏။ လမ်းမှာ ကောင်မလေးက သူ့အိမ်နှင့်စိတ်ဆိုးပြီး ထွက်လာသည်ဟု ပြောထားသောကြောင့် သူက ကောင်မလေးကို စနောက်ချင်ရုံသက်သက် ပြောလိုက်ခြင်းပါ။



www.burmeseclassic.com

www.burmeseclassic.com



"ရှင်တို့ လျော်ကြေးလို့ရှင်းသင်ဆိုရင်တော့ မေလည်း မတတ်နိုင်ဘူး၊ ပေးစရာ ပိုက်ဆံလည်းမပါဘူး"

"ဒါဖြင့်လည်း မင်းမှာဝတ်ထားတဲ့ဟာတွေ ပါတာပဲ၊ ဘာလဲ အဲဒါတွေက အတုတွေလား"

ယသုက ရှပ်တည်ကြီးနှင့် ထင်လည်းကို ဘကာယ်ထိုင်နေသော ကောင်မလေးက လည်တိုင်ကျော့ကျော့လေးတွင် တစ်ကုံးတည်းရှိမှ လေး ဆွဲထားသော ပလတ်တီနမ်ကြိုးနှင့် စိန်လော့ကတ်သီးလေးသေး လေးကို ငုံ့ကြည့်လိုက်ပြီး

"ဒါတော့ မလှုပ်နဲ့ အဲဒါ မေမေ ဆင်ထားတာ"

"ဒါဆို မင်းတာကြီးရောကွာ ရောင်းစရာတော့ မလိုပါဘူး၊ ပေါင်ထားလိုက်ပေါ့"

ကောင်မလေး မျက်နှာနီမြန်းလာ၏ ဒါကိုပဲ ယသုက ကောင်း ကောင်းနှင့် ဝ နေခြင်းဖြစ်သည်။

"ဒီမှာရှင့် ရှင်ဖြစ်တာက ဓါးလေးစည်းစည်းမျက်သွားတာ ဒါကို မေ့ကားပေါင်ရလောက်အောင် ကြီးကြီးကျယ်ကျယ်တွေ လျှောက် ပြောမနေနဲ့ ရှက်ချင်း ဝေဒနာရှိ ဖုန်းဆက်မယ် ရှင်တို့နဲ့ လျော်ကြေး ကိစ္စ တာပြောနို"

ကောင်မလေးက မိကြီးမှ ဟန်းဖုန်းလေးကိုထုတ်ကာ ဆက်





ရုန်ပြင်၏ ထိုအခါမှ ယသုက ကမန်းကတန်း

"နေ ဒီကာသယ်ကို ဆက်မလို့လဲကွ"

"မေမေ့ဆီလေ ရှပ် မေမေ့နှစ်ပတ်ဆိုင်လေးတာဆိုရင်မယ် ရှင်တို့ ကို လျော်ကြေးပေးဖို့က မေမေမရှိလို့ မဖြစ်ဘူး၊ ဒါကြောင့် ဖုန်းဆက်ပြီး အကြောင်းကြားမို"

"မလိုပါဘူးကွာ ဒါက မင်းကိုစတာပါ၊ ဓါးလေးစည်းစည်းရာ ကွဲသွားတာပဲ၊ လိမ်းဆေးလေးတွေလူးလိုက်ရင် ပျောက်သွားမှာပါ၊ ဘာ လျော် ကြေးမှ ပေးစရာမလိုပါဘူး"

ဝယသုရဲ့ ထိုစကားသံအဆုံးမှာတော့ ကောင်မလေးက ဖုန်း လေးကို အိတ်ထဲသို့ ပြန်ထိုးထည့်လိုက်ကာ ရုတ်ချည်းတင်းမာသွားသော မျက်နှာဟန်ပန်လေးနှင့်

"ဘာ ရှင်က မေ့ကို စတာဟုတ်လား၊ မေ့ကို စရအောင် မေ က အသေးလေးမဟုတ်တော့ဘူး၊ ရှင်ရအောင်လည်း မေက အလွယ်ခြ ဆုရှိဘူးဆိုတာ သဘောပေါက်"

သူမက ထိုသို့ပြောကာ သူတို့ဆိုင်ကွင်မှ လှည့်ပြန်ရန်ပြင်၏ သားကို နောက်ကကျာပေးလိုက်ပြီးကာမှ သူမက သူ့ဘက်သို့ ဆတ်ခနဲ ပြန်လှည့်ကြည့်လိုက်ကာ

"ဒီမှာ မေ့နာမည်က ရင်တွင်းမေ ဟဲ့ ဒီရွှေ့မှာ ပေါ်တာ



www.burmeseclassic.com

www.burmeseclassic.com



ကွန်ဒိုမှာနေတယ်၊ ရှင်တို့ လျှော်ကြေးလိုချင်တယ်ဆိုလည်း အချိန်မရွေး လာခဲ့ပေါ့၊ မေ ပြန်တော့မယ်''

ဘောက်ဆတ်ဘောက်ဆတ်နှင့် ဆိုင်ထဲမှ ထွက်သွားသော ရင်တွင်းမေ ဆိုသည့် ကောင်မလေးအား ကြည့်ကာ သူ ဘာပြောလို့ ပြော ရမည်မသိ ပေါင်ပေါက်ကြီးကျန်ရစ်ခဲ့ရ၏။

ထိုအခါမှ ဘေးတွင်တစ်စ်လျှောက်လုံး ရပ်ကြည့်နေသော ထင်ကျော်က တစ်ခစ်ခနဲထလာတော့သည်။

''နှလုံးသားထဲကတေးသံ xx နာခံစေသော် xx ဘဝတစ်ခုလုံးနဲ့ရင်းကာ x x ရင်ထဲက တေးသံတွေ''

''ဟေ့ကောင် ထင်ကျော် ဘာတွေအော်နေတာလဲကွာ၊ စိတ်ညစ်ရတဲ့ကြားထဲ''

သူက ထင်ကျော်ဟာနိပါပါနှင့် အော်ဆိုနေသော သီချင်းသံကို ရပ်သွားအောင် ဖြတ်ပြောပစ်လိုက်၏။

''ဟာ မကြားဖူးဘူးလား။ လွှမ်းမိုးသီချင်းလေ၊ ငါလည်း ကို လွှမ်းမိုးကြီးကို လွမ်းလို့ဆိုမိတာ၊ သီချင်းနာမည်က ရင်တွင်းမေ တဲ့''

ယသုကို ထင်ကျော်က ပလိန်းကြီးဖွဲ့နေပြီမှန်း သိပေမယ့် သူ့ခေါင်းကိုသာ ငုံ့ထားလိုက်မိသည်။ ခါးဆီမှ နာကျင်ခြင်းကလည်း မခံမရပ်နိုင်အောင် အောင့်တက်လာသောကြောင့်





''ငါတို့အိမ်ကိုပြန်ကြရအောင်ကွာ၊ ဆိုင်သိမ်းတာတွေလည်း [illegible] မဟုတ်လား''

''အေး ပြီးပါပြီကွာ၊ ဒါနဲ့မင်းက လမ်းမှမလျှောက်နိုင်တာ [illegible]ယ်လိုလုပ်ကြမလဲ''

''ကားငှားသွားပြီး ဦးအောင်ကိုရှင်းနိုင်းလိုက်မယ်လေ၊ ဂျိုသေ[illegible]မှ ပြန်ဆပ်လိုက်မှာပေါ့''

''အမလေးဟဲ့ စိတ်ကူးတွေလည်း ယဉ်တတ်သ၊ ဟိုက ဦးအောင် [illegible] လေဆိပ်သွားလို့ ဆိုင်ကိုတောင် ဒီနေ့လာမကြည့်နိုင်တာ မင်းတွေ့ [illegible] အတိုင်းပဲလေ၊ တဲ ့မထူးပါဘူးကွာ၊ အလုပ်ထဲကပဲ နည်းနည်း [illegible]ပေးလိုက်ပါ့မယ်၊ ကားသာငှားပါတော့''

ဧကားဆုံးသည်နှင့် ထင်ကျော်က ကားလမ်းမပေါ်သို့ ပြေးတက် [illegible] တွေ့ရစ်တစ်စီး လက်ပြတားလိုက်သည်။ နောက်မှ သူ့ကိုပြန်လာတွဲ [illegible] ဖြည်းဖြည်းချင်းလျှောက်ခဲ့၏။

အိမ်ကိုရောက်တော့ ထင်ကျော် ပြောသည့်အတိုင်း ဦးအောင်က [illegible]ရောက်သေးပေ။ သူလည်း ခရမ်းချိုးကာ ခုတင်ထက် ဝင်ခွေနေ[illegible]ည်။

''ဟေ့ကောင် မင်းဆေးခန်းသွားကြည့်ပါလားကွ၊ တော်ကြာ [illegible]ရာသေးသေးလေးဆိုပြီးနေမိမှ ပိုဆိုးနေဦးမယ်''



www.burmeseclassic.com

www.burmeseclassic.com

ထင်ကျော်က သူ့ဘေးတွင် ခင်ထိုင်ကာ ပြောလိုက်ခြင်း... ချီးခတ်သွားတော့ ခေါင်းကိုသာ တွင်တွင်ခါလိုက်၏။

"တော်ပါပြီကွာ၊ ဘာမှမဟုတ်တာလေးနဲ့ အလသသ ပိုက်... တုန်ပါတယ်၊ ငါ ဘာမှမဖြစ်ဘူး။ ခါးလေးနည်းနည်းမျက်သွားတာပါ"

"မင်းက နယ်မှာတည်းက ဘာမှလုပ်ဖူးတဲ့ကောင်မှ မဟုတ်... တာ၊ ခါးမျက်တာလောက်ဆိုပေမယ့် မင်းက နုနုရွရွ ဖြစ်ပါ့မလား"

"ဟေ့ကောင် ငါ ယောက်ျားပါကွ၊ ခံနိုင်ပါတယ်၊ ငါ့ကို နုနု... လို့ မပြောနဲ့ကွာ"

သူစိတ်ပြောပစ်လိုက်တော့ ထင်ကျော်က သက်ပြင်းကိုချသည်... ပြီးတော့ ခေါင်းတစ်ခါခါနှင့် အခန်းထဲမှ ထွက်သွား၏။

သူလည်း အိပ်မောကျသွားလိုက်တာ ဘယ်အချိန်ရောက်မှ... ရောက်မှန်းပင် မသိတော့။

■ ■ ■



## အခန်း (၃)

ညစာစားပြီးချိန်မှာ ဧည့်ခန်းတွင်ထိုင်၍ စကားပြောနေသော ...စကားဝိုင်းလေးမှ မေ တစ်ယောက်တည်း အသာလစ်ထွက်ခဲ့...သည်။ အခန်းထဲဝင်ပြီး လော့ကိုသေချာချကာ စာကြည့်စားပွဲလေး...င် ဝင်ထိုင်လိုက်၏။ ထို့နောက်တော့ စားပွဲပေါ်ရှိ စာအုပ်ပုံများကြားတွင် ...နေက ဖွက်ထားခဲ့သော ကဒ်ပြားလေးကို အသာထုတ်ကြည့်ရင်း ...စိမ်းများက ပြုံးသွားမိသည်။

"ဘယ်လိုဟာကြီးလဲ မသိဘူး"

ကဒ်ပြားလေးတွင်ပါသော စာမည့်လေးကို ဖတ်ပြီး ...ော ...ရွတ်လိုက်ခြင်းဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



"မေယသု တဲ့၊ နာမည်ကြီးကလည်း တစ်မျိုးကြီး"

တကယ်တော့ ညနေက ကားနှင့်ရှပ်ထိမိသော လူကိုပြန်ပို့ပြီး လာလမ်းအတိုင်း မေ ပြန်လာစဉ် ထိုလူနှင့် ပြဿနာဖြစ်ခဲ့သော နေရာလေးသို့ ပြန်ရောက်တော့ မှေမျက်လုံးများက ကားမောင်းနေရင်း နှင့်ပင် လမ်းမပေါ်မှ ပလတ်စတစ်လောင်းထားသော ကဒ်ပြားဝါဝါ လေးကို လှမ်းမြင်လိုက်ခြင်းဖြစ်သည်။

ဖါနဲ့ပဲ စပ်စုချင်သောစိတ်လေးနှင့် ကဒ်လေးအား ကောက်ယူ ကြည့်လိုက်မိတော့မှ ထိုလူ့မျက်နှာတည်တည်နှင့် ပတ်စပို့ပုံကပ်ထား သော တရုတ်ကိုင်သင်တန်းကဒ်ပြားလေးတစ်ခုမှန်း မေ သိခွင့်ရလိုက် ခြင်းဖြစ်၏။

အနက်နှင့်ရောင်ပုဆိုး ကွက်စိပ်လေးကို ခပ်တိုတိုဝတ်ကာ တီရှပ် အနီဝင်းအလေးနှင့် လေးညှင်းရောင် သားရေစိမ်းဖိနပ်လေးကလည်း သေသပ်စွာ ပြီးသင်ထားသော ဆံနွဲ့ထုံးပင်ဂုတ်စလောက်များနှင့် ကြည့် တာ တော်တော်ပနံရလှပါသည်။ သူ့ ပြောပုံအရဆိုလျှင် ရန်ကုန် မဟုတ်တာတော့ သေချာ၏။

သူက အဲဒီဆိုင်မှာ အလုပ်လုပ်တာလား။ ပြောပုံဆိုပုံက အလု သမားဟုတ်ပုံမရသော်လည်း ဝတ်စားထားပုံအရကလည်း ဆိုင်ပိုင်ရှ မဟုတ်နိုင်ပါ။ သူ့ဘာသာလိမ့်ဟု တွေးနေမိသော မေ့ခေါင်းကို တစ်ချက်





ရမ်းပစ်လိုက်သည်။

ဘာမှမဟုတ်ပါဘဲ လမ်းမှာတော်တဆကြုံခဲ့ရသော လူတစ် ယောက်အကြောင်းကို မေ ဒီလောက်စဉ်းစားနေဖို့ မလိုပါဘူးလေ။

ဟွန်း ပြီးတော့ သူကများ မေ့ကို ကလေးမှတ်နေလားမသိ။ စောက်နေသေးသည်။ တစ်ယောက်တည်း နှုတ်ခမ်းလေးကြိတ်ရင်းလိုက် ရင်း ခေါင်းပုံထဲမှ သူ့ကိုမျက်စောင်းထိုးလိုက်မိ၏။

တကယ်တော့ မေ့အသက် ဆယ့်ခုနစ်နှစ်ပြည့်ပြီးတာ သုံးလ တောင်ရှိပြီလေ။ ဖါကိုများ သူက စောက်စရာ အရွယ်လေးမှတ်နေလား သိ။ တော်တော်ကို စိတ်တိုဖို့ကောင်းပါသည်။

■ ■ ■

"ဟောကောင် ယသု မထသေးဘူးလား၊ ဆိုင်သွားရတော့မယ်"

အနားနားကပ်ကာ အော်ပြောလိုက်သော ထင်ကျော့အသံ ကြောင့် စမူးကြောများတွန့်သည်ထိ စိတ်ပျက်သွားသည်။

"ငါ ငါ မထနိုင်ဘူးကွ"

သူ့အာလေးလျှာလေးသံကြီးကို ကြားလိုက်ရသော ထွင်ကျော် မှာ စိုးရိမ်တကြီးနှင့် ခုတင်ပေါ်သို့ တင်ပါးလွှဲ တက်ထိုင်လိုက်ပြီး

"မင်း ဘာဖြစ်လို့လဲ၊ နေမကောင်းလို့လား"

"ခါးက ထလို့မရဘူးကွ၊ တော်တော်နာနေတယ်"

www.burmeseclassic.com

ယသု စကားကြောင့် ထင်ကျော်က ကျစ်ခနဲ စုပ်သတ်ပါသည်။

"မင်းကွာ မနေ့တညက ဆေးခန်းသွားပြလိုက်ရင် ပြီးသွားမယ့်ကိစ္စကို ပေစံနေတာလေ၊ ခုကျ ဖြစ်ပြီမဟုတ်လား"

"မင်းပြောလည်း ခံရမှာပေါ့ကွာ၊ ငါက ဦးအောင်ကို အားနာလို့ပါကွ၊ ပြီးတော့ ရသမျှလုပ်အားခလေးကို ဆေးဖိုးနဲ့ပြုတ်မှာစိုးတာလည်း ပါတယ်"

"အဲဒါ မင်းက ငါတို့တူဝရီးကို စိမ်းကားတာပဲ၊ ဦးအောင်က မင်းကို တကယ့်တူတစ်ယောက်လို ဆက်ဆံတာပါကွ၊ မင်း ဒီလိုတော့ မပြောပါနဲ့၊ လခပေးပြီး ခိုင်းတယ်ဆိုတာကလည်း မင်းအတွက် သီးသန့်မုန့်ဖိုးပေးတဲ့သဘောပါ၊ ကျန်တာက မိသားစုလိုပဲ နေစမ်းပါကွာ၊ မင်းကိုကြည့်ရတာ ငါကတော့ အားမရဘူး"

"အေးပါကွာ နောက်ဆို မင်းပြောသလိုနေပါ့မယ်"

"ကဲ ခုဆေးခန်းသွားရအောင် ထ"

ထင်ကျော်က သူ့ကိုအတင်းဆွဲထူမည့်ပုံ လုပ်နေသောကြောင့် သူက လက်ကာပြလိုက်ရင်း

"နေပါစေ လောလောဆယ်တော့ ခြေကိုအကိုက်အခဲပျောက်ပလာစတာပဲ ဝယ်ပေးကွာ၊ အဲဒါလေးနဲ့ဆိုရင်တော့ အဆင်ပြေမယ်ထင်တယ်"





"ဟား မင်းဟာက မဟုတ်သေးပါဘူးကွာ"

"ရပါတယ် ထင်ကျော်ရာ၊ ဒီနေ့တစ်ရက်လောက် ငါနားလိုက်ရင်တော့ အဆင်ပြေသွားမှာပါ၊ မင်းတာသာ ဆိုင်သွားစရာရှိတာ သွားစမ်းပါ၊ ဦးအောင်ကိုလည်း ပြောပေးပါကွာ"

"သက်သာမှ သေချာရဲ့လားကွ၊ မင်းကလည်း ပေါ့လိုက်တာ၊ ဦးအောင်ကတော့ ငါ့ထက်တောင် ဆေးခန်းသွားခိုင်းမှာ အမှန်ပဲ၊ သူက နေမကောင်းတာကို မကြိုက်ဘူးကွ"

ထင်ကျော့်စကားကြောင့် သူ့မှာအူကြောင်ကြောင် ဖြစ်သွားရသည်။

"ဘာလဲကွ မင်းဟာက"

"အေးလေ ဦးအောင် အပြောအရတော့ နေမကောင်းဖြစ်တယ်ဆိုတာ ကိုယ့်တာသာ ဂရုမစိုက်လို့ ဖြစ်ရတာတဲ့၊ ငါ့ဦးလေးက စည်းစနစ်ကောင်းတာကလွဲရင် အားလုံးအိုကေပါကွ၊ လူငယ်တွေကိုလည်း နားလည်ပေးနိုင်ပါတယ်၊ ပြီးတော့ မင်းဖြစ်တာက သူများရဲ့ ပယောဂကြောင့်လေ ဘာမှမပူနဲ့၊ ငါကြည့်ပြောထားလိုက်မယ်"

"ကျေးဇူးကွာ မင်းတော့ ငါ့ကြောင့် အလုပ်ပိုရှုပ်တော့မယ်နဲ့တူတယ် ထင်ကျော်"

"မဟုတ်တာကွာ၊ မင်းနဲ့ငါကြားမှာ ဒါတွေမလိုဘူးလေ၊ အခုရင်



www.burmeseclassic.com

www.burmeseclassic.com



တည်းက ညီအစ်ကိုတွေလို နေလာတာပဲကွာ။ ကဲ ဝါလမ်းထိပ်က ဆေးဆိုင်မှာ ပလာတော သွားဝယ်ပေးမယ်''

ထင်ကျော်က ပြုံးပြုံးလေးပြောကာ ထွက်သွားတော့ သူလည်း သက်ပြင်းကြီးချရင်း ငြိမ်သက်နေမိသည်။ နယ်မှာတည်းက ထင်ကျော်တို့အိမ်ရဲ့အကူအညီကို သူတို့သားအမိ မကြာခဏ ရယူခဲ့ဖူးသည်။ ထင်ကျော်တို့က လယ်ကွက်များစွာပိုင်ဆိုင်သော သူဌေးတွေဖြစ်သည်။ ယခု အမေကတော့ ထင်ကျော်တို့အိမ်မှ ယာခင်းများတွင် သီးနှံပေါ်ချိန်ဆို ဝင်ရောက်လုပ်ကိုင်ပေးရ၏။

တခြားအချိန်များကို အိမ်နောက်ဖေးတွင် အမေ့ဝါသနာအရ စိုက်ပျိုးထားသော စိုက်ခင်းသေးသေးလေးထဲမှ ဟင်းသီးဟင်းရွက်အချို့အား ဈေးရေးတွင် ရောင်းချခြင်းဖြင့် သူတို့မိသားစုဘဝလေးကို ဖြတ်သန်းခဲ့ကြသည်။ သူ့ကိုတော့ အမေက ဘယ်တုန်းကမှ အလုပ်လုပ်ရန် မတိုက်တွန်းဘူးခဲ့ပါ။

ထို့အတူ သူကိုယ်တိုင်ကလည်း အမေ့ကို ကူလုပ်ပေးရန် စိတ်ကူးမရှိခဲ့။ တစ်နေ့တစ်နေ့ ရွာထဲမှ ဘော်ဒါအပေါင်းနှင့် ရွာရိုးကိုးပေါက် လျှောက်သွားရင်း အချိန်ဖြုန်းခဲ့သည်က များသည်။ ခုမှ အမေဆုံးသွားပြီမို့ သူ့စိတ်ထဲ အသိတရားလေး ဝင်လာခြင်းဖြစ်၏။

ထိုအသိတရားလေးကို သူ ဆက်လက်ရှင်ကိုင်ထားချင်ပါသည်။





အမြင်မှန်ရနေသော လမ်းကြောင်းပေါ်မှ သူ သွေဖယ်မသွားချင်ပါ။ ထို့ကြောင့် သူ့ကိုယ်သူတတ်နိုင်သမျှ ချုပ်ထိန်းနေခြင်းဖြစ်၏။

ခုလို အမေ မရှိတော့သည့်အချိန်မှာ သူ့ဘဝအခြေကျနိုင်ခဲ့ခြင်းသည် ထင်ကျော်တို့ တူဝရီး၏ကျေးဇူးသာဖြစ်သည်။ ဒါကို သူ သိထတ်ရပေမည်။ ဆိုင်ကိစ္စများတွင်လည်း အတတ်နိုင်ဆုံး ကူညီလုပ်ကိုင်ပေးခဲ့သည်ချည်း။ ခုတော့ သူ့အဖြစ်က ထင်ကျော်ကိုပိုမို၍ စိတ်ပူစေခဲ့ပြီ။

ယခု စဉ်းစားနေစဉ်မှာပင် ထင်ကျော် ပြန်ရောက်လာကာ သူ့ဓါးကို ကိုယ်တိုင် ပလာစတာ ကပ်ပေးပြီး

"ကဲ မင်းနားနားနေနေ နေ၊ ငါ ဆိုင်သွားတော့မယ်"

သူက ခေါင်းတစ်ချက် ဆတ်ပြလိုက်တော့မှ ထင်ကျော်က အခန်းထဲမှ ထွက်သွားသည်။

မနေ့က သူ့ကိုလိုက်ပို့ပေးခဲ့သော ဆိုင်နားတွင် ရင်တွင်းဓမ္မ တစ်ယောက် တစ်လည်လည်လုပ်နေမိ၏။ ဒီအချိန်က အလုပ်လာချိန်ဆိုတော့ သူ့ဘာသာ သူဌေးဖြစ်ဖြစ် အလုပ်သမားဖြစ်ဖြစ် ရောက်ကိုရောက်လာရမည်လေ။ လက်မှနာရီလေးကိုကြည့်လိုက်တော့ ကိုးနာရီခွဲနေပြီ။ သူတို့ဆိုင်ရှေ့မှာလည်း အရောင်းဝန်ထမ်းကောင်လေးတွေ ရပ်စောင့်နေကြပြီ။ ဆိုင်ကိုကာရံထားသော ဟိုက်ဒရောလစ်ငါးကြီးကတော့ မဖွင့်သေး။



www.burmeseclassic.com

ထိုစဉ်မှာပင် မနေ့က သူနှင့်စကားပြောခဲ့သော လူကြီးက ဒရောသောပါးရောက်လာကာ ဆိုင်ကိုဖွင့်ပေးလိုက်ခြင်းကြောင့် ဆိုင်ရှေ့တွင် ရပ်စောင့်နေသော ဝန်ထမ်းလေးများလည်း ဆိုင်ထဲသို့ ရောက်သွားပြီဖြစ်သည်။ မေကတော့ သူမကို သူ့သူငယ်ချင်းများမြင်မည်စိုး၍ ကားထဲသို့ ခေါင်းလေးကို ပုဝင်လိုက်သေး၏။ သူ့သူငယ်ချင်းပါ ဆိုင်ထဲသို့ဝင်သွားမှ ခေါင်းကိုပြတ်မတ်လိုက်ပြီး စဝယသူဆိုသော သူ့ကိုဆက်မျှော်နေမိသည်။

သို့သော် နောက်ထပ်နာရီဝက်လောက် ကြာသွားသည်ထိ သူ့အရိပ်အယောင်တောင် မမြင်ရပါ။ သူမ စိတ်လေသွားမိသည်။ ဘာဆက်လုပ်သင့်တယ်ဆိုတာကိုလည်း ဦးနှောက်ထဲကို အကြံဉာဏ်တောင်းလိုက်၏။

ရောက်မှတော့ မထူးပြီမို့ ဆိုင်ထဲသို့ဝင်ရန် ခြေလှမ်းပြင်လိုက်သည်။ အနည်းငယ် လှုပ်ရှားနေသော ရင်ကို တည်ငြိမ်သွားအောင် အသက် ပြင်းပြင်းရှူလိုက်ပြီး ဆိုင်အတွင်းသို့ လှမ်းဝင်လိုက်၏။ ဆိုင်က ယောက်ျားလေးအဝတ်အထည် အသုံးအဆောင်များသာ သီးသန့်ရောင်းသောဆိုင်ဖြစ်သည်။ မနေ့က ထူပူနေသည်မို့ သေချာသတိမထားမိခြင်းပင်။

မေကိုမြင်တော့ ထင်ကျော့မျက်လုံးများ ပြူးကျယ်သွား၏။ နောက်မှမျက်နှာကို အနည်းငယ်တင်းလိုက်ပြီး





"ဟော့ မင်းမနေ့က ယသုကိုကားနဲ့တိုက်တဲ့-ကောင်မလေးမဟုတ်လား"

ထင်ကျော့မျက်နှာ တင်းတင်းကြောင့် မေ လန့်သွားသေးသော်လည်း စိတ်ကိုပြန်ထိန်းလိုက်ကာ

"ကားနဲ့တိုက်တာ မဟုတ်ပါဘူး။ ရှပ်ထိတာပါလို့ ဘယ်နှခါပြောရမလဲ"

"အေး မင်းကသာ ရှပ်ထိတာလုပ်နေ့ ဟိုမှာ ငါ့ကောင်က အတောင် မထနိုင်လို့ ဆိုင်တောင်မလာနိုင်ဘူး"

"ရှင်"

ထင်ကျော့စကားကို ကြားကြားချင်း ကောင်မလေး ဖျော့သွားသည့်ပုံကိုကြည့်ကာ သူ ကျေနပ်အားရသွားသည်။

"ဘယ်လိုဖြစ်တာလဲဟင် မနေ့ကတော့ သူ့ဒဏ်ရာ နာတယ်လို့ ပြောတယ်"

"အေးလေ အဲဒီခါးက တအားနာတော့ ဒီနေ့ဘယ်လိုမှ မထနိုင် ဖြစ်တော့တာပေါ့"

"ဒါဆို မေ မေဘာလုပ်ပေးရမလဲဟင်"

"နေပါဦး၊ မင်းက အခု ဆိုင်ကိုဘာလာလုပ်တာလဲ၊ အဝတ်ဝယ်တာလား။ ဒီမှာက ယောက်ျားဝတ်တွေချည်းပဲနော်"

www.burmeseclassic.com



ထင်ကျော်က ကောင်မလေး စကားကိုဖြတ်ကာ တမင်ပြော လိုက်ခြင်းဖြစ်၏။

"မဟုတ်ပါဘူး ဟိုလေ မနေ့က သူနဲ့တွေ့ချင်လို့ပါ"

"ခြော် မနေ့ကသူ ဟုတ်လား။ မင်းရဲ့ မနေ့ကသူတော့ အိပ် ရာထဲလဲနေပါတယ်လို့ ပြောပြီးပြီလေ"

"ဒါဆို မေ သွားကြည့်ဖို့လို့မလားဟင်၊ မနေ့က မေမေနဲ့ စိတ်ဆိုးလာတာမို့ မေမှာဝိုက်ဆံအလုံအလောက် မပါလို့ သူ့ကိုဆေးခန်း မပို့ပေးနိုင်တာပါ၊ ဒီနေ့တော့ ပိုက်ဆံပါပါတယ်၊ သူ ဘယ်မှာလဲဟင်"

"သူက အိမ်မှာပေါ့၊ နေပါဦး မင်းပြောပုံကြီးက ငါတို့ကပဲ သူ့ကိုရွှေမိုက်လို့ ခုလိုဖြစ်ရတဲ့အတိုင်း။ ငါတို့လည်း ဆေးခန်းပြပေးနိုင် ပါတယ်ကွ"

ထင်ကျော်က ခေါသတကြီးပြောတော့ ကောင်မလေးမျက်နှာက သွေးမရှိတော့သလို လန့်ဖျပ်သွားကာ

"မဟုတ် မဟုတ်ပါဘူး၊ မေက အဲဒီသဘောပြောတာ မဟုတ် ပါဘူး၊ မေ့ကြောင့်ဖြစ်တာကို မေ တာဝန်ယူမယ်လို့ ပြောတာပါရှင်"

သူ့ကြောင့် ကောင်မလေးအတော်လန့်သွားမှန်း ရိပ်မိလိုက်ပြီး ထင်ကျော်က လေသံကိုပြန်လျှော့လိုက်၏။ ပြီးတော့ ကောင်မလေး ပြော နေပုံလေးကလည်း တကယ့်ကို စိတ်ပါလက်ပါနှင့်မို့ သူ့ဘက်ကနည်း





နည်းလျှော့ရန် စိတ်ကူးလိုက်ခြင်းပင်။

"မင်းကိုငါက အပြစ်တင်ချင်တာ မဟုတ်ပါဘူး၊ မင်းတို့နှစ် ယောက် ဖြစ်ခဲ့တဲ့ကိစ္စမှာ နှစ်ယောက်လုံးမှန်တယ်လို့တော့ ပြောလို့မရဘူး၊ အဲဒီမှာ ခံလိုက်ရတာက ငါ့သူငယ်ချင်းဆိုတော့ စိတ်နည်းနည်းတိုသွား မိတာပါ၊ ခုမင်းဘာကိစ္စနဲ့ ဒီကိုလာတာလဲ၊ မင်းစိတ်မပူပါနဲ့၊ ဒီလောက် ထောနဲ့တော့ သူမင်းကို တရားစွဲတာတွေ ဘာတွေ မလုပ်ပါဘူး"

"အဲဒါကြောင့် မေ လာတာမဟုတ်ပါဘူး၊ မေက သူ့အခြေအနေ သိချင်လို့ လာတာပါ၊ ဖြစ်နိုင်ရင် သူ့အိမ်လိပ်စာလေး ပေးပါလားရှင်၊ မေ ကိုယ်တိုင်သွားကြည့်ချင်တယ်"

ထင်ကျော်က မေ့စကားကို ခေတ္တမျှစဉ်းစားဟန်ပြုလိုက်ပြီး

"ကောင်းပြီလေ မင်းသွားကြည့်ချင်တယ်ဆိုတော့လည်း ပြောပြ လိုက်ပါ့မယ်"

ထို့နောက်တော့ ထင်ကျော်က တရွက်ပိုင်းလေးတစ်ရွက်တွင် လိပ်စာကိုရေးပေးလိုက်ပြီး

"မြစောင့်ကြီးကို မေးယူကြည့်ဖို့ ထင်ကျော်လွှတ်လိုက်တာ လို့ ပြောလိုက်ပါ"

"ဟုတ် ကျေးဇူးတင်ပါတယ် ကိုထင်ကျော်"

လိပ်စာလေးကိုကြည့်ကာ ပြုံးရွှင်သွားသော ကောင်မလေး



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာက တကယ့်ကိုအပြစ်ကင်းစင်နေသည်မို့ ထင်ကျော်ပင် ပြုံးလိုက်မိသေးတော့၏။

ဟိုကောင် ယသုကတော့ မထင်မှတ်ပါဘဲ မှတ်ဆိတ်များမွဲပြီးနှင့် တူသည်။

■ ■ ■

"ရွှတ် ရွှတ် ဟိတ် ဒီမှာ ဦးလေးကြီး ဦးလေးကြီး"

မေက ခြံဝမှနေ၍ ပန်းပင်များရေလောင်းနေသော လူကြီးတစ်ဦးကို ခုန်ဆွခုန်ဆွလေးလုပ်ရင်း လှမ်းခေါ်လိုက်သည်။ သူမအသံကြောင့် ခြံစောင့် ဦးဘမောင်က တံခါးနားသို့ကပ်လာကာ

"ဘာကိစ္စတုန်းကွဲ့၊ မောင်အောင်ကတော့ မရှိဘူး"

ခြံစောင့်ကြီးစကားကြောင့် ရင်တွင်းမေ ကြောင်အမ်းသွားတော့သည်။ ဆိုင်က လူကြီးပြောလိုက်သည့်ထဲတွင် ဒီမောင်အောင်ဆိုတာမှ မပါဘဲလေ။ ထို့ကြောင့် မေက စိတ်ရှုပ်ထွေးစွာနှင့် ဆံပင်တိုတိုများကို ဖွပစ်လိုက်ပြီး

"မဟုတ်ဘူးလေ မေ့ကို ဟို ကိုထင်ကျော် လွှတ်လိုက်လို့"

"ဟော ဗိုးထင်က လွှတ်လိုက်တာ ဟုတ်လား။ ဘာဖြစ်လို့လဲကွဲ့"

"ဒီအိမ်ထဲမှာ ကိုဗေယသုဆိုတာများ ရှိလားမသိဘူးနော်"





မေက အရဲစွန့်ကာ မေးလိုက်၏။ မေ့စကားကြောင့် ဦးဘမောင် ...ျက်နှံမှာ အနည်းငယ်ပင်သွားပြီး

"ရှိတယ်လေ သမီးက ဘယ်သူလဲ"

"ကိုထင်ကျော်နဲ့ ကိုဗေယသုရဲ့ သူငယ်ချင်းပါ ဦးကြီး"

အလွန်အပိုးကျိုးသော ပုံလေးနှင့် မေက ပြောလိုက်တော့ ဦး ...မောင်ကြီးမှာ ပို၍ပင် ဇဝေဇဝါ ဖြစ်သွားတော့သည်။ ဗိုးနှစ်ကောင် ရန်ကုန် ...ရောက်တာမှ လပိုင်းပဲ ရှိသေးတယ်။ ဒီလောက်ခေတ်ထနပြီး သွက်လက် ...တဲ့ ရန်ကုန်သူတစ်ယောက်နဲ့တောင်မှ ရင်းနှီးလွန်းနေပြီဆိုတော့

သို့သော် ဗိုးထင်တို့ သူငယ်ချင်းဆိုတော့ ခြံတံခါးဖွင့်ပေးရမည့် ...ဝန်ရှိသည်မို့ လျင်မြန်စွာပင် တံခါးကို ဖွင့်ပေးလိုက်သည်။ တံခါး ...သည်နှင့် ခြံထဲသို့ တိုးဝင်ကာ အိမ်ရှိရာသို့ တန်းလျှောက်သွားသော ...ောင်မလေးကြောင့် ဦးဘမောင်လည်း နောက်မှနေပြီး အပြေးလိုက်ခဲ့ ...ရတော့၏။

ညည်ခန်းထဲရှိ ဆိုဖာနံပေါ်တွင် မေက အကျအန ဝင်ထိုင်လိုက် ...သည်။

"မောင်ဗေက အပေါ်ထပ်က အခန်းထဲမှာကွဲ့၊ ကွယ် အရေးကြီး ...ကြောလည်း ဘယ်သွားလဲမသိဘူး။ ဒီမှာ ဦးကြီးကလည်း ...နိုးပင် ...ယောက်စရာရှိတော့ ညစ်ပတ်နေတယ်၊ အိမ်ပေါ်ထိ ...ကျော်ချင်ဘူး



www.burmeseclassic.com

www.burmeseclassic.com



ခက်တော့တာပါပဲ''

ဦးဘမောင် ညည်းတွားသံကြောင့် မေက ထိုင်ရာမှ ဆတ်ခနဲ မတ်တတ်ထရပ်လိုက်ရင်း

''ဒါဆိုလည်း မေ့ဘာသာ တက်သွားလိုက်ပါ့မယ်၊ ဦးကြီး လုပ်စရာရှိတာ သွားလုပ်ပါ၊ မေ့အတွက်နဲ့ ဘာမှစိတ်ရှုပ်မခံပါနဲ့''

ပြောပြောဆိုဆို အရပ်ထိပ်တက်သော စတီးလက်ရန်းများ တပ်ဆင်ထားသည့် လှေကားထစ်အတိုင်း ပြေးတက်သွားသော မေ့ကို ဦးဘမောင်မှာ မျက်လုံးအပြူးသားနှင့်သာ ငေးကြည့်နေမိတော့သည်။

အပေါ်ထပ်ရှေ့ခြမ်းတစ်ခုလုံးကို ကြီးမားကျယ်ပြန့်သော ဘုရား စင်ကြီးနှင့် ဘုရားဝတ်ပြုရန်နေရာတို့က ကြီးစိုးထား၏။ နောက်ဘက်ခြမ်း မှာတော့ [illegible] ဘယ်အခန်းမှာများ ဟိုလူကြီးရှိနေပါလိမ့်။

[illegible] ပထမဆုံးတွေ့သော အခန်းတံခါးအား ခေါက် သုံးလေးချက်ဆင့်ခေါက်သော်လည်း အထဲမှ တုန့်ပြန်သံမကြား ရ၍ ထိုအခန်းရှေ့မှ ထွက်ခဲ့ကာ နောက်ကျန်သော အခန်းအား ခေါက်ရန် ပြင်လိုက်စဉ် ထိုတံခါးက ပိတ်ထားသည်မဟုတ်ဘဲ စေ့ရုံသာစေ့ထားမှန်း မေ သိလိုက်သည်။ ထို့ကြောင့်ပင် စေ့ထားသော တံခါးကို အနည်းငယ် ထပ်ဟကာ အတွင်းဘက်သို့ ချောင်းကြည့်လိုက်၏။

ရေချိုးပြီးခါစ ဖြစ်ဟန်တူသော ဟိုလူကြီးအား ပုဆိုးခပ်တိုတို





ဖြစ်ထားပြီး ကိုယ်အထက်ပိုင်း ဗလာအနေအထားနှင့် မြင်လိုက်ရသည်။ ငွေ့ မျက်လုံးများ ရုတ်တရက် ပြာထွက်သွားသလားဟုပင် ထင်လိုက်ရ၏။ အသည်းများ ရင်ထဲ ရစ်နွံသွားတာပါလိမ့်။ ဒီလိုမျိုး တစ်ခါမှ မဖြစ်ဖူးပါဘူး။ ငွေ့ စိတ်ညစ်စရာ မေ ဘာဆက်လုပ်ရမည်နည်း။

အခန်းတံခါးကိုပြန်ပိတ်လိုက်သော်လည်း မေ့မျက်လုံးများထဲမှ ရုပ်ပုံရိပ်က ပျောက်ကွယ်မသွား။ စိတ်ရှုပ်ထွေးလျှင် လုပ်နေကျ ထုံးစံ အတိုင်း ထံပင်များကိုသာ ဖွပ်လိုက်မိသည်။ ပျော့နွဲ့သော ဆံနွယ်နုတ် များကလည်း မေတယ်လောက်ဖွဖွ နဂိုပုံအတိုင်းသာ ပြန်ကျလာ တော့၏။

နောက်ဆုံးတော့ သူ့အခန်းတံခါးအား ခေါက်ရန် မေ ပြင်လိုက် ၏။ တံခါးခေါက်ရန် လက်ကိုရွယ်လိုက်စဉ်မှာပင် တံခါးက ဖျတ်ခနဲပွင့် လာကာ ခုနကပုံစံအတိုင်း မတ်မတ်ကြီးရပ်နေသော သူ့ကို မေ ထပ်မံ တွေ့လိုက်ရတော့၏။ သူကလည်း မည်သို့မျှ မျှော်လင့်မထားသော နေရာ တွင် ရှည်သို့မျှမျှော်လင့်ထားခြင်းမရှိသော လူတစ်ယောက်အား တွေ့ လိုက်ရ၍ မျက်လုံးများ ပြူးကျယ်ကုန်သည်။

''မင်း မင်း''

''ဟို ဟိုလေ''

သူကလည်း မေ့ကိုလက်ညှိုးထိုးကာ မင်း မင်း ဟု ထစ်ရွတ်



www.burmeseclassic.com

www.burmeseclassic.com



နေသလို မေ့မှာလည်း ခေါင်းကြီးငုံ့ကာ တစ်ဟိုတည်း ဟိုနေမိသည်။ နောက်မှ သူက အခြေအနေကို သဘောပေါက်သလို ချောင်းကိုတစ်ချက် ဟန့်လိုက်ပြီး

“မင်းဒီကို ဘယ်လိုရောက်နေတာလဲ၊ ငါ ဒီမှာရှိတယ်ဆိုတာ မင်းဘယ်လိုသိလဲ”

သူ့အသံက နည်းနည်းမာနေသယောင်မို့ မေ့မှာရင်ထိတ်ရ သည်။ မေကတော့ သူ့မေးခွန်းကို မဖြေနိုင်သေး။ ကျယ်လောင်သော ရင်ဘတ်သားများနှင့် ကြည့်ကောင်းလှသည့် သူ့ကိုသေချာမကြည့်ရဲ ခေါင်းကိုသာ ငုံ့ထားနေဆဲ။ ဒါကို သူကလည်း သတိရသွားဟန်ဖြစ် ရုတ်ကိုးရုတ်ကန်ဖြစ်သွားကာ

“ဘာလို့အိမ်ပေါ်ထိတက်လာတာလဲ၊ သွား၊ အောက်ထပ် ခန်းက သွားစောင့်နေ၊ ငါ အဝတ်လဲပြီးဆင်းလာခဲ့မယ်”

သူ့စကားကို မလွန်ဆန်နိုင်စွာပင် မေက ခေါင်းလေးငုံ့က အောက်ထပ်သို့ ပြန်ဆင်းလာခဲ့သည်။ ငါးမိနစ်မျှကြာတော့ အိမ်နေရင်း ပုဆိုးနွမ်းနွမ်းလေးကို ကာလာလွှင့်နေသော တီရှပ်အနက်ရောင်နှင့် တွဲဖက်ဝတ်ဆင်ကာ ဆံကို လက်တစ်ဖက်ထောက်လျက်အတိုင်း ကားပေါ်မှ ဆင်းလာသောသူ့ကို မေ တွေ့လိုက်ရတော့ စိတ်ထဲထိုနိုင် သွားမိသည်။





ခြော် တကယ်ကိုပဲ သူနာသွားတာကိုးဟူသော သနားစိတ် လေးကလည်း ဘယ်ကဘယ်လိုပေါ်လာသည်မသိ။

“ကဲ ပြော ဘာကိစ္စလဲ၊ ငါ ဒီမှာနေတာကို ဘယ်လိုသိတာလဲ၊ င်း ငါ့ကိုပြဿနာထပ်ရှာဖို့တော့ မဟုတ်ပါဘူးနော်”

ဆိုဟာတွင် ထိုင်လိုက်သည်နှင့် ဇေယသူပါးစပ်မှ စက်သေနတ် သလို ထွက်လာသော စကားလုံးများအား မေ့မှာ မရှောင်နိုင်မတိမ်း င် ဖြစ်နေသည်။ မေကသာ မှုပျက်ချင်နေတာ သူ့မျက်နှာကတော့ တယ့်ကို ပြတ်သားအေးစက်စွာ

“ဟော့ ပြောလေ၊ မင်းကိုငါ မေးနေတာ”

“ဟိုလေ မနေ့က မေ လိုက်ပို့ပေးတဲ့ဆိုင်ကို မနက်ကသွားပြီး ထင်ကျော်ဆိုတဲ့ အစ်ကိုကြီးဆီကနေ ဒီအိမ်လိပ်စာကို တောင်းခဲ့တာ ါ”

“ဒီကောင် ထင်ကျော်ကွာ လုပ်ချလိုက်ပြန်ပြီ”

သူက ညည်းတွားသလို ရေရွတ်တော့ မေက နာခေါင်းလေးရှုံ့ ပြီး

“အောင်မာ တစ်ဆိတ်ရှိ ဒေါသပဲ ထွက်မနေပါနဲ့ရှင်၊ မေ ည်း ပေးစရာလေးတစ်ခုရှိလို့ လာတာလေ”

ရင်တွင်းမေက ပြောပြောဆိုဆို လက်တွင်ကိုင်ထားသော ချည်



www.burmeseclassic.com

www.burmeseclassic.com



သားလက်ဆွဲအိတ်လေးထဲမှ သူ့သင်တန်းကဒ်လေးကို ထုတ်ပေးလိုက်သည်။

ယသုက ကဒ်လေးကိုမြင်တော့ ဖဲ့ပြုံသွားကာ

"ငါ့ကဒ်က မင်းဆီဘယ်လိုရောက်နေတာလဲ"

တကယ်တော့ ဒီကဒ်လေးပျောက်နေမှန်းကိုတောင် သူသိခဲ့တာမဟုတ်ဘူးလေ။

"ရှင့်ဘာသာ စည်းကမ်းမရှိဘဲ လမ်းပေါ်မှာကျခဲ့ပြီးတော့ မေကတွေ့လို့ ကောက်လာပေးတာကို ကျေးဇူးမတင်တဲ့အပြင် ပြန်တော
အော်နေသေးတယ်"

"ဒီလောက်ထိ တိုက်ဆိုင်ပါ့မလား"

"ဘာလို့မတိုက်ဆိုင်ရမှာလဲ၊ မနေ့က ရှင်လဲနေတဲ့နေရာကနေ
မေ တွေ့လာတာလေ၊ ဒီလောက်တိုက်ဆိုင်တာ ရှိဦးမလား"

မေက စပ်စွာစွာလေးပြန်အော်လိုက်တော့ သူ နည်းနည်းတေ
ရှိန်သွားသည်။ ဒီကောင်မလေးက တော်တော့ စွာမည့်ပုံလေးဆိုတ
လည်း ယသု ခန့်မှန်းမိသည်။ ထို့ကြောင့်ပင် ပြဿနာကိုမရှည်စေ
၍ ပြုံးပြုံးရော ခေါင်းညိတ်ပစ်လိုက်ပြီး

"အေး ဖါဆိုလည်း ပြီးရော၊ ဖါပဲမဟုတ်လား။ ငါလည်း
တော့မယ်၊ မင်းလည်းပြန်တော့"





သူက ပြောပြီးသည်နှင့် ထိုကောင်မလေးကို ကျောက်ကျောပေး
လိုက်သည်။ သို့သော် ကောင်မလေးထံမှ ပေကပ်ကပ်သံလေး ထပ်မံ
ထွက်လာချိန်မှာတော့ သူ ချက်ချင်းပင် သူမနှင့်မျက်နှာချင်း ပြန်ဆိုင်
လိုက်ရ၏။

"မပြန်နိုင်သေးပါဘူး"

"ဘာပြောတယ်"

"ဟုတ်တယ်လေ မေ့ကြောင့် ရှင်ဆိုင်တောင် မလာနိုင်ဘူးလို့
ဆိုသင်ကျော်ကြီးက ပြောတယ်၊ ဒါကြောင့် ရှင့်ကိုမေက ဆေးခန်းလိုက်ပို့
ပေးမယ်၊ ကားလည်းပါလာတယ်၊ ပိုက်ဆံလည်းပါတယ်၊ ရှင်ဘာမှ စိတ်
ပူမနေနဲ့"

သူ တကယ်ကို စိတ်ပျက်ကာ ကျစ်ခနဲ စုပ်သတ်လိုက်မိပြန်
သည်။ ဘယ်လိုကောင်မလေးပါလိမ့်။ မျက်လုံးလေးများက ရူးရဲရွှာနှင့်သူ့
ကို စိုက်ကြည့်နေပြီး ပြောလျှင်ပြောသည့်အတိုင်း ရွတ်တရွတ်လုပ်မည့်
ပုံလေး။ ဆံပင်တိုကပ်ကပ်လေးများကိုလည်း လက်ချောင်းများနှင့် အား
ရိုင်းပွပစ်နေတတ်သေးသည်။ သို့သော် ပျော့ပြောင်းနူးညံ့သော ဆံတိုလေး
များကလည်း ပုံပျက်ပျွင်းသွားခြင်းမရှိဘဲ သူ့နေရာနှင့်သူ ပုံသွင်းထား
သလို ဝဲခနဲ ပြန်ကျလာတတ်၏။

"ကဲ သွားမယ် ရှင့်ဒဏ်ရာက အတွင်းကြေသွားတာလည်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နိုင်တာပဲလေ"

အတွင်းကြေသွားသည့်လူဆိုလျှင် ခုလိုတောင် ရပ်နေနိုင်မှာ မဟုတ်ဘူးဆိုတာ ဒီကောင်မလေး နားမလည်တာပဲလား။

"အာ မလိုက်ပါဘူး ဘာမှလည်း အတွင်းကြေတာ မဟုတ်ဘူး။ သွားပါကွာ၊ မြန်မြန်ပါတော့၊ ငါ့ဘာသာ တစ်ရက်နှစ်ရက်လောက် နားလိုက်ရင် ကောင်းသွားမှာ"

"အို မရပါဘူး ရှင်ကဒီလိုပေနေပြီးတော့ ရောဂါတက်လာမှ မေ့အပြစ်ဖြစ်နေဦးမယ်၊ သွားမယ် ဆရာဝန်က ဘာမှဖြစ်တာမဟုတ်ဘူး လို့ပြောမှ မေစိတ်ချမယ်၊ မဟုတ်ရင်တော့ မေ့စိတ်ထဲမှာ ဘယ်လိုမှ နေနိုင်မှာမဟုတ်ဘူး"

ကောင်မလေးက ပြောပြောဆိုဆို ထိုင်နေရာမှ သူ့နားသို့ ချော်ခနဲ ရောက်လာပြီး သူ့လက်မောင်းတစ်ဖက်ကို ဆွဲခေါ်၏။ သူ့မှာ တော့ မျက်လုံးများပြူးကြောင်ကာ ဘာပြန်လုပ်လို့ လုပ်ရမှန်းပင် မသိ နိုင်လောက်အောင် ကြောင်အမ်းနေတော့သည်။

မျက်လုံးပြူး မျက်ဆံပြူးနှင့် သူမလက်ထဲ ရောက်နေသော ကိုယ့်လက်မောင်းကို အတင်းပြန်ဆွဲနေမိသည်။

ဒီကောင်မလေး အရွယ်ကသာငယ်သော်လည်း အားကတော့ အတော်ရှိ၏။ သူ့မှာ မည်သို့မျှ မရုန်းနိုင်ဖြစ်နေရသည်။





"ဟော့ ဟော့ လွှတ်လေ၊ ဘာလို့ ငါ့လက်ကို ဆွဲထားတာလဲ၊ ...များတွေမြင်ကုန်ရင် တစ်မျိုးထင်ကုန်ပါ့မယ်"

သူက ထိတ်ထိတ်ပျာပျာနှင့် ပြောလိုက်သည်။ တော်သေးသည် ... ဦးအောင်ကတော့ သူ့မိတ်ဆွေတွေနှင့် ဂေါ့ဖ်သွားရိုက်နေခြင်းမို့လို့ပင်။

ဦးအောင် မမြင်ရသော်လည်း သူ့အော်သံကြောင့် ဦးဘမောင် ... အိမ်ထဲသို့ ပြေးဝင်လာသောအခါ ဦးဘမောင်ကိုယ်တိုင်ပင် မျက်လုံး ... ပြူးကျယ်သွားရတော့၏။

"မောင်ဇေ ဘာဖြစ်တာလဲကွ၊ ဘာဖြစ်တာလဲ"

ဦးဘမောင်၏ အူကြောင်ကြောင်နိုင်လှသော မျက်နှာပေးကြောင့် ... သူ့လက်ကို ဆွဲထားခြင်းမှ ခွာချလိုက်၏။ ထိုအခါမှ ယသုမှာလည်း ...ပြုံးကြီးချလိုက်ပြီး ကောင်မလေးအား မျက်စောင်းနှင့်လှမ်းကြည့် ...သည်။

"ဘာမှမဖြစ်ပါဘူး ဦးဘမောင် ရပါတယ်"

သူ့စကားကြားမှ ဦးဘမောင်က ခြံထဲသို့ ပြန်ထွက်သွား၏။ ...အောင် လည်ပင်းကိုစောင်းငဲ့စောင်းငဲ့နှင့် လှည့်ကြည့်သွားသေး ...၏။

"မင်းကွာ တော်တော်ဆိုးတာပဲ၊ ခုတော့ ဦးဘမောင်က ငါ့ကို ...သို့ထင်သွားမလဲမသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



သူက လက်တစ်ဖက်ကို ခါးတွင်ထောက်ကာ သူမကို လေသံ ခပ်ကြိတ်ကြိတ်နှင့် ပြောလိုက်တော့ ကောင်မလေးက သူ့ကိုမျက်လုံးလေး များ ဝိုင်းစက်ကာ အူတူတူလေးနှင့်ပြန်ကြည့်ပြီး

"မြို့တော်တစ်ယောက်က ဘာထင်ထင် ရှင်ကဘာဂရုစိုက်စရာ လိုလဲ"

"ရော် မင်းဘာမှမသိဘဲနဲ့ ဝင်ပြောပြန်ပြီ၊ ဒီအိမ်ကြီးက ငါ့ အိမ်မဟုတ်ဘူးကွ၊ ငါကလည်း ဒီအိမ်က အလုပ်သမားတစ်ပိုင်းပဲ၊ တော ကြာ ဦးအောင်ပြန်သိသွားရင် ငါ့ကိုအထင်လွဲသွားမှာပေါ့၊ ဒီလိုတော့ အဖြစ်မခံနိုင်ဘူး"

သူ့စကားများကြောင့် မေက ဝိုလို့တောင် လည်တွက်သွား သည်။ သူဘာတွေပြောနေတာလဲ။ သူပြောနေတာတွေကို မေ ဘယ်လို နားမလည်နိုင်တာတော့ အမှန်ပဲဖြစ်၏။

သူ့ကိုဘာမှ နားမလည်သလို မျက်ဝန်းနက်နက်လေးများနှင့် ငေးကြည့်နေသည့် ကောင်မလေးအား သူက ပြန်လည်၍ စိုက်ကြည့် လိုက်ပြီး

"ကဲ မင်းငါ့ကို ဆေးခန်းပြပေးချင်တယ် မဟုတ်လား။ လာ သွားမယ်"

ယသု စကားကြောင့် ကောင်မလေးမျက်နှာက ရှုတ်ချည်





ပြောင်းလဲသွားကာ ပျော်မြူးရိပ်လေး လွှမ်းသွားသည်။

"တကယ်ပြောတာလား"

သူက မျက်မှောင်ကျုံ့ထားလျက်ကပင် ခေါင်းကိုညိတ်ချင်ညိတ် ချင် ညိတ်ပြလိုက်၏။

"ဒါမှပေါ့ ဒီလိုမှပဲ မေလည်း စိတ်အေးနိုင်မှာ"

သူ့ကိုယ်သူ လူကြီးလေးလိုပြောလိုက်သော မေ့အမူအရာ ကြောင့် သူ့မှာရယ်ချင်သွားရသေးသည်။ အဝတ်အစားများ လဲလှယ်ရန် ဆောကာဘက်ပြန်လှည့်လိုက်သော သူ့လက်အား ကောင်မလေးက ထိမ် ဆွဲထားလိုက်ရာ

"မင်းလုပ်ပြန်ပြီလား"

သူက ဟောက်ပစ်လိုက်တော့ စက်ကလေးပုကာ ကိုင်ထား သော လက်လေးအား ပြန်လွှတ်ပေးလိုက်ပြီး

"မဟုတ်ပါဘူး အဝတ်အစားလဲမလို့ မဟုတ်လား"

"အေးလေ"

"မလဲပါနဲ့တော့ ဒီလိုလည်း ကြည့်ကောင်းပါတယ်၊ လာပါ သွားရအောင်"

ကောင်မလေးက ဗွတ်တရွတ်လေးပြောနေပြန်တော့ သူသည်း ဘာမှပြန်မပြောမနေတော့ဘဲ သူမအလိုအတိုင်း လိုက်ခဲ့ရတော့၏။



www.burmeseclassic.com

www.burmeseclassic.com



မေက ကားလေးကို အထူးကုဆေးခန်းကြီးတစ်ခုရှေ့တွင် ရပ်လိုက်ပြီး နာမည်ကြီးအရိုးအကြော ဆရာဝန်တစ်ယောက်ထံတွင် တိုကင်နံပါတ်ပြားကို ယူလိုက်၏။

"ဆရာကြီးက နောက်နာရီဝက်နေမှ လာမှာရှင့်"

ကောင်တာမှ ကောင်မလေးက သူတို့နှစ်ယောက်ကိုကြည့်ကာ ပြောတော့ မေက ပန်းလေးကိုတွန့်ကာ

"ဒါဆိုလည်း မေတို့ ဒီရှေ့က ဆိုင်လေးမှာ ကြက်ကြော်သွားစားရအောင်၊ အမှန်အတိုင်း ပြောရရင် မေ ဗိုက်အရမ်းဆာနေပြီ"

ပထမတော့ ယသုက ငြင်းမည်ပြင်လိုက်ပေမယ့် ကိုယ်လုံးသွယ်သွယ်လေးကို တွန့်လိမ်ပြကာ ဗိုက်ချပ်ချပ်လေးကို လက်နှင့်ပွတ်ပြီး ပြောလိုက်သော မေ့အမူအရာကြောင့် မေ့အမူအရာကြောင့် သူလည်း ခေါင်းညိတ်လိုက်ရသည်။

ဆိုင်ထဲရောက်သည်နှင့် သူ့ကိုကြည့်ကာ

"ရှင် ဘာမှာမလဲ မှာလေ"

တကယ်တော့ ဒီလိုဆိုင်မျိုးတွေကို သူတစ်ခါမှ မထိုင်ဖူးပါ။ ထို့ကြောင့် မှာလည်းမမှာတတ်ပေ။

"ကိုယ် မမှာတတ်ဘူး ရင်တွင်းမေ"

သူ့အပြောကြောင့် မေ့မျက်နှာတန်းတန်းလေးများ ရှုံ့သွား





သည်။ သို့သော် ထိုအရာကို သိပ်အလေးမထားသည့်ပုံနှင့်

"ဒါဆိုလည်း ရှင် ဟိုစားပွဲလေးမှာ သွားထိုင်စောင့်နေလေ၊ ဟမ်ဘာဂါ စားတတ်မှာပါ၊ အဲဒါပဲ ယူခဲ့လိုက်မယ်နော်"

သူက ပြုံးပြုံးရွှင်ရွှင်နှင့် ခေါင်းညိတ်ပြကာ မေညွှန်ပြသည့် ထောင့်ကျကျ စားပွဲဝိုင်းလေးတွင် သွားထိုင်နေလိုက်သည်။

ခဏကြာတော့ မေက စားစရာများတင်ထားသော ဗန်းကြီး ကိုင်လျက် သူ့နားသို့ ပြန်ရောက်လာ၏။ သူ့အတွက် အဖြူရောင် ကြွေပန်းကန်တစ်ချပ်ထဲတွင် ဟမ်ဘာဂါကိုထည့်ပေးကာ ခရင်းနှင့် ဓားသေးသေးလေးတစ်စုံကို ချပေးသည်။ သူ ဒီလို အသုံးအဆောင်ပစ္စည်းတွေနှင့် အသားကို စားဖို့ရမည်မထင်။

ထိုစဉ်မှာပင် မေက သူမ၏ဟမ်ဘာဂါအား လက်နှင့်အားရပါးရ ကိုင်လိုက်ပြီး

"မေကတော့ သူများတွေလို ဟန်ကြီးပန်ကြီးနဲ့ မစားနိုင်ပါဘူး။ ဒီလိုပဲ အားရပါးရ ကွယ်လိုက်တာပဲ အပေါ်"

ပြောလည်းပြော ပါးစပ်ပေါက်သေးသေးလေးကိုလည်း အကျယ်ချဲ့ကာ ဟမ်ဘာဂါကို ကိုက်ချပစ်လိုက်သည့်ပုံလေးက ဘာလို့မှန်းမသိ ယသုရင်ထဲတွင် မှတ်မှတ်ထင်ထင် ဖြစ်သွားတော့၏။

"ဘာကြည့်နေတာလဲ၊ စားလေ နာရီဝက်ဆို ဆရာကြီးက



www.burmeseclassic.com

www.burmeseclassic.com



လာတော့မှာတဲ့"

"အင်းပါ ကိုယ်လည်းမင်းလိုပဲ လက်နဲ့ပဲစားတော့မယ်"

"ဘာလဲ မေ့ကိုကြည့်ပြီး အားကျသွားတာ မဟုတ်လား။ ကြိုက်တယ်၊ မေကတော့ အဲဒီလိုမျိုး လွတ်လွတ်လပ်လပ် နေရတာကို"

သူကလည်း ထောက်ခံသလို ခေါင်းတစ်ချက်ညိတ်ပြကာ ဟမ်ဘာဂါအား မေ့နည်းတူ အားရပါးရ ကိုက်ထည့်ပစ်လိုက်၏။

ထိုအခါ သူ့နှုတ်ခမ်းထောင့်စွန်းတွင် ဟမ်ဘာဂါထဲမှ ချိစ်များ ပေကျံကုန်ရာ မေက လက်ညှိုးလေးထိုးပြီး အော်ရယ်ပြန်သည်။

"ဟား ဟား ယောက်ျားကြီးဖြစ်ပြီး ပါးစပ်ပေအောင် စားတယ်"

ဒါကိုတော့ သူလက်မခံ။ ယောက်ျားလည်း ပါးစပ်ပေနိုင်တာပဲလေ။

"ယောက်ျားဖြစ်လို့ ပါးစပ်မပေရဘူးလို့ ဘယ်ပညာရှိက ပြောခဲ့လဲကွ"

သူက ခပ်တည်တည်နှင့် ပြောက်ပစ်လိုက်တော့လည်း ကောင်မလေးက မျက်နှာပိုးကိုသတ်လိုက်ကာ တစ်သျှူးလေးလှမ်းယူလိုက်ပြီး ကုန်းကွကွလေးလုပ်ကာ သူ့နှုတ်ခမ်းထောင့်စွန်းများကို အသာအယာ သုတ်ပေးလိုက်၏။





ဘယ်လိုမှ ထင်မထားသော အနေအထားမို့ သူ အံ့ဩနေမိကာ ရင်တွေလည်း အဆမတန် ခုန်လှုပ်သွားရသည်။ ဒီကောင်မလေးနဲ့တော့ သူ တော်တော် ခက်နေပါပြီ။

"ဘယ် ဘယ်လိုလုပ်တာလဲကွ"

"ရှင့်နှုတ်ခမ်းမှာ ပေနေလို့ သုတ်ပေးတာလေ"

"ငါ့ဟာငါ သုတ်မှာပေါ့၊ မင်းသုတ်ပေးစရာ မလိုပါဘူး၊ ဘေးဝိုင်းမှာလည်း လူတွေအများကြီးရှိနေတဲ့ဟာကို အမြင်မတော်အောင် လုပ်နေတယ်"

"ဟင် ဘာဆိုင်လို့လဲ တစ်သျှူးလေးနဲ့ သုတ်ပေးတာကို အမြင်မတော်တာလို့ ဘယ်သူကမှ ယူဆမှာမဟုတ်ဘူး"

"ကျွတ်"

သူ ဘာမှမပြောတော့ပါ။ ဟမ်ဘာဂါကိုသာ ငုံစားနေလိုက်တော့သည်။

နာရီဝက်ပြည့်ရန် ဆယ်မိနစ်အလိုမှာတော့ မေကသူ့ကိုသွားရန် ပြော၏။ ထို့ကြောင့် သူက ခါးနာနေတာကို မေ့ကာ ဆတ်ခနဲ ထလိုက်မိသည်။ ထို့ကြောင့်ပင် သူ့မျက်နှာကြီးတစ်ခုလုံး ပျက်ကျသွားလောက်အောင် နာကျင်သွားရပါ၏။

"အား ကျွတ် ကျွတ်"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ကြည့် ယောက်ျားကြီးဖြစ်ပြီ၊ ပေါ့ဆလိုက်တာ"

မေက ပွစိပွစိလေး ရေရွတ်လိုက်၏။ သို့သော် ယသုကတော့ ဘာမှပြန်လည်ချေပခြင်း မပြုနိုင်တော့ပါ။ နောက်တော့ သူ့လက်မောင်းတစ်ဖက်အား သူမ၏ လက်ချောင်းသွယ်သွယ်လေးများနှင့် လာရောက်ဆုပ်ကိုင်လိုက်ကာ

"သွားမယ်"

ဒီတစ်ခါတော့ သူ မငြင်းနိုင်တာ အမှန်ပင်။ သူမ၏ မေးမှုကိုမျက်နှာပူပူနှင့်ပင် ခံယူကာ ဆေးခန်းထဲသို့ ဝင်တော့ခဲ့ရသည်။

သူတို့ တိုကင်နံပါတ်က တစ်ဆယ်ကျော်မို့ နည်းနည်းတော့ထိုင်စောင့်လိုက်ရသေးသည်။ ထိုထိုင်စောင့်နေရချိန်များမှာလည်း မေကသူ့လက်မောင်းအား လွှတ်ပေးခြင်းမရှိခဲ့ပါ။ အဲဒီလို အိခနဲ့တွေ့သော အထိအတွေ့လေးမှာ သူ ဘာကြောင့်များ ရင်တွေခုန်နေမိတာလဲ မသိနိုင်တော့။

ယသုကတော့ သူ့ရင်ခုန်ခြင်းနှင့်အတူ မလှမ်းမကမ်းဖြစ်ကာ ကောင်မလေးအား လှည့်ကြည့်လိုက်မိသော်လည်း ကောင်မလေးကတော့ ဘာကိုမှ နားမလည်သည့် သူမ၏မှိုင်ပုံလေးနှင့် ပြန်မော့ကြည့်လာသောကြောင့်သူသာ ရှက်ကိုးရှက်ကန်းဖြစ်ပြီး တစ်ဖက်သို့ ပြန်လှည့်လိုက်ရ၏။

သူတို့အလှည့်ကျတော့ ယသုက တစ်ယောက်တည်းဝင်သွားမည်ပြုသော်လည်း ကောင်မလေးက မျက်နှာထားတင်းတင်းနှင့် သူ့





လက်မောင်းအားတွယ်ထားခြင်းကို ဖြုတ်မပေးသောကြောင့် သူ့မှာသာ သက်ပြင်းကိုချရင်း အခန်းတွင်းသို့ ဝင်လာခဲ့ရတော့၏။

ယသုကို ဆရာဝန်က လိုအပ်သည့် စစ်ဆေးမှုများ လုပ်ပြီးချိန်မှာတော့

"မောင်ဇေယသုနော်၊ အသက်က နှစ်ဆယ် ဟုတ်လား"

သူက ခေါင်းညိတ်ပြလိုက်သည်။ တကယ်တော့ သူ့အသက်က နှစ်ဆယ်မပြည့်သေးသော်လည်း သူ့မွေးနေ့ရောက်ခါနီးပြီမို့ နှစ်ဆယ်ဟု ဆည့်လိုက်ခြင်းဖြစ်သည်။

ထူးခြားသွားတာ တစ်ခုကတော့ ဆရာဝန်ကြီးက သူ့အသက်နှစ်ဆယ်နော်ဟု မေးလိုက်ချိန်တွင်ဖြစ်သွားသော မေ့မျက်နှာလေးဖြစ်၏။ တစ်ခုခုကို မေးချင်ဟန်နှင့် သူ့ကိုလှမ်းကြည့်လိုက်ပြီးမှ ဘာမှမပြောဘဲ ဆရာဝန်ကြီးဘက်သို့ ပြန်လှည့်သွားကာ

"သူ ဘာဖြစ်သွားတာလဲဟင် ဒေါက်တာ"

"မောင်ဇေယသုက ဘာမှမဖြစ်ပါဘူး၊ အကြောနည်းနည်း ရောင်သွားတာပါ၊ ဆရာ ဆေးပေးလိုက်မယ်၊ အဲဒါကို ဆေးပတ်လည်အောင် သောက်လိုက်ရုံပါပဲ၊ စိတ်မချရင်တော့ အက်ထရာဆောင်း ရိုက်ကြည့်ပေါ့"

"ဟုတ်ကဲ့ပါ ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်ကြီးက သူ့ဆေးစာအုပ်တွင် သောက်ရမည့်ဆေးများ နှင့် ရောဂါမှတ်တမ်း အကျဉ်းချုပ်ကို ရေးပေးပြီး

"ရော့ ဒါကို ဆေးကောင်တာမှာပြီး သောက်ရမယ့်ဆေးတွေ ဝယ်သွားလိုက်ပါ"

"ဟုတ် ကျေးဇူးပဲနော် ဒေါက်တာ"

အခန်းထဲမှ ပြန်အထွက်မှာတော့ မေက သူ့လက်မောင်းကို တွဲထားခြင်း မပြုတော့ပါ။ ဆေးစာအုပ်လေးကိုင်ကာ လိုအပ်သည့် ဆေးများဝယ်ပြီး ကျသင့်ငွေရှင်းနေသည့် ရင်တွင်းမေအား လှမ်းကြည့်မိရုံနှင့်တင် သူ့ရင်တွေ ဘာကြောင့်များ ဂနာမငြိမ်နိုင်တာပါလိမ့်နော်။

"ရှင် အာထရာဆောင်း ရိုက်ချင်သေးလား"

"မလိုပါဘူး ရင်တွင်းမေ"

"ကောင်းပြီလေ ဒါဆို မေတို့ ပြန်ကြတာပေါ့"

မေက တစ်လမ်းလုံး ကားကို တိတ်ဆိတ်စွာ မောင်းလာရင်းနှင့် မှ တစ်နေရာသို့ အရောက်မှာတော့ လမ်းဘေးသို့ ကားကိုထိုးရပ်ကာ ရပ်ပစ်လိုက်ပြီး

"ရှင့်ကို မေ မေးစရာရှိတယ်"

"မေးလေ မေ"

တစ်လမ်းလုံးတိတ်ဆိတ်နေသော မေ့ပုံကြောင့် မေ တစ်ခုခု

ဆင်မကျ ဖြစ်နေမှန်း ယသု ရိပ်မိပြီးဖြစ်၏။

"ရှင် ဘာလို့ညာတာလဲ"

"ဟောဗျာ ကိုယ် မေ့ကို ဘာညာခဲ့လို့လဲ"

မေ့မေးခွန်းကို သူ တကယ်ပင် မသိလို့ ပြန်မေးလိုက်ခြင်းဖြစ်

"ရှင့်ကိုယ်ရှင် မေ့ထက်အများကြီးကြီးတယ်ဆိုပြီး ညာတယ် လေ"

"အာ မင်းကို ကိုယ့်အသက် ဘယ်လောက်ပါလို့ မပြောခဲ့ပါဘူး အမှတ်မှားတာ ဖြစ်ပါလိမ့်မယ်"

"ပြောတော့ မပြောခဲ့ဖူးဘူးလေ၊ ဒါပေမဲ့ ရှင်က ဒီလောက် ကြီးမြင့်ပြီး၊ ခန္ဓာကိုယ်ထွားကျိုင်းနေတာ၊ မေက ရှင့်အသက် ယ်ကျော်ပြီလို့ ထင်တာပေါ့လို့"

"ရော် ခက်ပြီ"

မေ့စကားကြောင့် သူ့မှာရယ်ချင်စိတ်ကို မနည်းမျိုသိပ်လိုက်ရ

"မေရယ် မင်းကို ဘယ်လိုပြောပြရမှန်းတောင် မသိတော့ဘူး"

ယသုက ရင်တွင်းမေဟု ခေါ်နေရာမှ မေဟု ပြောင်းခေါ်လိုက် ကြောင့် မေက သူ့ကိုလှမ်းကြည့်လိုက်သည်။




www.burmeseclassic.com

www.burmeseclassic.com



"အမှန်တော့ ကိုယ်က ရန်ကုန်သားမဟုတ်ဘူးကွ"

"မေ သိသားပဲ"

"အင်း ကိုယ်က ဟိုးချောင်နည်းနည်းကျတဲ့ နယ်မြို့လေးရဲ့

ရွာတစ်ရွာကပေါ့၊ ကိုယ့်မေမေဆုံးပြီးတော့ ကိုယ်တစ်ယောက်တည်း ဘာ

မလုပ်နိုင်တာနဲ့ ထင်ကျော့်ဦးလေးရှိတဲ့ ရန်ကုန်ကဆိုင်မှာ ထင်ကျော်

အတူတူ အလုပ်လုပ်ကြတာ၊ ဦးအောင်ကတော့ ကိုယ့်ကို ထင်ကျော်လို

တူအရင်းတစ်ယောက်လို ဆက်ဆံပါတယ်"

"နေပါဦး ဘာလို့ ရှုံးအကြောင်းတွေ မေ့ကိုလာပြောနေတာလဲ

"မေ သိချင်မယ့် ထင်လို့ပါ"

"အို မေက ဘာလို့သိချင်ရမှာလဲ"

မေ့စကားကြောင့် သူက ခေါင်းကိုငုံ့ထားလိုက်သည်။ ဟုတ်

ရဲ့ ဘာကြောင့်များ မေ့ကိုသူ့အကြောင်းတွေ ပြောမိတာပါလိမ့်။

"ကိုယ်တကယ်ပြောချင်တာက ကိုယ်က တောသားဆိုတော့

ထမင်းပဲ အဓိကစားခဲ့ရတယ်၊ ပြီးတော့ ကိုယ်က အစားကြီးတယ်

တစ်ခါစားရင် ဇလုံကြီးနဲ့ သုံးပန်းကန်လောက် စားလိုက်ရမှ အားရ

ဒါကြောင့် ခုနကိုယ်တို့ အရစ်တို့ကလည်း တွားတက်လာတာပေါ့"

"ဟင် အဲဒီလိုကြီးလား"

မေက တအံ့တသြလေးမေးတော့ သူလည်း ခေါင်းကို လျှ





ပြာ ညိတ်ပြလိုက်ရသည်။

"အင်း ဟုတ်တယ်"

"ဒါဆို တောရိုးပဲ၊ မေက ရှင့်ကို မေ့ထက်အသက်အများကြီး

ကြီးတယ်လို့ ထင်နေတာ"

"မင်းအသက် ဘယ်လောက်လဲ"

"မေက ဆယ့်ခုနစ်နှစ်လေ"

"ဒါဆို ကိုယ်က မင်းထက် သုံးနှစ်တောင် ကြီးနေသေးတာပဲ"

သူက ဂုဏ်ယူဝင့်ကြွားဟန်နှင့်ပြောလိုက်သည်။

"အဲဒီတော့"

"အဲဒီတော့ ဘယ်လိုပဲဖြစ်ဖြစ် ကိုယ်ဟာ မင်းထက်ကြီးနေသေး

တယ်၊ ဒါကြောင့် လေးလေးစားစား ဆက်ဆံသင့်တယ်"

ယသု စကားကြောင့် မေက နှာခေါင်းလေးရှုံ့သည်။

ပြောသာပြောလိုက်ရသည်။ ဘာလို့မှန်းမသိပါဘဲ ယသုကိုမြင်

ည်နှင့် မေ့စိတ်ထဲမှာ ကြောက်ရွံ့သလိုလို စိုးထိတ်မိသလိုလိုနှင့် ရှိန်

မိတာကတော့ အမှန်ပင်။

"ရော် သုံးနှစ်ကြီးလည်း ကြီးတာပဲလေ၊ မဟုတ်ဘူးလား"

"အင်းပါ ဟုတ်ပါပြီ လေးစားချေချင်ရင်လည်း လေးစားပေးပါ့

မယ်ရှင့်"



www.burmeseclassic.com

www.burmeseclassic.com



ယသုက ပြောင်ချော်ချော်လေးပြောတော့ သူက မှေးခေါင်းလေးကို တစ်ချက်ပုတ်လိုက်သည်။ ထိုအပြုအမူကြောင့် သူ့ကိုမေက မျက်လွှာလေးပင့်ကြည့်လိုက်၏။ ဒါဟာ သိပ်ကိုရင်းနှီးလွန်းသည့် အပြုအမူမျိုးဖြစ်သွားသည်ဆိုတာကိုတော့ သူ ပြုပြီးမှပင် သတိထားလိုက်မိသည်။ ထို့ကြောင့်ပင် မျက်နှာကို ချက်ချင်းပြန်တည်ပြီး

"ကဲ ပြန်ကြရအောင် မေ၊ တော်ကြာ ဦးအောင်ပြန်ရောက်နေရင် နေမကောင်းတဲ့လူက ဆိုင်တော့မသွားနိုင်ဘူး၊ အပြင်တော့သွားနိုင်တယ်လို့ ထင်နေဦးမယ်"

"ဖိုး ရှင်က အပြင်လျှောက်သွားတာမှ မဟုတ်တာ၊ ဆေးခန်းသွားပြတာလေ"

"ကဲပါ ဟုတ်ပါပြီ မောင်းမှာသာ မောင်းပါတော့"

သူ့ခပ်လောလောစကားကြောင့် မေက ကားသော့ကိုပြန်ယူကာ မောင်းထွက်လိုက်သည်။

"ဒါနဲ့ ရှင် ကားမောင်းတတ်လားဟင်"

"မမောင်းတတ်ဘူး မေ"

"ဒါဆို ရှင့်ကို မေ ကားမောင်းသင်ပေးမယ်"

သူ ဘာမှ ပြန်မပြောတော့ပါ။ တကယ်တော့ သူနှင့်မေ၏ ပတ်သက်မှုသည် ဤမျှမနက်ရှိုင်းသင့်ဟု သူ့စိတ်ထဲမှ အလိုလိုမှတ်ချက်





ချထားလိုက်သည်။

သူ့ကိုမေက အိမ်ရှေ့ထိပြန်လိုက်ပို့ပေးကာ လက်ပြထွက်ခွာသွားသည်ကို သူ မျက်စိတစ်ဆုံး ငေးကြည့်နေမိ၏။

ကောင်မလေးရေ မင်းရဲ့ရိုးသားတဲ့ ပွင့်လင်းသွက်လက်မှုတွေက ငါ့ရင်ကို ဘာကြောင့်များ ခုန်လှုပ်စေတာလဲကွာ။

■ ■ ■

"ဟေ့ကောင် ဘယ်လိုလဲ မင်းဆီကို ရင်တွင်းဓမ ရောက်လာသေးလား"

ဆိုင်ကပြန်လာပြီး ရေမိုးချိုးပြီးသည်နှင့် ထင်ကျော်က ယသုရှိရာရောက်လာကာ တီးတိုးမေးလိုက်သည်။

"မင်းအစ္စုနဲ့ ဒီလောက်တောင် မ လိုက်မှတော့ ပြန်မေးမနေနဲ့တော့"

"မဟုတ်ပါဘူးကွာ၊ ကောင်မလေးပုံစံက မင်းကိုတော်တော်ရှိန်ရိုရိုခနေတဲ့ပုံ ပေါက်နေလို့ပါ"

"ဖြစ်မှဖြစ်ရလေကွာ၊ အဲဒီကောင်မလေးရဲ့ စိတ်ကိုတောင် မင်းက ချက်ချင်းကြီး ဖတ်နိုင်သွားတယ် ဟုတ်လား"

"ဟေ့ကောင် ယသု လူတစ်ယောက်ရဲ့ စိတ်ကိုတောင် မင်းက ချက်ချင်းကြီး ဖတ်နိုင်သွားတယ်ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ယသု လူတစ်ယောက်ရဲ့ မျက်လုံးတွေဟာ အဲဒီ လူ့ရဲ့စိတ်တံခါးပေါက်တဲ့၊ ရင်တွင်းမေရဲ့မျက်လုံးတွေမှာ မင်းအပေါ် စိုးရိမ်နေမှုတွေ အထင်းသားပေါ်နေတယ်ကွ"

ထင်ကျော်ကိုလည်း သူဘာမှပြန်မပြောတော့ပါ။ ပြောစရာ စကားမရှိတော့ခြင်းလည်း ဖြစ်သည်။

"ပြောပြစမ်းပါကွ မင်းနဲ့သူနဲ့ ဘာတွေဆက်ဖြစ်ကြတယ်ဆိုတာ"

မပြောချင်ပါဘူးဆိုတာမှ ထင်ကျော်ကလည်း အတင်းဖွတ်မေးနေ၍ သူ့မှာ ဖေါသများသာ လိုမ့်ထွက်လာတော့၏။ ဒီကောင်မလေး လာရှုပ်လို့ မှတော့ သူ့မှာအလကားနေရင်း ဖြေရှင်းပြနေရဦးမည်လေ။ ဘယ်လောက် စိတ်တိုစရာကောင်းလိုက်လဲ။

"ပြောလေကွာ မင်းမပြောရင်တော့ မင်းမရိုးသားလို့ပဲ၊ ဘာလဲ ရန်ကုန်သူလေးကို မိုက်သွားပြီလား"

ထင်ကျော်ကို သူ့ပါးစပ်မှ ရှိသမျှသော ဆဲနည်းပေါင်းစုံနှင့် ဆဲရေးပစ်ကာ အောက်ထပ်သို့ ဆင်းခဲ့လိုက်တော့သည်။ ဦးအောင်က သူတို့နှစ်ယောက်ကို ညစာစားရန် ခေါ်နေပြီလေ။

"ဘယ်လိုလဲ မောင်ဓေး ခါးက တော်တော်များ နာနေလား ဆေးခန်းတွေ ဘာတွေရော သွားစရာလိုသေးလား။ ဦးအောင်ကိုပြော





ပါ၊ ဘာမှအားမနာနဲ့"

"ရပါတယ် ဦးအောင်၊ အပေါ်ယံလေးပဲ ရှပ်ထိသွားတာပါ"

"အေးလေ မင်းတို့လုပ်နေမကျတဲ့ အထုပ်တွေ ဝင်ထမ်းတာ နောက်ဆို ပစ္စည်းလာပို့တဲ့ကောင်တွေကိုပဲ တစ်ခါတည်း စတိုခန်းထဲ ပို့နိုင်းကွာ"

"ဟာ မဟုတ်ပါဘူး ဦးအောင်၊ အဝတ်ထုပ်တွေ ထမ်းလို့ဖြစ်တာ မဟုတ်ပါဘူး"

ဦးအောင်က သူ့ဆိုင်မှ ပစ္စည်းထုပ်များထမ်းရင်း ယသု ခါးမျက်ားသည်ဟု ထင်ကာ ပြောနေခြင်းဖြစ်သောကြောင့် ယသုမှာလည်း ကယာပင် ငြင်းလိုက်ရသည်။

"ဟော ဒါဆို နေရင်းထိုင်ရင်း ဘယ်လိုဖြစ်တာလဲကွ"

ထင်ကျော်ကတော့ ဒေါးမှနေ၍ အမှန်အတိုင်းပြောလိုက်ဟု မျက်ရိပ်ပြသည်။ သို့သော် အမှန်အတိုင်းတော့ သူ မပြောနိုင်ပါ။ ောင်က စိတ်ပြတ်သည်။ တော်ကြာ မေ့ကို တစ်ခုခုလုပ်မည်ဆိုတဲ တို့သည်၊ တားနိုင်မှာမဟုတ်။

"ဟိုလေ ရေချိုးခန်းထဲမှာ ချော်ကျလို့ပါ၊ ကြွေပြားတွေဆိုတော့ နေတာကို ကျွန်တော်က သတိလက်လွတ်သွားတယ်လေ"

ယသုက လိမ်လိုက်သောကြောင့် ထင်ကျော်က မျက်လုံးကြီး



www.burmeseclassic.com

www.burmeseclassic.com



မျာပြုံးသွားသည်။' တကယ်ဆို ယသုသာ အမှန်အတိုင်းပြောလိုက်ပါ
ဦးအောင်က ဒီကိစ္စကို ဒီတိုင်း ကြည့်နေမှာ မဟုတ်တာ အမှန်။ ရင်တွင်
မမတို့ဘက်က လျော်ကြေးပေးရန် တောင်းဆိုမည်မှာမလွဲ။

ဦးအောင်က ပိုက်ဆံလိုချင်လို့တော့ မဟုတ်သော်လည်း ဘယ်
အရာမဆို ကိုယ့်ဘက်ကတစ်ခုခုပေးဆပ်ရတိုင်း ထိုပေးဆပ်လိုက်တာ
အလကားမဖြစ်စေချင်။ တန်ရာတန်ကြေးတော့ ပြန်ရမှ ကျေနပ်တတ်
ဖြစ်၏။

"ဒါကြောင့်ပြောတာ ရေချိုးခန်းကို သေချာတိုက်ပါလို့ မောင်
ကို ပြောရင်လည်း ပြောတုန်းခဏပဲ"

ယသုစကားကြောင့် မောင်မြမှာ အလကားနေရင်း ပြော
လိုက်ရသေးသည်။ မောင်မြအတွက်တော့ စိတ်မကောင်းပေမယ့် ပြဿနာ
ကြီးမသွားလိုကသာ အစကဖြစ်နေတော့ ခံသာပါသေး၏။

"အပေါ်ယံပဲဆိုပေမယ့် နောက်တစ်ရက်နှစ်ရက်လောက်ထေ
ထစ်နားလိုက်ပါဦး။ ဆိုင်မှာက ထင်ကျော်ရှိနေတာပဲ"

"ရပါတယ် ဦးအောင်၊ ကျွန်တော် မနက်ဖြန်ကစပြီး ဆိုင်
သွားမှာပါ"

သူ့ခါးနာနေသည်က အရှင်းမသက်သာသေးသော်လည်း ဦး
အောင်တို့အပေါ် အားနာလွန်းသောစိတ်နှင့် သူပြောဖြစ်သည်။





"တကယ်ရော ဖြစ်ရဲ့လားကွ။ တော်ကြာ ခဏနဲ့ပျောက်ရမယ့်
ဟာကို အချိန်ဆွဲသလို ဖြစ်နေဦးမယ်"

"ဖြစ်ပါတယ် ဦးအောင်၊ ဘာမှစိတ်မပူပါနဲ့၊ ဒီလောက်ကတော့
အေးဆေးပါဗျ"

သူက ခပ်တည်တည်နှင့်ပြောလိုက်တော့ ဦးအောင်က ယုံကြည်
သွားကာ ခေါင်းကိုညိတ်ရင်း

"ဒါဆိုလည်း ကောင်းပြီလေ၊ မင်းတို့ရှိတော့ ငါလည်းစိတ်ချ
ရတာပေါ့၊ ခုမှပဲ အေးအေးဆေးဆေး ဘော်ဒါတွေနဲ့ ဂေါ့ဖ်ရိုက်လိုက်
အပန်းဖြေလိုက်နဲ့ ဟန်ကျခွင့်ရတော့တယ်"

"စိတ်ချပါဗျာ၊ ထင်ကျော်ရှိနေလို့ကတော့ ဦးအောင်ရဲ့စီးပွားတွေ
တိုးသထက်တိုးလာတော့မှာ ဟဲ ဟဲ"

ထင်ကျော်ကပါ လက်မထောင်ရင်း ဝင်ပြောလိုက်၏။

"အေးပါကွာ၊ မင်းတို့နှစ်ယောက်ကိုပဲ ငါကအားကိုးရတော့မှာ၊
ဘယ်လိုပဲဖြစ်ဖြစ် အသက်ကနည်းနည်းရလာတော့ ရောဂါလေးတွေ ဝင်
ချင်တယ်ကွ၊ ဒါကြောင့် ကျန်းမာရေးဘက်ကိုလည်း ဖြစ်နိုင်းကြည့်နေရ
သေးတယ်၊ နောက်ဆို မင်းတို့ကိုယ်တိုင် မြဝတီတို့ ချင်းမိုင်တို့ဘက်တွေ
သွားပြီး ဈေးကွက်ဝင်အရောင်းသွက်မယ့် ဟာတွေ ရှာပေါ့ကွာ၊ ငါက
လည်း လူပျိုကြီးဆိုတော့ ငါသေရင် ဒီဟာတွေက ထင်ကျော်နဲ့မင်းကိုပဲ



www.burmeseclassic.com

www.burmeseclassic.com



လွှဲပေးခဲ့ဖို့ ဆုံးဖြတ်ထားတယ်ကွ"

ဦးအောင်စကားကြောင့် ယသုမှာ ထင်ကျော်ကို မျက်နှာပူသွားမိသည်။ တကယ်ဆို ထင်ကျော်ကသာ တူအရင်းဖြစ်ကာ သူကဘာမှ သွေးမတော်သားမစပ်လေ။

"ရပါတယ်ဗျာ ကျွန်တော့်အတွက်ကတော့ ထင်ကျော် တစ်ယောက်တည်းကို ပေးရုံနဲ့တင် ကျွန်တော်ပါ ရသလိုပါပဲ"

"ဟော့ကောင် ဘာမှအားနာမနေနဲ့ ငါကိုယ်တိုင်က အဲဒီအကြံ ဦးအောင်ကို ပေးခဲ့တာကွ"

ထင်ကျော်က သူ့ကိုစိုက်ကြည့်ကာ ပြုံးပြုံးကြီးပြောတော့ သူ့မှာ ပိုလို့ပင် အားနာသွားရသည်။ ကိုယ် ယူသလောက်ပြန်ရမှ ကျေနပ်သည်ဆိုသော ဦးအောင်အတွက် သူက အယူသက်သက်ဖြစ်နေပြီလားမသိ။

"ဟော့ကောင် မင်းတွေးနေတာ ငါသိတယ်၊ မင်းက ဦးအောင်ကို ဘာမှပြန်မပေးနိုင်လို့ဆိုပြီး စိတ်ပျက်နေတာ မဟုတ်လား"

ယသုက ဘာမှပြန်မဖြေ။ ဦးအောင်ကိုသာ ငေးကြည့်လိုက်သည်။

"မင်းငါ့အပေါ်မှာ သစ္စာရှိရင် ငါ့ကိုပြန်ပေးတာပဲပေါ့ကွာ။ မဟုတ် ဘူးလား"

ဦးအောင် စကားကြောင့် သူတော်တော် ကျေနပ်သွား၏။





"ကဲပါ သင်တန်းလည်းပြန်တက်ဦးနော်၊ တော်ကြာ သင်ခန်းစာတွေ အများကြီးလွတ်သွားရင် မလိုက်နိုင်ဖြစ်နေဦးမယ်"

"ဟုတ်ကဲ့ပါ ဦးအောင်"

"အေး အေး ငါတော့ဝပြီဟေ့"

ဦးအောင်က ထမင်းကို လက်စသတ်ကာ စားပွဲမှထထွက်သွားသည်။ ထိုအခါမှ ထင်ကျော်ခေါင်းကြီးက သူ့နားသို့ တိုးကပ်လာကာ ကြည်သူမျှ မကြားနိုင်လောက်သော လေသံနှင့်

"ဟော့ကောင် ဘာကြောင့် ကားနဲ့တိုက်မိတာပါလို့ အမှန်အတိုင်း မပြောလိုက်တာလဲ"

"တိုက်မိတာ မဟုတ်ပါဘူးကွာ၊ ရှပ်ထိမိတာပါ"

"အလိုလေ"

ထင်ကျော် ဘာမှပြန်မပြောတော့ပါ။ အလိုလေး တစ်လုံးသာ အရွတ်ပြီး ယသုနားမှ ထထွက်သွားတော့၏။ သူလည်း ဘာကြောင့်မှန်း မသိနိုင်အောင် မေ့အကြောင်းစဉ်းစားမိတိုင်း ရင်တွေလှိုက်ခုန်လာတတ်သည်။ ဒါဟာ ဘယ်လိုအရာရဲ့ ထိန်းချုပ်မှုအောက်ကို ရောက်နေတာပါလိမ့်။ သေချာတာကတော့ ထိုအရာ၏ စက်ကွင်းထဲကနေ သူ လွတ်မြောက်ရန် အင်အားများ ပျောက်ဆုံးနေခြင်းပင်ဖြစ်တော့သည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

"သမီး တစ်နေ့တစ်နေ့ ဘယ်တွေလျှောက်သွားနေတာလဲ ဟင်၊ ဖေဖေတို့ကိုတောင် အသိမပေးနိုင်လောက်အောင် သမီးမှာ ဘာတွေ အလုပ်များနေလဲ"

အပြင်သို့ထွက်ရန် ခြေလှမ်းပြင်နေသော ရင်တွင်းမေကို ဦးရင်နက်ရှိုင်းက ဒေါသသံနှင့်မေးလိုက်ခြင်းဖြစ်၏။

"မေ့မှာလည်း မေ့အလုပ်နဲ့မေ ရှိပါတယ် ဖေဖေ"

"ဘာကွ"

ဦးရင်နက်ရှိုင်းသည် တစ်ယောက်တည်းရှိသော သမီးလေး ယဉ်ယဉ်ကျေးကျေး သိမ်သိမ်မွေ့မွေ့လေးဖြစ်စေချင်ခဲ့သော်လည်း မေတွေ





သမီးက လုပ်ချင်ရာလုပ်တတ်သော၊ လုပ်ချင်တာကို လုပ်ခွင့်မရလျှင် လည်း ရှုညံ့ပေါက်ကွဲသောင်းကျန်းတတ်သော ဉာဉ်ဆိုးလေးပါလာသည်။

"သမီးဟာ ဖေဖေတို့ရဲ့ အုပ်ထိန်းမှုအောက်မှာပဲ ရှိနေသေးတယ် ဆိုတာကိုတော့ သမီး သိပါတယ်နော်၊ ပြီးတော့ သမီး လုပ်ချင်တာတွေ လုပ်နေရအောင် သမီးဟာ အသက်ဆယ့်ရှစ်နှစ်မပြည့်သေးတဲ့အတွက် အရွယ်မရောက်သေးဘူး"

"သမီးကလည်း ဘာမကောင်းမှုကိုမှ လုပ်နေတာ မဟုတ်ပါ ဘူး ဖေဖေ"

"သမီးဘက်က ပြောတော့ သမီးအကောင်းပဲပေါ့၊ ဒါပေမဲ့ တစ်ဝန်းကျင်အမြင်မှာ ဦးရင်နက်ရှိုင်းရဲ့ တစ်ဦးတည်းသော သမီးလေးက ချောင်တိုင်းဖြစ်နေတယ်လို့တောင် ဖေဖေ အထင်မခံနိုင်ဘူး"

"ဖေဖေ့ကို ဘယ်သူတွေက ဘာတွေချုန်လိုက်ပြန်ပြီလဲ၊ ဖြစ် ချင်တိုင်းဖြစ်နေတယ်လို့ ပြောရလောက်တဲ့ အခြေအနေထိရောက်အောင် မနေခဲ့ဖူးဘူး ဖေဖေ၊ မေ့ဘာသာ သူငယ်ချင်းတွေဆီသွားရင်သွား၊ သွားရင်လည်း ကားတစ်စီးနဲ့လျှောက်ဗိုးနေတာပဲဟာကို"

"အေး၊ အဲဒီကားအကြောင်းကလည်း ပြောရဦးမယ်၊ အဲဒီ ဟောက်ထိ နောက်ဆုံးပေါ်ကားတွေ ဝယ်ပေးထားတဲ့ကြားက ဘာလို့ ဘာမဟုတ်တဲ့ ဂျစ်ကားကိုမှ မက်မက်မောမော စီးနေတာလဲ၊ ပြီးတော့

www.burmeseclassic.com



ရွှေတောင်ကြားက ဗိုက်ချွန်ကြီးကိုလည်း မနေချင်ပါဘူးဆိုပြီး ဒီမြို့ထဲ ကားရှုပ်တဲ့ကြားက ကွန်ဒိုမှာ လာနေတယ်၊ သမီးရဲ့ အတွေးတွေကို ဖေဖေ လိုက်လို့ မမီတော့ဘူး''

''မေကတော့ ဒီလိုမျိုး စည်စည်ကားကားနေရတာကို ကြိုက်တယ် ဖေဖေ၊ လူတွေနဲ့ ဝေါ်ဝေါ်လှမ်းနေတဲ့ ချောင်ကြိုချောင်ကြား မှာ မနေချင်ဘူး''

ဦးရင်နက်ရှိုင်း ရင်ဘတ်ဖိလိုက်သည်။ ရွှေတောင်ကြားလို လူတိုင်းမနေနိုင်သည့်နေရာကို မေက ချောင်ကြိုချောင်ကြားဟု ပြော လိုက်သောကြောင့်ဖြစ်၏။

''သမီးအကြိုက်ကိုလည်း ဖေဖေတို့ သုံးလတိတိ လိုက်လျော ပြီးသွားပြီ၊ ဒီတစ်ခါတော့ ဖေဖေတို့နဲ့ ရွှေတောင်ကြားကို သမီးပြန် လိုက်နေပေးရမယ်''

''ဟာ မေ တော့မနေချင်ဘူးနော်၊ ပြောပြီးသားပဲ''

''ရင်တွင်းမေ ခေါင်းမမာစမ်းနဲ့၊ ဖိဘက ပြောရင် ပြောတဲ့အ တိုင်းပဲ လုပ်ပေါ့၊ ခုတော့ ဘာပဲပြောပြော သူ့ဘက်က ကလန်ကဆန် လုပ်မယ်ဆိုတာချည်းပဲ''

''ဖေဖေတို့က မေ ဖြစ်ချင်တာကို ဖြစ်ခွင့်ပေးရင် မေ လည်း ဒီလို ကလန်ကဆန် ဘယ်လုပ်ပါ့မလဲ''





ထိုအချိန်မှာပင် အိပ်ရာထဲ၌လှဲနေသော မေမေက ခြေသံနင်းထဲ ထွက်လာကာ ဆိုဟာပေါ်မှာထိုင်လိုက်ရင်း

''မေမေ့ကို စာနာပါ သမီးလေးရယ်၊ မေမေ့ရောဂါက မြို့လေး ပွင်းလေးနဲ့ အေးအေးချမ်းချမ်းရှိမှ အထင်ပြေမယ်လို့ ဆရာဝန်က ပြောထားတာ သမီး သိသားနဲ့ကွယ်''

ဟုတ်တော့လည်း ဟုတ်ပါသည်။ နှလုံးရောဂါသည် မေမေ့ အတွက် အေးချမ်းသိတ်ငြိမ်သော နေရာတွေမှာနေသင့်သည်ဟု ဆရာဝန် ကြီးမှာထားတာ မေသိပါသည်။

သို့သော်လည်း အပေါင်းအသင်းမရှိသော မျင်းစရာခြောက်ကပ် လှသည့် နေရာမျိုးတွင် မနေချင်။ မေက အိမ်ရှေ့ဝရန်တာထွက်လိုက် တာနှင့် လမ်းမပေါ်မှာ ကားတွေလူတွေ သွားလာနေတာ မြင်ရလျှင် ပျော်သည်။ မေ့သူငယ်ချင်းတွေကလည်း အကုန်လုံးနီးပါး မြို့ထဲမှာမို့ မေကတော့ မြို့ထဲမှာနေရတာကိုသာ နှမ်နေမိသည်။ ခုဆိုလျှင် ဒီနေရာ မှာနေ၍ ပိုလို့တောင် မခွာချင်တော့ပါ။

မေကိုယ်တိုင် မသိလိုက်သော သံယောဇဉ်ကြိုးတစ်မျှင်က မေ့ ကို ရစ်ပတ်နေပြီမို့လို့ပေါ့ရှင်။

''မေမေနဲ့ဖေဖေ ပြန်ချင်ပြန်ပါ၊ မေကတော့ ဒီအိမ်မှာပဲ နေခဲ့ မယ်''



www.burmeseclassic.com

www.burmeseclassic.com



"ရင်တွင်းရမ နှင့်ကိုယ်နှင် ကိုယ့်တာဝန်ကိုယ် ယူနိုင်ပြီလို့များ မှတ်နေလား။ အသက်လေးက ခုမှ နှစ်ဆယ်တောင် မပြည့်သေးဘူး။ မိဘကို ပြန်အားခံချင်နေပြီ"

"ဖေဖေတို့ ထင်ချင်သလိုသာ ထင်ကြတော့၊ မေကတော့ ဒီမှာပဲ ပျော်တယ်၊ အဲဒါကြောင့် ဒီမှာပဲ နေမယ်"

ရင်တွင်းမေက စကားဆုံးသည်နှင့် ကားသော့လေးကို လက်ညှိုးလေးနှင့် လှည့်ပတ်ကစားရင်း အိမ်ပြင်ထွက်ခဲ့၏။ ဖေဖေနှင့်မေမေကတော့ ထုံးစံအတိုင်း မေ့ကို ဘယ်လိုစည်းရုံးရမည်ဆိုတာကို ခေါင်းချင်းရိုက် ဆွေးနွေးနေပေလိမ့်မည်။

ဒါတွေက မေ့ဘဝမှာ ဖြစ်နေကျပဲမို့ သိပ်အရေးမကြီး။

ကားလေးကို သူ့ဆိုင်ရှေ့တွင် ထိုးရပ်လိုက်ပြီး ကားပေါ်မှ သွက်လက်သော ခြေလှမ်းများနှင့် ဆင်းလိုက်၏။ ဒီနေ့တော့ ပန်းဆီရောင် ချည်သားစကပ်ကားကား၊ ဖူးလောက်လေးကို အဝါရောင် တီရှပ် လက်ပြတ်လေးနှင့် တွဲဝတ်ထားသော ရင်တွင်းမေပုံစံက တကယ့်ကို ထိုထရ မင်းသမီးလေးတစ်ပါးလို တက်ကြွရှင်လန်းနေသည်ဟု ယသု မှတ်ချက်ချလိုက်သည်။

"ရင်တွင်းမေ ဘာကိစ္စရှိပြန်ပြီလဲ"

လှကိုမြင်မြင်ချင်း ပြောလိုက်သော သူ့စကားကြောင့် မေ့မှာ





ဘာပြောလို့ပြောရမှန်းမသိအောင် ဖြစ်သွား၏။

"ဟိုလေ မေ အကျီတွေ လာကြည့်တာ"

သူ့ကိုတွေ့ချင်သော စိတ်လေးပေါက်နေသောကြောင့် အကြောင်းပြချက်မရှိပါဘဲ ရောက်လာခဲ့ခြင်းဖြစ်သော်လည်း သူက ထိုသို့မေးလိုက်သောအခါ မေ့မှာခြေမိခြေရာတွေ ပြောလိုက်သည်။

"မေ့အတွက် ကြည့်စရာမှမရှိတာ၊ ဒီဆိုင်က ယောကျ်ားလေးအသုံးလေ မေရဲ့"

ယေသုက မေ့ကိုပြုံးပြုံးလေးကြည့်ပြီး ပြောလိုက်သောအခါ မျက်နှာလေးက ရှက်စိတ်ကြောင့် နီရဲသွားရသည်။

"အို ဟိုလေ"

ဘာပြန်ပြောလို့ ပြောရမှန်းလည်း မသိတော့။ ဒါကို သူက သိလိုသသောပေါက်သွားသည်မသိ။

"သြော် မေက တစ်ယောက်ယောက်ကို လက်ဆောင်ပေးမလို့ ခါဆိုလည်း အဲဒီလူက ဘယ်လိုပုံစံကြိုက်တတ်တယ်ဆိုတာ ပြော ကိုယ် ရှာပေးမယ်"

ထုံးစံအတိုင်း မေက ဆံပင်များကို ဖွလိုက်ပြန်သည်။ သူက တွေ စကားတွေ ဆက်ပြောနေပြန်သည်။

"ခုတလောတော့ အိနိုပုံစံလေးတွေ ခေတ်စားနေတယ်၊ အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



လိုမျိုးထဲက ကြည့်မလား''

ဒုတိယအကြိမ်မြောက် ဆံပင်များကို ဖွလိုက်ပြန်သည်။ သူက

တော့ တွေ့တာမကြာသေးပါဘဲ မေ့အကျင့်လေးကို မှတ်မိနေပါပြီ။ မေ

စိတ်တွေ ရှုပ်ထွေးနေပြီဆိုတာကိုပေါ့။

''မေ ဘာဖြစ်နေတာလဲ မေ လိုချင်တာ ဘယ်လိုပုံဆိုပြီးပြော

ပြမှ ကိုယ်တို့က အကြံပေးရဦးမှာပေါ့''

မထူးတော့သည့်အဆုံး မေက နုတ်ခမ်းပါးလေးကို တင်းတင်

စေ့စိတ်ကာ စဉ်းစားဟန်ပြပြီး

''မေ လိုချင်တာက လူကြီးဆန်တဲ့ ရှပ်ဗိုက်မျိုးလေးတွေ

ပုဆိုးလေးနဲ့ တွဲဝတ်ရင် အဆင်ပြေမယ့်ဟာမျိုး''

သူ့စိတ်ထဲ ဘာကိုမှန်းမသိ ခနိုးစနောင့်ဖြစ်သွားရသည်။ မေ

ဘာကိုရည်ရွယ်ပြီး ပြောတာလဲ။ ဖေယသုဆိုသည့် သူကလည်း အောင်

ကို လုံးဝဝတ်တတ်ခြင်းမရှိပါဘဲ ပုဆိုးများကိုသာ ရှပ်လေးများနှင့်

ဝတ်တတ်သူ။

အို မဖြစ်နိုင်ပါဘူး။ ဘာလို့များ ကိုယ့်ဘက်ကိုယ်ယက်

တွေးနေတာပါလိမ့်နော်။

''ဘာတွေ တွေးနေတာလဲရှင့် မေ့ကို မရွေးပေးတော့ဘူးလား

''ဪ ရွေးပေးမှာပေါ့ဗျာ၊ လာပါ ဒီဘက်ကိုလာပါ''





သူက ရှပ်များရောင်းသော ကောင်တာသို့ ခေါ်သွားပြီး တစ်

ထည်ချင်း ထုတ်ပြနေမိသည်။

''မေ ကြိုက်တာတွေ့ရင်လည်း ပြောနော်၊ ကိုယ်ပြပေးမယ်''

မေက ခေါင်းလေးကိုညိတ်ကာ သူ ထုတ်ပြသမျှကို သေချာ

ကြည့်နေပြန်၏။ ဘာကိုမှ ယူမည်ဟု မှတ်ချက်မပေးသေး။ အဆင်ဒီဇိုင်း

များ ကုန်သလောက်ရှိတော့မှ

''ရှင်ဆိုရင် ဘယ်လိုဟာမျိုး ဝတ်တတ်လဲဟင်''

မေ့ကို သူ အလန့်တကြားကြည့်လိုက်သည်။ မေ ဘာအဓိပ္ပါယ်

နဲ့ ပြောနေတာပါလိမ့်။ ရင်မှ သံသယတွေက ကြီးထွားလာနေပြီ။

ယသုက မေ့ကိုအတွေးများနှင့် ငေးမောနေမိသလို မေက

လည်း ယသုအား ပြန်လည်၍ စိုက်ကြည့်နေ၏။

''အဟမ်း၊ ဟမ်း၊ ဟမ်း''

အနားမှကပ်ကာ ထွက်လာသော ချောင်းဟန့်သံကြီးကြောင့်

ချိုသား အကြည့်များကို ခွာလိုက်ကြသည်။ ဖော်ကယ်တော့ ထင်ကျော်

ရောက်လာကာ နှောင့်ယှက်လိုက်ခြင်းပင်။

''ဟေ့ကောင် ယသု မင်းက အဝတ်ပြမှာလား။ မင်းကိုယ်မင်း

ပြမှာလား''

မင်းကိုယ်မင်း ပြမှာလားဟူသော စကားကို ထင်ကျော်က



www.burmeseclassic.com

www.burmeseclassic.com



သူ့နားနားသို့ ကပ်၍ပြောလိုက်ခြင်းဖြစ်သည်။ မည်သို့ပင်ဖြစ်စေ သူ ရှက် သွားတာတော့ အမှန်။

"ငါ ငါ အင်္ကျီပြနေတာပါကွာ၊ ဒီမှာ မေက အကြိုက်မတွေ့ သေးလို့"

"ဘယ်က မေလဲ ဟင်း ဟင်း"

ထပ်မှားပြန်ပြီ။ သူ့နဖူးသူသာ ရိုက်ပစ်လိုက်ချင်တော့သည်။ ထင်ကျော်ရှေ့မှာမှ ရင်တွင်းမေအား မေဟု တရင်းတနှီး ပြောလိုက်မိ သည်။ ထင်ကျော်ကလည်း သိလျက်နှင့် တမင်စပ်ဖြီးဖြီးလုပ်ကာ မေ လိုက်ခြင်းပါ။

"မေဆိုတာ ကိုဖေယသုက မေ့ကိုခေါ်တာပါ ကိုထင်ကျော် ကိုထင်ကျော်လည်း မေ့ကို မေလို့ပဲ ခေါ်နိုင်ပါတယ်"

"ဩော် ဟုတ်ကဲ့ပါဗျာ၊ ကောင်းပါပြီ မေ၊ ဆက်ကြည့်ပါ ကျွန် တော် ဟိုဘက်သွားနေပေးပါ့မယ်"

ထင်ကျော့်အပြောကြောင့် မေက မျက်လုံးလေးပြူးသွား၏

"ကျွန်တော် ပြောတာက မေအင်္ကျီတွေ ဆက်ကြည့်ပါ၊ ကျွန် တော်လည်း ဟိုဘက်က ဝယ်သူတွေကို သွားပြလိုက်ဦးမယ်လို့ ပြောတာ ဟဲ ဟဲ"

မေက သူဖြစ်နေသော အခက်အခဲကို ဝင်ရှင်းပေးလိုက်ခြင်း





ဖြစ်သော်လည်း သူ့စိတ်ထဲမှာတော့ ထင်ကျော့်ကို နည်းနည်းကျွဲမြီးတို သွားရသည်။ မေ့ကိုလည်း ထိုနည်းလည်းကောင်းပင်။

ဘယ်လိုများ မေက ထင်ကျော့်ကိုပါ မေ့ကို မေဟုခေါ်နိုင်သည် ဟု ပြောရတာလဲ။

ဟောဗျာ ကြည့်ကြပါဦး။ သူဘာတွေဖြစ်နေတာလဲ။ မေ့ကို မေလို့ လူတိုင်းက ခေါ်နိုင်တာပဲလေ။ ဒါကို ဘာကြောင့်များ သူက စိတ်တိုနေရတာလဲ။ တော်တော်တော့ ထူးဆန်းနေပါပြီ။

"ပြောလေ ရှင်ဆိုရင် ဘယ်လိုမျိုးကို သဘောကျလဲလို့"

မေက ထင်ကျော်မလာခင်က စကားကိုပြန်ဆက်လိုက်၏။

"ကိုယ်ဆိုရင်တော့ အင်း"

ယသုက အင်္ကျီများကို သေချာစွာပြန်ကြည့်ပြီး ပန်းနုရောင် ပျော့ပေါ်တွင် မီးခိုးရောင်စင်းများပါသော ရှပ်လေးတစ်ထည်ကို ထောက်လိုက်ကာ

"ဒါလေးကို သဘောကျတယ်"

"ကောင်းပြီလေ ဒါဆို မေလည်း အဲဒါလေးကို ယူမယ်"

မေက ကောင်တာတွင် ကျသင့်ငွေကိုရှင်းပြီး အင်္ကျီထုပ်လေး ဆိုင်ကာ

"ဒါနဲ့ ရှင်ခါးနာတာရော သက်သာသွားပြီလား။ သိတင်းလာ

www.burmeseclassic.com

www.burmeseclassic.com



မေးမယ် မေးမယ်နဲ့ မရောက်ဖြစ်တာ နှစ်ပတ်လောက်တောင် ကြာသွားတယ် ဟင်၊ ဟင်၊"

ရင်တွင်းမေက အားတုံ့အားနာဖြစ်နေသော ပုံလေးနှင့်ပြောတော့

"သက်သာသွားပါပြီဗျာ၊ အစတည်းက အပေါ်ယံလောက်ထိတာပဲ၊ အပင်ပန်းခံပြီ၊ သတင်းမေးစရာတောင် မလိုပါဘူး"

သူမကို မလာစေချင်လို့ ပြောတာများလားဟု [illegible] တွေးကာ ရင်မှုသွားမိသည်။ တကယ်တော့ သူ့ဆီကိုလာချင်တာ တကယ့်ကို ကြာပါပြီ။ ဒါပေမဲ့ ဘာဖြစ်လို့မှန်းမသိနိုင်အောင် သူနဲ့မျက်နှာချင်းဆိုင်ရမှာ ကြောက်ရွံ့နေမိသည်မို့ ဒီကြားထဲ သူငယ်ချင်းတွေဆီလျှောက်သွားကာ ရှုပ်ပင်ထွက်လိုက် မုန့်လျှောက်စားလိုက် လေပစ်လိုက်နှင့် အချိန်ဖြုန်းခဲ့ခြင်းဖြစ်သည်။

ဒီနေ့တော့ သူ့ကိုတွေ့ချင်စိတ်က ကြောက်စိတ်ကို အနိုင်ယူသွားသည်မို့ မေမေသွားနေသည့်ကြားကပင် မေ့မှာအရဲစွန့်ထွက်ခဲ့ရခြင်းဖြစ်သည်။

"ဘာလဲ ရှင်က မေ့ကို မလာစေချင်တာလား"

မေက နှုတ်ခမ်းလေးစူကာ မေးတော့ သူက မေ့ကို ငူနေသော မျက်ဝန်းများနှင့် စိုက်ကြည့်လိုက်ပြီး သက်ပြင်းတစ်ခုကို မသိမသာချ





"မဟုတ်ပါဘူးဗျာ ကိုယ့်ဆိုင်ကို လာအားပေးဖို့ လာတာပဲ၊ ကိုယ်က ဘာလို့မလာစေချင်ရမှာလဲ၊ လာစေချင်ပါတယ်"

"ဒါဆိုလည်း ပြီးရော"

ပြုံးရွှင်သော မျက်နှာလေးနှင့် မေက ဆိုင်ထဲမှ ပြေးထွက်သွားတော့ သူ့ရင်ထဲ ဟာခနဲ ဖြစ်သွားရသည်။ မေ မရှိတော့ခြင်းက သူ့ရင်ကို ဘာလို့များ ဒီလောက်ထိ ဟာဆင်းသွားစေတာလဲ။ မေ့မျက်နှာလေးကို ထပ်တွေ့ခွင့်ရမယ်ဆို ထပ်တွေ့ချင်သေးတာကရော ဘယ်သူ့အတွက် စေခိုင်းနေခြင်းလဲ။ သူ့ခေါင်းကိုသာ ခပ်သွက်သွက်ကြီး ခါရမ်းလိုက်သည်။

ဒါတွေရဲ့အဖြေကို သူသိလာတော့ရော ဘာထူးမှာမို့လဲ။ သူ့လိုလူမျိုးမရှိသည့် ကောင်နှင့် မေဆိုတာ ဟိုးအဝေးကြီးပါ။ တကယ့်ကို ခြားနေစိပေါင်းများစွာပါ မေရယ်။

■ ■ ■

"မေ မေဟာ ပန်းလေးအတိုင်းပဲ x x ညင်သာနူးညံ့လွန်းလှ x x ပိုင်ဆိုင်ခွင့်ရချင်တယ် x x ဘယ်လို ကိုယ်မျှော်လင့်ထားတာလဲ x x မြတ်နိုးခွင့်လေးတော့ x x ပေးသင့်ပါတယ် x x မေ"

"ဟေ့ကောင်"

နောက်မှနေ၍ ရုတ်တရက်ပေါ်လာသော ထင်ရှူးအသံ

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် သူသီချင်းဆိုနေခြင်းကို ရပ်ကာ ဂစ်တာကိုလည်း ဘေးနံရံတွင်
ထောင်ထားလိုက်၏။

"ပြော ထေင်၊ ဘာကိစ္စရှိလို့လဲ"

"အောင်မာ အောင်မာ ဘာကိစ္စရှိလို့လဲဆိုပဲ၊ ငါက ဘာကိစ္စ
မရှိဘူး။ ဒါပေမဲ့ မင်းမှာတော့ ကိစ္စရှိနေပြီ မဟုတ်လား"

ထင်ကျော်စကားကို ယလု နားမလည်သလို ပြန်ကြည့်နေသည်
"ပြောမှာသာ ပြောစမ်းပါကွာ၊ မင်းကလည်း ဝေ့လည်ကြောင်
ပတ်နဲ့"

"ဒါဆိုလည်း တဲ့ပဲပြောမယ်ကွာ၊ မနေ့က ဆိုင်ကို ရပ်တွင်းဝေ
လာပြီးတည်းက မင်းပုံစံက တော်တော်မူပျက်နေတယ်၊ မင်းဘာတွေ
ဖြစ်နေတယ်ဆိုတာ ငါ့ကိုအမှန်အတိုင်း ဝန်ခံစမ်း"

သူက ထင်ကျော်ကို ဘာမှပြန်ပြောချင်စိတ်မရှိဘာနဲ့ လေပူကြီး
တစ်ခုကိုသာ မှုတ်ထုတ်ပစ်လိုက်ပြီး ဂစ်တာပြန်ကောက်ကာ တောင်စဉ်ရေ
လျှောက်တီးနေလိုက်သည်။

"ဟေ့ကောင်ရာ မင်းခံစားနေရတာ အသိသာကြီးနော်၊ မနေ့
တည်းက မေးချင်နေတာ မင်းကလည်း ဆိုင်ကထွက် သင်တန်းသွား
သင်တန်းပြန် ညစာစား၊ အိပ်ဆိုတာလို ဖြစ်နေတော့ ငါ့မှာမေးချိန်ကို
မရဘူး။ ခုတော့ ဂစ်တာတစ်လက်နဲ့ ချွေးနေတာ မိပြီလေ၊ မင်း ဘယ်ကြော



မလဲ ဟဲ ဟဲ"

ထင်ကျော်က တရုတ်ကားထဲက သရောကြီးအထာနှင့် ဘာမှမရှိ
သော မေးစေ့ကို လက်ငါးချောင်းနှင့်ပွတ်ကာ ဇတိုင်ထုတ်နေသေးသည်။
ထင်ကျော်က ရန်ကုန်ရောက်တည်းက ဂျင်းဘောင်းဘီကို မချွတ်တမ်း
ဝတ်ကာ ရန်ကုန်သားဂိုက်ဖမ်းနေခြင်းဖြစ်သည်။ ခုလည်း ညကြီးမင်းကြီး
ဆံပင်ခေါင်းလုံး hair gel တွေထည့်ကာ ဂိုက်ပေးကြွမ်းထား၏။

"ဟေ့ကောင် ငါ့နားသိပ်မကပ်နဲ့ကွာ၊ မင်းခေါင်းကဟာတွေ
ချောက်သေးတာ မဟုတ်ဘူး။ ဒီမှာ အကုန်ပေကုန်တော့မယ်"

"အောင်မယ် မယ် မင်းနဲ့ငါနဲ့ အဖေကြီးပါ ယသုရယ်၊ စကား
ကို မလွှဲပစ်ပါနဲ့၊ ဒါတွေကို ကြည့်တည်းက မင်းမူမမှန်ဘူးဆိုတာ ငါက
ရိပ်မိပြီးသား၊ ပြောစမ်းပါကွ ငါ စိတ်ဝင်စားလို့ပါ"

"နေပါကွာ ငါ စိတ်ညစ်နေလို့ပါ"

"အဲဒါပဲပေါ့ မင်းစိတ်ညစ်တာကို ဝမ်းသာအားရ နားထောင်
ပေးမယ့် သူငယ်ချင်းကောင်းကြီးတစ်ယောက်လုံး ရှိနေတယ်၊ မင်းဘာမှ
အားမငယ်နဲ့ စိတ်ရှိလက်ရှိသာ ဖွင့်ချလိုက်"

ထင်ကျော်က တကယ့်ကို စိတ်ပါလက်ပါ ပြောနေတော့လည်း
ယလု ပြောပြချင်လာသည်။ ထင်ကျော်ကို ပြောပြလိုက်လျှင် သူ့ပင်တွေ
ညည်းနည်းတော့ ပေါ့သွားလိမ့်မည်ဟု မျှော်လင့်မိသည်လေ။

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ မင်းဘယ်သူ့ကိုမှ ပြန်မပြောပါဘူးလို့တော့ ကတိပေးရမယ်"

"မင်းကြီးတော်ကြီးစုံမှပဲ ရန်ကုန်မှာ ငါတို့နှစ်ယောက်တည်း အပေါင်းအသင်းရှိတာကို ငါက ဘယ်သူ့ကိုများ သွားပြီး သံတော်ဦးတင်နေရဦးမှာလဲ"

"ဒီလိုမဟုတ်ပါဘူးကွာ၊ ငါက စိုးရိမ်လို့ပြောတာပါ"

"အေးပါ ရှိစေတော့၊ ပြောစရာရှိတာကိုသာ မြန်မြန်ပြော"

ထင်ကျော်က အလွန်အမင်း စိတ်ပါဝင်စားရှိနေပုံမျိုးနှင့် အားတက်သရော ပြောလိုက်တော့ သူလည်း စိတ်ထဲတွင် အားနည်းနည်းရှိလာကာ

"ငါ ငါ မေ့ကို စိတ်ဝင်စားနေမိပြီနဲ့တူတယ်ကွာ"

"ဟား ဟား ဟား"

သူ့စကားဆုံးသည်နှင့် ထင်ကျော်က တဟားဟား အော်ရယ်သောကြောင့် သူ့မှာ အူကြောင်ကြားဖြစ်သွားရသည်။

"ဟေ့ကောင် မင်းကဘာလို့ရယ်တာလဲ၊ ဘာလဲ ငါ့ကိုလှောင်တာလား။ တော်ပြီကွာ၊ မင်းကိုမပြောပြတော့ဘူး"

ယသုက ပြောပြောဆိုဆို နေရာမှထထွက်သွားသည့်ဖို့ ထင်ကျော်က အရယ်မရပ်သေးဘဲ သူ့လက်တစ်ဖက်ကို ဖမ်းဆွဲထားပြီး ပြန်





ထိုင်စေကာ

"ဟား ဟား မဟုတ်ပါဘူးကွာ၊ မင်းကိုလှောင်တာ မဟုတ်ပါဘူး။ တကယ်တော့ မင်းသူ့ကို စိတ်ဝင်စားတယ်ဆိုတာ ငါက ရိပ်မိပြီးသားကွ၊ အဲဒါကို မင်းက နုမှရေးကြီးခွင့်ကျယ်လုပ်ပြီး ပြောပြတော့ ငါက ရယ်ချင်တာပေါ့"

"မင်းက ရိပ်မိတယ် ဟုတ်လား။ ဘယ်လိုရိပ်မိတာလဲ၊ ငါ့အနေအထိုင်တွေက တော်တော်များသိသာနေလို့လားကွာ"

"မင်းက ဘယ်လိုနေထိုင်နေလို့ သိသာရမှာလဲ၊ ငါ မင်းကိုပြောပါတယ်၊ ငါက လူတစ်ယောက်ရဲ့မျက်လုံးကိုကြည့်ရင် အဲဒီလူရဲ့ရင်ထဲကို ဝင်မှန်းကြည့်လို့ရတယ်၊ မင်းတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ကြည့်နေတဲ့အကြည့်တွေကိုက အရမ်းနက်ရှိုင်းနေတာ သေချာတယ်ကွာ၊ မင်းလိုပဲ ရင်တွင်းမေလည်း ခံစားနေရမယ်ဆိုတာ"

"ဟုတ်ပါ့မလားကွာ မင်းကလည်း"

ယသုက မချင့်မရဲလေး မေးလိုက်သည်။ မေ့လို မိန်းကလေးတစ်ယောက်က သူ့လိုလူကို ခံစားပေးနိုင်ပါ့မလား။ ဖြစ်နိုင်ပါ့မလား။ ဒါဟာ ပုံပြင်တစ်ပုဒ် မဟုတ်ဘူးလေ။

ထင်ကျော်ကတော့ ယသု ပခုံးကိုသာ ခပ်ဖွဖွပုတ်ကာ နေရာမှ ထွက်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

"မောင်ဇေ မင်းတို့ အောင်စာရင်းတွေ သဘက်ခါထွက်တော့မယ်တဲ့နော်၊ မင်းကြားပြီးပြီလား"

ညစာ ထမင်းစားဝိုင်းတွင် ဦးအောင်က သူ့ကိုအသိပေး၏။

"ဟုတ် သင်တန်းမှာလည်း၊ ဆယ်တန်းဖြေထားကြတဲ့သူတွေရှိတော့ ကျွန်တော် ကြားပါတယ်"

"ဘယ်လိုလဲကွ အခြေအနေကောင်းတယ် မဟုတ်လား"

"ဒီနှစ်တော့ အောင်မယ်ထင်တာပဲဗျ"

ယခုကာလည်း၊ မတင်မကျလေး ပြန်ပြောလိုက်သည်။ ဦးအောင်ကတော့ ခေါင်းကို တဆတ်ဆတ်ညိတ်ရင်းဖြင့်သာ





"အောင်ရင် မင်းဘာဆက်လုပ်မယ် စဉ်းစားထားလဲ"

"အောင်အောင်ကျကျ ကျွန်တော်ကတော့ ဦးအောင်ဆီမှာပဲအလုပ်ကို စောက်ချလုပ်ဖို့ စိတ်ကူးထားပါတယ်"

သူ့စကားကြောင့် ထင်ကျော်က ထမင်းစားနေရင်းနှင့် ခေါင်းကို မော့ကာကြည့်သည်။ ဦးအောင်ကတော့ မျက်နှာများကို ကျုံ့ပစ်လိုက်ပြီး

"အောင်ခဲ့တယ်ဆိုရင်တော့ ဦးအောင်က မင်းကို တက္ကသိုလ်တက်တက်စေချင်တယ်"

အောင်ခဲ့သည်ဆိုလျှင်တောင် ကျောင်းကိုဆက်တက်ရန် မရည်သ်ထားခဲ့သည်မို့ ဦးအောင် စကားကြားတော့ သူနည်းနည်းဆွံ့အသွား၏။ ိသို့အခြေအနေက ကျောင်းဆက်တက်ဖို့ ဘယ်လိုမှ မတတ်နိုင်သည့်ခြေအနေ မဟုတ်လား။

"မဖြစ်နိုင်ဘူးလို့ ကျွန်တော် ထင်တယ် ဦးအောင်၊ ဘာလို့လဲတော့"

"မင်းက ဘာကိုစိတ်ပူနေတာလဲ၊ ကျောင်းစရိတ်လား။ အဲဒါနဲ့သက်ရင်တော့ ဘာမှပူမနေနဲ့ ဦးအောင်က လူပျိုကြီးဆိုတော့ တစ်ကောက်ယောက်ကို မြှုတောင်ပေးချင်စိတ် ရှိတယ်ကွ၊ ဖိုးထင်ကလည်းသ်တန်းကိုတောင် အဖြစ်ရှိအောင် မဖြေတော့ ဒါမှာဘာမှလည်းလို့

www.burmeseclassic.com



မရတော့ဘူးပေါ့ကွာ။ ခု မထင်မှတ်ဘဲ မင်းရောက်လာတော့ ဝါဆန္ဒတွေ
ပြည့်ဝတာပေါ့''

ဦးအောင် စကားကြောင့် သူ နည်းနည်းအားတက်သွားမိပေ
မယ့် အောင်စာရင်းထွက်လာလို့ သူသာ ကျနေခဲ့လျှင် ဦးအောင်ကို
မျက်နှာပင် ပြရဲတော့မည်မထင်။

ထို့ကြောင့် ၊

''အောင်စာရင်းမှ မထွက်သေးတာ ဦးအောင်ရာ၊ တကယ်
တမ်း အောင်တယ်ဆိုတော့မှပဲ ဆက်ပြောကြတာပေါ့၊ တော်ကြာ တစ်ခု
ဆို ကျွန်တော် မျက်နှာပူတယ်ဗျ''

သူက ပြုံးတုံ့တုံ့နှင့်ပြောတော့ ဦးအောင်ကလည်း ရယ်ကျဲကျဲ
လုပ်လိုက်ကာ

''အေးပါကွာ ငါက မင်းစိတ်မာတ်မကျအောင် ပြောပြတာပါ
ပါကွ''

''အေးလေ ဟုတ်သားပဲ၊ မင်းအောင်မယ်ဆိုတာ ငါသိ
တယ်''

ထင်ကျော်ကပါ ဝင်ပြောလာတော့ သူ့ရင်ထိတ်နေမိတာ
ပါသည်။ တော်ကြာ သူ့အရှက်ပြန်းပြန်းကွဲနေပါက ခက်လိမ့်မည်။
ကြောင့်ပင် အီလည်လည်နှင့် ထမင်းကိုအမြန်လက်စသတ်ကာ ထ





ဝိုင်းမှ ထထွက်လာခဲ့တော့သည်။ ကြာလျှင် သူ အနေခက်တာနှင့်ပင်
အောင်စာရင်းတောင် သွားကြည့်ချင်စိတ်ပျောက်သွားလောက်၏။

တကယ် အောင်စာရင်းကြည့်ရမည့်နေ့ရောက်တော့ ထူးခြားစွာ
ထင် သူ့ရင်တွေ တည်ငြိမ်နေသည်။ ထင်သလောက် တုန်ခါနေခြင်းမရှိ။
သူက နယ်မြို့လေးရှိ တွဲဖက်အထက်တန်းကျောင်းတွင် ဖြေခဲ့ခြင်းမို့
အောင်စာရင်းကို ရန်ကုန်မြို့ လသာစာစစ်ရုံး၌ သွားကြည့်ရပေမည်။

မနက်စောစော ခြောက်နာရီလောက်တည်းက ထင်ကျော်က
အောင်စာရင်းကြည့်ရန် တက်ကြွနေကာ သူကတော့ အိပ်ရာက ထရာမှာ
ထင် ဖျင်းရိနေသည်။

''ယသု ထလေကွာ၊ ဒီနေ့ အောင်စာရင်း ထွက်ပြီကွ၊ မင်းက
တည်း ခုထိ အိပ်နေတုန်းလား။ သွားကြည့်ကြရအောင်လေကွာ၊ လူတွေက
ညနှစ်နာရီတည်းက ထကြည့်တတ်ကြတာ၊ မင်းကခုတောင် မနက်
ခြောက်နာရီထိုးနေပြီ ဘာလုပ်မှာလဲ''

ခုတင်ပေါ်လာထိုင်ကာ သူ့ကိုလှုပ်နှိုးရင်းပြောနေသော ထင်
ကျော်စကားများကြောင့် သူ တော်တော် စိတ်ပျက်မိသည်။ အောင်သည်
ကျသည်ဆိုတာ စောစောသိလည်း ဒါပဲဖြစ်ကာ နောက်ကျသိလည်း
ဒီပင်ဖြစ်သည်။ ဒါကို ဘာလို့များ အပင်ပန်းခံပြီး စောစောစီးစီး သွား
ကြည့်ချင်နေရတာပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



သူကတော့ အိပ်ရေးဝဝအိပ်ပြီးမှသာ သွားကြည့်ချင်သည်။ ဒါမှ စိတ်ညစ်စရာရှိလည်း အိပ်ရေးဝဝနှင့် စိတ်ညစ်ရမည်။ ပျော်စရာရှိလည်း အိပ်ရေးဝဝနှင့် ပျော်ရမည်။ အိပ်ချင်နေသောစိတ်က ဘယ်အရာကိုမှ မနှောင့်ယှက်နိုင်တော့။ ဒါကမှ တကယ့်ကို လွတ်လပ်သော အရာသာ ဖြစ်၏။

"မေယသု မင်းမရှာဘူးလား။ ဒါဆိုလည်းနေကွာ၊ မင်းကို လိုက်မပေးတော့ဘူး"

ထင်ကျော်က စိတ်ဆိုးသလို ပြောတော့လည်း သူ မနေနိုင်စွာ ပင် ထထိုင်လိုက်ရသည်။

"မင်းကလည်းကွာ စိတ်ကြီးပဲ၊ ငါက အေးအေးမှ သိချင်တာ ကွာ၊ စိတ်ညစ်စရာရှိရင်လည်း တောတောစိတ်မညစ်ရဘူးပေါ့"

"ဩော် ဒါဆိုပျော်စရာဆိုရင်ရော မင်းက စောမပျော်ချင်ဘူး လား"

ထင်ကျော့်စကားကြောင့် သူက ညီညာသွယ်တန်းနေသော သွားများပေါ်သည်ထိ ရယ်ပစ်လိုက်သည်။

"ဘာရယ်တာလဲ ငါ့စိတ်ထဲမှာတော့ ဒီနှစ်တော့ မင်းအော မယ်လို့ ထင်ကိုထင်နေတယ်"

"အေးပါကွာ အဲဒီလို ထင်ပေးတာပဲ မင်းကိုငါက ကျေးဇူး





လည်း တိုက်ပေးနော်၊ အားနည်းရင် ရောဂါတွေက ဝင်လာမှာပဲ၊ ဒါဟာ ရှိမယ့် ကြက်ပြုတ်ရည်လေးဘာလေးလည်း တိုက်ပေး"

ဆရာဝန်ညွှန်ကြားသည့်အတိုင်း ဆေးများဝယ်ပြီးတော့ ယှဲ့ယှဲ့ သားဖြစ်နေသော မေ့ကို ပခုံးလေးမှ သိုင်းဖက်ကာ သူ ဖေးမတွဲလာ ရှိသည်။

သူ့ရင်ခွင်ထဲ နစ်မြုပ်မတတ်ဖြစ်နေသော မေ့ကိုယ်လေးက ရွာရဲ့ရဲ့နှင့် တကယ့်ကို အားပြတ်နေသူတစ်ယောက်လိုပါပဲ။

တက္ကစီ တစ်စီးကို တားကာ တစ်ခါက မပြောခဲ့ဖူးသော သူ့ နိုင်နှင့် သိပ်မဝေးသည့် ကွန်ဒိုသို့ ကားကိုမောင်းနိုင်းလိုက်သည်။

ထိုနောက်တော့ မေ့အခန်းလေးဆီသို့ . . ။ မေက တစ်လမ်းလုံး ဘာမှမပြော။

စာတ်လှေကားထဲရောက်တော့ သူ မေးချင်တာကို မေးလိုက် ည်။

"မင်းအိမ်ကို ကိုယ်လိုက်လို့ ဖြစ်ရဲ့လား မေ၊ တော်ကြာ မင်း လေး"

သူ့စကားမဆုံးခင်မှာပင် မေက သူ့ကိုမော်ကြည့်ပြီး ယှဲ့ယှဲ့လေး ပြုံးသည်။ မေ့အပြုံးဟာ အဓိပ္ပါယ်တစ်ခုခု ပျော်ဝင်နေသလိုပါပဲ။

မေက လျှို့ဝှက်နံပါတ်လေးများကိုနှိပ်ကာ အခန်းတံခါးကို ဖွင့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်၏။ ထို့နောက်တော့ ရှေ့မှဦးဆောင်ဝင်သွားကာ လည်သာဆိုဖာနံ အနက်ရောင်အိအိကြီးပေါ်တွင် ဝုန်းခနဲ ပစ်လှဲလိုက်သည်။

သူ့မှာတော့ မေ့ဓိဘတွေကို အိမ်အနှံ့လျှောက်ရှာနေသည်။ လူ ခိုင်လှွယောင်ဆိုလို့ ဘာမှမတွေ့ရတော့မှ မေ လှဲနေရာ ဆိုဖာနံစားသို့ တိုးကပ်သွားပြီး

"မေ မင်းမိဘတွေရော မရှိကြဘူးလား။ ဘယ်သွားကြလဲ"

မေက မျက်နှာကျက်ကို အဓိပ္ပါယ်မဲ့ငေးကြည့်နေရင်းမှ ခုနက ပြုံးခဲ့သော အပြုံးမျိုးကို ဒုတိယအကြိမ်အဖြစ် ထပ်ပြုံးပြန်သည်။ သို့သော် နှုတ်ခမ်းကပြုံးနေသော်လည်း မေ့မျက်ဝန်းနက်နက်များထဲကနေ မျက်ရည် တစ်စင်း စီးဆင်းသွား၏။

မေ မင်းဟာ ဘယ်လိုမိန်းကလေးလဲ။ ကိုယ်တော့ မင်းကို နားလည်ဖို့ ပိုပို ဝေးသွားပြီနဲ့တူတယ်။

သို့သော် ထိုကိစ္စနှင့်ပတ်သက်၍ သူထပ်မမေးတော့ဖို့ ဆုံးဖြတ် လိုက်ပြီး လောလောဆယ် မေ့ကျန်းမာရေးကိုသာ ဂရုစိုက်ရန် ပြင်လိုက်၏။

"ကဲ မေ မင်းမပြောချင်ရင် ကိုယ် မမေးတော့ဘူး။ ဒါပေမဲ့ ဒီလို ပေတေနေလို့တော့ မရဘူးနော် ထ ဆရာဝန်ပေးလိုက်တဲ့ ဆေးတွေ သော ... ၄"

သူက မေ့ပန်းနုရောင်လေးနှစ်ဖက်ကို ဆွဲကိုင်... ထူမတ်ပေးလိုက်





ည်။ မေကလည်း ဘာမှမငြင်းပါ။ သူ့လက်ထဲသို့ ထည့်ပေးလိုက်သော ...ကို အာခေါင်ထဲသို့ ပက်ထည့်လိုက်ပြီး ရေနှင့်မျောချပစ်လိုက်၏။

"မေက လိမ္မာတယ်ဆိုတာ ကိုယ်ကသိပါတယ်ကွ"

ယသုက ကလေးတစ်ယောက်ကို ချော့သလိုမျိုး ခေါင်းလေးကို ...ထပ်ကာ ပြောလိုက်တော့

"မေက မလိမ္မာဘူးရှင့်"

မေ ပြန်ပြောသော စကားက ထိုမျှသာ။ သူကတော့ ကလေး ...လေးတစ်ယောက်ကိုကြည့်သည့် အကြည့်မျိုးနှင့်သာ ကြည့်လိုက်မိ ...ည်။

"မေ စောလှဲနေဦးနော်၊ ကိုယ် ကြက်ပြုတ်ရည်သွားဝယ်လိုက် ...မယ်"

သူက ထိုသို့ပြောကာ မေ့အနားမှ ထွက်ရန် နောက်သို့လှည့် ...လိုက်စဉ် သူ့လက်တစ်ဖက်မှာ ပူနွေးသော အထိအတွေ့နှင့် တင်းခနဲ ... လှုကလည်း၊ ရှေ့ဆက်မရဖြစ်သွားသည်။

မေ့လက်ချောင်းလေးများက သူ့လက်တစ်ဖက်ကို အမိအရ ...ထားခြင်းပင်။

"မေ့နားမှာပဲ နေပေးပါနော်၊ မေ ကြောက်လို့ပါ၊ မေ တကယ် ...သာက်တည်း မနေရဲဘူး"



www.burmeseclassic.com

www.burmeseclassic.com



မေက ပြောရင်းနှင့်အသံလေးများတိမ်ဝင်ကာ မျက်ရည်များ
ကျလာတော့ သူ ဘယ်လိုမှမခံစားနိုင်တော့ဘဲ မေ လှဲနေသောဆို
နံဘေးတွင် ဒူးထောက်ထိုင်ချလိုက်ပြီး နဖူးပေါ်ဝဲကျနေသော ဆံပင်
ပျော့ပျော့လေးများကို အသာအယာ သပ်တင်ပေးလိုက်သည်။

"မေရယ်"

သူ့နှုတ်မှ မချင့်မရဲလေး ရေရွတ်လိုက်၏။ မေကတော့ သူ့မ
အရောင်ဖျော့နေသော မျက်ဝန်းနက်နက်များဖြင့် သူ့ကိုငေးစိုက်ကြည့်
နေသည်။ ထိုအကြည့်များထဲတွင် သူ သေချာမဝေခွဲနိုင်သော အဓိပ္ပါယ်
ပေါင်းမြောက်မြားစွာ ပေါ်လွင်နေတာတော့ သိသာပါသည်။

ဆုပ်ကိုင်ထားသော လက်တစ်ဖက်ကို မလွှတ်ဘဲ မေ အိပ်ပျော်
သွားခဲ့၏။

သူသည်လည်း မေ့မျက်နှာလေးကို တမေ့တမော ငေးကြည့်ကာ
စိတ်မထိန်းနိုင်စွာဖြင့်ပင် နဖူးလေးကို တစ်ချက်ငုံ့နမ်းမိသည်မှလွဲ၍
မေ့အပေါ်မှာ တကယ့်ကို ဖြူစင်သော စိတ်ဖြင့်သာ နေထိုင်ခဲ့ပါသည်။

မေက တော်တော်နှင့်မနိုးလာ။ မေ ဆုပ်ကိုင်ထားသော
လက်များကတော့ တင်းသည်ထက် တင်းလာသလားပင် သူ ထင်မိသည်။
ထို့ကြောင့်ပင် သူလည်း ငြိမ်သက်စွာ

အချိန်တွေ မည်မျှကြာအောင် မှေးခနဲ ဖြစ်သွားသည်မသိ





ရင်တွင်းမှ ဟုအော်လိုက်သော အသံကျယ်ကြီးကြောင့် သူ ဖျတ်ခနဲ
နိုးသွားခဲ့ရသည်။ သူ့လက်တစ်ဖက်ကတော့ လွှတ်မရသေး။ မေ
အိပ်ပျော်နေဆဲပါ။

အသံလာရာဆီ လှမ်းကြည့်လိုက်တော့ မျက်နှာကြီးတစ်ခုလုံး
နီကာ မျက်လုံးများက မီးဝင်းဝင်းတောက်နေသလို အငွေ့တွေပဲ ပျံ
ထွက်လာတော့မလား ထင်ရလောက်သည့် အကြည့်များနှင့် သူတို့ကို
ရှုမဲ့ရဲ စိုက်ကြည့်နေသော နောင်ရိုးထွန်း။

"ခင်ဗျား ခင်ဗျားဗျာ ကိုယေယာသ ဒါ ဘာလုပ်တာလဲဗျ"

သူသိသည်။ သူ့ကိုနောင်ရိုးထွန်း အထင်လွဲနေပြီဆိုတာ။

"မေ ထစမ်း ရင်တွင်းမေ နင် ဖြစ်ချင်တိုင်း ဖြစ်နေတယ်
ဟုတ်လား"

နောင်ရိုးက မေ အိပ်နေသည့်နားသို့ တိုးကပ်လာကာ အော်
ဟစ်ခြင်းဖြစ်သောကြောင့် သူ နည်းနည်းတော့ ဒေါသဖြစ်သွားရသည်။

"ဒီမှာ နောင်ရိုးထွန်း မေ တော်တော် နေမကောင်းဖြစ်နေတယ်၊
သိသူမှမရှိလို့ ကိုယ်ကို အကူအညီတောင်းပြီး ခေးခနဲသွားပြနိုင်း
..."

သူက ပြေရာပြေကြောင်း ပြောတော့ နောင်ရိုးထွန်းက နှုတ်ခမ်း
... တစ်ချက်မဲ့ကာ



www.burmeseclassic.com

www.burmeseclassic.com



"သူ နေမကောင်းရင် ဆေးခန်းသွားဖို့ ကျွန်တော့်ကို လှမ်း

လည်း ရတာပဲလေ"

"ဒါကတော့ ကိုယ်လည်းမပြောတတ်ဘူးကွာ၊ မေ နီးလာ

မေကြည့်ပါ၊ မင်းကိုမခေါ်ဘဲ ဘာလို့ ကိုယ့်ကိုခေါ်တယ်ဆိုတာမေ့၊ သူ

တော့ မနိုးပါနဲ့၊ သူ တော်တော်အားနည်းနေတယ်လို့ ဆရာဝန်က ပြေ

လိုက်တယ်"

ယသုက သူ့လက်ကိုဆုပ်ကိုင်ထားသော မေ့လက်များကို က

လက်တစ်ဖက်နှင့် ဆွဲခွာပစ်ကာ မတ်တပ်ထရပ်လိုက်သည်။ ထိုအခြ

အရာကိုမြင်နေသော နောင်ရိုးထွန်းမှာတော့ ပါးစပ်အဟောင်းသာ

ဖြစ်ကာ သူတို့နားရောက်လာပြီး မေ့နဖူးကို သူ့လက်ဖဝါးနှင့်

ကြည့်၏။

"မေ့အသားတွေ တော်တော်ပူနေတာပဲ"

"ဟုတ်တယ် ကိုယ်လည်း မင်းလိုစိတ်ပူပြီး ချက်ချင်းပဲ ဆေး

ခန်းလိုက်ပြပေးခဲ့တာ၊ ဒါနဲ့ နေပါဦး၊ ဒီအိမ်ကြီးမှာ သူက တစ်ယော

တည်း နေတာလား၊ သူ့မိဘတွေကရော"

နောင်ရိုးထွန်းပုံစံကိုကြည့်ရတာ ယသုအပေါ် နည်းနည်း

ကြည့်လာဟန်ရှိ၏။ သက်ပြင်းကို ဟင်းခနဲ ချပြီး သူ့ကိုတည့်တည့်ကြ

ကာ





"ကိုဖေယသုက မေ့အကြောင်းဘာမှသိမှာမဟုတ်ဘူး၊ သိသင့်

ထယ်ထင်လို့ ကျွန်တော် ပြောပြပါ့မယ်"

နောင်ရိုးထွန်းက ထမင်းစားခန်းထဲရှိ ကုလားထိုင်တွင် ထိုင်

လိုက်ပြီး

"ပထမဆုံးပြောချင်တာက ကျွန်တော်နဲ့သူက ဟိုငယ်ငယ်လေး

ထည်းက ပေါင်းလာတဲ့ သူငယ်ချင်းတွေဆိုတာပဲ၊ ဘယ်လောက်လည်း

ဆိုရင် သူဟာ စာလုံးဖွက်သုံးရမယ့် တစ်နေရာရာတိုင်းကို သူ့မွေးနေ့

သုံးလေ့ရှိတယ်၊ ခုလည်း သူ့အိမ်တံခါးကို သူ့မွေးနေ့နဲ့ပဲ ကျွန်တော်

ခဲ့တာ၊ ပြောချင်တာကတော့ အဲဒီလောက်ထိ အတွင်းကျကျ သိတယ်

ဗျာ"

"ဟုတ်ပါပြီ မင်းပြောချင်တဲ့ မေ့အကြောင်းဆိုတာကို ပြောပြ

ဦး"

ယသုရှေ့မှာ သူနဲ့မေ မည်မျှရင်းနှီးကြောင်း ထုတ်ပြောနေခြင်း

သည် မလိုအပ်ဘူးဟု ထင်သောကြောင့် ယသုက တားလိုက်ခြင်းဖြစ်

သည်။

"တကယ်တော့ မေ့မှာ သူသိပ်ချစ်ပြီး သူ့ထက်နှစ်နှစ်လောက်

ကြီးတဲ့ အစ်မအရင်းတစ်ယောက် ရှိခဲ့တယ်"

ထိုစကားကတင် ယသုကို တော်တော်လေး ဆွဲဆောင်လွှမ်းနေ



www.burmeseclassic.com

www.burmeseclassic.com



ပါပြီ။

"ကိုယ် မသိဘူးကွ၊ အမှန်အတိုင်း ဝန်ခံရရင် ကိုယ်က မေ
ပတ်သက်ပြီး ဘာမှကို မသိခဲ့တာပါ"

နောင်ရိုးထွန်းက အရွယ်ငယ်သော်လည်း တည်ငြိမ်ရင့်ကျက်
မှုကတော့ အတော်ရှိပုံရပါသည်။

"အင်းလေ မေကလည်း သူ့အကြောင်းကို လူတိုင်းကို ဘယ်
လျှောက်ပြောနေပါ့မလဲ၊ မေ့ အစ်မ နာမည်က ရင်နှစ်သဲ တဲ့"

"ခြော် ခု သူက ဘယ်ရောက်နေတာလဲ"

သူက သိလိုစောနှင့် မေးလိုက်ခြင်းပေမယ့် နောင်ရိုးက ခေါင်း
ကိုခါရမ်းကာ

"လွန်ခဲ့တဲ့ တစ်နှစ်လောက်က သူတို့ရွာတောင်ကြား သုံးထောင့်
တိုက် ခေါင်းမိုးပေါ်က ခုန်ချပြီး သေသွားပြီဗျ"

"ဗျာ"

ဒီတစ်ခါတော့ သူ့ရင်ထဲမှာ လှိုက်လှိုက်လှဲ့လှဲ့ ဗျာ လိုက်ခြင်း
ပါပဲ။ စိတ်ထဲမှာလည်း တော်တော်ကို အံ့ဩနေသည်။

တကယ်ဆို ရင်နှစ်သဲဆိုတာ ယာသုမှတ်မှ ရွယ်တူလောက်ရှိမည်
မဟုတ်လား။

"ကိုယ်တော့ တော်တော်လေးစိတ်ဝင်စားသွားပြီကွ၊ ဆက်ပြော





ပြီး မေ့ အစ်မသေတာ မတော်တဆတော့ မဟုတ်ဘူးပေါ့နော်"

"အဲဒီလို ပြောလည်း ရပါတယ်၊ တကယ်တော့ မေ့ ဖေဖေ
ဦးနက်ရှိုင်းက ခေါင်းသိပ်မာတယ်ဗျ၊ အဲဒီအမွေကို မေတို့ညီအစ်မက
လည်း ပြည့်ပြည့်ဝဝကို လက်ခံရထားတယ်၊ ဖြစ်ချင်တာဆို မဖြစ်မချင်း
ရရတဲ့နည်းနဲ့ လုပ်ယူတာ၊ ဒီလိုပဲပေါ့၊ မမသဲ ဆယ်တန်းအောင်တဲ့အချိန်
မှာ ဘာသာစုံဂုဏ်ထူးနဲ့ အောင်ခဲ့တာဗျ၊ အမှတ်ကလည်း Top Ten
ဝင်တာပေါ့ဗျာ၊ အဲဒီမှာ ဦးရှိုင်းက နိုင်ငံခြားကိုလွှတ်ပြီး အဲဒီမှာ ဆေး
ပညာသင်စေချင်တယ်"

နောင်ရိုးစကားများကို နားထောင်ရင်းနှင့်ပင် ယာသုစိတ်ထဲ
အတော်သိမ်ငယ်နေမိသည်။ တကယ့်ကို ခြားနားလွန်းတဲ့ ဘဝတွေပါလား
ဟုရယ်။

"ဒါပေမဲ့ မမသဲက မသွားဘူးရှည်းပဲ ငြင်းတာဗျ၊ သူက
သွားမယ့်အပြင် ဒီက ဆေးကျောင်းကိုတောင် တက်ဖို့ စိတ်ကူးမရှိဘူး
တဲ့လေ၊ သူ တကယ်တမ်းဖြစ်ချင်တာက စာရေးဆရာတစ်ယောက်ဆိုပဲ၊
အဲဒီမှာ ဦးရှိုင်းက ကြေးအကျယ်ပေါက်ကွဲတော့တာပေါ့၊ နိုင်ငံခြားက
ဆေးပညာတက္ကသိုလ်တွေထိ အမှတ်မီတဲ့ လူတစ်ယောက်က ဒီမှာပဲနေပြီး
စာရေးဆရာ လုပ်မယ်ဆိုတော့ သူ တော်တော်လေး ဒေါသဖြစ်သွားတယ်၊
အဲဒါကိုလည်း ရှုလိုက်တာ ရစရာကိုမရှိဘူး။ ပြီးတော့ ခေါင်းမာနဲ့ပဲ



www.burmeseclassic.com

www.burmeseclassic.com



မေသဲကို ချစ်ရှယ်တားထီးထားခဲ့တာပေါ့''

"ဟူး သူတို့မိသားစု ပြဿနာကလည်း တစ်မျိုးကြီးပါလား"

"အင်း ဟုတ်တယ် အဲဒီမှာ ဖြစ်ချင်တော့ မမသဲမှာ ချစ်

ရှိနေတယ်လေ၊ ဦးရှိန်းက အိမ်ထဲက အိမ်ပြင်ထွက်ခွင့်မပေးတော့ သူ

ချစ်သူနဲ့လည်း ဘယ်လိုမှ တွေ့ခွင့်မရဘူး၊ ဒါပေမဲ့ သူ့ချစ်သူက မမသဲ

တွေ့ဖို့ အမျိုးမျိုးကြိုးစားတော့ ဦးရှိန်းတို့လည်း အဲဒီကိစ္စကို သိကု

တော့တာပေါ့၊ အဲဒီမှာ ပိုဆိုးတော့တာပဲ၊ ကောင်လေးက ပိုက်ဆံ သိပ်မ

နိုင်တဲ့ အသိုင်းအဝိုင်းထဲက ဖြစ်နေတယ်လေ၊ ဦးရှိန်းတို့တာ ပေါက်

လိုက်တာ ပြောမနေနဲ့တော့၊ မမသဲကိုလည်း အိမ်ထဲမှာပဲထား၊ မြို

သော့ခတ်ပြီးတော့ အစောင့်တွေချပြီးတော့ နေတော့တာ၊ အဲဒီတုန်းက

ကျွန်တော်နဲ့မေက ကိုးတန်းပဲ ရှိသေးတယ်၊ အမြဲတမ်း အစ်မဘက်က

နေခဲ့တဲ့ မေကလည်း မမသဲနဲ့အတူတူ လိုက်ငိုတဲ့အထိ ချစ်ကြတာ''

နောင်မိုးထွန်းက စကားစဖြတ်ကာ ရေခဲသေတ္တာဖွင့်ပြီ၊ ရေ

တစ်ပုလင်း ယူသောက်၏။ သူကတော့ သိချင်စိတ်က အတော်လေး

လွှမ်းမိုးနေပြီမို့ နောင်မိုး ရေထသောက်ခြင်းကိုပင် စိတ်ထဲ နေမထိ

ထိုင်မသာ ဖြစ်နေသည်။

"အဲဒါနဲ့ ဘာတွေဆက်ဖြစ်ကြလဲ၊ ပြောပါဦး''

"အဲဒီမှာ မမသဲချစ်သူက အတင်းလာတွေ့တော့ မြို့စောင့်တွေ



တာ ဝိုင်းထိုးနှက်လွှတ်ကြတာပေါ့၊ ဒါကို အိမ်ပြတင်းပေါက်ကနေ အစ

အဆုံးမြင်နေရတဲ့ မမသဲလည်း သွေးရူးသွေးတန်းဖြစ်ပြီး တိုက်ခေါင်မိုး

ပေါ်တက်ပြေးတော့တာ၊ အောက်ကနေ အားလုံးက ဆင်းလာနိုင်းပေမယ့်

ဘယ်လိုမှ ပြောလို့မရဘူး၊ နောက်ဆုံး သူဖြစ်ချင်တာတွေကို ဖြစ်ခွင့်ပေး

မှာလား၊ မပေးဘူးလားလို့ မေးတယ်၊ အဲဒီ အခြေအနေရောက်တဲ့အထိ

ဦးရှိန်းကလည်း တင်းခံထားတာ၊ ဘယ်လိုမှကို ပြောလို့မရဘူး၊ အနတိ

မှာတော့ သူ့ယောက်ျားစိတ်ကိုသိလို့ ပြောမနိုင်ပေမယ့် သူ့သမီးကိုလည်း

သနားလှပြီလေ၊ သောက်ကနေ ငိုလို့ပေါ့''

နောင်မိုးပြောနေသည်များက အသက်ပါလွှန်းလှ၍ သူလည်း

ဇာတ်လမ်းတစ်ခု ကြည့်နေရသလိုပင် စိတ်ထဲထင်လာ၏။

"ဒါနဲ့ မင်းတို့က အဲဒီကိစ္စတွေကို သေချာသိတာ ဘာဖြစ်လို့

လဲ''

"ဟာဗျာ ဘာဖြစ်ရမှာလဲ၊ ကျွန်တော့်အဘွားအိမ်နဲ့ မေတို့

အိမ်က ကပ်လျက်လေ၊ ကျောင်းပိတ်တဲ့ရက်ဆို ကျွန်တော်က ဘွားဘွား

တို့ဆီ သွားနေကျပဲ၊ ဒီအဖြစ်တွေကို 'မျက်မြင်မြင်ခဲ့ရတာဗျ၊ မေဆို

တာလည်း၊ သူ့အစ်မ မြှုတ်ကျမှာစိုးလို့ ခေါင်မိုးပေါ်ထိ သွားဆွဲမယ်လုပ်

တာ၊ ဒါပေမဲ့ နှစ်ယောက်လုံးကို စိုးရိမ်လို့ မေ့ကိုတော့ အပေါ်မတက်လို့

မရအောင် အတင်းဆွဲထားကြတယ်လေ၊ ဒါနဲ့ပဲ''

www.burmeseclassic.com

နောင်ရိုးက ပြောလက်စ စကားကိုရပ်ကာ မေရှိရာ ခြည်ခန်း
ထဲသို့ မျက်လုံးများကို တစ်ချက်ဝေ့ကြည့်၏။ မေက မလှုပ်မယှက်
အိပ်နေဆဲဆိုတာသိမှ စကားကို ဆက်ပြောပြန်သည်။

ဒီသူငယ်ချင်းနှစ်ယောက်၏ သံယောဇဉ်က အတော်ပင်ကြီးမား
လိမ့်မည်ဆိုတာတော့ ယသု ခန့်မှန်းမိနေပါပြီ။

"မမသဲက နောက်ဆုံးအကြိမ်မေးတာနော် ဖေဖေ၊ သမီးဖြစ်
ချင်တာတွေ တကယ်ပဲ ဖြစ်ခွင့်မပေးဘူးဆိုတာ သေချာပြီလားလို့ မေး
လိုက်တယ်၊ အဲဒီအကြိမ်လောက် မမသဲ မျက်နှာရော လေသံပါ တည်ငြိမ်
နေတာ ကျွန်တော်တောင် မတွေ့ခဲ့ဖူးဘူး"

"ဒါနဲ့ နေပါဦးကွ၊ သူ့ချစ်သူဆိုတာကရော"

"ခုနက မြင်းစောင့်တွေ ဝိုင်းထိုးလိုက်တော့ သတိလစ်ပြီး သူ့
အတူပါလာတဲ့ ဘော်ဒါတစ်ယောက်က ဆေးရုံကိုခေါ်ရသွားပြီလေ"

"ကြော် အင်း ဆက်ပြောပါဦး၊ ရင်နှစ်သဲက အဲဒီလို မေးတော့
ဦးရှိန်းက ဘာပြန်ပြောလဲ"

သူလည်း မေ့ဖေဖေ ဆိုသူကို နောင်ရိုးခေါ်သလို ဦးရှိန်းဟု
ရင်းရင်းနှီးနှီး ခေါ်ပစ်လိုက်၏။

"ခေါင်းခါပြီး ဘယ်လိုမှ မလိုက်လျောပေးနိုင်ဘူး တဲ့၊ အဲ
စကားလည်းဆုံးရော မမသဲက အောက်ကနေ ဓိုးမိုးတကြီး ကြည့်နေတဲ့





လူတွေထဲကမှ မေ့ကိုကြည့်ပြီး မျက်ရည်ကျတာဗျာ၊ ခုပြောရင် ခုချက်
ချင်း မျက်လုံးထဲ ပြန်မြင်ယောင်တယ်"

နောင်ရိုးကိုယ်တိုင်လည်း ထိုအဖြစ်များကို ပြန်ပြောရင်း တ
ယ်ပင် ခံစားနေရပုံရသည်။ ပြောရင်းနှင့် အားပါလာသော သူ့လေသံ
သက်သေပင်။

"အဲဒီလိုနဲ့ နောက်ထပ်စက္ကန့်ပိုင်းလေး အတွင်းမှာပဲ မမသဲက
ခေါင်မိုးပေါ်ကနေ တိုက်အောက်ကို ခုန်ချပစ်လိုက်တော့တာ၊ လူတွေ
တာ ဘာဖြစ်လို့ ခြစ်သွားမှန်းတောင် မသိလိုက်ကြဘူး၊ ကြောင်နေကြ
လေ၊ အဲဒီအချိန်ကစပြီး အန်တီနုလည်း နဂိုအခံရှိတဲ့ နှလုံးရောဂါက
ဆိုးရွားရွား ဖောက်လာတော့တာ၊ မေဆိုတာများဗျာ ဖျပ်ဖျပ်ကို
နေတာပဲ၊ အဲဒီအချိန်ကစပြီး မေ့ကို ဘယ်သူကမှ ကျောင်းဆက်တက်
ချလို့မရတော့ဘူး၊ ဘယ်လိုပဲ ချော့ချော့ခြောက်ခြောက် မေကတော့
မောမာနဲ့ကို တင်းခံခဲ့တာ"

"ဒါဆို မေ မေက ခုဘာတွေလုပ်နေတာလဲ"

"မြင်တဲ့အတိုင်းပဲလေ အိမ်ကိုဂျစ်တိုက်မယ်၊ စိုက်ကျမယ်၊
ချင်တာလုပ်မယ်၊ သူပြောတာကတော့ ဒီပညာတွေဆက်သင်လို့လည်း
ဖြစ်ချင်တာ ဖြစ်ခွင့်ရမှာ မဟုတ်ဘူးတဲ့၊ ပြီးတော့ ဟိုအိမ်ကြီးကို
ချင်တော့ဘူးဆိုပြီး ဒီကွန်ဒိုလေးကို ပြောင်းလာခဲ့တာလေး ယထမ

www.burmeseclassic.com



တော့ မိသားစုသုံးယောက်လုံးပေါ့။ ဟိုတစ်ပတ်ကျော်လောက်ကမှ အန်တီနဲ့ ရောဂါက ဆိတ်ငြိမ်မှုဖြစ်မှာဆိုတော့ ဦးရှိန်းတို့က ရွှေတောင်ကြားကို ပြန်သွားတယ်၊ မေ့ကိုခေါ်ပေမယ့် ဖွတ်ကိုပဲ ဒီမှာနေခဲ့တာလေ၊ ကျွန်တော် သိပါတယ်၊ ဟိုအိမ်ကိုပြန်ရင် မေကတော့ မမသဲကိုပဲ မြင်ယောင်နေမိမယ်ဆိုတာ''

ခုတော့ သူ ကောင်းကောင်းနားလည်သွားပါပြီ၊ မေဟာ စိတ်တတ်ပိုင်းဆိုင်ရာ တော်တော်လေးကို ထိခိုက်ခဲ့ခြင်းဖြစ်ကြောင်း။ သူ ဆိုလျှင်လည်း မေ့လိုပဲ ဖြစ်မည်ထင်သည်။ မေ့ အကြောင်းများကြားရတော့ ရင်ထဲမှာချစ်စိတ်များအပြင် သနားစိတ်လေးပါ ဝင်လာတော့၏။

ဆိုဖာပေါ် အိပ်နေသော မေ့မျက်နှာလေးကို တစ်ချက်ငေးကြည့်ကာ သက်ပြင်းမောကြီးတစ်ခုပင် မှုတ်ထုတ်ပစ်လိုက်သည်။

''အမှန်တော့ ကျွန်တော်နဲ့မေနဲ့ မနက်က မေနဲ့ကျွန်တော် ဖုန်းပြောဖြစ်တော့ မေ့အသံတွေဝင်နေပြီး ချောင်းလည်းဆိုးနေတယ်လေ၊ ဒါနဲ့ စိတ်ပူလို့ ကျွန်တော်က လာကြည့်တာ၊ ဆေးရုံးမှာ အစ်ကို့ကို နည်းနည်း အထင်လွဲသွားမိတယ်၊ ခုတော့ မေ့အစား ကျေးဇူးတင်ပါတယ်၊ ဆေးခန်းတွေဘာတွေ လိုက်ပြတာထိ ပင်ပန်းခံလုပ်ပေးထားလို့ပါ၊ ကိုဇေ ပြန်ချင်ပြန်လေ၊ မေ နိုးတဲ့အထိ ကျွန်တော် စောင့်နေမှာပါ''

မေ့ကို စိတ်မချ၍ နိုးလာသည်ထိ စောင့်ကြည့်ချင်သော်လည်း





ာင်းတတ်သည်မို့ သူ ပြန်ရန် ဆုံးဖြတ်ကာ နောင်ရိုးထွန်းကို နှုတ်ဆက်လိုက်သည်။

''ဟုတ်ပြီလေ၊ ဒါဆို ကိုယ်ပြန်တော့မယ်''

ပြီးနောက် ဆရာဝန်မှာထားသည်များကို နောင်ရိုးအား မှာထားပြီး မေ့အခန်းလေးမှနေ၍ လေးလံသော ခြေလှမ်းများနှင့် ထွက်လာ

ဒီနေ့သင်တန်းလည်း မသွားဖြစ်တော့သည့်အပြင် ယသုခ ခြေလှမ်းများကလည်း လေထဲတွင် လွင့်ချင်ရာလွင့်နေသလို ပါဖြစ်နေသည်။

အိမ်ပြန်ရောက်တော့ ဧည့်ခန်းထဲတွင် ဖင်တကြွကြွဖြစ်နေသည့် ကျော်ကို တွေ့လိုက်ရ၏။ ဒီကောင် သူ့ကိုအတော် စိတ်ပူနေပြီဆိုတာ လိုက်သည်။ သို့သော် လေပူကြီးတစ်ချက်သာ မှုတ်ထုတ်နိုင်ပြီး ပေါ် ခြေပစ်လက်ပစ် ထိုင်ချပစ်လိုက်၏။

''ယသုရာ မင်းဘယ်တွေသွားနေတာလဲ၊ နာရီကိုလည်း ကြည့် ကို့နာရီခွဲနေပြီ၊ ငါ့မှာတော့ မင်းများ တစ်ခုခုဖြစ်နေပြီလားလို့ စိတ်ပူနေတာ''

သူ့ဘေးတွင်ဝင်ထိုင်းရင်း ထင်ကျော်က ပြောလိုက်တော့ သူ ပေါ်ခေါင်းတင်ရင်း မျက်နှာကျက်ကို အဓိပ္ပါယ်မဲ့ မော့ကြည့်နေမြန်



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ပျောကောင် ပြောလေကွာ၊ မင်းဘာဖြစ်နေတာလဲ၊ ငါ့ကို ရင်တုန်အောင် မလုပ်နဲ့နော်"

ထင်ကျော့်မျက်နှာက သူ့ကိုတကယ်ပင် စိုးရိမ်နေသည့် ကြောင့် သူက သက်ပြင်းကိုချလိုက်ကာ

"နေဦးကွာ ငါ ရေချိုးလိုက်ဦးမယ်၊ ပြီးရင် မင်းကိုအားလုံး ပြောပြမယ်"

ပြောကာ ထထွက်သွားသော ယသုကို ထင်ကျော်က မြူကြေ သော မျက်လုံးများနှင့်သာ တအံ့တသြ ကြည့်နေသည်။

ယသုမှာလည်း မေ့အတွက် ခံစားနေရသမျှ ထင်ကျော့် ရင်ဖွင့်လိုက်လျှင်တော့ နည်းနည်းသက်သာသွားမည်ဟု မျှော်လင့်မိ သည်လေ။ လန်းဆန်းသွားအောင် ရေကိုစိမ်ချိုးလိုက်သော်လည်း လ ဆန်းခြင်းက သူ့ဆီကိုရောက်မလာဘဲ ထူးဆန်းလွန်းလှသည်။

ဝရန်တာသို့ ထွက်ခဲ့တော့ ဂစ်တာကြိုးညှိနေသည့် ထင်ကျော်က

"ထမင်းစားတော့မလား မောင်မြကို ရှာခိုင်းလိုက်ကွာ၊ ဦးအောင် ကတော့ မင်းပြန်မရောက်သေးလို့ စိတ်တောင်ပူနေသေးတယ်၊ ရန် ဘာတွေဖြစ်နေသလားပေါ့"

"မဟုတ်ပါဘူးကွာ၊ ငါပြောပြပါ့မယ်"





"ကြားသားပဲ ငါ စဉ်းစားနေတာ"

"ဘာကိုလဲ ဦးရွှင်းတို့နဲ့ ပြန်နေဖို့ကိုလား"

နောင်က အားရဝမ်းသာမေး၏။ မေကတော့ နောင် မမြင်နိုင် သိပေမယ့် ခေါင်းကိုဖြည်းညင်းစွာခါရမ်းလိုက်ပြီး

"မဟုတ်ဘူး နောင်"

"မေရယ် နင်ဘာတွေများ ကြံစည်နေပြန်ပြီလဲ"

"တခြားတော့ မဟုတ်ပါဘူးဟာ၊ နင်ရထားတဲ့ မုန့်ဖိုးတွေကို ဆယ်လိုဝိုင်းဖြုန်းပေးရင် ကောင်းမလဲလို့ တွေးနေတာလေ"

မေက ပြောင်ချော်ချော်လေး ပြန်ပြောလိုက်တော့ နောင်ရိုးက 'မလေး'ဟု အသာရေရွတ်လိုက်ပါသည်။ မေ့တွင် သူငယ်ချင်း ပေါင်းအသင်း ပြောက်မြားစွာရှိပါ၏။ မိန်းကလေးတွေရော ယောကျ်ား များပါ မေက ခင်မင်ရင်းနှီးအောင့် ပေါင်းသည်သာဖြစ်သည်။

ဒီနောင်ရိုးထွန်းဆိုတာကတော့ ဟိုးငယ်စဉ် သူငယ်တန်းဘဝ ကတည်းက ကိုးတန်းကျောင်းသူဘဝထိ တွဲလာသော ငယ်သူငယ်ချင်းလေး ဖြစ်သည်။ ဆယ်တန်းကျောင်းသားဖြစ်သွားသော နောင်က စာတွေနှင့် နေသောကြောင့် အရင်လို မေ့ထံသို့ နေ့တိုင်းနီးပါး မလာနိုင်တော့ပါ။ ပတ်တစ်ခါလောက်သာ ဖုန်းပြောဖြစ်ကြသည်လေ။

"ကဲ မေ ညနက်တော့မယ်၊ အိပ်တော့နော်၊ မနက်ဖြန်ဒယ်ဒီ



www.burmeseclassic.com

www.burmeseclassic.com



က ငါ့ကိုလိုချင်တဲ့ ကားဝယ်ပေးမယ်တဲ့ဟာ၊ အဲဒါ နင်ပါလိုက်ခဲ့"

"အင်းပါဟာ လိုက်ခဲ့ပါ့မယ်"

"နင်တစ်ယောက်တည်း အိပ်ရေးအိပ်ရရဲ့လား မေ"

နောင့်အသံက စိတ်မချသံပေါက်နေသည်မို့ မေက ရယ်ပ[ြီး] လိုက်ကာ

"အမလေးဟယ် ငါ့ကဘာလို့ မအိပ်ရဲရမှာလဲ၊ ကွန်ဒိုအပေါ[်] ဆုံးထပ်ထိလည်း သူခိုးဓားပြတွေ မလာနိုင်ပါဘူး၊ အောက်မှာလည်[း] ၂၄ နာရီ လုံခြုံရေးတွေရှိပါတယ်ဟာ"

"အေးလေ နင်အဆင်ပြေတယ်ဆို ပြီးတော်ပါပဲလေ၊ ဒါဆို[] ဖွတ်နိုက်နော်"

"ဖွတ်နိုက်"

မေက ဖုန်းလေးကိုပိတ်ပစ်ကာ ဝရန်တာဘက် ထွက်ထိုင်လိုက် သည်။ ကွန်ဒိုရဲ့အပေါ်ဆုံးထပ်မှာမို့ လေက တဖြူးဖြူးတိုက်နေကာ မိုးမိုပ်များဆင်နေသော ကောင်းကင်ကြီးက မည်းညို့နေသည်။ ကြယ် လေး တစ်လုံးစ နှစ်လုံးစကတော့ တိမ်မည်းများကြားမှ မစို့မပို့လေး ထွက်ပြူနေ၏။

မမ

မေ အချစ်ဆုံး မမ ရင်နှစ်သဲ။





ဒီလို မိုးတိမ်တွေ မည်းနက်နေတုန်းမှာပဲ မမက မေ့ကိုလောက ာ အထီးကျန်ဖြစ်အောင် လုပ်ပစ်ခဲ့သည်။ မမ မရှိတော့သည့်နောက် ာ မေ ဘယ်သူနဲ့မှ အဆင်မပြေတော့။ နဂိုကမှ ဂျစ်တိုက်တတ်သော ွင်သေးသေးလေးရှိသည့် မေဟာ မမဆုံးပြီးနောက်မှာတော့ မိဘများ ောင် အဆင်မပြေဖြစ်လာသည်ထိ လုပ်ချင်တာတွေကိုသာ ဖွတ်လုပ် ထည်။

လောကမှာ မေလုပ်ချင်တာသည်သာ ဖြစ်ရမည်။ မေ လိုချင် ို မရတာ မရှိစေရ။ တကယ်တော့ မေ့ကို ဒီလိုဆိုးသွမ်း ဖွတ်လုပ် ်လာအောင် ဖန်တီးခဲ့သောသူတွေသည် ဖေဖေနှင့်မေမေသာဖြစ်

အမှန်တော့လည်း ထိုသို့ခေါင်းမာတတ်သော အကျင့်သည် ဆီမှ အမွေလက်ခံရခဲ့ခြင်းဖြစ်ကာ ထိုအမွေကို မမရော မေပါ ် လက်ခံရရှိခဲ့ခြင်းဖြစ်သည်။

ဖေဖေ့ခေါင်းမာမှုကြောင့် မမသည်လည်း ဖေဖေနှင့်အပြိုင် ာခဲ့လို့ ဒီနေ့ မေတစ်ယောက်တည်း ကြေကွဲနေရခြင်းဖြစ်သည်။ သဆုံးခဲ့သည့် ကိစ္စမှာတော့ မိဘနှစ်ပါးစလုံး စိတ်ထိခိုက်မည်မှန် ်သည်း မေ့လောက်တော့ မည်သူမျှဝမ်းနည်းမည်မထင်ပါ။

ငယ်ငယ်တည်းက ဖေဖေရော မေမေပါ ကိုယ့်မိဘားစုပိုင်



www.burmeseclassic.com

www.burmeseclassic.com



ကုမ္ပဏီများကို ဦးစီးလုပ်ကိုင်နေရသည့်မို့ သူမတို့ညီအစ်မအား ကာ... ထိန်းအနှံတိုကြီးနှင့် ထားခဲ့ရသည်က များ၏။ အရွယ်လေး နည်းနည်း... ရောက်လာသောအခါ မမရင်နှစ်သဲသည် မေ့၏အားအကိုးဆုံးဟူသော... နေရာကို ရောက်လာသည်။

မေမေ့ကိုကပ်ချွဲနေဖို့ အချိန်မရပေမယ့် မမကိုတော့ မေ... သည်။ မေမေ့ပေါင်ပေါ်တက်ထိုင်ကာ စကားတွေပြောခွင့်မရပေမယ့် မ... ပြောပြသော ပုံပြင်များနှင့် မေ အိပ်ပျော်ခဲ့ဖူးသည်။ တကယ်တော့လည်း... မမရင်နှစ်သဲဟာ ရင်တွင်းမေထက် နှစ်နှစ်သာကြီးခြင်းဖြစ်၏။ သို့သေ... မေကတော့ အငယ်မို့ မမကို ဆိုးနွဲ့ဗိုလ်ကျခဲ့ပါသည်။

မမအကြောင်းများတွေးရင်း မေ့ပါးပြင်ပေါ်သို့ မျက်ရည်ပူပူ... စီးကျလာတော့၏။ မမဆုံးခဲ့တာ တစ်နှစ်ပြည့်တော့မည်ဖြစ်သော်လည်း... မေကတော့ မနေ့တစ်နေ့ကလိုပင် ခံစားကြေကွဲနေရဆဲဖြစ်သည်။

ဖြစ်နိုင်လျှင် မမကို ပြန်လိုချင်မိပါသည်လေ။

■ ■ ■

ဒီနေ့မနက်စောစောမှာ ဆိုင်သွားရန် သူနှင့်ထင်ကျော် ပြင်ဆ... နေတုန်း ဦးအောင် ခေါ်နိုင်းလိုက်သည်ဟု မောင်မြလာပြောသောကြော... နှစ်ယောက်သား အဝတ်အစားများ အမြန်လဲလှယ်ကာ အောက်ထပ်... ဆင်းခဲ့သည်။





ဧည့်ခန်းထဲတွင် ဂျာနယ်ဖတ်နေသော ဦးအောင်က သူတို့ဆင်း... တာကိုမြင်သည်နှင့် ဂျာနယ်ကို စားပွဲအောက်ခံစီ ထိုးထည့်လိုက်ကာ

"အေး လာကြ မင်းတို့ကို တာဝန်တွေပေးခဲ့မလို့ကွ"

"ဦးအောင်ကလည်း ထူးထူးဆန်းဆန်းပါလား"

ထင်ကျော်က သူ့ဦးလေးကို တအံ့တသြ ကြည့်ကာပြော၏။ ...အောင်က သူတို့ကို တာဝန်ပေးသည်ဆိုတာ ညစာစားချိန်တွေမှာသာ ...ပြောဆိုတတ်ခဲ့တာလေ။ ခုတော့ တကူးတကဆိုင်သွားခါနီးခေါ်သည်ဆို ...တော့

"အေး ထူးဆန်းတယ် အမှန်တော့ ငါ ခရီးထွက်ချင်လို့ကွ"

"ဘယ်လဲ ဦးအောင်၊ မြဝတီဘက်လား"

ယံသုက မေးလိုက်ခြင်း။ ဦးအောင်က ခေါင်းကိုဘယ်ညာ ...ခါခြင်းဖြင့် ယံသုအဖြေကို ကန့်ကွက်လိုက်သည်။

"မဟုတ်ဘူးကွ၊ ဆွစ်ကို"

"ဗျာ ဘယ်လို ဦးအောင်က ဘယ်ကိုသွားမယ်"

ထင်ကျော်က မျက်လုံးကြီးပြူးကာ ထအော်၏။ သူကတော့ ...ကြွမိပေမယ့် ဘာမှတော့ ဝင်မပြောဖြစ်ပါ။

"အေးကွ၊ ဆွစ်ဇာလန်မှာ ရောက်နေတဲ့ ငါ့အသိတစ်ယောက် ...က အဆက်အသွယ်ရလို့ ငါလိုက်သွားဖို့ ဆုံးဖြတ်လိုက်တာ၊ သော

www.burmeseclassic.com

လာဆယ်တော့ ကြောက်လာလောက်စရာဖြစ်မယ်"

ထိုသို့ပြောလိုက်သည်မှာ ဦးအောင်တော့ စကားကြားကြား… တော့မည်ဆိုတာ သူတို့နားလည်လိုက်ပြီးနှစ်ယောက်သား ဦးအောင်… မျက်နှာချင်းဆိုင် ထိုးကာနှစ်ယောက်ထိုင်နိုင်တွင် ဝင်ထိုင်လိုက်၏။

"တကယ်တော့ ဖိုက်ဇူ ဆက်သွယ်နေတာ ကြာပါပြီ ရှ… နစ်ဝင်လောက်တည်းကပေါ့"

"သူဆိုတာ ဘယ်သူလဲ ဦးအောင်"

"အေးလေ ပြောမှာပေါ့ ဖိုးထင်ရယ် မင်းကလည်း လေးပြ… သူဆိုတာကတော့ ဦးအောင်ရဲ့ ပေါ်ရှိကြီး တင်တင်မီပဲ သူနဲ့အော… ကို သူ့မိဘတွေက သဘောမတူနိုင်လို့ ခွဲပစ်ခဲ့ကြတယ်လေ၊ အခ… အကြောင်းပြချက်ကတော့ ဖိုက်ဇူလည်းမရှိ ပညာလေးကလည်း… တောက်တစ်ချက်ရှိဆိုတော့ သူတို့ကိုကြိုက်နိုင်မတဲ့ အခိုင်အခိုင်တွေ… ဘယ်လောက်ရှိနိုင်မှာလဲလေ"

ဦးအောင်က စကားကို ခေတ္တနားကာ သက်ပြင်းချ၏။ မျက်… မျှားထဲတွင်လည်း ဟိုးအရင်ကပုံရိပ်တွေကို ပြန်လည်မြင်ယောင်နေပုံ…

"ဒီလိုနဲ့ ဦးအောင်နဲ့မောင်ကို တစ်လအကြာမှာပဲ သူတို့မိဘ… အလိုက် အပြီးအပိုင် ထွက်သွားကြတယ် ဦးအောင်ကတော့ အသ… တွေကို အရက်တွေသောက်မှပဲ တစ်နှစ်လောက် မေ့ထားလည်းနေ…





…ထင်တို့ သိမှာပါ"

"ကြော် ကျွန်တော် ဝေယံဝေယံတုန်းက ဦးအောင် အမြဲမူးနေတာ …ကြောင့်ကိုး"

ဖိုးထင်ကပါ မှတ်ချက်ဝင်ပေး၏။ ဦးအောင်ကလည်း ခေါင်းကို …ငြိမ့်ပြီးက ဆက်ပြောပြနေသည်။

"နောက်တော့ ကိုယ့်ဘာသာ ပြန်စဉ်းစားကြည့်တယ် ဘာလို့ …မိဘတွေက ဖိုက်ဇူနဲ့သဘောမတူဘာလဲဆိုပြီးတော့ အဲဒီမှာ အဖြေ …ပေါ်လာတယ်၊ ဖိုက်ဇူမရှိလို့ ပညာသင်မတတ်လို့ဆိုတဲ့ ချို့ယွင်းချက်တွေနဲ့ …အောင်ကို သူတို့မိဘတွေပစ်လိုက်ကြတယ်၊ အဲဒီတော့ ဦးအောင် ဘာ …လုပ်လဲ၊ ရေသူ့အလုပ်ဝင်လုပ်ပြီး ငွေကိုကျစ်စနေအောင် စုတယ်၊ …တော့ အဆက်သွယ်လေးကလည်းရှိတာနဲ့ ပင်လယ်မှာ သင်္ဘောလုပ် …ချင်းတယ်ကွ နောက်ပိုင်း ကိုယ့်ဘော်ဒါတစ်ယောက်နဲ့ရှိပြီး သူက …ယောက်ျားက အဲဒီလိုတွေ ယူပြီး ဦးအောင်ဆီကနေ ပြန်တယ် …အကြောင်းဖြစ်လေ့ရှိတဲ့ အိမ်လေးမှာ ထိုင်စစ်နေလေလေလောက်ရှိပြီး …အောင်ကလည်း ထုပ်တာပဲ၊ စုထားတဲ့ငွေလေးကလည်း ရှိတာကိုး"

ဦးအောင်က အမှုကြီးပြောလိုက်ရ၍ မောသွားပုံရ၍ ခေတ္တနား …၏။ ပြီးမှ ဆက်ကာ

"နောက်ပိုင်းတော့ သူ့လုပ်ငန်းတွေ ကိုယ်ကကျွမ်းကျင်လာပြီး ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



အဆောက်အအွယ်နဲ့ကိုယ် လုပ်ကြည့်တယ်၊ အောင်မြင်တယ်၊ ဒါနဲ့ပဲ ဒီဆိုင်
လေးဖွင့်နိုင်၊ ဒီလိုအိမ်မျိုး ကားလေးမျိုးနဲ့ နေနိုင်လောက်တဲ့အထိ ဦး
အောင်ရှာခဲ့တာပဲ"

"ဟား ဦးအောင်က လေးစားဖို့ကောင်းတယ်ဗျာ"

ဒါကတော့ ယသုက တလေးတစား ချီးကျူးလိုက်ခြင်းမင်
သူ့စိတ်ထဲမှာလည်း တကယ့်ကို အားကျနေမိတာပါ။

"အင်း ဒါကြောင့် မင်းကို ဦးအောင်က ဘွဲ့ရပညာတတ်တ
ယောက်ဖြစ်စေချင်တယ်၊ ဟိုကောင် ဖိုးကျော်ကိုလည်း ဖြစ်စေချင်တ
ပေါ့၊ ဒါပေမဲ့ လူဆိုတာကလည်း ကိုယ့်ကံနဲ့ကိုယ် လာပြီးသားကွ၊ လူကြ
ထဲမှာ ရင်ကော့ပြီးရပ်နိုင်ဖို့ဆိုတာ စီးပွားရေးကောင်းရင်ကောင်း။
ကောင်းရင် ပညာတတ်တစ်ယောက်ဖြစ်နေဖို့လိုတယ်ဆိုတာ ဦးအောင
နားလည်ခဲ့တယ်လေ"

"ကျွန်တော်လည်း သဘောပေါက်ပါတယ်ဗျာ၊ ဒါကြောင့် ဦး
အောင်ဆိုင်မှာ အလုပ်ကို သေရှာလုပ်နေတာပေါ့"

"ဟုတ်ပါတယ် ဖိုးထင်ရယ်၊ ဦးအောင်ကလည်း မင်းကို အပြ
မဆိုပါဘူး၊ ဒါပေမဲ့ မောင်ဇေကတော့ တက္ကသိုလ်ဆက်မတက်ဘူး
ငြင်းနေရင် ဦးအောင် စိတ်ဆိုးမိမှာ အမှန်ပဲ"

သူ ဘာမှမပြောပါ။ ခေါင်းကိုသာ ငုံ့ချထားမိသည်။ ဦးအော



ပြောပြသော အဖြစ်လိုမျိုး နောင်တစ်ချိန်မှာ သူ မကြုံတွေ့ပါဘူးဟု
ညေသူက အာမခံမည်နည်း။ မေနှင့်ရှေ့ဆက် ပတ်သက်မည်ဆိုပါက
ထိုအဖြစ်မျိုး ကြုံတွေ့ဖို့ ကိုးဆယ့်ငါးရာခိုင်နှုန်း သေချာပြီးသားပါ။

"ဘယ်လိုလဲ မောင်ဇေ ကျောင်းဆက်တက်မယ် မဟုတ်လား"

ယသု ဘာမှပြန်မဖြေနိုင်ခင်မှာပင် ဦးအောင်က သူ့ဘာသာ
မဟုတ်သေးဘူး ဟု ရေရွတ်လိုက်ပြီး

"ကျောင်းဆက်တက်မယ် မဟုတ်လားဆိုတာ မဟုတ်သေးဘူး
မင်း ကျောင်းဆက်ကိုတက်ရမယ်၊ ဦးအောင်ကို ကိုယ့်ဆွေမျိုးအရင်းလို
သတ်မှတ်ရင် ဦးအောင်စကားကို လိုက်နာပေးပါ"

တစ်ချက်လွှတ်အမိန့်ပေးနေသော ဦးအောင်ကျော်ကို ယသုက
မော့ကြည့်လိုက်ပြီး

"ကျွန်တော် တက္ကသိုလ်ဆက်တက်ပါ့မယ် ဦးအောင်"

"ဒါမှပေါ့ကွ လူငယ်ဆိုတာ ကြိုးစားချင်စိတ်ရှိနေမှ တိုးတက်
မှာပေါ့"

"အဲဒီတော့ ဦး၊ မသွားခင် လုပ်ငန်းကိုင်ငန်းနဲ့ပတ်သက်တာ
တွေရော ဘာရော အားလုံး မင်းတို့နှစ်ယောက်ကို သေချာရှင်းပြခဲ့မယ်
သူက လုပ်ခေါ်နေတာ ကြာပြီလေ၊ ဦးဘက်က ပျက်ကွက်ရင် မကောင်း
ဘူး၊ ပြီးတော့ နိုင်ငံခြားရောက်နေတာတောင် ဦးအောင်ကို မမေ့ခဲ့တာ




www.burmeseclassic.com

www.burmeseclassic.com



တကယ် ကျော့ရှုးတင်ဖို့ကောင်းတယ်''

"ဒါနဲ့ အနိတိဝေမိဘတွေက ဦးအောင်နဲ့ သဘောမတူဘူးဆို"

ထင်ကျော် ဝင်ထောက်လိုက်သော မေးခွန်းကို ယသုကလည်း သိချင်နေခြင်းဖြစ်၏။

"အင်း လူကြီးဆိုတော့လည်း ဒီလိုပဲပေါ့ကွာ၊ နောက်တော့ ဝေကလည်း ဟိုမှာအခြေကျတဲ့အထိ သူတို့ပေးစားတာကိုလည်း တစ်ယောက်မှလက်မခံဘဲ ဆိုးဆိုးရွားရွား ငြင်းနေတော့ သူတို့လည်း လက်လျှော့လိုက်တယ်တဲ့၊ ဟိုကိုထွက်သွားပြီး ငါးနှစ်လောက်မှာ ဝေ့ဘက်က ဦးအောင်ကို ဆက်သွယ်ခဲ့သေးတယ်တဲ့၊ ဒါပေမဲ့ ခုမှပဲ ဟိုရောက်သွားတဲ့ ဦးအောင်မိတ်ဆွေတစ်ယောက်နဲ့ ဝေနဲ့တွေ့ဖြစ်ပြီး ခုလို အဆက်အသွယ်ပြန်ရတော့တာ ဝေ့ မိဘတွေလည်း ရှေးဆင့်နောက်ဆင့်ဆိုသလို ဆုံးကုန်တာ နှစ်နှစ်လောက်ရှိပြီတဲ့''

ဦးအောင်ကတော့ သူ့ငယ်ချစ်ကြီးအကြောင်းပြောနေရလျှင် မောသည်ပန်းသည်ဟူပင် အတွေးထဲမှာ ရှိပုံမရ။ ပါးစပ်က အမြှုပ်ထွက်မတတ် ရှင်းပြ၏။ သူတို့ကလည်း နားထောင်ကောင်းကောင်းနှင့် နားထောင်နေမိသည်လေ။

"ဟာ ပျော့ကောင်တွေ ငါတော့ လိုတာထက် ပိုပြောမိကုန်ပြီ မင်းတို့လည်း ဆိုင်မှုန်နောက်ကျတော့မယ် သွားကြတော့ သွားကြတော့"





ဦးအောင်က လောလိုက်မှပင် ယသုတို့နှစ်ယောက်လည်း ဆိုင်ကို သုတ်ခြေတင်ခဲ့ကြရတော့သည်။

ဦးအောင်အပေါ်မှာထားတဲ့ ဒေါ်တင်တင်ဝေရဲ့ အချစ်နဲ့သစ္စာလိုမျိုး ယသုလည်း ပိုင်ဆိုင်ခွင့်ရချင်ပါ၏။ သူလိုချင်သော ထိုအရာများကို ပေးနိုင်သည့်လူမှာလည်း လောကတွင် တစ်ဦးတည်းသာ ရှိပါသည်။

ထိုလူကတော့ ယသုရင်တွင်းမှ မြတ်မြတ်နိုးနိုး ချစ်ရပါသောရင်တွင်းမေပါပဲလေ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

"ဟိတ် လူကြီး"

ဒီနေ့မှ မိုးကသည်းနေသောကြောင့် မိုးအစဲကိုစောင့်ကာ သင်တန်းဆီ့ ယသု ထွက်လာတော့ သင်တန်းချိန်ပင် နီးကပ်နေပြီဖြစ်သည်။ မေနှင့်စထုံခဲ့သော လမ်းချိုးလေးသို့အရောက် ထိုအသံထွက်လာခြင်းပင်။

သူ အလန့်တကြားနှင့်မော့ကြည့်လိုက်မိသည်။ သူ့မျက်လုံးပင် သူ မယုံနိုင်အောင် ဖြစ်သွား၏။ မိုးကာအင်္ကျီအနီရဲရဲလေးကို ဆံပင်တိုလေးများဖုံးသည်ထိ ခေါင်းလေးပါဆောင်းထားပြီး အောက်မှာတော့ ထုံးစံအတိုင်း ဘောင်းဘီကျပ်ကျပ်လေးဝတ်ကာ ခုန်ဆွခုန်ဆွလုပ်နေသော ရင်တွင်းမေ။

ဗိုစိက မိုးမိထားသည့်ပုံပါပဲ။

"မင်း ဘယ်လိုဖြစ်လို့ ဒီလောက်မိုးသည်းတဲ့ကြားက ဒီနေရာ



ကိုရောက်နေတာလဲ၊ မင်းရဲ့ကားကြီးရော မပါဘူးလား"

သူ့အသံက နည်းနည်းတော့ ဒေါသသံပေါက်သွားမှန်း သူကိုယ်တိုင် သိလိုက်ပါသည်။ မေ့မျက်နှာလေးကလည်း သုန်မှုန်သွား၏။ ထုံးစံမပျက် နှုတ်ခမ်းလေးကိုတော့ စူထားသည်။

ဒါဟာ ကိုယ့်ရင်ထဲက ကရုဏာဒေါသတွေဆိုတာ မင်းမသိပါလား မေရယ်။

"ပြောလေ မင်းဘယ်လိုရောက်နေတာလဲလို့"

သူကလည်း မထူးတော့ပြီမို့ လေသံကိုမလျှော့တော့ဘဲ ဆက်ပြောလိုက်သည်။

"မေ့ကားက ဆီကုန်နေတာ ဝယ်မဖြည့်ရသေးလို့ ထီးကတော့ အစတည်းက မရှိတာ"

"ကျွတ်"

သူက လက်နှစ်ဖက်ကို ခါးပေါ်တွင်ထောက်ကာ မျက်နှာကို တစ်ဖက်လှည့်ပြီး စုပ်သတ်လိုက်၏။

"ဟုတ်ပြီလေ ဒါဆိုလည်း ဒီလောက်မိုးသည်းနေတာ အိမ်မှာပဲ နေပါတော့လား။ ဘယ်လိုဖြစ်လို့ ဒီရောက်နေတာလဲလို့"

"ရှင့်ကိုလာစောင့်နေတာလေ"

ခါးထောက်ထားသော လက်နှစ်ဖက် သသတိလက်လွှတ် လျှော့ကျ

www.burmeseclassic.com



သွားသည်။ အာခေါင်ကြီးတစ်ခုလုံး ခြောက်ကပ်ကာ စကားလုံးတွေ ရှုတ်တရက် ပျောက်ဆုံးကုန်သလို။

"ဘာ ဘာလုပ်ဖို့ စောင့်နေတာလဲ၊ ကိစ္စရှိလို့လည်း ဆိုင်ကို လာခဲ့ပေါ့"

သူက တုန်ချင်နေသော အသံကိုထိန်းကာ ပြောလိုက်သည်။

"ဆိုင်ကိုမလာချင်ပါဘူး။ ဆိုင်မှာက လူတွေအများကြီးပဲ"

ရော် ခက်ပြီ။ ယသုဆီသို့ မေ့အကျင့်တွေ ကူးစက်ကုန်သလား ထင်ရလောက်အောင် စိတ်လှုပ်ရှားရှုပ်ထွေးစွာ ဂုတ်ထောက်ဆံပင်နက်နက်များကို အကြောင်းမဲ့ သပ်တင်လိုက်မိ၏။

ဆိုင်မှာက လူတွေများတော့ ဘာဖြစ်လဲ မေရယ်။ မင်းစကားတွေက ကိုယ့်နှလုံးသားကို ဖြားယောင်းနေပြီလေ။

"မင်း ကိုယ့်ကို ပြောစရာတစ်ခုခုရှိလို့လား"

အသံကို အတတ်နိုင်ဆုံး ချိုသာအောင် ပြောလိုက်၏။ မေက ခေါင်းဆောင်းအောက်မှ ဆံပင်လေးများ ယိမ်းခါသွားလောက်သည်ထိ ခေါင်းကိုခါရမ်းသည်။

"ဒါဆို ဘာလို့ ကိုယ့်ကိုလာစောင့်နေတာလဲ"

"မေ နေမကောင်းဘူး။ မေ့ကိုဆေးဝယ်တိုက်"

"ဗျာ"





ဗျာ ခနဲ အာမေဋိတ်သံပင် ထွက်သွားရသည်။ သူမ နေမ ...ကောင်းလျှင် ဂရုစိုက်ရမှာ အိမ်သားတွေရဲ့ အလုပ်မဟုတ်ဘူးလား။ ...မ နေမကောင်းသည်ဆိုခြင်းကို စိတ်ပူပန်သွားသော်လည်း ဆေးဝယ် ...ိုက်ခိုင်းခြင်းကတော့ နည်းနည်းထူးဆန်းနေပါပြီ။ ပြီးတော့ နေမကောင်း ...ည့်သားသမီးတစ်ယောက်ကို ဒီလိုမိုးရေကြီးထဲ ဘယ်မိဘက ထိုးမပါဘဲ ...တ်မည်နည်း။

နေမကောင်းဘူးဆိုခြင်းသည် မေ လိမ်နေတာများလား။ လိမ် ...ယ်ဆိုရင်ရော ဘာကြောင့်လိမ်ရတာလဲ။ မေနှင့်ကျမှပင် သူလည်း ...ောက်လုပ်စားရတော့မည့်ကိန်းပေါက်နေ၏။

မေ နေမကောင်းဘူးဆိုတာကို အတည်ပြုနိုင်ရန် သူ့လက်များ ...မေ့ နဖူးပြင်လေးဆီ ဖျတ်ခနဲ ရောက်သွား၏။

"ဟာ မင်းတကယ် ကိုယ်တွေပူနေတာပဲ"

မေ့ကိုယ်တွေ ပူနေတာမှ တကယ့်ကို ခြစ်ခြစ်တောက် ပူနေခြင်း ...သည်။ သူ့ရင်ထဲမှာ မေ့ကို စိုးရိမ်စိတ်တွေကလည်း အလုံးအရင်းနှင့် ...ဖြစ်နေပါပြီ။ သေချာကြည့်မှပင် မေ့မျက်လုံးလေးများ မသိမသာ ...င်းနေကာ နဂိုက မေ့ နှုတ်ခမ်းရဲရဲလေးများ ဖြူလျော်နေတာကို ...သားမိတော့၏။

"မေ မင်း တော်တော်ဆိုးပါလား၊ ဒီလောက် နေမကောင်းဖြစ်



www.burmeseclassic.com

www.burmeseclassic.com



နေတာကို ဘာလို့ အိမ်မှာမနေတာလဲ''

''နေမကောင်းရင် မေမှ တစ်ယောက်တည်း မနေရဲတာ''

ဟုတ်ပါသည်။ မေဟာ ငယ်စဉ်တည်းက နေမကောင်းဖြစ်ပြီ ဆို အနားမှာတစ်ယောက်ယောက် ရှိနေမှ ကျေနပ်တတ်သူဖြစ်၏။ အထူ သဖြင့် မေသိပ်ချစ်သော မမပေ့။ မေ နေမကောင်းလို့ ကျောင်းပျက်လျှင် မမပါ ကျောင်းလိုက်ပျက်ပေးရသည်။ ခုတော့ မေ သိပ်ချစ်ရပါသော..

ယသုကတော့ မေ့စကားကို တွေးနေသည်။ မေမှ တစ်ယောက် တည်း မနေရဲတာ တဲ့။ ဒါက ဘာကိုဆိုလိုတာလဲ။ သို့သော် သူ စဉ်းစားချိန်မရပါ။ သူ့ရှေ့မှ မတ်မတ်ရပ်နေသော မေ့ မျက်ခြေ များက တဖြည်းဖြည်း ယိုင်နဲ့လာသည်။ ထို့ကြောင့်ပင် သူ့မှာ တက္က တစ်စီးဖမ်းတားကာ အနီးဆုံးဆေးခန်းသို့ မေ့ကို ခေါ်ခဲ့ရတော့

လိုအပ်သော စမ်းသပ်မှုများလုပ်ပြီးတော့ ဆရာဝန်က

''လူနာက အားနည်းပြီး အအေးပတ်တာပါ။ ပြီးတော့ အစားအသောက် မှန်ပုံမရဘူး။ အစားကို ဂရုစိုက်ပြီးကျွေးပေးပါ မင်းတို့လို အိမ်သားတွေက ဂရုတစိုက်နဲ့လုပ်ပေးတော့မှ လူနာ ကျန်းမာလိမ့်မယ်၊ ဒီလိုမျိုးတော့ ဖြစ်ချင်ရာဖြစ် မလွှတ်ထားနဲ့''

''ဟုတ်ကဲ့ပါ ဆရာ''

''အခုရေးပေးလိုက်တဲ့ ဆေးတွေကို ဆေးပတ်လည်အော





ညီး တိုက်ပေးနော်၊ အားနည်းရင် ရောဂါတွေက ဝင်လာမှာပဲ၊ အာဟာ ယ် ကြက်ပြုတ်ရည်လေးဘာလေးလည်း တိုက်ပေး''

ဆရာဝန်ညွှန်ကြားသည့်အတိုင်း ဆေးများဝယ်ပြီးတော့ ယှဲယှဲ ဖြစ်နေသော မေ့ကို ပခုံးလေးမှ သိုင်းဖက်ကာ သူ ဖေးမတွဲလာ ည်။

သူ့ရင်ခွင်ထဲ နစ်မြုပ်မတတ်ဖြစ်နေသော မေ့ကိုယ်လေးက ရဲရဲနှင့် တကယ့်ကို အားပြတ်နေသူတစ်ယောက်လိုပါပဲ။

တက္ကစီ တစ်စီးကို တားကာ တစ်ခါက မေပြောခဲ့ဖူးသော သူ နှင့် သိပ်မဝေးသည့် ကွန်ဒိုသို့ ကားကိုမောင်းနှင်းလိုက်သည်။

ထို့နောက်တော့ မေ့အခန်းလေးဆီသို့..။ မေက တစ်လမ်းလုံး မပြော။

ဓာတ်လှေကားထဲရောက်တော့ သူ မေးချင်တာကို မေးလိုက်

''မင်းအိမ်ကို ကိုယ်လိုက်လို့ ဖြစ်ရဲ့လား၊ မေ၊ တော်ကြာ မင်း တွေ''

သူ့စကားမဆုံးခင်မှာပင် မေက သူ့ကိုမော်ကြည့်ပြီး ယှဲယှဲလေး ည်။ မေ့အပြုံးဟာ အဓိပ္ပါယ်တစ်ခုခု ပျော်ဝင်နေသလိုပါပဲ။

မေက လျှို့ဝှက်နံပါတ်လေးများကိုနှိပ်ကာ အခန်းတံခါးကို ဖွင့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်၏။ ထိုနောက်တော့ ရှေ့မှဦးဆောင်ဝင်သွားကာ လည်သာဆိုဖာနံ
အနက်ရောင်အိအိကြီးပေါ်တွင် ဂုန်းခနဲ ပစ်လှဲလိုက်သည်။

သူ့မှာတော့ မေ့မိဘတွေကို အိမ်အနှံ့လျှောက်ရှာနေသည်။
လူ နိုင်လူမယောင်ဆိုလို့ ဘာမှမတွေ့ရတော့မှ မေ လှဲနေရာ ဆိုဖာခုံနားသို့
တိုးကပ်သွားပြီး

"မေ မင်းမိဘတွေရော မရှိကြဘူးလား။ ဘယ်သွားကြလဲ"

မေက မျက်နှာကျက်ကို အဓိပ္ပါယ်မဲ့ငေးကြည့်နေရင်းမှ ခုနက
ပြုံးခဲ့သော အပြုံးမျိုးကို ဒုတိယအကြိမ်အဖြစ် ထပ်ပြုံးပြန်သည်။ သို့သော်
နှုတ်ခမ်းကပြုံးနေသော်လည်း မေ့မျက်ဝန်းနက်နက်များထဲကနေ မျက်
ရည် တစ်စင်း စီးဆင်းသွား၏။

မေ မင်းဟာ ဘယ်လိုမိန်းကလေးလဲ။ ကိုယ်တော့ မင်းကို
နားလည်ဖို့ ပိုပို ဝေးသွားပြီနဲ့တူတယ်။

သို့သော် ထိုကိစ္စနှင့်ပတ်သက်၍ သူထပ်မမေးတော့ဖို့ ဆုံးဖြတ်
လိုက်ပြီး လောလောဆယ် မေ့ကျန်းမာရေးကိုသာ ဂရုစိုက်ရန် ပြင်လိုက်၏

"ကဲ မေ မင်းမပြောချင်ရင် ကိုယ် မမေးတော့ဘူး။ ဒါပေမဲ့
ဒီလို ပေတေနေလို့တော့ မရဘူးနော်။ ထ ဆရာဝန်ပေးလိုက်တဲ့ ဆေးတွေ
သောက်ရမယ်"

သူက မေ့ပခုံးစွန်းလေးနှစ်ဖက်ကို ဆွဲကိုင်ကာ ထူမတ်ပေးလိုက်





ည်။ မေကလည်း ဘာမှမငြင်းပါ။ သူ့လက်ထဲသို့ ထည့်ပေးလိုက်သော
းကို အာခေါင်ထဲသို့ ပက်ထည့်လိုက်ပြီး ရေနှင့်မျောချပစ်လိုက်၏။

"မေက လိမ္မာတယ်ဆိုတာ ကိုယ်ကသိပါတယ်ကွ"

ယသူက ကလေးတစ်ယောက်ကို ချော့သလိုမျိုး ခေါင်းလေးကို
သပ်ကာ ပြောလိုက်တော့

"မေက မလိမ္မာဘူးရှင့်"

မေ ပြန်ပြောသော စကားက ထိုမျှသာ။ သူကတော့ ကလေး
လေးတစ်ယောက်ကိုကြည့်သည့် အကြည့်မျိုးနှင့်သာ ကြည့်လိုက်မိ
ည်။

"မေ စောလှဲနေဦးနော်၊ ကိုယ် ကြက်ပြုတ်ရည်သွားဝယ်လိုက်
ယ်"

သူက ထိုသို့ပြောကာ မေ့အနားမှ ထွက်ရန် နောက်သို့လှည့်
ည်လိုက်စဉ် သူ့လက်တစ်ဖက်မှာ ပူနွေးသော အထိအတွေ့နှင့် တင်းခနဲ
း လူကလည်း ရှေ့ဆက်မရွေ့ဖြစ်သွားသည်။

မေ့လက်ချောင်းလေးများက သူ့လက်တစ်ဖက်ကို အမိအရ
ဲထားခြင်းပင်။

"မေ့နားမှာပဲ နေပေးပါနော်၊ မေ ကြောက်လို့ပါ။ မေ တကယ်
ယောက်တည်း မနေရဲဘူး"



www.burmeseclassic.com

www.burmeseclassic.com



မောက ပြောရင်းနှင့်အသံလေးများတိမ်ဝင်ကာ မျက်ရည်များ

ကျလာတော့ သူ ဘယ်လိုမှမစောင့်နိုင်တော့ရွာယင် မေ လှဲနေသောဆို

နံဘေးတွင် ဖွဖွလေးထိုင်ချလိုက်ပြီး၊ နဖူးပေါ်ဝဲကျနေသော ဆံပ

ပျော့ပျော့လေးများကို အသာအယာ သပ်တင်ပေးလိုက်သည်။

"မေရယ်"

သူ့နှုတ်မှ မရည်ရွယ်ဘဲ ရေရွတ်လိုက်မိ၏။ မေကတော့ သူ့မ

အရောင်တောက်နေသော မျက်ဝန်းနက်နက်များဖြင့် သူ့ကိုမော့ကြည့်

နေသည်။ ထိုအကြည့်များထဲတွင် သူ မသေချာမေ့နိုင်သော အဓိပ္ပါ

ပေါင်းစပ်ပြောက်မြားစွာ ပေါ်လွင်နေတာတော့ သိသာပါသည်။

ဆုပ်ကိုင်ထားသော လက်တစ်ဖက်ကို မလွှတ်ဘဲ မေ အိပ်ပျော်

သွားခဲ့၏။

သူသည်လည်း မေ့မျက်နှာလေးကို တမေ့တမော ငေးကြည့်

စိတ်မထိန်းနိုင်စွာဖြင့်ပင် နဖူးလေးကို တစ်ချက်ငုံ့နမ်းခဲ့သည်မှာလဲ

မေ့အပေါ်မှာ သာယာမှုကို ဖြစ်စေသော စိတ်မျိုးသော နေ့တိုင်ခဲ့ပါသည်

မောက တော်တော်နှင့်မနိုးလာ။ မေ ဆုပ်ကိုင်ထားသော သ

လက်များကတော့ တင်းသည်ထက် တင်းလာသလားမှ သူ ထင်မိသည်

ထို့ကြောင့်ပင် သူလည်း၊ ငြိမ်သက်စွာ

အချိန်တွေ မည်မျှကြာအောင် မေ့အနား ဖြစ်သွားသည်မသိ



...ခွင်းမေ ဟုအော်လိုက်သော အသံကျယ်ကြီးကြောင့် သူ ရုတ်ခနဲ

...နိုးသွားခဲ့ရသည်။ သူ့လက်တစ်ဖက်ကတော့ လွှတ်မရသေး။ မေ

...အိပ်ပျော်နေဆဲပါ။

အသံလာရာသို့ လှမ်းကြည့်လိုက်တော့ မျက်နှာကြီးတစ်ခုလုံး

...ကာ မျက်လုံးများက မီးဝင်းဝင်းတောက်နေသလို အရေ့တွေသဲ မို့

...က်လာတော့မတတ် ထင်ရသောက်သည့် အကြည့်များနှင့် သူတို့ကို

...ချုံ စိုက်ကြည့်နေသော ဒေါင်းမိုးထွန်း။

"မင်းမှာ၊ မင်းမှာလော ကိုစေ့ယသူ ဒါ ဘာလုပ်တာလဲကွ"

သူသိသည်။ သူ့ကိုဒေါင်းမိုးထွန်း အထင်လွဲနေပြီဆိုတာ။

"မေ ထလေး၊ ရင်ထွင်းမေ နှင့် ဖြစ်ရပ်တိုင်း၊ ဖြစ်နေတယ်

...တာလား"

ဒေါင်းမိုးက မေ အိပ်နေသည့်နေရာသို့ တိုးကပ်လာကာ မောင်

...ကြိုမြွမ်ဖြစ်သောကြောင့် သူ ရှည်ရှည်တော့ ဝေးသကြဖြစ်သွားရသည်။

"ဒီမှာ ဒေါင်းမိုးထွန်း မေ တော်တော် နေမကောင်းဖြစ်နေတယ်

...ငယ်သူ့မှမရှိလို့ ကိုယ်က အကူအညီတောင်းပြီး ဆေးခန်းသွားမြန်း

...တာပါ"

သူက ပြောရာပြောကြောင်း ပြောတော့ ဒေါင်းမိုးထွန်းက နှုတ်ခမ်း

...ကို တစ်ချက်မဲ့ကာ



www.burmeseclassic.com

www.burmeseclassic.com



"သူ နေမကောင်းရင် ဆေးခန်းသွားဖို့ ကျွန်တော့်ကို လှမ်း

လည်း ရအောင်ပါလေ"

"ဒါကတော့ ကိုယ်လည်းမပြောတတ်ဘူးကွာ၊ မေ နိုးလာမှ

မေးကြည့်ပါ၊ မင်းကိုမခေါ်ဘဲ ဘာလို့ ကိုယ့်ကိုခေါ်တယ်ဆိုတာပေါ့၊ သူ

တော့ မနိုးပါဘူး သူ တော်တော်အားနည်းနေတယ်လို့ ဆရာဝန်က ပြော

လိုက်တယ်"

ယသုက သူ့လက်ကိုဆုပ်ကိုင်ထားသော မေ့လက်များကို ကျ

လက်တစ်ဖက်နှင့် ဖွဲ့ဖွာပစ်ကာ မတ်တတ်ထရပ်လိုက်သည်။ ထိုအမြင်

အရာကိုမြင်နေသော နောင်ရိုးထွန်းမှာတော့ ပါးစပ်အဟောင်းသား

ဖြစ်ကာ သူတို့နားရောက်လာပြီး မေ့နဖူးကို သူ့လက်ဖဝါးနှင့် စမ်း

ကြည့်၏။

"မေ့အသားတွေ တော်တော်ပူနေတာပဲ"

"ဟုတ်တယ် ကိုယ်လည်း မင်းလိုစိတ်ပူပြီး ချက်ချင်းပဲ ဆေး

ခန်းလိုက်ပြပေးခဲ့တာ၊ ဒါနဲ့ နေပါဦး၊ ဒီအိမ်ကြီးမှာ သူက တစ်ယောက်

တည်း နေတာလား၊ သူ့မိဘတွေကရော"

နောင်ရိုးထွန်းမုံစံကိုကြည့်ရတာ ယသုအပေါ် နည်းနည်း

ကြည့်လာဟန်ရှိ၏။ သက်ပြင်းကို ဟင်းခနဲ ချပြီး သူ့ကိုတည့်တည့်ကြ

ကာ





"ကိုခေယသုက မေ့အကြောင်းဘာမှသိမှာမဟုတ်ဘူး၊ သိသင့်

တယ်ထင်လို့ ကျွန်တော် ပြောပြပါ့မယ်"

နောင်ရိုးထွန်းက ထမင်းစားခန်းထဲရှိ ကုလားထိုင်တွင် ထိုင်

လိုက်ပြီး

"ပထမဆုံးပြောချင်တာက ကျွန်တော်နဲ့သူက ဟိုးငယ်ငယ်လေး

ည်းက ပေါင်းလာတဲ့ သူငယ်ချင်းတွေဆိုတာပဲ၊ ဘယ်လောက်လည်း

ဆိုရင် သူဟာ တလုံးဝှက်သုံးရမယ့် တစ်နေရာရာတိုင်းကို သူ့မွေးနေ့

သုံးလေ့ရှိတယ်၊ ခုလည်း သူ့အိမ်တံခါးကို သူ့မွေးနေ့နဲ့ပဲ ကျွန်တော်

နိုဘား ပြောချင်တာကတော့ အဲဒီလောက်ထိ အတွင်းကျကျ သိတယ်

"

"ဟုတ်ပါပြီ မင်းပြောချင်တဲ့ မေ့အကြောင်းဆိုတာကို ပြောပြ

ယသုရှေ့မှာ သူနဲ့မေ မည်မျှရင်းနှီးကြောင်း၊ ထုတ်ပြောနေခြင်း

ည် မလိုအပ်ဘူးဟု ထင်သောကြောင့် ယသုက တားလိုက်ခြင်းဖြစ်

ည်။

"တကယ်တော့ မေ့မှာ သူသိပ်ချစ်ပြီး သူ့ထက်နှစ်နှစ်လောက်

ကြီးတဲ့ အစ်မအရင်းတစ်ယောက် ရှိခဲ့တယ်"

ထိုစကားကတင် ယသုကို တော်တော်လေး ဆွဲဆောင်သွားနေ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ပြီ

"ကိုယ် မသိဘူးကွ၊ အမှန်အတိုင်း ဝန်ခံရရင် ကိုယ်က မေ
ထိထောက်ပြီး ဘာမှကို မသိခဲ့တာပါ"

နောင်ရိုးထွန်းက အရှယ်ငယ်သော်လည်း တည်ငြိမ်ရင့်ကျက်
မှုကတော့ အတော်ရှိပုံရပါသည်။

"အင်းလေ မေကလည်း သူ့အကြောင်းကို လူတိုင်းကို ဘယ
လျှောက်ပြောနေပါ့မလဲ၊ မေ့ အစ်မ မာမည်က ရင်နှစ်သဲ တဲ့"

"ဪ မှ သူက ဘယ်ရောက်နေတာလဲ"

သူက သိလိုဇောနှင့် မေးလိုက်ခြင်းပေမယ့် နောင်ရိုးက ခေါင်
ကိုခါရမ်းကာ

"လွန်ခဲ့တဲ့ တစ်နှစ်လောက်က သူတို့ရွာတောင်ကြား သုံးထ
တိုက် ခေါင်းမိုးပေါ်က ခုန်ချပြီး သေသွားပြီဗျ"

"ဗျာ"

ဒီတစ်ခါတော့ သူ့ရင်ထဲမှာ လှိုက်လှိုက်လှဲလှဲ ဗျာ လိုက်ခြင်
ပါပဲ။ စိတ်ထဲမှာလည်း တော်တော်ကို အုံ့ဩနေသည်။

တကယ်ဆို ရင်နှစ်သဲဆိုတာ ယသုနှင့်မှ ရွယ်တူလောက်ရှိ
မဟုတ်လား။

"ကိုယ်တော့ တော်တော်လေးစိတ်ဝင်စားသွားပြီကွ၊ ဆက်ပြေ





ပါဦး၊ မေ့ အစ်မသေတာ မတော်တဆတော့ မဟုတ်ဘူးပေါ့နော်"

"အဲဒီလို ပြောလည်း ရပါတယ်၊ တကယ်တော့ မေ့ ဖေဖေ
ဦးနက်ရှိုင်းက ခေါင်းသိပ်မာတယ်ဗျ၊ အဲဒီအမေ့ကို မေတို့ညီအစ်မက
လည်း ပြည့်ပြည့်ဝဝကို လက်ခံရထားတယ်၊ ဖြစ်ချင်တာဆို မဖြစ်မချင်း
မရရတဲ့နည်းနဲ့ လုပ်ယူတာ၊ ဒီလိုပဲပေါ့၊ မမသဲ ဆယ်တန်းအောင်တဲ့အချိန်
မှာ ဘာသာစုံဂုဏ်ထူးနဲ့ အောင်ခဲ့တာဗျ၊ အမှတ်ကလည်း Top Ten
ဝင်တာပေါ့ဗျာ၊ အဲဒီမှာ ဦးရှိုင်းက နိုင်ငံခြားကိုလွှတ်ပြီး၊ အဲဒီမှာ ဆေး
ပညာသင်စေချင်တယ်"

နောင်ရိုးစကားများကို နားထောင်ရင်းနှင့်ပင် ယသုစိတ်ထဲ
အတော်သိမ်ငယ်နေမိသည်။ တကယ့်ကို ခြားနားလွန်းတဲ့ ဘဝတွေပါလား
မေရယ်။

"ဒါပေမဲ့ မမသဲက မသွားဘူးရှည်းပဲ ငြင်းခြင်းတာဗျ၊ သူက
မသွားမယ့်အပြင် ဒီက ဆေးကျောင်းကိုတောင် တက်ဖို့ စိတ်ကူးမရှိဘူး
တဲ့လေ၊ သူ တကယ်တမ်းဖြစ်ချင်တာက စာရေးဆရာတစ်ယောက်ဆိုပဲ၊
အဲဒီမှာ ဦးရှိုင်းက အကြီးအကျယ်ပေါက်ကွဲတော့တာပေါ့၊ နိုင်ငံခြားက
ဆေးပညာတက္ကသိုလ်တွေထိ အမှတ်မီတဲ့ လူတစ်ယောက်က ဒီမှာပဲနေပြီး
စာရေးဆရာ လုပ်မယ်ဆိုတော့ သူ တော်တော်လေး ဒေါသဖြစ်သွားတယ်၊
မမသဲကိုလည်း ဆူလိုက်တာ ရစရာကိုမရှိဘူး။ ပြီးတော့ ခေါင်းမာနဲ့ပဲ



www.burmeseclassic.com

www.burmeseclassic.com



မမသဲကို ချစ်ရှယ်တားဆီးထားခဲ့တာပေါ့''

''ဟူး သူတို့မိသားစု ပြဿနာကလည်း တစ်မျိုးကြီးပါလား''

''အင်း ဟုတ်တယ် အဲဒီမှာ ဖြစ်ချင်တော့ မမသဲမှာ ချစ်သူရှိနေတယ်လေ၊ ဦးနှိုင်းက အိမ်ထဲက အိမ်ပြင်ထွက်ခွင့်မပေးတော့ သူ့မှာ ချစ်သူနဲ့လည်း ဘယ်လိုမှ တွေ့ခွင့်မရဘူး။ ဒါပေမဲ့ သူ့ချစ်သူက မမသဲကို တွေ့ဖို့ အမျိုးမျိုးကြိုးစားတော့ ဦးနှိုင်းတို့လည်း အဲဒီကိစ္စကို သိကုန်တော့တာပေါ့၊ အဲဒီမှာ ပိုဆိုးတော့တာပဲ၊ ကောင်လေးက ငိုက်ဆဲ သိပ်မဟုတ်နိုင်တဲ့ အသိုင်းအဝိုင်းထဲက ဖြစ်နေတယ်လေ၊ ဦးနှိုင်းရှိတာ ပေါက်ကွဲလိုက်တာ ပြောမနေနဲ့တော့၊ မမသဲကိုလည်း အိမ်ထဲမှာပဲထား ခြိမ်းခြောက်ပြီးတော့ အစောင့်တွေချပြီးတော့ နေတော့တာ၊ အဲဒီတုန်းက ကျွန်တော်နဲ့မေက ကိုးတန်းပဲ ရှိသေးတယ်၊ အမြတ်မ်း အစ်မဘက်က နေခဲ့တဲ့ မေကလည်း မမသဲနဲ့အတူတူ လိုက်ငိုတဲ့အထိ ချစ်ကြတာ''

နောင်ရိုးထွန်းက စကားစဖြတ်ကာ ရေခဲသေတ္တာဖွင့်ပြီး ရေတစ်ပုလင်း ယူသောက်၏။ သူကတော့ သိချင်စိတ်က အတော်လေး လွှမ်းမိုးနေပြီမို့ နောင်ရိုး ရေထသောက်ခြင်းကိုပင် စိတ်ထဲ မနေမထိုင်မသာ ဖြစ်နေသည်။

''အဲဒါနဲ့ ဘာတွေဆက်ဖြစ်ကြလဲ၊ ပြောပါဦး''

''အဲဒီမှာ မမသဲချစ်သူက အတင်းလာတွေ့တော့ ခြံစောင့်တွေ





က ဝိုင်းထိုးနက်လွှတ်ကြတာပေါ့။ ဒါကို အိမ်ပြတင်းပေါက်ကနေ အစအဆုံးမြင်နေရတဲ့ မမသဲလည်း သွေးရူးသွေးတန်းဖြစ်ပြီး တိုက်ခေါင်မိုးပေါ်တက်ပြေးတော့တာ၊ အောက်ကနေ အားလုံးက ဆင်းလာနိုင်းပေမယ့် ဘယ်လိုမှ ပြောလို့မရဘူး။ နောက်ဆုံး သူဖြစ်ချင်တာတွေကို ဖြစ်ခွင့်ပေးမှာလား၊ မပေးဘူးလားလို့ မေးတယ်၊ အဲဒီ အခြေအနေရောက်တဲ့အထိ ဦးနှိုင်းကလည်း တင်းခံထားတော့၊ ဘယ်လိုမှကို ပြောလို့မရဘူး။ အနုတ်နကတော့ သူ့ယောက်ျားစိတ်ကိုသိလို့ ပြောမနိုင်ပေမယ့် သူ့သမီးကိုလည်း အများလျှော့ပြီလေ၊ အောက်ကနေ ငိုလို့ပေါ့''

နောင်ရိုးပြောနေသည်များက အသက်ပါလွှမ်းလျှက် သူလည်း ဇာတ်လမ်းတစ်ခု ကြည့်နေရသလိုပင် စိတ်ထဲထင်လာ၏။

''ဒါနဲ့ မင်းတို့က အဲဒီကိစ္စတွေကို သေချာသိတာ ဘာဖြစ်လို့လဲ''

''ဟာဗျာ ဘာဖြစ်ရမှာလဲ၊ ကျွန်တော့်အဘွားအိမ်နဲ့ မေတို့အိမ်က ကပ်လျက်လေ၊ ကျောင်းပိတ်တဲ့ရက်ဆို ကျွန်တော်က ဘွားဘွားဆီသွားနေကျပဲ၊ ဒီအဖြစ်တွေကို မျက်မြင်မြင်ခဲ့ရတာဗျ၊ မေဆိုရင်လည်း သူ့အစ်မ ပြုတ်ကျမှာစိုးလို့ ခေါင်မိုးပေါ်ထိ သွားဆွဲမယ်လုပ်တာ၊ ဒါပေမဲ့ နှစ်ယောက်လုံးကို စိုးရိမ်လို့ မေ့ကိုတော့ အပေါ်တက်လို့ မရအောင် အတင်းဆွဲထားကြတယ်လေ၊ ဒါနဲ့ပဲ''



www.burmeseclassic.com

နောင်ရိုးက ပြောလက်စ စကားကိုရပ်ကာ မေရှိရာ ညှို့ခန်းထဲသို့ မျက်လုံးများကို တစ်ချက်ဝေ့ကြည့်၏။ မေက မလှုပ်မယှက် အိပ်နေဆဲဆိုတာသိမှ စကားကို ဆက်ပြောပြန်သည်။

ဒီသူငယ်ချင်းနှစ်ယောက်၏ သံယောဇဉ်က အတော်ပင်ကြီးမား လိမ့်မည်ဆိုတာတော့ ယသု ခန့်မှန်းမိနေပါပြီ။

"မမသဲက နောက်ဆုံးအကြိမ်မေးတာနော် မေမေ၊ သမီးဖြစ်ချင်တာတွေ တကယ်ပဲ ဖြစ်ခွင့်မပေးဘူးဆိုတာ သေချာပြီလားလို့ မေးလိုက်တယ်၊ အဲဒီအကြိမ်လောက် မမသဲ မျက်နှာရော လေသံပါ တည်ငြိမ်နေတာ ကျွန်တော်တောင် မတွေ့ခဲ့ဖူးဘူး"

"ဒါနဲ့ နေပါဦးကွ၊ သူ့ချစ်သူဆိုတာကရော"

"ခုနက ပြောခဲ့တွေ ပိုင်းထိုးလိုက်တော့ သတိလစ်ပြီး သူနဲ့ အတူပါလာတဲ့ ဘော်ဒါတစ်ယောက်က ဆေးရုံကိုခေါ်ချသွားပြီလေ"

"ကြော် အေး ဆက်ပြောပါဦး။ ရင်နှစ်သဲက အဲဒီလို မေးတော့ ဦးရှိုင်းက ဘာပြန်ပြောလဲ"

သူလည်း မေ့မေမေ ဆိုသူကို နောင်ရိုးခေါ်သလို ဦးရှိုင်းဟု ရင်းရင်းနှီးနှီး ခေါ်ပစ်လိုက်၏။

"ခေါင်းခါပြီး ဘယ်လိုမှ မလိုက်လျောပေးနိုင်ဘူး တဲ့၊ အဲဒီ စကားလည်းဆုံးရော မမသဲက အောက်ကနေ ခိုးရိပ်တကြီး ကြည့်နေတဲ့





လူတွေထဲကမှ မေ့ကိုကြည့်ပြီး မျက်ရည်ကျတာများ၊ ခုပြောရင် ခုချက်ချင်း၊ မျက်လုံးထဲ ပြန်မြင်ယောင်တယ်"

နောင်ရိုးကိုယ်တိုင်လည်း ထိုအဖြစ်များကို ပြန်ပြောရင်း တတယ်ပင် ခံစားနေရပုံရသည်။ ပြောရင်းနှင့် အားပါလာသော သူ့လေသံ တ သက်သေပင်။

"အဲဒီလိုနဲ့ နောက်ထပ်စက္ကန့်ပိုင်းလေး အတွင်းမှာပဲ မမသဲက အဲဒီခေါင်မိုးပေါ်ကနေ တိုက်အောက်ကို ခုန်ချပစ်လိုက်တော့တာ၊ လူတွေဆိုတာ ဘာဖြစ်လို့ ဖြစ်သွားမှန်းတောင် မသိလိုက်ကြဘူး။ ကြောင်နေကြတာလေ၊ အဲဒီအချိန်ကပြီး အနီတီနေလည်း နဂိုအခံရှိတဲ့ နှလုံးရောဂါက ဆိုးဆိုးရွားရွား ဖောက်လာတော့တာ၊ မေဆိုတာများဖျော ဖျပ်ဖျပ်ကို လူးနေတာပဲ၊ အဲဒီအချိန်ကပြီး မေ့ကို ဘယ်သူကမှ ကျောင်းဆက်တက်ဖို့ စာရေးလို့မရတော့ဘူး။ ဘယ်လိုပဲ ချော့ချော့ခြောက်ခြောက် မေကတော့ ခေါင်းမာမာနဲ့ကို တင်းခံခဲ့တာ"

"ဒါဆို မေ မေက ခုဘာတွေလုပ်နေတာလဲ"

"မြင်တဲ့အတိုင်းပဲလေ အိမ်ကိုကျစ်တိုက်မယ်၊ မိုလ်ကျမယ်၊ လုပ်ချင်တာလုပ်မယ်၊ သူပြောတာကတော့ ဒီပညာတွေဆက်သင်လိုရသည့် ကိုယ်ဖြစ်ချင်တာ ဖြစ်ခွင့်ရမှာ မဟုတ်ဘူးတဲ့၊ ပြီးတော့ ဟိုအိမ်ကြီးကို မနေချင်တော့ဘူးဆိုပြီး ဒီကွန်ဒိုလေးကို ပြောင်းလာခဲ့တာလေ၊ ပထမ



www.burmeseclassic.com

www.burmeseclassic.com



တော့ မီးသားစုသုံးယောက်လုံးပေါ့၊ ဟိုတစ်ပတ်ကျော်လောက်ကမှ အန်တီနဲ့ ရောဂါက ဆိတ်ငြိမ်မှုဖြစ်မှာဆိုတော့ ဦးရှိန်းတို့က ရွှေတောင်ကြားကို ပြန်သွားတယ်၊ မေ့ကိုခေါ်ပေမယ့် ဖွတ်ကိုပဲ ဒီမှာနေခဲ့တာလေ၊ ကျွန်တော် သိပါတယ်၊ ဟိုအိမ်ကိုပြန်ရင် မေကတော့ မမသဲကိုပဲ မြင်ယောင်နေမိမယ်ဆိုတာ''

ခုတော့ သူ ကောင်းကောင်းနားလည်သွားပါပြီ။ မေဟာ စိတ်ဓာတ်ပိုင်းဆိုင်ရာ တော်တော်လေးကို ထိခိုက်ခဲ့ခြင်းဖြစ်ကြောင်း။ သူ ဆိုလျှင်လည်း မေ့လိုပဲ ဖြစ်မည်ထင်သည်။ မေ့ အကြောင်းများကြားရတော့ ရင်ထဲမှာချစ်စိတ်များအပြင် သနားစိတ်လေးပါ ဝင်လာတော့၏။

ဆိုဖာပေါ် အိပ်နေသော မေ့မျက်နှာလေးကို တစ်ချက်ငေးကြည့်ကာ သက်ပြင်းမောကြီးတစ်ချပ် မှုတ်ထုတ်ပစ်လိုက်သည်။

''အမှန်တော့ ကျွန်တော်စွဲမေ့ခဲ့ မနက်က မေစုံကျွန်တော် ဖုန်းပြောဖြစ်တော့ မေ့အသံတွေဝင်နေပြီး ချောင်းလည်းဆိုးနေတယ်လေ၊ ဒါနဲ့ စိတ်ပူလို့ ကျွန်တော်က လာကြည့်တာ၊ ဆေးရုံးမှာ အစ်ကို့ကို နည်းနည်း အထင်လွဲသွားမိတယ်၊ ခုတော့ မေ့အစား ကျေးဇူးတင်ပါတယ်၊ ဆေးခန်းတွေဘာတွေ လိုက်ပြတာထိ ပင်ပန်းခံလုပ်ပေးထားလို့ပါ၊ ကိုရွှေ ပြန်ချင်ပြန်လေ၊ မေ နိုးတဲ့အထိ ကျွန်တော် စောင့်နေမှာပါ''

မေ့ကို စိတ်မချ၍ နိုးလာသည်ထိ စောင့်ကြည့်ချင်သော်လည်း





ကောင်းတာတ်သည်မို့ သူ ပြန်ရန် ဆုံးဖြတ်ကာ နောင်ရိုးထွန်းကို နှုတ်ဆက်လိုက်သည်။

''ဟုတ်ပြီလေ၊ ဒါဆို ကိုယ်ပြန်တော့မယ်''

ပြီးနောက် ဆရာဝန်မှာထားသည်များကို နောင်ရိုးအား မှာထားပြီး မေ့အခန်းလေးမှနေ၍ လေးလံသော ခြေလှမ်းများနှင့် ထွက်လာခဲ့၏။

ဒီနေ့သင်တန်းလည်း မသွားဖြစ်တော့သည့်အပြင် ယာသုဇာ၏ အမြန် ခြေလှမ်းများကလည်း လေထဲတွင် လွင့်ချင်ရာလွင့်နေသလို စိတ်မပါဖြစ်နေသည်။

အိမ်ပြန်ရောက်တော့ ဧည့်ခန်းထဲတွင် ဖင်တကြွကြွဖြစ်နေသည့် ထင်ကျော်ကို တွေ့လိုက်ရ၏။ ဒီကောင် သူ့ကိုအတော် စိတ်ပူနေပြီဆိုတာ ရိပ်သိလိုက်သည်။ သို့သော် လေပူကြီးတစ်ချက်သာ မှုတ်ထုတ်နိုင်ပြီး ဆိုဖာပေါ် ခြေပစ်လက်ပစ် ထိုင်ချပစ်လိုက်၏။

''ယာသုဇာ မင်းဘယ်တွေသွားနေတာလဲ၊ နာရီကိုလည်း ကြည့်ဦး ကိုးနာရီခွဲနေပြီ၊ ငိုမှာတော့ မင်းများတစ်ခုခုဖြစ်နေပြီလားလို့ စိတ်ပူလိုက်ရတာ''

သူ့ဘေးတွင်ဝင်ထိုင်းရင်း ထင်ကျော်က ပြောလိုက်တော့ သူကဆိုဖာပေါ် ခေါင်းတင်ရင်း မျက်နှာကျက်ကို အဓိပ္ပါယ်မဲ့ မော့ကြည့်နေပြန်



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဟော့ကောင် ပြောလေကွာ၊ မင်းဘာဖြစ်နေတာလဲ၊ ငါ့ကို ရင်တုန်အောင် မလုပ်နဲ့နော်"

ထင်ကျော့်မျက်နှာက သူ့ကိုတကယ်ပင် စိုးရိမ်နေသည့်ပုံ ကြောင့် သူက သက်ပြင်းကိုချလိုက်ကာ

"နေဦးကွာ ငါ ရေချိုးလိုက်ဦးမယ်၊ ပြီးရင် မင်းကိုအားလုံး ပြောပြမယ်"

ပြောကာ ထထွက်သွားသော ယသုကို ထင်ကျော်က မြူးကြောင် သော မျက်လုံးများနှင့်သာ တအံ့တသြ ကြည့်နေသည်။

ယသုမှာလည်း မေ့အတွက် ခံစားနေရသမျှ ထင်ကျော့်ကို ရင်ဖွင့်လိုက်လျှင်တော့ နည်းနည်းသက်သာသွားမည်ဟု မျှော်လင့်မိပါ သည်လေ။ လန်းဆန်းသွားအောင် ရေကိုစိမ်ချိုးလိုက်သော်လည်း လန်း ဆန်းခြင်းက သူ့ဆီကိုရောက်မလာတော ထူးဆန်းလွန်းလှသည်။

ဝရန်တာသို့ ထွက်ခဲ့တော့ ဂစ်တာကြိုးညှိနေသည့် ထင်ကျော်က

"ထမင်းစားတော့မလား၊ မောင်မြကို ခူးခိုင်းလိုက်ကွာ၊ ဦးအောင် ကတော့ မင်းပြန်မရောက်သေးလို့ စိတ်တောင်ပူနေသေးတယ်၊ ရန်တွေ ဘာတွေဖြစ်နေသလားပေါ့"

"မဟုတ်ပါဘူးကွာ၊ ငါပြောပြပါ့မယ်"





ယသုက အနားကပ်ကာ ထိုင်ချလိုက်တော့ ထင်ကျော်လည်း တာကိုဘေးသို့ချကာ အလွန်စိတ်ဝင်စားသောပုံနှင့် ယသုကို ကြည့် ၏။

"ဒီနေ့ ငါ သင်တန်းမသွားဖြစ်လိုက်ဘူး"

"ဟင် ဒါဆို မင်းဘယ်တွေသွားနေတာလဲ ယသု"

"ငါ မေ့ဆီရောက်နေခဲ့တယ်"

သူ့စကားအဆုံးမှာတော့ ပါးစပ်ကြီးအဟောင်းသားဖြစ်သွားကာ ်လုံးများပြူးကျယ် ပိုင်းစက်သွားသော ထင်ကျော့် တုံ့ပြန်မှုကို လတ်ခံ ိုက်၏။

"မင်း ဘာပြောချင်တာလဲ၊ ဘာကိုဆိုလိုတာလဲ"

"ဟုတ်တယ် မေ နေမကောင်းလို့ ငါ မေ့အိမ်ကို လိုက်သွား တယ်"

"အာ မဟုတ်သေးဘူးနော်၊ တစ်ခုခုတော့ မှားနေပြီ၊ ကွင်း ်လွတ်နေတယ်၊ ဥပမာကွာ သူ့အိမ်ကို မင်းက ဘယ်လိုပါသွားတာလဲ င်းနဲ့ ဘယ်မှာတွေ့တာလဲ ဆိုတာမျိုးပေါ့"

အရေးထဲမှ ထင်ကျော်က နံဘေးကလေးသံဖမ်းကာ ပြောနေပြန် ည်။ ထို့ကြောင့်ပင် သူက မျက်စောင်းနှင့်လှမ်းကြည့်လိုက်ပြီး

"ဆက်ပြောရမလား မပြောရဘူးလား ဟော့ကောင်"



www.burmeseclassic.com

www.burmeseclassic.com



ယခု လေသံက နည်းနည်းမာသွားသောကြောင့် ထင်ကျော်

ပါးစပ်လေးပိတ်သွားကာ

"ပြောပါ ပြောပါ"

"အေး ပြောမယ် မင်း ဝင်မထောက်နဲ့"

ထင်ကျော်က ခေါင်းညိတ်ပြတော့မှ သူလည်း စိတ်ကို မေ့ထ

ပြန်စေလွှတ်ကာ ဇာတ်လမ်းအစမှအဆုံး၊ နောင်ရိုးထွန်းပြောသွားသ

များပါမကျန် စိတ်ရှည်လက်ရှည် ထိုင်ပြောနေမိသည်။

အားလုံးပြီးဆုံးသွားချိန်မှာတော့ ထင်ကျော်က တကယ့်

အပြင်တွင် ဖြစ်နိုင်ရန်ခဲယဉ်းသည့် ဒဏ္ဍာရီတစ်ပုဒ် နားဆင်ခဲ့ရသူ

မိန်းမောနေ၏။

"ငါ ယုံတောင် မယုံချင်ဘူးကွာ"

"အေးလေ ငါလည်း ကြားကြားချင်းတုန်းက တော်တော်

ကို နင့်ခနဲ ခံစားလိုက်ရတယ်၊ ရင်နှစ်သဲခဲ့တဲ့ တစ်ယောက်အတွက်

အသီးကျန်သလိုဖြစ်ကျန်ခဲ့ရတဲ့ မေ့အတွက်ရောပေါ့"

"အင်းကွာ သူတို့အဖေကလည်း နည်းနည်းတော့ လွန်

တယ်"

"ဒါပေမဲ့ သူ့ဘက်က စဉ်းစားတော့လည်း သူ့သားသမီးတွေ

အကောင်းဆုံး အမြင့်ဆုံး ဆိုတာတွေပဲ ဖြစ်စေချင်ဟာပေါ့ကွာ"





ထိုစကားကို ယခုရင်ထဲမှ လှိုက်လှိုက်လှဲလှဲ ပြောလိုက်ခြင်း ဖြစ်သည်။ သူ့စိတ်ထဲတွင် မေ့ကို သိပ်ချစ်သော်လည်း မေ့ဘဝကိုတော့ သူ့ထံတွင် မနစ်မွန်းစေချင်ပါ။ သူ့မှာက ကိုယ်ပိုင်အစွမ်းဆိုလို့ ထုတ်ပြစရာ ဘာမှရှိတာ မဟုတ်။

တကယ်တော့ ဒီလိုကောင်မျိုးကို မေ ဂရုမစိုက်သင့်ပါ။ သို့သော်လည်း ကံကြမ္မာက ဘယ်သူ့ကို ကျီစယ်ချင်မှန်းမသိပါဘဲ တိုးတိုးတိတ်တိတ်နှင့် နွတ်မရသည့် သံယောဇဉ်တွေကို ဖန်တီးပေးသွားခဲ့ပြီ။

■ ■ ■

အိပ်ရာမှ နိုးသည့်နှင့် မေက ပေါက်ခနဲ ထထိုင်ကာ အိမ်ခန်းတွင်းသို့ လှည့်ပတ်ကြည့်နေသည်။ ဝရန်တာ ထွက်ရပ်နေသော နောင်ကို မြင်လိုက်ရတော့ အတော်ကလေးပင် အံ့အားသင့်သွားပြီး မျက်ဝန်းဖျော့ဖျော့လေးများနှင့် အကြောင်သား ငေးကြည့်နေ၏။

နောင်ရိုးကလည်း မေနိုးလာတာမြင်တော့ ချိုမြသောအပြုံးနှင့် မေ့နားသို့ရောက်လာကာ

"ကဲ ဒေါ်ရွှေမေ ခုတော့ တစ်ယောက်တည်း ပစ်လက်ခတ်နေပြီး ဖြစ်ပြီမဟုတ်လား၊ နေရှင်ဦးလေ"

"ဟို ဟို ကိုဗေယသုရောဟင်"

နောင့်စကားများကို နားစိုက်မထောင်နိုင်သေးဘဲ မေက အိမ်



www.burmeseclassic.com

www.burmeseclassic.com



ခန်းအနှံ့လျှောက်ကြည့်ရင်း ရင်ထဲမှ သိချင်သည်ကိုသာ တိုးညင်းသော အသံလေးနှင့် မေးလိုက်မိ၏။

နောင်ကတော့ မေ့ကို မသက်သာသလို ကြည့်ပါသည်။

"မေ နင့်ကိုငါ မေးချင်တာလည်း ဒါပဲ၊ နင်ဘာဖြစ်လို့ သူစိမ်းယောကျ်ားတစ်ယောက်ကို နင်တစ်ယောက်တည်းရှိတဲ့ အိမ်ထဲထိ ခေါ်လာရတာလဲ"

နောင့်အသံက အနည်းငယ် ဒေါသထွက်နေသယောင်ပင်။ မေကလည်း ခုမှ နောင်ရှိးကို မဝံ့မရဲ ကြည့်လိုက်ပြီး

"မဟုတ်ပါဘူးဟာ ကိုဇေယသုက လူကောင်းတစ်ယောက်ပါ"

"နင့်ကိုငါပြောချင်တာက ကိုဇေ့ကို လူကောင်းမဟုတ်ဘူးလို့ ဆိုလိုတာ မဟုတ်ဘူးလေ၊ ဘေးပတ်ဝန်းကျင်အမြင်မှာ မိန်းကလေးတစ်ယောက်တည်းနေတဲ့ အိမ်ဆိုတော့ ဘယ်အမြင်သင့်တယ်ပို့မလဲ"

"ဒါဆို နင်လည်း သူစိမ်းယောကျ်ားတစ်ယောက်ပဲလေ"

မေ့စကားကြောင့် နောင်ရှိးမှာ တော်တော်ခံပြင်းသွားသည်။ ထို့ကြောင့် ဒေါသတကြီး လေသံမျိုးနှင့်

"နင်ကငါ့ကို ခုမှသိတဲ့ သူ့အကြောင်းကိုယ့်အကြောင်းတော ဘာဆိုဘာမှမသိတဲ့ လူတစ်ယောက်နဲ့ ယှဉ်ပြီးပြောနေတာလား မေ"

"ငါဆိုလိုတာ ဒီလိုမဟုတ်ဘူး နောင်၊ နင်က ပတ်ဝန်းကျင်





အမြင်ဆိုတာကို ပြောလို့ပါ။ အဲဒီပတ်ဝန်းကျင်အတွက်တော့ နင်နဲ့ကိုဇေသော့ နှစ်ယောက်စလုံးက သူစိမ်းတွေပဲလေ၊ ငါပြောတာ အဲဒီသဘောပါ"

"မဟုတ်သေးဘူး မေ၊ တကယ်တော့ နင်လုပ်နေတာတွေကို ငါ နားမလည်နိုင်တော့ဘူး။ နင် နေမကောင်းဖြစ်လို့ ဆေးခန်းသွားစရာအကြောင်းမရှိရင် ငါ့ကိုခေါ်သင့်တာ မဟုတ်ဘူးလား။ မှတော့ နင်က ကိုဇေ့ကို ခေါ်တယ်၊ အဲဒါ ဘာသဘောလဲဆိုတာ ပြောပြစမ်းပါ"

သူ့စကားများကို နားထောင်ရင်း မေ့နားတွေ ဆူဝေလာသည်။ ခေါင်းလုံးများလည်း ပြာရှင်လာ၏။ မူးနောက်သည့် ခံစားမှုကြောင့် နားထင်ကို လက်မနှင့် ထောက်ထားလိုက်ရသည်။

ထိုအခြေအနေမှ နောင်ရှိးက မေ နေမကောင်းသည်ကို သတိရသွားဟန်

"တော်ရိုးဟာ မေ၊ ဒီအချိန်မှာ ငါ ဒါတွေမပြောသင့်ဘူးဆိုတာ သိပါတယ်"

မေက လက်ပြန်ကာပြလိုက်ပြီး အခန်းထဲသို့ ယိုင်နဲ့သော ခြေလှမ်းများနှင့် ဝင်ခဲ့သည်။ အခန်းဝအရောက်မှာတော့ နောင်ရှိးဘက်သို့ ပြန်လှည့်လိုက်ကာ

"ဆယ်နာရီတောင် ထိုးနေပြီ၊ နင်မပြန်သေးဘူးလား နောင်"

"ပြန်တော့မှာပါဟာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို တံခါးတွေကို သေချာပိတ်ပေးသွားစမ်းပါနော်၊ ငါ
နားချင်ပြီ"

အခန်းတံခါးကို ချပ်ခနဲ ပိတ်ကာ ပျောက်ကွယ်သွားသော
မေ့ပုံရိပ်ကို နောင်နိုး ရင်တွေပူပြင်းခြောက်သွေ့နေ၏။ ဗလောင်ဆူနေ
ယယ်ယယ်တည်းက ချစ်ခဲ့ရသော သူငယ်ချင်းလေးမို့ စိတ်ထဲ
တော်တော်လည်း ဝမ်းနည်းနေမိသည်။ ကိုယ့်ဘက်ကတော့ သူ့ကိုခင်မင်
တွယ်တာလိုက်ရတာ။ သူကတော့ ကိုယ့်ကို မုန်းသသည့် လူတစ်ယောက်
နှင့်တောင် နှိုင်းယှဉ်နေပြီ။ ရင်ထဲက မီးတောက်မှာ တိမ်ညိုတွေ အုံ့နဲ့ကျင်း
အုံ့ဆိုင်းနေကြသလိုပါပဲ။

မေ တစ်ယောက် နေပြန်ကောင်းလျှင်တော့ သူ့ရင်ထဲမှာ ပြော
ချင်နေတာတွေကို ဖွင့်ပြောပစ်လိုက်တော့မို့ သူ စိတ်ကူးလိုက်သည်။
သူ့ကို မေ စိတ်မဆိုးလောက်ပါဘူးနော်။

■ ■ ■

လေဆိပ်လမ်းထဲတွင် ကားလေးက ရိပ်ခနဲ မောင်းနေပေမယ့်
လေဆိပ်ကြီး၏ ကြီးကျယ်ခမ်းနားမှုကိုတော့ လှမ်းကာမြင်တွေ့နေရ၏
ဒီနေ့ ဦးအောင်ကို သူတို့နှစ်ယောက် လေဆိပ်လိုက်ပို့ကြခြင်း
ဖြစ်သည်။ ဦးအောင်မျက်နှာက အချိန်အကြာကြီး မျှော်လင့်စောင့်စား
လာခဲ့သမျှ မကြာခင် ပြည့်ဝတော့မည်မို့ ပြုံးရိပ်သမ်းနေသည်။



လေဆိပ်အဆောက်အဦးကြီးထဲဝင်ပြီး မကြာမီပင် လေယာဉ်
ထွက်ခွာတော့မည့် ကြေညာသံထွက်လာသောကြောင့် ဦးအောင်က သူတို့
နှစ်ယောက်စီကို ရင်ဘတ်ချင်းအပ်၍ နှုတ်ဆက်လိုက်ပြီး

"ကဲ ငွတ်ဘိုင်ကွာ သွားတော့မယ်၊ အလုပ်ကိုလည်း ဒီထက်
တိုးတက်အောင်လုပ်ကြ၊ ငါလည်း မုန်းနဲ့အမြဲတမ်း ဆက်သွယ်နေမှာပါ"

"ဟုတ်ကဲ့ ဦးအောင်၊ ကျွန်တော်တို့ကတော့ စိတ်ချပါ"

ထင်ကျော်က ကတိတွေပေးသည်။

"မောင်ဇေ မင်းလည်းကျောင်းကိုတက်နော်၊ ဘာမှမပူနဲ့ လို
တာရှိရင် ဦးအောင်ကို လှမ်းသာပြော"

"ဟုတ်ကဲ့ပါ ကျေးဇူးတင်ပါတယ် ဦးအောင်"

ဦးအောင်က လက်ပြနှုတ်ဆက်ကာ ထွက်ခွာသွားတော့ သူတို့
လည်း လေဆိပ်မှထွက်လာခဲ့ကြသည်။ ထင်ကျော်က ကားကိုမောင်းနေ
ရင်းနှင့်

"ကဲ ရှိသမျှတာဝန်တွေကတော့ ငါတို့ ပခုံးပေါ်ကျလာပြီ"

"အင်းပေါ့ကွာ ငါကတော့ ဦးအောင်ကို တကယ်ကျေးဇူးတင်
မိတယ်"

"အောင်မာ မင်းက အမေကျော်ပြီး ဒွေးတော်လွမ်းတာပဲ"

"ဟား ဟား မဟုတ်ပါဘူးကွာ၊ မင်းကိုငါက ပြောနေစရာ



www.burmeseclassic.com

www.burmeseclassic.com



မလိုအောင် ရင်ထဲကနေ လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်နေပြီသားပါ"

ထိုသို့ပြောမှ ထင်ကျော်မျက်နှာက ပြုံးဖြီးဖြီးကြီးဖြစ်သွားပြီး

"အေးပါကွ ဒါနဲ့ ငါတို့နောက်သုံးရက်လောက်ဆို နယ်ထင်

မယ်နော်၊ မင်းပြင်စရာရှိတာ ပြင်ထားဦး"

"ဘာပြင်စရာလိုလဲကွာ၊ ဘယ်နှရက်မှ ကြာမှာမှ မဟုတ်တာ"

"တစ်ပတ်လောက်လည်း ကြာချင်ကြာမှာလေကွာ"

"အေးပါ ငါပြင်ထားပြီးသားပါ"

ဆိုင်သို့ပြန်ရောက်တော့ ဆိုင်ဝန်ထမ်းကောင်လေးတစ်ယောက်

က စာရွက်ခေါက်လေးတစ်ခု ထိုးပေးကာ

"ကိုဇေ ခင်ဗျားအတွက် စာတစ်စောင်ရောက်နေတယ်"

သူက စိတ်ထဲ အံ့အားတသင့်ဖြစ်သွားကာ လှမ်းယူလိုက်ပြီး

"ဘယ်သူလာပေးတာလဲ"

စာလေးက ဒီတိုင်းခေါက်လျက်သားလေးမို့ စာတိုက်က လာ

သော စာမဟုတ်တာ သေချာသည်လေ။

"ဟိုတလောက လာတဲ့ကောင်မလေးလေ၊ ဆံပင်တိုတိုလေးနဲ့"

"ဟင်"

ယခုမှာ ဟင်ခနဲဖြစ်ကာ မေ့မျက်နှာလေးကို မြင်မြင်လိုက်ပြီး

လက်ကလည်း စာလေးကိုဖွင့်ဖတ်ပြီးသား ဖြစ်သွားသည်။





ကိုဇေယသု

ဟိုတစ်နေ့က နှောင့်ယှက်သလိုဖြစ်သွားရင် တောင်းပန်ပါတယ်

နော်။ မေ့ဘက်က အရမ်းတစ်ကိုယ်ကောင်းဆန်သလို ဖြစ်သွားတယ်။

ဒါပေမဲ့ အဲဒါဟာလည်း ရှင့်ကိုခုကွာပေးချင်လို့သက်သက် မဟုတ်တာတော့

သေချာပါတယ်။ မေ့ကို စိတ်မပျက်ဘူးဆိုရင် ဒီနေ့ညနေ ဟိုလမ်းချိုလေး

ကနေ မေ စောင့်နေမယ်နော်။

ရင်တွင်းမေ

စာလေးကိုဖတ်ပြီး သူ့ရင်တွေ ရှုပ်ထွေးနေသည်။ မေ့ကို သူက

ဘယ်လိုနည်းနဲ့မှ စိတ်မပျက် စိတ်မဆိုးနိုင်တာ မေမှ မသိနိုင်ဘဲလေ။

ထင်ကျော်ကလည်း စာလေးကိုဖတ်ကာ သိသိသာသာ မျက်နှာ

ပျက်ကျသွားသော ယသုနားသို့ ရောက်လာပြီး

"ဘာစာလဲကွ မင်းဖော်ပြောတဲ့ပုံအရဆို မေ့ပုံစံလေးပဲ"

"အင်း ဟုတ်တယ် မေ ရေးထားတဲ့စာ"

"ဘာတွေရေးထားလို့ မင်းမျက်နှာက ဒီလောက်ထိ ပျက်သွန်း

နေတာလဲ"

"ရော့ ဖတ်ကြည့်ကွာ"

သူက ထင်ကျော်လက်ထဲသို့ စာခေါက်လေးကို ထိုးထည့်လိုက်

သည်။ ထင်ကျော်ကလည်း ဖတ်ပြီးတာနှင့် သက်ပြင်းကိုချ၏။



www.burmeseclassic.com

www.burmeseclassic.com



"မင်းဘယ်လိုလုပ်မှာလဲ ကောင်မလေးက မင်းအပေါ်မှာ သံယောဇဉ်ဖြစ်နေတာတော့ သေချာပြီ"

"ငါလည်း မပြောတတ်တော့ဘူးကွာ၊ အတော့နှင်းကခဲ့တော့ ငါ တစ်ယောက်တည်း ကြိတ်မှိတ်ခံစားနေရတာကို တင်းမထားနိုင်တော့လို့ ဖွင့်ပြောမလားဆိုပြီးတော့ စဉ်းစားမိသေးတယ်၊ ခုတော့ ပြောလို့မထွက်တော့ဘူး၊ တစ်ပြောရရင် မပြောရက်တော့ဘူးဆိုတာ ပိုမှန်လိမ့်မယ်"

"ဟာ မင်းက တစ်မျိုးပါလားကွ၊ ဒီမှာ အခြေအနေက မင်းအတွက် အရမ်းကောင်းနေပြီ၊ ဒီအချိန်မှ နောက်ဆုတ်ဖို့ မင်းမို ကြိုးစားတယ်"

ယသုက ခေါင်းကို ဖြည်းဖြေးလေးမှာ ခါလိုက်ပြီး

"အေးလေ သူ ငိုက်ကို ပင်မင်းစိမ်းစိမ်း ဖြင်းဖို့ လုံးဝသေချာတယ်ဆိုရင် ငါ ဖွင့်ပြောမိမှာကွ၊ ခုဟာက"

"ကျွတ် မင်းကတော့ ဘာကယ်ပါကွာ၊ ဘာမှမဟုတ်တာကို သနားတာကြောင်နေတယ်"

"ငိုက်ကို ဒီလိုမပြောနဲ့ ထင်ကျော်၊ ငါ မပြောရက်တော့တာက သူ့ကိုငိုတဲ့ ချွဲမထည့်ချင်လို့ သူ့ရဲ့ အရာရာပြည့်စုံနေတဲ့ ဘဝလေးကွာ ပြီးတော့ သူ့စိတ်တွေ ငါဘယ်လိုလုပ်ရမလဲ ဘယ်လိုမှ မဖြစ်နိုင်ဘူးကွာ"



"မင်း ကောင်းလေးကလည်း ယောက်ျားမဟုတ်တဲ့ကာတွန်းပါလား ဒါတော့ မင်းကိုကြည့်မရတော့ဘူးနော်"

ထင်ကျော်က သူ့ကိုအပြစ်တင်သလို မျက်စောင်းကြီးခဲ့ကာ ပြောခဲ့

"ဒါဆို မင်းပြောသလို ယောက်ျားမဟုတ်တာ သနားတာကြောင်တာမဟုတ်ဘူး၊ ဒါဆို အချစ်ကွ၊ ကိုယ်အပိုင်ချစ်တဲ့သူကို ဒုက္ခတွင်းထဲ ဆွဲမသွင်းရက်တဲ့ အချစ်"

"မဆိုင်တာ မပြောပါနဲ့ကွာ၊ ဘယ်ကတော့ အချစ်ဆိုတာ တစ်ကိုယ်ကောင်းဆန်တယ်လေ၊ ဒါဆိုတော့ မင်းလိုချင်တာကို ပိုင်ဆိုင်ခွင့်ရအောင်ပဲ ကြိုးစားသင့်တယ်"

ထင်ကျော်ကကြိုးပမ်းပြန်တော့လည်း သူ ခေါင်းလေးသာ ပြန်သည်။ သူ့စိတ်တွေ တည်ငြိမ်မှုမရှိတော့တာတော့ ဝန်ခံရပေမည်။ ဘယ်တော့ သူက မချစ်သင့်သည့်သူကို ချစ်မိသွားတာပဲ မဟုတ်လား။

တစ်နေ့လုံး ဆိုင်မှာနေရတာ သူ စိတ်မပါတော့။ လူက နာရီကို တကြည့်ကြည့်ဖြစ်နေပြီး ပုံမှန်သင်တန်းသွားချိန်ရောက်တော့ လူက ရောမပြီးတော့ပါ။ ဒါကိုသတိထားမိသော ထင်ကျော်က

"သွားစမ်းပါကွာ မင်းကိုကြည့်ရတာ စိတ်မရှည်တော့ဘူး"

"ငါ ဘာဆက်လုပ်ရမလဲကွာ"

www.burmeseclassic.com

သူ စိတ်ပျက်လက်ပျက် ဖြေလိုက်သည်။

"မင်းရင်ထဲက ဆန္ဒတွေအတိုင်းပဲ လုပ်ပေါ့၊ ဘာကိုမှ တွေဝေမနေနဲ့ လူ့နိုက်စကားတစ်ခွန်း သင်ပေးလိုက်မယ်၊ နောင်ခါလာ နောင်ခါချေး တဲ့၊ ကြားဖူးတယ် မဟုတ်လား၊ လုပ်ကွာ၊ စိတ်ထဲရှိတဲ့အတိုင်းသာ လုပ်"

ထင်ကျော်ကလည်း အဲ့ဒီပုံးကိုဖက်ကာ ကောင်းကောင်းကြီး ဖြောက်ပေး၏။ သူ့စိတ်ထဲမှာလည်း မေ နေမကောင်းသေးရဲ့လားဆိုသော ပူပန်စိတ်လေးကလည်း ရှိနေသည်။ တော်ကြာ နေမကောင်းသေးဘဲ လာသည်ဆို သူစိတ်မကောင်းဖြစ်ရမှာ သေချာသည်။

ဟိုးတစ်နေ့တည်းက မေ့ကိုသူ မေ့ရှိကြီးစားခဲ့၏။ မေ့ဆီလည်း ဆက်သွယ်ရန် မကြိုးစားခဲ့။ တစ်ပတ်မျှပင် ရှိပြီမဟုတ်လား။ ထိုအချိန်မှာမှ မေ့ထံက ဒီလိုဆက်သွယ်မှုမျိုးရတော့ သူ တော်တော် တုန်လှုပ်နေပါပြီ။ ဖြစ်ချင်တာတွေကို ကြိတ်မှိတ်မြိုသိပ်ထားရသော ဘ၀ကလည်း ဆိုးရွားလွန်းလှ၏။

"ဒါ ငါ သွားကြည့်မယ်ကွာ"

ပြောပြီးသည်နှင့် ဆိုင်ထဲမှ သုတ်ခြေတင်ထွက်ခဲ့လိုက်သည်။ သူတို့ တောင်ဆုံတွေ့ခဲ့သော လမ်းချိုးလေးသို့ရောက်တော့ သူ ရုတ်ချည်း မတွေ့ရ။ ထောင့်ချိုးလေးမှနေ၍ ပုန်းကွယ်ကာ ချောင်းကြည့်လိုက်သည်။





ခပ်မွဲမွဲလေး ရွာနေသော မိုးစက်များအောက်မှာ မေက ရာသီဥတုနှိုက်လေးထောင်းကာ ရပ်နေ၏။ မေ့မျက်လုံးလေးများက လမ်းထောင့်မှလေးသို့သာ မျှော်လင့်တကြီး စောင့်ကြည့်နေပုံ။ ဒီနေ့မှ မေ့အပြင် ဝတ်ဆင်ကလည်း ထူးထူးခြားခြားလေး ဖြစ်နေသည်။

အရင်က တီရှပ်နှင့်ဘောင်းဘီကျပ်ကျပ်၊ ကောပ်တိုတိုလေးများသာ ဝတ်တတ်သော မေသည် အခုတော့ တစ်မျိုးဆန်းသစ်စွာ အဖြူခံပွင့် အနီရောင် ချယ်ရီသီးပုံလေးများပါသော ထဘီကို လှပဆန်းသစ်စွာ ချုပ်ထားသော ရင်ဖုံးအကျီအနီရဲရဲလေးနှင့် တွဲဖက်ဝတ်ဆင်ထား၏။ လက်ထဲတွင်လည်း အနည်းငယ်ကြီးမားသော အိတ်လုံးလုံးလေးကို ကိုင်ထားသည်။ အနီးအနားတွင်လည်း သူမစီးနေကျ ဂျစ်ကားကို မတွေ့ရ။

သူ ပထမတော့ မေ့ကို သတိရသည့်စိတ်များ ပျောက်ကွယ်သွားအောင်ထိသော် ချောင်းကြည့်ရန် ရည်ရွယ်ခဲ့ခြင်းဖြစ်၏။ မေ့ကိုမြင်ရတော့လည်း သူ့စိတ်တွေက အလိုလိုထိန်းမနိုင်ဖြစ်နေပါသည်။

သူ့ကိုယ်သူ မသိလိုက်ခင်မှာပင် သူဟာ လမ်းထောင့်ချိုးလေးမှ ထွက်လိုက်ပြီးဖြစ်၏။ သူ့ကိုမြင်တော့ မေ့မျက်နှာက အလွန်ပင်ပျော်ရွှင်သွားသလို သွားတန်းလေးများ လက်ခနဲ ဖြစ်သွားသည်ထိ ယသုကို ပြုံးရယ်ပြသည်။

"ရှင့်ကို မလာတော့ဘူးလို့ မေက ထင်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



ရွှင်ရွှင်မြူးမြူးလေးပြောလိုက်သော မေ့အသံက တကယ့်ကိုပင် လန်းဆန်းတက်ကြွနေ၏။ မေ နေကောင်းသွားပါပြီ။

"မေ နေကောင်းသွားပြီပေါ့နော်"

"အင်း ကောင်းသွားပြီ၊ ဒီနေ့ ရှင့်သင်တန်းကို ဖျက်လို့ရမလား

ဟင်"

"ဘာလို့လဲ မေ၊ သင်တန်းက ဒီနေ့မရှိဘူး၊ ပိတ်ရက်လေ"

"ဒါဆို မေ ကျွေးတာလိုက်စားရမယ်"

မေ့စကားက အထူးအဆန်းမို့ သူ ကြောင်သွားသည်။

"ဘာကိုလဲ မေရဲ့ ကိုယ် နားမလည်ဘူး"

"အဟင်း ဒီနေ့ မေ့မွေးနေ့မို့ပါ၊ မုန့်လိုက်စားရမယ်နော်"

"ကိုယ် မလိုက်နိုင်"

"ဟာ မရဘူးနော်၊ ရှင်မလိုက်ရင် မေ ထိုင်ငိုလိုက်မှာ"

သူက ငြင်းမိုကြိုးစားစဉ် မေက သူ့စကားကိုတောင် အဆုံး

ဘဲ လမ်းမပေါ်၌ တကယ်ပင် ထိုင်ချလိုက်သောကြောင့် သူ့မှာတော်တော်

လေး ယောက်ယက်ခတ်သွား၏။

"မေ မေ ဘာလုပ်တာလဲ"

"ဒီမှာ တကယ်ထိုင်ငိုမှာ ရှင်မလိုက်ရင် ထိုင်ငိုနေမှာ၊ တကယ်

မထဘူး"



ပြောနေရင်းနှင့် မေ့အသံလေးက တိမ်ဝင်ကာ မျက်ဝန်းမှာ

လည်း မျက်ရည်စတို့ ဝိုတွဲလာသည်။ သူ တကယ်ပင် ထိတ်လန့်သွားရ၏။

"ဟောဗျာ မငိုနဲ့လေ"

"မရဘူး ရှင်မလိုက်ရင် ငိုမှာပဲလို့ ပြောနေတယ်လေ"

"ရော် ခက်ပြီ၊ ကိုယ်တို့ဆိုင်မှာ ခုဆို ညပိုင်းပါ ထပ်ချဲ့ဖွင့်

လိုက်တော့ ကိုယ် မအားဘူးကွ၊ ပြီးတော့ မင်းသူငယ်ချင်း နှောင်ရိုး

ရှိတာပဲ၊ သူနဲ့ပဲ သွားလိုက်ပါ"

သူ့ဘက်က ရှဲ့ပြောလိုက်ခြင်း မဟုတ်တာ သေချာပါသည်။

သူ့စိတ်ထဲမှာ မေ့အတွက် အစစအရာရာ အဆင်ပြေနိုင်သော နှောင်ရိုး

ထွန်းသည်သာ အကောင်းဆုံးဟု သတ်မှတ်ထား၏။ ထို့ကြောင့်လည်း

ထိုစကားကို ပြောလိုက်ခြင်းဖြစ်သည်။

သို့သော် မေကတော့ ဘယ်လိုသဘောပေါက်သွားသည်မသိ။

ဆတ်ခနဲ မတ်တပ်ပြန်ရပ်လိုက်ကာ

"မဟုတ်ဘူးနော် မေနဲ့နှောင်က ဘာမှမဟုတ်ဘူး"

"ရော် ကိုယ်ကလည်း ဘာပြော ဲ့လို့လည်းဗျာ၊ မေတို့သူငယ်ချင်း

တွေပဲ အေးအေးဆေးဆေး တွေ့သင့်တယ်ထင်လို့ပါ၊ မွေးနေ့ဆိုတာမျိုး

က ကိုယ်နဲ့ရင်းနှီးတဲ့ မိသားစုတွေ မိတ်ဆွေသူငယ်ချင်းတွေနဲ့မှ ကောင်း

တာ မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



သူက ထိုသို့ပြောလိုက်ကာ စိတ်ထဲမှာလည်း မေ့ မေမေကိုမှ မေ သွားကန်တော့ဖြစ်ရဲ့လားဟု တွေးလိုက်ပြန်သည်။

"ဘာလဲ ရှင်က မေနဲ့ မရင်းနှီးချင်ဘူးလို့ ဆိုလိုတာလား"

"ဟာ မဟုတ်ရပါဘူးဗျာ၊ ကိုယ်ပြောချင်တာက"

"ဘာလဲ ပြောလေ ပြော ဘာတွေဆင်ခြေပေးချင်နေတာလဲ"

မေက ရန်တွေ့သလိုလေး ခါးထောက်ပြီး ခပ်စွာစွာပြောသည်။

"တကယ် မအားလို့ပါ"

"မရဘူး ဒမ ထိုင်ငိုမှာလို့ ပြောပြီးသားနော်"

မေက တကယ်ပင် ငုတ်တုတ်ပြန်ထိုင်ချကာ မျက်ရည်များ ဝိုဝိုပေါက်ပေါက်ကျလာသည်ထိ ငိုတော့သည်။ မျက်ချင်းကိုကျလာသော မျက်ရည်များမို့ ယသုမှာ မည်သို့မျှပင် တားချိန်မရလိုက်။

"ဟာ ကျွတ် မေ မင်းကွာ ကိုယ့်ကို ပြဿနာရှာနေတာလား"

သူ့စကားဆုံးတော့ မေက သူ့ကိုမော့ကြည့်သည်။ မျက်ရည် ကြောင့် နီရဲနေသော မေ့မျက်လုံးများက အရောင်တွေထွက်ကာ စူးရှ စူးစိုက်ကြီး သူ့ကိုစိုက်ကြည့်နေ၏။

"ရှင့်အတွက် မေက ပြဿနာမလို့ ပြောလိုက်တာလား"

သွားပြီ။ ရုတ်တရက် သူ အမှတ်မထားဘဲ ပြောလိုက်သော စကားက မေ့ရင်ကို တည့်တည့်ထိသွားတာ သေချာသည်။ သို့သော်



သူကတော့ ပြန်လည်ဖြေရှင်းခြင်း မပြုတော့ပါ။

"ဟုတ်တယ်လေ၊ ကိုယ် မင်းကိုဒီလောက်ရှင်းပြနေတာတောင် နားမလည်ဘဲ ဂျစ်တိုက်နေတာ ဘာသဘောလဲ၊ ဒီမှာအလုပ်ရှိပါတယ် လို့ ပြောနေတာကို၊ ဘာတဲ့ ဒါတောင် ကိုယ်နဲ့ရင်းနှီးချင်သေးတယ် ဟုတ်လား။ ကိုယ့်ကို နားလည်မပေးနိုင်တဲ့ လူတစ်ယောက်က ဘယ်လို လုပ်ပြီး ကိုယ်နဲ့ရင်းနှီးမှာလဲ"

သူ့စကားများက နှုတ်များမှ တရစပ်ထွက်ကျလာသည်ကို မေ ကတော့ မြူးကြောင်အဲ့သြနေသော မျက်နှာဝန်းလေးများနှင့် မော့ငေး ကြည့်နေ၏။

"မင်းဒီလိုမျိုး လုပ်ချင်တာတွေပဲ ဇွတ်လုပ်နေမယ်ဆိုရင်တော့ ကိုယ်လည်းဆက်ပြီး သည်းခံနိုင်မယ်မထင်ဘူး။ ခုလည်း မင်းပြန်ပါ တော့"

သူက ပြောချင်ရာပြောကာ ရှာခနဲ လှည့်ထွက်ခဲ့သည်။ ခြေ လှမ်းကြဲကြီးများနှင့် လျှောက်ထွက်လာခဲ့သော်လည်း သူ့စိတ်များကတော့ မေ့ထံမှာ ကျန်ခဲ့ပါပြီ။ လက်သီးများကို ကျစ်ကျစ်ဆုပ်ကာ ဖဲကိုတင်းပြီး လျှောက်နေရသော ခြေလှမ်းများက နောက်မှနေ၍ သူ့ဝမ်းဗိုက်ထဲ သိုင်း ဆိုက်သော အထိအတွေ့ကြောင့် ရှေ့ဆက်မရပါဘဲ ရပ်တန့်သွား သည်။

www.burmeseclassic.com



နောက်ဆက်တွဲမှာသိပ် ချောမွေ့သော အထိအတွေ့လေးသည် ယသု
နှလုံးသားလေး အပြင်သို့ ထွက်ကျမတတ် လှုပ်ခါနေအောင် ဆွဲငင်နေ
သလိုပင်။

"အဲဒီလိုပြောပြီး ထွက်မသွားပါနဲ့နော်၊ အဲဒီလိုတော့ မပြော
နဲ့"

ရှိုက်သံစွက်နေသော် အသံတိုးတိုးလေးက မိုးမွှဲလေးများကြား
မှ ပေါ်ထွက်လာသည်။

တကယ်တော့ သူကိုယ်တိုင်လည်း ပြောချင်လို့ ပြောခဲ့သည်
မဟုတ်ဘဲလေ။ သို့သော် ခုတော့ အခြေအနေတွေက ပြင်မရအော
ပျက်ယွင်းနေခဲ့ပြီ၊ သူ ဘာဆက်လုပ်ရမလဲ။ ဒီအခြေအနေကို အကော
ဆုံးဖြစ်အောင် ဘယ်လိုကိုင်တွယ်ရမလဲ။

သူ တွေးနေမိသည်။ နှလုံးသား၏အလိုအတိုင်းသာ လုပ်မိ
ကတော့ သူ့စိတ်တွေ မည်သို့မျှ ထိန်းချုပ်နိုင်ခြင်း မရှိမှာ သေချာပါ
သို့သော်လည်း ဦးနှောက်ကဲ့သို့ အသိတရားမရှိသော နှ
သွားသည် မိုက်ရူးရဲဆန်တတ်သည်။

တစ်ဖက်နှင့်တစ်ဖက် ဆုပ်ကိုင်ကာ သူ့ကျောကိုသိုင်းဖက်ထ
သော လက်ကလေးနှစ်ဖက်ကို ပြန်လည်၍ဆုပ်ကိုင်လိုက်ပြီး မေ့နှင့်မျက်
ချင်းဆိုင်လိုက်သည်။





ထို့နောက်တော့ သူ့ရင်ခွင်ထဲတွင် မေ့ကိုလွတ်ထွက်သွားမည့်
အလား အတင်းအကျပ် ပြန်ပွေ့ပြီး ပွေ့ဖက်လိုက်၏။

"မေရယ် ကိုယ် ချစ်ပါတယ်၊ မေ့ကိုချစ်ပါတယ်ကွာ"

သူ့နှုတ်မှ တိုးတိုးရေရွတ်တော့ သူ့ကိုဖက်ထားသော မေ့လက်
လေးများ ပိုပြီးတင်းကျပ်သွားသည်ဟု သူထင်သည်။ ဒါဟာ မေ့ဆီက
အဖြေတစ်ခုဆိုတာ သူသိပါပြီ။

"မေ မငိုနဲ့တော့နော်"

ယသုက ငိုရှိုက်နေဆဲဖြစ်သော မေ့ မေးဖျားလေးကို လက်နှင့်
ပင့်မော့ကာ ပြောလိုက်တော့ မေက သူမ၏ လက်ခုံနှင့် မျက်ရည်များကို
တရကြမ်းပွတ်သုတ်ပစ်လိုက်ပြီး သွားလေးများပေါ်သည်ထိ ပြုံးပြလိုက်၏။

"ချစ်လိုက်တာ မေရယ်"

မေ့ နဖူးလေးကို ငုံ့နမ်းလိုက်ရင်း သူပြောမိသည်။ ထိုအခါ
သူမက ရှက်ခစ်ရုပ်သည်။ ကံကောင်းတာတစ်ခုကတော့ ထိုလမ်းချိုးလေး
သည် လူအသွားအလာသိပ်မရှိသော လမ်းကြားလေးလိုဖြစ်နေခြင်းပင်။

"အလုပ်မအားတာတွေ ထားခဲ့ပြီး မေနဲ့လိုက်ခဲ့တော့နော်"

"ဟောဗျာ ကိုယ့်ကို ဘယ်ခေါ်သွားမလို့လဲ"

သူက ထိတ်လန့်ဟန်လေးပြောတော့ မေက သူ့ရင်ဘတ်ကျယ်
ကြီးကို လက်သီးဆုပ်လေးနှင့် လှမ်းထုကာ



www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေပြောနေတာလဲ၊ မေ့မေ့နေ့ မုန့်သွားစားမယ်လို့ ပြော ထားတယ်လေ"

"မေရယ် ကိုယ်အရမ်းပျော်နေတယ် သိလား"

"ဟောင်မှာ သူကများပြောရတယ်ရှိသေး။ မြို့တုန်းကဖြင့် မြို့ နေပြီးတော့ မေ့မှာတော့ သိက္ခာတွေကျကုန်ပါပြီ"

မေ့စကားကြောင့် ယသုက မေ့ ပါးဖောင်းဖောင်းလေးကို အ နည်းငယ် ဆွဲညှစ်ပစ်လိုက်မိပြီး

"အဲဒီလိုမပြောနဲ့ကွာ၊ ကိုယ်တို့တစ်ယောက်ကိုတစ်ယောက် ချစ် တယ်လေ၊ အချစ်မှာ သူ့ဘက်ကိုယ့်ဘက်ထည့်တွက်နေမှတော့ အရွ တွေ့မြစ်ကုန်တော့မှာပေါ့"

"အပြောကောင်းလိုက်တာ ဒါတောင် နယ်ကလာတာတဲ့"

"ကိုယ်က ရန်ကုန်သူတွေလို ဈေးသိပ်မတတ်ပါဘူးဗျာ"

"မတတ်ပေလို့ပဲ နို့နို့ မေပဲခံနေရမှာ"

မေက မျက်စောင်းလေးထိုးကာ ပြော၏။ သူ့ရင်ထဲမှာ နှလုံး သွေးများဖြင့်သာ စီးဆင်းနေသည်ဟု ထင်လာမိသည်။ မေ့ကို သူ ဘယ် တုန်းက ဒီလောက်ထိ ချစ်သွားမှန်းတောင် သူမသိတော့။

"ဘယ်မှာစားချင်လဲ ပြောလေ"

"ကိုယ့်လိုတောသားက ဘယ်သိပါ့မလဲကွာ"



မေက မျက်စောင်းထပ်ထိုးပြန်ပါသည်။ ထိုမျက်စောင်းလေး တွေထဲမှာ မေ့ရဲ့ချစ်ခြင်းတွေ ပျော်ဝင်နေသည်ဆိုတာ ယသု အတပ်ပြော နိုင်၏။

"ဒါဆိုလည်း ဗိုက်ပြည့်တာ စားချင်လား၊ ဒီတိုင်းအရည်ပဲ သောက်မလား"

"ဒီမေ့နေ့ရှင်ကလည်း ကိုယ်ကျွေးချင်တာ ကျွေးပေါ့ဗျာ၊ ဘယ့်နှယ် စားရမယ့်သူကို မေးနေတော့ ရှက်စရာပေါ့"

"မေက ရှင့်ကိုဦးစားပေးတာပါ"

မေ့အပြောလေးကြောင့် သူ့ရင်ထဲ အလွန်ကြည်နူးသွားပြန် သည်။ တကယ်ပဲ မေနဲ့သူဟာ ချစ်သူတွေဖြစ်ခဲ့ပြီပေါ့။ သူ့နှုတ်ခမ်းများက ရပ်တန့်လို့မရအောင် သွားများအားလုံးပေါ်သည်ထိ ပြုံးရယ်ဟန်ပေါ်ကာ နေသည်။ ဒီနေ့လောက် လောကကြီးသာယာတာ မတွေ့ဖူးပါဟုလည်း ပြုံးညိုးနေသော ကောင်းကင်ကိုကြည့်ကာ စိတ်ကူးနေမိ၏။

အချစ်ဆိုတာ ဒီလိုပဲ မျက်နှာလိုက်တတ်သလားဗျာ။

နောက်ဆုံးတော့ မေက ကြေးအိုးသောက်ရအောင်ဟု ပြုံးခွယ် နာပည်ကြီး ကြေးအိုးဆိုင်တစ်ခုသို့သွားရန် ဆုံးဖြတ်လိုက်ကြသည်။

"မေ့မှာ ကားမပါဘူးလား"

"ဟင့်အင်း၊ တမင်မယူခဲ့တာ၊ ရှင်နဲ့အတူတူ မိုးရေထဲ့သွားတဲ



www.burmeseclassic.com

www.burmeseclassic.com



လမ်းလျှောက်ချင်လို့"

"ဒေါ် စက်ပြီ မောလာတော့လေ ရှုမနေကောင်းတော့ မကြာသေး ဘဲနဲ့ကွာ"

သူက မျက်မှောင်ကြုတ်၍ကာ သူ့မျက်နှာလေးကို မကျေနပ် ဟန်နှင့်ကြည့်ပြီး ပြောလိုက်တော့ မောက စက်လေးကိုပဲ လျှာလေးထုတ် လမ်းထုတ်ကာ

"လျှောက်ချင်လို့ပါဆို မိုးရွာတွေထဲ လမ်းလျှောက်ရတာ စိတ် လောက်မျှော်ရောကောင်းတာကြီးကို လျှောက်ရအောင်နော်"

ကလေးလေးတစ်ယောက်လို ဆိုလာပြီးတော့သည်။ သူမှသက်ပြင်း ကြီးချရင်း လိုက်လျှောမိမ်းပြုတ်ချပြီးပါ။ လက်စုံလေးတော့က ... သွားသော မျက်နှာလေးကြောင့် သူသည်။ မနှင်းတွေ ... သည်။

အချိန်ကာလတွေကို မိတ်ဦးမလေသော ရှင်တေးပေးလိုက်ချင် ... တော့သည်။ ရှေ့ခရီးမှာက မှုလောင်လေသာကတွေနဲ့ ပတ်သက်ရ ... မည်ဆိုတာကတော့ မေ့ဖင်မေ့စရာမလို့အောင် သေချာနေပြီလော ... လေ။

ရော့ရှင်ပြုတွေရှာ ခုနဲပါက်တော့မတတ် လမ်းလျှောက် ... သော မောက် သူ့ပြုံကြည့်ကာ တွေးမှုလိုက်မိသည်။ အတော်ကြာ ...





မောက သူ့စကားပြန်ရောက်လာကာ သူ့လက်မောင်းထဲသို့ သူမလက်လေး ထိုးသွင်းပြီး သူ့မျက်နှာကိုမော့ကြည့်၏။ သူက မေ့ထံတိုလေးများကို ဖွဲ့ပွယ်လိုက်သည်။

"ဟင်း ဘာလုပ်တာလဲလို့"

"ဓမ စိတ်ရှုပ်ရှင်လုပ်တတ်တယ်လေ"

"အင်း ဟုတ်တယ် ရှင်ဘယ်လိုသိလဲဟင်"

မျက်ဝန်းလေးများက အံ့ဩသောသံ့မော့ကြည့်ပြီး မေးလိုက် ပြီးပါ။

"သိတာပေါ့ကွာ ကိုယ်က မောက် ပါ့အေးတော့ဦးက သေတိသေး ကြည့်နေခဲ့ရတာပါ"

"သိနိုးလား"

မျက်နှာလေးက သူ့ကိုအပြစ်တင်ချင်ဟန် ရှက်သွားသည်။ ... လေသည်။ သူ ကျေနပ်တာပါပဲ။

"ကိုယ့်အချဉ်းနဲ့ မေဆိုတာ ဘယ်လိုမှုမဟုတ်ပြီ တွေ့ကြည့် ... တောင် မရှိဘူးလေ။ ဒါကြောင့်သည်။ ကိုယ်မခံစားနိုင်ခဲ့ပေမယ့် ... ကြိတ်ရိုက်ပြီးသိပ်ခဲ့တယ်"

"ကြည့်စမ်း ကြည့်စမ်း ခုတော့ အကျန်ခွင့်ပြောချင်ပြီပေါ့ ... တော့မှ မောက်ရှင်ချစ်တို့ဆဲနော် ရှိမှားမချင်ဝင် မှုအမြဲမှုတွေ



www.burmeseclassic.com

www.burmeseclassic.com



ကို တော်တော်အထင်သေးမှာပဲ''

"မေ့လို မိန်းကလေးတစ်ယောက်နဲ့ မချစ်မိဘူးဆိုရင် ကိုယ်
ရှုးနေလို့ပဲပေါ့၊ ကိုယ့်လိုတောသားကိုချစ်ခဲ့တဲ့ မေ့ကိုပဲ ကိုယ်က ကျေး
တင်ရမှာ''

"အဲဒီလို မပြောပါနဲ့၊ မေချစ်တာက ရှင်ကျေးဇူးတင်တာ ခံချင်
လို့မှ မဟုတ်တာ''

သူ့လက်မောင်းကို တွယ်ထားသော မေ့လက်ချောင်းလေးများ
အား ကျန်လက်တစ်ဖက်နှင့် သူက ဆုပ်ကိုင်ပစ်လိုက်သည်။

"ဟင်. မေ့ထီးလေးရော''

"ဟုတ်ပါရဲ့ ထီးလေးကိုတောင် မေ့သွားတယ်၊ ဟိုညသမီးချိုးခေ
မှာ ကျန်ခဲ့ပြီလေ''

ဘာမှမဟုတ်ပါဘဲ မိုးစက်များကိုမော့ကြည့်ကာ နှစ်ယောက်သ
ပြိုင်တူ ရယ်မောလိုက်တော့၏။

မေက ကြေးအိုးပူပူကို နှုတ်ခမ်းများစုချွန်ကာ တဖူးဖူးမှုတ်ပြ
သူ့ဘက်တိုးပေး၏။

"စားလေ မေက ဒီလောက်အများကြီး မကုန်ဘူး၊ မေ့ဟာ
ရှင် ဝိုင်းစားပေးနော်''

"မေ အစားကောင်းကောင်းစားရမယ်လို့ ဆရာဝန်က မှာထ





တယ်လေ၊ ဘာလို့ အဲဒီလိုမျိုး ထင်ရာစိုင်းချင်ရတာလဲ''

မေက မျက်နှာလေးကို ချက်ချင်းစူပုပ်ပစ်လိုက်ပြီး

"မေ နေကောင်းနေပြီပဲဟာ''

"ခုမှ နေကောင်းခါစရှိသေးတာကို၊ ဘာလို့ တဖွတ်ထိုး ခေါင်း
မာချင်တာလဲ မေရယ်''

"အဲဒါ မေ့အကျင့်ပဲ''

"မရဘူး၊ အဲဒါဟာ အကျင့်ဆိုးတစ်ခုဆိုတာသိရင် မြန်မြန်
ဖျောက်ပစ်နိုင်ရမှာပေါ့''

"မေ့အတွက်တော့ မဆိုးတော့ပါဘူး၊ တော်တော်ကို ရင်းနှီးကျွမ်း
ဝင်နေပါပြီ''

"မေ ကိုယ့်ကိုရွဲ့နေတာလား''

ယသုအသံက အနည်းငယ် ဓါးသသံစွက်သွားသောကြောင့်
မေ့မျက်နှာလေး မဲ့ကျသွား၏။ ထိုအခါမှ သူလည်း ကိုယ့်ကိုကိုယ် သတိ
ပြန်ထိန်းလိုက်ကာ

"မေ့ကို ကိုယ်ကဆူတာ မဟုတ်ဘူးနော်၊ မေ့ကို သိသင့်တယ်
ထင်တာလေး၊ မှန်မယ်ထင်တာလေးတွေ ပြောပြတာ၊ ဘာလဲ မေက
စိတ်ဆိုးလို့လား''

မေက ခေါင်းခါပြသည်။ မျက်နှာလေးကတော့ အပြည့်အဝ



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လင်လာခြင်းမရှိသေး။

"ဒါနဲ့ မေက ဒီနေ့တော့ မြန်မာဆန်နေပါလား"

သူက စကားလမ်းကြောင်းပြောင်းလိုက်သည်။ သို့သော် ထိုသို့ပြောလိုက်ခါမှ မေ့မျက်နှာက ပြုံးတော့မည့်ဟန်လို ပျက်ယွင်းသွားတော့၏။

"ဟာ မေ ဘာဖြစ်တာလဲ၊ ကိုယ် ဘာပြောမိလို့လဲ"

"မေ့မွေးနေ့တိုင်း မေနဲ့မေ့အစ်မတို့"

မေက ထိုသို့ပြောပြီး တစ်စုံတစ်ခုကို သတိရဟန် သူ့ကိုကြည့်လိုက်ကာ

"မေ့မှာအစ်မရှိတာ ရှင့်ကိုပြောဖူးလားဟင်"

သူ မည်သို့ပြန်ဖြေရမည်မသိ ဖြစ်သွားသည်။ သူ့ကိုရင်နှစ်သိအကြောင်း ပြောပြထားမှုခြင်း မရှိသော်လည်း သူက သိနှင့်ပြီးသားဆိုတာ မေမှမသိခဲ့ဘဲ။ ဘယ်လိုပြန်ဖြေရင် ကောင်းမှာပါလိမ့်။

သူတွေးနေစဉ်မှာပင် မေက သူ့ဘာသာ သဘောပေါက်သွားဟန်နှင့် ခေါင်းကို တဆတ်ဆတ်ညိတ်ပြီး

"ရှင့်ကိုမေ မပြောဖူးတာဘဲ ရှင်ဘယ်သိပါ့မလဲ၊ အခုရင်မသိလည်း ခုသိရမယ်၊ သေချာမှတ်ထားနော်၊ ရင်တွင်းမေမှာ ရင်နှစ်သဲဆိုတဲ့ အစ်မတစ်ယောက်ရှိတယ်၊ အဲဒီအစ်မနဲ့အတူတူ မေ့မွေးနေ့ဖြစ်ဖြစ် မမသဲ မွေးနေ့ဖြစ်ဖြစ် ရောက်တိုင်း ဘုရားသွားနေကျလေ၊ ဒီလိုလေး





တွေ ဝတ်ပြီးတော့ပေါ့၊ ခုလည်း စားပြီးရင် မေ့ကို ဘုရားလိုက်ပို့နော်"

တကယ်တော့ ယခုက ရင်နှစ်သဲနှင့်ပတ်သက်ပြီး ဘာကိုမှ အစပြန်မဖော်ချင်ပေမယ့် ဘုရားသွားမည်ဟုဆိုခြင်းမှ ငြင်းရန်ခက်တာနှင့်ပင် ကတိပြုလိုက်ရပါသည်။

"ပို့ပေးပါ့မယ် မေ၊ ဒါပေမဲ့ ကိုယ်ပြောမယ့် စကားတစ်ခွန်းကိုလည်း မေ လိုက်လျောရမယ်"

"ဘာလဲ ပြောလေ"

"မေ့အိမ်မှာ မေ့မိဘတွေ ဘာလို့မရှိတာလဲ"

"သူတို့က ရွှေတောင်ကြားက အိမ်မှာလေ၊ မေကတော့ မြို့ထဲကို ပိုသဘောကျလို့ ဒီမှာ တစ်ကိုယ်တည်းနေခဲ့တာ၊ ဘာဖြစ်လို့ မေးတာလဲ"

"ဒီနေ့မေ့မွေးနေ့လေ၊ မွေးနေ့မှာ အမိက မွေးနေ့ရှင်ပြီးရင် အရေးကြီးဆုံးက မိဘပဲ၊ ဒါကို မေ သဘောပေါက်လား"

မေက သူ့ကိုပြုံးကြောင်ကြောင်လေး ပြန်ကြည့်နေပြန်သည်။

"အဲဒီတော့ မေ့မိဘတွေကို မေ သွားကန်တော့သင့်တယ်"

သူ့စကားဆုံးတော့ မေက ဝေခွဲရခက်သောအကြည့်များနှင့် သူ့ကိုစူးစိုက်ကြည့်လိုက်ပြီး ထိုင်ရာမှ ဆတ်ခနဲ ထလိုက်၏။

"မေ မေ"



www.burmeseclassic.com

www.burmeseclassic.com



မေ့နှုတ်ကတော့ ဘာမှထွက်မလာ။ သို့သော် မေ တစ်ခုခုပြော

ချင်နေမှန်း သူရိပ်မိပါသည်။

"မေ ဘာပြောချင်လို့လဲ"

ယခု အမေးကြောင့် မေက သူစိတ်လှုပ်ရှားသွားခြင်းကို ပြ

ထိန်းချုပ်လိုက်ကာ နှုတ်ပြန်ပိတ်လိုက်၏။ တကယ်တော့ မမသေရတာ

မေ့ကြောင့်ပဲလေ။ ထိုစကားချက်ဆိုးဆိုးကြီးကို သူမ မှတ်ဉာဏ်တွေက

ပြန်တွေးမိတိုင်း စိုးရိမ်ထိတ်လန့်နေရသည်။

မေမေဟာ မမအပေါ်မှာ ခေါင်းမာပြတ်သားနိုင်ခဲ့ပါသည်။

သို့သော် နောက်ဆက်တွဲဆိုးကျိုးအဖြစ် အားလုံးတော်လှူများ၊ ပူဆွေး

ဝမ်းနည်းရခြင်းသော အဖတ်တင်ကျန်ခဲ့လေပြီ။

မမကတော့ မည်သူ၏ထိန်းချုပ်မှုကိုမှ ခံယူစရာမလိုတော့သည့်

နေရာလေးတစ်ခုမှ ငြိမ်းချမ်းစွာရှိနေမည်ဟု မေက ယုံကြည်နေ၏။

"မေ ပြောလေ မေဘာတွေဖြစ်နေတာလဲ"

"မဟုတ်ပါဘူး၊ စားပြီးရင် ဘုရားသွားကြတာပေါ့"

မေက ကြေးအိုးပန်းကန်ထဲသို့ ခေါင်းကြီးထိုးဝင်တော့မတတ်

တစ်ခွန်းပြီးတစ်ခွန်း ခပ်စားနေတော့သည်။ ယခုကတော့ မေ့ကိုကြည့်ပြီ

စိတ်မကောင်းသာဖြစ်နေ၏။ ဒီအရိပ်ဆိုးကြီးထဲကနေ မေ့ကိုလွတ်မြောက်

သွားအောင် သူကူညီပေးချင်ပါသည်။





"ကိုယ်ပြောတာကိုရော မေ လုပ်မှာလား"

မေ့မျက်နှာလေးက ချက်ချင်းပင် တွေဝေသွားပြန်၏။ ပြီးမှ

"လုပ်ကြတာပေါ့"

မေ့အသံက တိုးတိုးတိတ်တိတ်လေးသော။ ဖါပေမဲ့ သူကျေနပ်

သည်။

"မေ့အိမ်ရှေ့ကနေ ကိုယ် စောင့်နေမယ်နော်"

မေက သူ့ကိုမျက်လုံးဝိုင်းလေးများနှင့် မော့ကြည့်၏။ ဘာမှတော့

ပြောပါ။ ဒီအချိန်ဟာ မေ့မိဘတွေအတွက် မေနှင့်သူ့အကြောင်းကို

ရန် စောလွန်းနေပါသေးသည်လေ။ မဖြစ်သင့်သေးသည့် ပြဿနာ

ကို ကြိုမခံစားချင်တာတော့ သူ့ရင်ထဲက ဆန္ဒပင်ဖြစ်၏။

"ဒါနဲ့ မေ့သူငယ်ချင်း ဟိုကောင်လေးနဲ့ရော ဒီနေ့ မတွေ့ကြ

လား"

"နောင်က မနက်အစောကြီးတည်းက မေ့ဆီလာပြီ၊ မွေးနေ့

ကော်တောင် လာပို့သွားပြီ၊ သူ့အကျင့်က မေ့မွေးနေ့တိုင်း သူကိုယ်တိုင်

ဆင်လာတဲ့ မနက်စာကို မေစားဖို့ ယူလာတတ်တာပဲ"

သူ မနာလိုဖြစ်သွားမိသည်။ တကယ့်ကို ရင်ထဲက လှိုက်လှိုက်

လှဲကြီးပါ။ နောင်ရိုးတွန်းနဲ့မေဟာ အရမ်းရင်းနှီးလွန်းသည်ဟုသည်း

ဝင်လာ၏။ အမှန်တော့ ထိုအရာကို သူသိပြီးသားပဲ မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com



"မောင်နိုင်ရဲ့ ကိုယ်မှာတော့ မေ့အတွက် မွေးနေ့လက်ဆောင်
ပါမလာဘူး။"

"အာ မလိုပါဘူး။ မေက ရှိုက်ကြီးပြောထားတာမှ မ ...တော
ပြီးတော့ မေ့အတွက်အမျှော်လင့်ဆုံး မွေးနေ့လက်ဆောင်ကို ...ပေးပြီး
ပါပြီ"

မေက အဓိပ္ပါယ်ပါပါပြောတော့မှ သူ နည်းနည်းတော့ ကျေနပ်
သွားသည်။ မေရယ် မင်းကိုချစ်လွန်းလို့ ကိုယ်တော့ ရူးသွားမယ်
တူတယ်။

ဘုရားကိုတော့ သူက ကားစီးပြီးသာသွားရန် ပြောလိုက်
မေကလည်း ဒီတစ်ခါတော့ မငြင်းတော့ပါ။ တက္ကစီတစ်စီးကိုတား
ရွှေတိဂုံဘုရားသို့ နှစ်ယောက်သား ထွက်လာခဲ့ကြသည်။

မေနှင့်သူ နှစ်ယောက်သား ဘုရားအတူတူရှိနေသော အရာ
သည်ပင် သူ့ရင်ကို အဆမတန် ကြည်နူးချမ်းမြေ့စေပြန်သည်
သေချာ ပါသည်။ သူဟာ မေမရှိလျှင် ဘယ်လိုမှနေတတ်တော့မှာ
မဟုတ်ဘူး ဆိုတာ။

သူ ရှိခိုး ဆုတောင်းပြီးသည်ထိ မေကတော့ လက်အုပ်ချီ
မျက်စိလေးမှိတ်ကာ ပါးစပ်မှ ပွစိပွစိရွတ်ပြီး ဘာတွေဆုတောင်း
သေးမှန်းမသိ။ သူ ငြိမ်၍သာ စိုက်ကြည့်နေမိပါသည်။





"ဘာတွေကြည့်နေတာလဲ"

သူက ပြုံးကာ ခေါင်းခါပြလိုက်သည်။

"ဘုရားတစ်ပတ်ပတ်ပြီးရင် ပြန်သွားမယ်"

"ကောင်းပြီလေ"

မေ့အိမ်ဆိုသော ခြံကျယ်ကြီးရှေ့တွင် ရပ်လိုက်မိသည်နှင့် သူ့
ရင်ထဲတွင် အမျိုးအမည်မသိသော ဝေဒနာတွေက တပြိုင်နက်တည်း
ရိုက်ခတ်ရောက်လာသလို ခံစားလိုက်ရသည်။ အုတ်တံတိုင်းမြင့်မြင့်များ ကာရံ
ထားသည့် ခြံကြီးထဲမှ ကြီးမားသည့်ဝင်းလွန်းလှသော သုံးထပ်တိုက်ကြီး
ကို တစ်ပိုင်းတစ်စ လှမ်းမြင်နေရ၏။

"မေသွားတော့မယ်။ ရှင် ထမ်းမကြီးပေါ်မှာစောင့်လို့ ဖြစ်ပါ့
မလား"

သူက မေ့ခေါင်းလေးကို အသာအယာ လက်နှင့်ပွတ်လိုက်ရင်း

"မင်းတောင် ကိုယ်လာမယ် မလာဘူး မသေချာတာကို ဒီလို
နေ့ လမ်းပေါ်မှာ ရပ်စောင့်နေခဲ့သေးတာပဲ။ မင်းပြန်လာမှာ သေချာနေ
တာကို ကိုယ်ကဘာလို့ မစောင့်နိုင်ရမှာလဲကွ"

"ကျေးဇူးပဲ"

"ကြည့် လုပ်ပြန်ပြီ။ ဒီကောင်မလေးဆိုတာကြီး"

မေက သူ့ဆံပင်များကို လက်နှင့်ဆွဲဖွပစ်နေပြန်သည်။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"ကဲ သွားတော့လေ"

"အင်း စောင့်နေနော်၊ မေ ပြန်လာမယ်"

သူ့ ခေါင်းညိတ်ပြတော့မှ မေက အိမ်ကြီးထဲသို့ ဝင်သွားတော့၏။ ချစ်းသာသော မိသားစုမှ မွေးဖွားလာသည်ဆိုခြင်းကို ကြားရရုံက တောင် ယသုမှာ မေ့အတွက်စိုးရိမ်နေခဲ့သေးတာ။ ခုလို မေတို့မိသားစု၏ ထည်ဝါမှုကို မြင်လိုက်ရချိန်မှာတော့ ယောက်ျားကြီးတစ်ယောက်ပင် ဆိုရင် ဆိုကြပါစေတော့။ သူ့ စိတ်တွေ အောက်ဆုံးနားထိ ကျဆင်းသွားသည်ကို ဝန်ခံချင်ပါသည်။

အိမ်ထဲသို့ မေဝင်လာသည်ကို မြင်လိုက်သော ထမင်းချက်ကြီး ဒေါ်စိန်က

"ဟယ် မေ ပြန်လာတာလား။ စောစောစီးစီး ပြန်လာတာ မဟုတ်ဘူးကွယ်၊ မနက မနက်တည်းက မေ့မွေးနေ့ဆိုပြီး ဘုန်းကြီးတွေ တောင် ဆွမ်းကပ်လိုက်သေးတယ်"

"ခု ဘယ်မှာလဲ"

မေ့အသံက အေးစက်ပြတ်တောင်းစွာ ထွက်လာ၏။

"ညတာတာပြီ၊ အခန်းထဲ ဝင်သွားပြီလေ၊ မေ့ မေမေကတော့ ပြန်မလာသေးဘူး"

မေက နှုတ်ခမ်းလေးတစ်ချက်မဲ့ကာ ပြုံးလိုက်ပါသည်။ မေ



အိမ်မှာရှိတုန်းကတောင် မေ့မွေးနေ့တွေတိုင်းမှာ မေမေ ရှိနေပေးခဲ့ဖူးတာ မဟုတ်တာဘဲ။ မေ့အတွက် အထူးအဆန်းမဟုတ်တော့ပါ။ မေမေက တော့ နှစ်တိုင်း၊ ဘုန်းကြီးဆွမ်းကပ်ပေးနေကျဖြစ်ကာ တကယ်တမ်း မွေးသောမှာ ရှိနေပေးခဲ့ခြင်းသည် မမသဲနှင့် နောင်သာဖြစ်၏။

ခုတော့ မမသဲ မရှိတော့ပြီမို့ ဒီအိမ်ကြီးကိုလည်း မုန်းသည်။ မေသဲနှင့်အတူတူ ဖြတ်သန်းခဲ့ကြဖူးသည့် မွေးနေ့တွေကိုလည်း မုန်းသည်။

မေမေ့အခန်းအရှေ့ရောက်တော့ တံခါးကိုဖွင့်သာ ဖွင့်ထားသည်မို့ ကာ အသာတွန်းဖွင့်လိုက်၏။ ခုတင်ပေါ်တွင် မေမေ မရှိပါ။ အခန်း တံခါးလည်း ဝေ့ကြည့်ပါသော်လည်း မေမေ့ကို မတွေ့ရ။ အခန်းတံခါးကို အသာပြန်ပိတ်ပြီး ကြေးအတိုင်းလျှောက်လာခဲ့သည်။

မေမေတို့အခန်းနှင့်ကပ်လျက်တွင် အပေါ်ထပ်ဧည့်ခန်းရှိကာ ဧည့်ခန်းပြီးလျှင်တော့ မေ့ အခန်းလေးသို့ ရောက်မည်ဖြစ်သည်။ ခန်းရှေ့တွင်ရပ်နေသော မေ့အားအခန်းတွင်းရှိ ချောင်းဟန့်သံတစ်ခုက ပ်လှုပ်ရှားရှား ဖြစ်သွားစေ၏။

အံ့ဩစိတ်နှင့်အတူ တံခါးကိုဆွဲဖွင့်မိတော့ အလိုက်သင့်ပွင့်လာ သော တံခါးချပ်ကြောင့် မေ့မျက်လုံးများဝိုင်းလို့ပင် ပြူးကျယ်သွားတော့ ည်။ အံ့ဩဖို့အကောင်းဆုံးကတော့ မေ့အခန်းပြတင်းပေါက်မှတစ်ဆင့် မြင်းသို့ ငေးမောနေသော ဒေါ်နုနုငယ်။

"မေမေ"

ဒေါ်နုနုဝင်းသည်လည်း ကြားလိုက်ရသော ကိုယ့်နာမည်ကို

မယုံကြည်နိုင်စွာဖြင့် နောက်သို့ လော်နေ့ လှည့်ကြည့်လိုက်မိသည်။ သူ

နောက်တွင် ရပ်ကာ မျက်လုံးဝိုင်းလေးများနှင့် စိုက်ကြည့်နေသော မေ

မြင်တော့ အလွန်ပင် အံ့ဩသွားသည့်ပုံနှင့် ငေးကြည့်နေပြီးမှ ရှေ့

တစ်လှမ်းချင်းတိုးလာကာ ခေါ်ကိုယ်လုံးလေးအား ပွေ့ဖက်လိုက်၏။

ဘာကြောင့်ပါလဲ ဒါဟာ မှတ်သားသိတတ်မှ တော်ပြီ ပထမ

အကြိမ် မေမေက သူမအားပွေ့ဖက်လိုက်ခြင်းပေါ့။

"သမီးလေး ပြန်လာတာလား"

"မဟုတ်ပါဘူး မေးလာတာပါ"

မေမေ့မျက်နှာက ပြန်လည် မှုန်မှိုင်းသွားပြန်သည်။ ပြီးတော့

မေမေ့ဆီသို့တော့ ဝိုင်းသွားပါသေး၏။

"ပြော ဘာလိုချင်လို့လဲ သမီးရဲ့ သမီးအမေကတော့ မြ

မလာသေးဘူး သူက နည်းနည်းအလုပ်ရှုပ်နေတယ်လေ"

"မေမေ အလုပ်ရှုပ်မှုနဲ့ မေ ငယ်ငယ်တုန်းက သိပြီးသား

မေမေ ခု မေလာတာက မေမေ့မွေးနေ့ရှိ"

မေက စကားကို ရှေ့မဆက်နိုင်သေး။ တစ်သက်နှင့်တစ်ကိုယ်

မေ့အဆွဲမှီတာကို မြောက်ကပ်လာသောလူအမေရှာတွေ့ကာနှင့် ပျော်ရွှင်





ဆောင်ကာ ကျွန်မနဲ့ရှုသည်သောနိုင်း ဒီလိုရှိ၊ ဘယ်တုန်းကမှ မလုပ်ခဲ့

ဘူးသူ့ကို နည်းနည်းတော့ ရှိမိနေမိသည်။

"ဆက်ပြောလေ သမီး ဘာလဲ သမီးမွေးနေ့တိုင်း မုန့်ပို့တော

တောင်းတာလား။ သမီးကလည်း မေမေ့ကို မမေ့ပါဘူး။ သမီးသတိရတဲ့

သော်ကို ထုံးစံအတိုင်း ထည့်ပေးပြီးပြီ"

ဟဲ ကြည့် မေ ပြောလျှင် မေမေ့နှုတ်သည်ပြုံးပါလိမ့်မည်။ ဖုတော့

ဘယ်လိုမှ ပြင်မရတော့သော အားနာမှုတွေသည် ရှေးရှေးကမှုအခြင်းကို

ချော်သွားတော့ တော်တော်ကြီးလေးနေပါပြီမည်။

"အဲဒါ မဟုတ်ပါဘူး မေမေ။ မေ ပြောချင်တာက ဒီနေ့ မေ့

မွေးနေ့ပဲ ဆို ကန်တော့ချင်လို့ပါ"

မေ့အသံ အထစ်ထစ်အငေါ့ငေါ့အဆုံးမှာ မေမေ့မျက်လုံးများ

ပြူးကျယ်ကာ တစ်ခုခုကို အကြီးအကျယ်ဝံစားလိုက်ရပုံပင်။ သို့သော်

ထိုတစ်ခုခုကို ဒေါ်နုနုဝင်းကိုယ်တိုင်လည်း ဘာမှန်းသိပုံမပေါ်ပါ။

နှုတ်ခမ်းများက ပြုံးသွားပြီး မျက်လုံးများကတော့ မျက်ရည်တို့

စီးဝင်လာ၏။ ထိုနောက်တော့ မေမေက မေ့ ရုတ်တရက်တွင် ဝင်ထိုင်

လိုက်သည်။ မေကလည်း တကျောက်စီခံရောင် ကော်ဇောကြီးများ

ခင်းထားသည့် ကြမ်းပေါ်တွင် ပုဆစ်တုပ်ကာ ကျုံ့ကျုံ့လေး ထိုင်လိုက်၏။

ထိုနောက်တော့ ဦးသုံးကြိမ်ချလိုက်ပြီးချိန်မှာပင် သူ့မျက်လုံး

www.burmeseclassic.com

တို့၌ မျက်ရည်စတို့ ဝဲလာကြောင့်မှုန်မဝါး အလိုလိုနေရင်း ရစ်ဝိုင်းသော ကာ ဖေဖေ့ရင်ခွင်ထဲ တိုးဝင်ပို့ရှိုက်တော့သည်။ ဖေဖေကတော့ သူမ ကျောလေးကို အသာပွတ်ပေးရင်း၊

"မေမေလည်း တကယ်ကို စိတ်မကောင်းပါဘူး သမီးရယ်၊ မေမေတို့ က သမီးတွေအပေါ်မှာ အချိန်ပြည့် မစောင့်ရှောက်နိုင်ခဲ့တာလေ၊ ဒီလို တွေဖြစ်လာတာလည်း ကာယကံရှင်တွေရဲ့ အမှားတစ်ခုမှမပါပါဘူး၊ မေမေတို့ လုပ်ခဲ့တဲ့ အပြစ်တွေပါ၊ မေမေတို့ ဓမ္မိဘသားနဲ့ ဖွတ်တာဖွတ် လုပ်ခဲ့တဲ့ အကျိုးဆက်တွေပါပဲ"

ဖေကတော့ မေမေ့ကို မည်သည့်စကားမှ ပြန်မပြောပါ။ တကယ် တော့ ပြန်ပြောစရာစကားလည်း မရှိခဲ့ခြင်းဖြစ်သည်။

"သမီး နေရတာ အဆင်ပြေတယ် မဟုတ်လား"

"ပြေပါတယ် မေမေလည်း ကျန်းမာအောင်နေနော်၊ ဖေ ပြန် တော့မယ်"

ဖေကာ နှုတ်ဆက်ကာ အခန်းထဲမှ ပြန်ထွက်ခဲ့၏။ ဒီသားရှု ဒီလိုအဆက်ခြင်းတွေ ဒီလို နောင်တတွေ ဘာလို့ရှိနေရတာပါလိမ့်။

ဖေသည် ဖြစ်နိုင်မည်ဆိုလျှင် ဘာကိုမှ မကြားသနမပါတော့ နိုးဝင်းသည် လွတ်နိုးစာတစ်ရုပ်တွင်သော မျှော်ချွန်ပါ၏။

မြင်ခိုရောက်သည်နှင့် မျှော်ကိုယ်များကို ခုဝဲ့ရှာကြည့်





ထိုက်သည်။ သူ ဘယ်ရောက်သွားပါလိမ့်။

"ဖေး ရှင်ဘယ်ရောက်သွားတာလဲ ရှင်ဘယ်မှာလဲဟင် ဖေဖေ ဘယ်လေ ကိုဖေမသူ"

မြပတ်ပတ်လည်ကို လျှောက်ကြည့်ရင်းနှင့် ဖေကာ နှုတ်မှလည်း အော်ခေါ်နေမိသည်။ ဖေ့ကိုမတောင့်နိုင်လို့များ သူ ပြန်သွားပြီလားမသိ။

"ဟင်"

မြဲသောင်တစ်နေရာ၌ ရေလဲမှာပင်အောက် နံတန်းလေးနားရောက်မှပင် ဖေမှာ ဟင်ခနဲဖြစ်သွားရတော့သည်။

"ပေးသော် သူက ဒီမှာတောင်မေ့နေတာကိုး"

ဖေချော့ခုတ်တာလေသော နံတန်းလေးပေါ်တွင် ယသူက မလှုပ် မယှက် အိပ်ပျော်နေပြီဖြစ်၏။ ဂုဏ်ဝတောက်ဆံပင်နက်နက်များက မျက်နှာ တစ်ခြမ်းကွယ်နေသည့်ထိ ပုံစောင်းနေသော သူ့ကိုကြည့်ပြီး ဖေနှင်တွေ နှုတ်ခမ်း ဖေမှာ၏ ပလေပေးဆုံးအားရှုပ်ပြီးကို ပိုင်ဆိုင်ခွင့်ရခြင်းသည် ထိကောင်းဖြစ်တစ်ရုပ်ဟု ဖေကာ ယုံကြည်ရင်သည်။

တကယ်တော့ သူ့ကိုချစ်မိသည်က အဆိုးဆုံးဆိုတာတွေကို တွေးလာခဲ့မှုပါ၏ သို့သော် ချစ်မိနိုင်ခဲ့လည်း ပြင်ဆင်တာပါသည်။ ရှုနေသော မသိနိုင်ဖူးလျှင်သည် ချစ်တက်တာနေ အားပေးမှာဝံသော ဘယ်လေ။

www.burmeseclassic.com



သူ့မျက်နှာက ချောလှနေသည့်ဟုတော့ မေ မဆိုလိုချင်ပါ။ ဒါပေမဲ့ မေငိုချင်သော ယောက်ျားပီသသည့် ဟန်အပြည့်ရှိတာကတော့ သေချာပါသည်။ သိပ်မလှသော်လည်း မည်းနက်နေသော မျက်ခုံးတစ်စုံများ၊ ထင်းထင်းရှင်းရှင်းဖြစ်သောတည်သည့် နှုတ်ခမ်းပါးများ၊ စူးရှသော်လည်း ရှုရှသည့် မျက်လုံးအကြည့်များ။ အားလုံးကို မေ ရင်ခုန်၏။

သူ့မျက်နှာကို မရိုတ်မသုန် ငိုက်ကြည့်နေရင်းမှာပင် စိတ်တွေ ဖြတ်သွားသော ကာလတစ်ခုအကြောင်း သူက လူရွှေ့ကြာ မျက်လုံးများလည်း၊ အသာအယာဖွင့်ဟလာကြသည်။ မေ့ကိုမြင်တော့ အားနာသွား သော သူ့အမူအရာကိုလည်း၊ မေ မြင်လိုက်ပါသည်။

ရှင် ဘာလုပ်လုပ် မေကတော့ အကောင်းဆုံးကပဲ မြင်တတ်ပြီ ဖြစ်စေချင်သွားပါပြီ။ ဘယ်လိုအခြေအနေမျိုးပဲဖြစ်ဖြစ် ရှင့်ဘက်က ရပ်တည်ပေးမယ် သူပါ။

"မေတွေ ဘယ်တုန်းကတည်းက ရောက်နေတာလဲ ကိုယ်ကိုမနှိုး ဘူး"

"ရှင်အိပ်နေတာ ကြည့်ကောင်းလို့ပါ"

"အိပ်နေတာပဲ ကြည့်ကောင်းရတယ်ရှိသေးလား မေရယ်"

"မေ့အတွက်ကတော့ ရှင်ဘာလုပ်လုပ် ကောင်းတယ်လို့ ခံစား ထားချင်ပါတယ်၊ ရှင့်ကိုမေ အိပ်ချစ်လို့ပါ"





"ဟောဗျာ ဘယ်လိုမိန်းကလေးလဲ ချစ်တာကို ဒီလိုကြီး ပြော တတ်ပါစေရောလား"

"ဘာဖြစ်လဲ ရှင်က မေ့ချစ်သူပဲဟာ"

မေက သူ့ကိုလက်ညှိုးထိုးကာပြောရင်း အနားမှထွက်ပြေးသွား ၏။

ချစ်လိုက်တာ မေရယ်။ ဒါပေမဲ့ ကိုယ့်အချစ်ကြောင့်တော့ မင်းကို ဒုက္ခမရောက်စေချင်တာ တကယ်ပါကွာ။

■ ■ ■

"ဟေ့ကောင် ဟိုမှာ"

ထင်ကျော်က ဆိုင်ပြင်သို့ လက်ညှိုးထိုးကာပြောခါမှ သူ လှမ်း ကြည့်တော့ ဆိုင်ရှေ့တည့်တည့်တွင် ထိုးရပ်ထားသော မော်တော်ကားထဲမှ မေက လက်လှမ်းပြသည်။

"သွားလိုက်ဦး ကော်ကြာ ပါကမလွှတ်ဘူး ထင်နေဦးမယ်"

"နေပါဦးကွာ ဒီမှာ တာဝန်ယူစရာရှိနေတာ"

တကယ်တော့ မေ့နားသို့ ချက်ချင်းကို ပြေးသွားလိုက်ချင်တာပါ။ သို့သော် သူ့အခြေအနေက ဒီလိုနေလို့ မဖြစ်ဟု သူ့ကိုယ်သူ သတိပေး ထားသည်။ ဦးဘေဘော်က လူ့အဝေါ်ယည်တိုင်ပင် သတိမှတ်ပါစေ သူကတော့ သူ့ကိုယ်သူ ဒီဆိုင်ရဲ့အလုပ်သမားတစ်ယောက်အဖြစ်သာ တွေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ကောင်တာတွင် ဝင်ထိုင်ကာ လုပ်စရာရှိသော စာရင်းကိစ္စများကို ခေါင်းမဖော်တမ်း လုပ်နေလိုက်၏။

ဆယ်မိနစ်ခန့်အကြာမှာတော့ သူ့နားခေါင်းထဲသို့ မှတ်မိနေသော ကိုယ်သင်းနံ့ သင်းသင်းလေးတစ်ရ ဝေ့ခနဲ ဝင်လာသည်။ ထို့နောက်တော့ သူ့ရှေ့တည့်တည့်တွင် ရပ်လိုက်သော အရိပ်တစ်ရ။ သူ မော့မကြည့်ဘဲ နှင့်ကို မေဆိုတာ သိလိုက်၏။

"ရှင့်ကို မေစောင့်နေတာ၊ ဘာလို့ ထွက်မလာတာလဲ"

မေ့အသံကြားမှ သူက အေးဆေးတည်ငြိမ်သော အမူအရာနှင့် မော့ကြည့်လိုက်သည်။

"မေ့မှာကိစ္စရှိလို့လား။ ကိုယ်က ဒီမှာ စာရင်းတွေနဲ့ရှုပ်နေတာလေ"

"ဘာပဲဖြစ်ဖြစ် ခဏလေးတော့ ထွက်လာသင့်ပါတယ်"

"ကဲပါ ခုပဲ ကိုယ့်ရှေ့ရောက်နေပြီ ပြောစရာရှိတာ ပြောလေ"

မေ့ရင်ထဲမှာ ဝမ်းနည်းသွားတာတော့ သေချာသည်။ မေက တော့ သူနဲ့အတူတူ မနက်စာစားချင်၍ လာခေါ်ခြင်းဖြစ်၏။ ခုတော့ သူ့အမူအရာတွေက အေးစက်လွန်းလှသည်။

"မေနဲ့အတူတူ မနက်စာလိုက်စားရမယ်"

လေသံက တောင်းဆိုနေသည့် လေသံမျိုးမဟုတ်၊ အမိန့်





ဆန်၏။ သို့သော် သူ့နားထဲမှာတော့ ချိုမြိန်သည်ဟု သူထင်သည်။

"မဖြစ်ဘူး၊ မေ၊ ကိုယ် ဒီမှာအရေးကြီးနေတယ်"

"ဘာမှအရေးမကြီးဘူး မေ၊ ဒီကောင့်ကို ရအောင်ခေါ်သွား"

ရုတ်တရက် အနားရောက်လာကာ ဝင်ပြောလိုက်သော ထင်ကျော်ကြောင့် မေ့မျက်နှာလေးက ဝင်းခနဲဖြစ်သွားကာ

"တွေ့လား၊ ကိုထင်ကျော်ကတောင် ပြောနေပြီ ရှင်က ဘာဖြစ်နေတာလဲ၊ ခုထ သွားမယ်"

သူ့လက်ကို အတင်းဆွဲကာ ပြောသော မေ့ကြောင့် သူ ပျာယာခတ်သွား၏။ ဆိုင်ထဲမှ ဝန်ထမ်းလေးတွေရော ဝယ်သူအချို့ကပါ သူတို့ဆီ အကြည့်များ၊ ဝိုင်းနေသောကြောင့် သူက အားလုံးကို ခေါင်းငြိမ့်ပြလိုက်ကာ မေ ဆွဲခေါ်ရာနောက် ပါလာတော့သည်။

"တက် သွားမယ်"

"အဝေးကြီးတော့ မလုပ်နဲ့နော်၊ ကိုယ်ကအလုပ်သမားတစ်ယောက်ပါ မေရယ်"

"မသွားပါဘူး၊ မေတို့လမ်းထိပ်က အသစ်ဖွင့်တဲ့ဆိုင်ကို သွားကြမယ်"

"ကောင်းပြီလေ"

မေ ခေါ်လာသော ဆိုင်လေးသည် လမ်းဘေးပလက်ဖောင်းပေါ်



www.burmeseclassic.com

www.burmeseclassic.com



တွင် ဝီနိုင်းဆိုးတားသော လက်ဖက်ရည်ဆိုင်သေးသေးလေးဖြစ်၏။ သူက မျက်လုံးများ ပြူးသွားပြီး

"မေက ဗီလိုဆိုင်မျိုးမှာ ထိုင်တတ်လို့လား"

"မေ ထိုင်ကြည့်ချင်လို့"

မေက သူ့ကိုအတင်းဆွဲကာ ခေါ်သွားသည်မို့ သူလည်း မေနှင့် အတူတူ ထောင့်ကျကျ စားပွဲလေးတွင် လိုက်ထိုင်လိုက်ရသည်။ ထို့နောက် မေက

"မှာလေ ဘာသောက်မှာလဲ"

"ကိုယ်ကတော့ ပေါ့ဆိမ့်ပဲ သောက်မယ်၊ မေကရော"

မေက ခေါင်းလေးကိုခါကာ

"မေ မမှာတတ်ဘူး"

"တစ်ခါမှ မထိုင်ဖူးဘူး၊ မဟုတ်လား"

"အင်း"

"ဒါဆိုလည်း ကိုယ်သောက်တာပဲ လိုက်သောက်ကြည့်ပေါ့"

စားပွဲထိုးလေးက ပေါ့ဆိမ့်နှစ်ခွက် လာချပေးတော့ မေ နုတ်ခမ်းလေးကို ရှေ့သို့စုထုတ်ကာ ခွက်ဖျားလေးတွင် တေ့ပြီး ရှပ် စုတ်သောက်ကြည့်သည်။ ထို့နောက် ကျေနပ်သွားသော မျက်နှာလေး

"အင်း မေကြိုက်တယ်"





"မေက အိမ်မှာဖျော်တာပဲ သောက်ခဲ့ဖူးတာလေ၊ ခုတော့ ကျေနပ်ရှုပဲသိလား"

"မေ ကြိုက်တယ်ဆိုရင် နောက်ကိုယ်တို့ ထပ်လာပြီး ထိုင်ကြ တာပေါ့နော်"

"ဪ ရှင့်ကို မေ မေးရဦးမယ်"

"မေးလေ မေ"

"ရှင်က ကျောင်းဆက်တက်မှာလားဟင်"

"ကိုယ့်ကို ဦးအောင်က ကျောင်းဆက်မတက်လို့ မရဘူးလို့ ပြောခဲ့တယ်ကွ၊ ကိုယ်ဆက်တက်ရလိမ့်မယ်"

"ဟင် ဒါဆို ရှင်က မေ့မျက်ကွယ်ရာကို ရောက်ဦးမှာပေါ့ ပတ်လား။ မရဘူးနော်၊ မေက လိုက်ခဲ့မှာပဲ"

"မေက သိပ်ကလေးဆန်တာပဲ၊ ကိုယ်က မေ့နောက်ကွယ်မှာ အမှုလုပ်မှာ မဟုတ်ပါဘူး၊ အဲဒီလိုကိစ္စတွေနဲ့ပတ်သက်လို့ကတော့ ကိုယ့်ကိုအကြွင်းမဲ့ယုံနိုင်တယ်သိလား၊ ကိုယ်က မေတစ်ယောက်တည်း ပဲ ချစ်မှာ၊ အဲဒါ အသေချာဆုံးသစ္စာပဲ"

မေက သူ့ကိုနှာခေါင်းရှုံ့ပြပါသည်။ သို့သော် ဘာမှတော့ မေက မတက်တော့ပါ။ နှစ်ယောက်သား လက်ဖက်ရည်ကိုအပြီး သောက်ပြီး ဆိုင်လေးထဲမှ ထွက်ခဲ့ကြ၏။ သူမက ယသုကို ဆိုင်ရှေ့ထိ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီး

"ရှင့်ဆီမှာ မေ့ ဖုန်းနံပါတ်မရှိဘူး မဟုတ်လား။ ရော့ ယူထား

လိုက်"

ကဒ်သေးသေးလေးတစ်ခုကို မေကသူ့ထံသို့ ကမ်းပေးသည်

ထိုနောက်တော့ လက်ပြနှုတ်ဆက်ကာ ကားမောင်းထွက်သွားသော မေ့

ကို သူ မျက်စိတဆုံးလိုက်ကြည့်နေမိ၏။

မေ့ကိုသူချစ်ပေမယ့် မေနဲ့သူ့ဘဝက ဘယ်လိုမှကိုမဖြစ်နိုင်ဘူး

ဆိုတာ မေ သိအောင် သူပြောပြချင်လှသည်။ ပြီးတော့ မေ့မိသားစု

သူ့ကိုမည်သို့မျှ လက်ခံနိုင်မည်မဟုတ်။ ဒီလိုဆိုလျှင် နောက်ဆုံးခံစား

မည့်သူမှာ မေသာဖြစ်သည်လေ။

မေဆိုသော ကောင်မလေးကလည်း သူ့အစ်မလို ခေါင်းမာတတ်

သည် မဟုတ်လား။ မေ့ကိုတော့ ရင်နှစ်သဲလို ကြေကွဲစရာကောင်းသော

ဇာတ်သိမ်းမျိုးနှင့် မကြုံစေချင်တာ အမှန်ပင်ဖြစ်၏။

■ ■ ■

"ဟေ့ကောင် မပြီးသေးဘူးလား။ ဒီမှာ ကားရွေ့တော့မယ်

ထင်ကျော်က အိမ်ရှေ့မှနေ၍ လှမ်းအော်လိုက်သည်။ ဒီ

သူနှင့်ထင်ကျော်တို့ မြဝတီဘက်ဆင်းရန် စီစဉ်ထားခြင်းဖြစ်၏။

သူကတော့ ဘာမှမပြင်ဆင်နိုင်သေးဘဲ စည့်ခန်းထဲတွင် ဖု





တစ်လုံးရှေ့ချပြီး မြဝတီဘက်ဆင်းရန် မေ့ဆီကို ဖုန်းကခေါ်သော်လည်း

ကိုင်မည့်သူမရှိဖြစ်နေခြင်းပင်။

"မေ့ဆီ ဖုန်းဆက်နေတာလား။ မင်းကလည်းကွာ စောစော

ကတော့ မဆက်ထားဘူး"

"အေးကွာ ငါလည်းအလုပ်ရှုပ်နေတာဆိုတော့ မေ့နေလို့ကွ"

"လုပ်ကွာ မြန်မြန် ဟိုမှာမောင်မြက လိုက်ထရပ်နဲ့ ရှေ့က

ထွက်နှင့်နေပြီ"

မောင်မြက သူတို့ရှေ့မှနေ၍ ပစ္စည်းတင်သော ကားနှင့်ထွက်

သွားပြီမို့ ထင်ကျော်က လောနေခြင်းဖြစ်၏။ သူ့ကြောင့်တော့အလုပ်ကို

နှောင့်အယှက်မဖြစ်စေချင်၍ သူလည်း မေ့ဆီဖုန်းခေါ်နေခြင်းကို

က်လျှော့လိုက်ပါသည်။

"တော်ပါပြီကွာ မခေါ်တော့ပါဘူး။ သွားကြတာပေါ့"

ထင်ကျော်က မောင်းသူနေရာတွင်ထိုင်ကာ သူကတော့ ဘေးမှ

ပြီး ငေးမောရင်းသာ လိုက်လာခဲ့၏။ ထိုစဉ် တစ်နေရာအရောက်မှာ

တော့ ထင်ကျော်က ရှေ့သို့လက်ညှိုးညွှန်ပြကာ

"ဟာ ဟေ့ကောင် ဟိုမှာ မေ ယာဉ်တိုလား"

ထင်ကျော်ပြရာသို့ သူလည်း လိုက်ကြည့်မိသည်။ ဟုတ်ပါ၏။

ကားကားသောင်းဘီတိုလေးနှင့် လက်ပြတ်အကျီအကျစ်လေးကို ဝတ်



www.burmeseclassic.com

www.burmeseclassic.com



ထားသော မေက ပြည်းပြည်းမှန်မှန်လေး ပြေးနေသည်။ ထင်ကျော်ကလည်း အလိုက်သင့်လေးပင် ကားကိုရပ်ပေးလိုက်ရာ သူလည်း လျှင်မြန် စွာ ပြေးဆင်းလာခဲ့၏။

"ဟေ့၊ မေ စောင့်ဦး"

သူ့အသံကြားတော့ မေကလှည့်ကြည့်ကာ အံ့သြတကြီးဖြင့် မျက်လုံးလေးများပင် ဝိုင်းစက်သွားသည်။

"ရှင်က ဘယ်လိုဖြစ်ပြီး ဒီနားရောက်နေတာလဲ"

"မေကရော"

"မေက မနက်တိုင်း လေ့ကျင့်ခန်းလုပ်နေကြလေ"

"ဟုတ်လား၊ ကိုယ်ကတော့ မြဝတီဘက်သွားမလို့လေ၊ အဲဒီနားက ကားဖြတ်သွားတော့ မေ့ကိုတွေ့လို့ လှမ်းခေါ်လိုက်တာ"

"ဘာ မြဝတီသွားမယ် ဟုတ်လား"

မေ့မျက်နှာက တကယ်ကိုပင် အံ့သြတကြီးဖြစ်သွားတော့ ဒီလိုဖြစ်သွာလိမ့်မယ်လို့လည်း ယသု မျှော်လင့်ထားခဲ့ပါသည်။

"ဟုတ်တယ် မေ၊ ကိုယ်တို့အထည်တွေ တက်ယူရမယ်လေ ဦးအောင်က လုပ်ငန်းသဘော နားလည်အောင်ဆိုပြီး ကိုယ်တို့နှစ်ယောက်ကို တစ်ခါလောက်ဖြစ်ဖြစ် လိုက်ကြည့်စေချင်တယ်လေ၊ ဒါကြောင့်"

"ရှင် မေ့ကိုမချစ်ဘူး"



ချက်ချင်းလိုပင် မေ့မျက်ဝန်းမှာ မျက်ရည်စတို့ ခိုတွယ်လာ၏။ ဒီလိုဆိုတော့လည်း သူဘယ်လိုမှ မနေနိုင်တာ အမှန်ပင်ဖြစ်သည်။

"မေ့ကိုချစ်တာနဲ့ ကိုယ့်အလုပ်နဲ့ ပတ်သက်တာမှမဟုတ်ဘဲ မေရာ၊ မေ့ကို ကိုယ်ချစ်ပါတယ်လို့ ပြောပြီးနေပြီပဲ"

"ဒါဆို ဘာလို့ ခရီးထွက်မယ့်ကိစ္စ မေ့ကို ကြိုမပြောတာလဲ"

"မေ့ဆီ ကိုယ်ခုပဲ ဖုန်းဆက်တယ်လေ၊ မေက ကိုင်မှမကိုင်တာ"

"မေက မနက်လေ့ကျင့်ခန်းလုပ်ဖို့ ထွက်ရင် ဖုန်းမယူသွားဘူး ရှင်လို့"

"ဒါဆို ကိုယ့်မှာ အပြစ်မရှိတော့ဘူးနော် မေ"

"ဒီလိုတော့ ဘယ်ရမလဲ၊ မေ့ကိုကြိုပြီး ပြောသင့်တာ မပြောတဲ့အတွက် မေတောင်းဆိုတာကို ရှင်လုပ်ပေးရမယ်"

မေ့ပုံစံက လက်နက်အပြည့်အစုံပါသော စစ်သူကြီးတစ်ယောက် ကိုက်ပွဲထွက်တော့မည့်ပုံနှင့် တူနေသည်။ မေ ဘာတွေတောင်းဆိုဦးမည် မသိ။

"ကောင်းပြီလေ၊ အခုလုပ်ပေးလို့ရရင်လည်း၊ လုပ်ပေးမယ်။ မရရင် ကိုယ်ပြန်လာမှလုပ်ပေးမယ်နော် မေ"

"ဟင်၊ ဟင်း ရှင်ခုလုပ်ပေးလို့ ရတဲ့ဟာပါ"

www.burmeseclassic.com



"ဒါဆို ပြောလေ မေ"

"မေလည်း ရှင့်ကို ကြိုတော့ကို လိုက်မယ်"

သူ့မျက်နှာမှာ ပြုံးရွှင်သွားသလား မသိလိုက်။ မေ တောင်းဆိုနေတာကြီးက ဘယ်လိုမှ မဖြစ်နိုင်တာကြီးပါ။

"မေ ကိုယ့်ကိုအခက်တွေ့အောင် မလုပ်ပါနဲ့ကွာ"

"မေ့ကို မခေါ်ဘူးပေါ့၊ ရတယ်လေ၊ ဒါဆိုလည်း မေ့ဘာသာ မေ နောက်ကနေလိုက်ခဲ့မယ်"

"မေ ကိုယ့်ကိုစိတ်ဆိုးအောင် မလုပ်နဲ့နော်"

"မလုပ်ပါဘူး ဒါပေမဲ့ မေ တကယ်လိုက်ခဲ့မှာ သိလား"

"မေ မင်းကွာ"

မေ တစ်ယောက်တည်း လိုက်လာမည့်အဖြစ်ကို သူ ဘယ်လို လက်ခံပြီး စိတ်ချလိုက်ရမှာလဲ။ ဘယ်လိုမှမဖြစ်နိုင်ပါ။ မေကလည်း ခေါင်းမာလေသောအခါ သူ့ဒေါသဖြစ်ဖြစ်နှင့် အော်လိုက်မိခြင်းဖြစ်သည်။

"မေ့ကိုအော်တယ်ဟုတ်လား။ တော်ပြီ ရှင့်ကိုစိတ်ဆိုးတယ်။ နေရည်ဆုံးတစ်ခေါက် ထပ်မေးမယ်နော်၊ မေ့ကိုခေါ်မှာလား မခေါ်ဘူးလား။ ကိုယ့်ဘာသာ လိုက်ခဲ့ရမလား"

"မေ တကယ်ပဲ ပြောလို့မရတော့ဘူးလား"

မေက ခေါင်းလေးကိုခါကာ အဖြေပေး၏။ ထို့နောက်





"အဲဒီလိုသာဆို မေ ထိုင်ငိုလိုက်တော့မှာ သိလား"

မေက တကယ်ပင် မြေကြီးပေါ်သော် ခွေကြာနေလေးထိုင်ချကာ မျက်ရာလေးမဲ့တော့ သူ့အာလည်လို့ အာကိုသမ္မန်သည် ပြုံးမိပြီးသည်။

"မေ အဲဒီလိုမလုပ်နဲ့နော်"

"လုပ်မှာပဲ မေ့ကိုမှ ရှင်က ဂရုမစိုက်တာ၊ မေစိတ်မကောင်းဘူး သိ ဟီး"

တကယ်ပင် မေ ငိုပါသည်။ မျက်ရည်များက ပါးပြင်ပန်းသွေး ရောင်လေးပေါ် ဝဲလဲပေါ့ စီးဆင်းလာသောအခါ သူ ဘာမှမတတ်နိုင် တော့။ ထိုစဉ်မှာပင် ထင်ကျော်က သူတို့နားသို့ရောက်လာကာ

"ဟောကောင် ဘာဖြစ်နေတာလဲ၊ မေက ဘာငိုနေတာလဲကွ"

သူက အကြောင်းစုံကို ထင်ကျော်အားပြောပြလိုက်တော့ ထင် ကျော်လည်း ဝေခွဲရခက်သွားသည့်ပုံပင်။

"ကိုယ်တို့နဲ့လိုက်ခဲ့ရင် မေ့မိဘတွေကို မေ ဘယ်လိုအကြောင်း ကြားမလဲ"

"သူတို့က ဘာမှပြောမှာမဟုတ်ပါဘူး။ ဘော်ဒါတွေနဲ့ ခရီးထွက် တော့မှ လိမ်ပြောလိုက်မှာပေါ့"

မေက တကယ့်ကို စိတ်အားထက်သန်စွာ ပြောနေခြင်းပါ။ ထင်ကျော်ကလည်း မေ့မျက်နှာကို စေ့စေ့ကြည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"မေ့အိမ်နဲ့ အဆင်ပြေမယ်ဆိုတာ သေချာလား"

"သေချာတာပေါ့၊ သော်ဒါတွေနဲ့လည်း ဒီလိုပဲ ထွက်နေကျကို"

"ဒါဆိုလည်း မေလိုက်ခဲ့လေ"

ထင်ကျော့စကားကြောင့် ကြောင်အမ်းကာ လှမ်းကြည့်လိုက်မိသော သူ့ကို ထင်ကျော်က လက်ကာပြကာ ဖြစ်ပါတယ်ဟူသော သဘော ခေါင်းဆတ်ပြ၏။ သူကတော့ စိတ်ထဲမှာ ထင့်ခနဲဖြစ်နေတာ အမှန်ပါပဲ။

"ဒါဆို မေ့အိမ်မှာအဝတ်အစားတွေ သွားယူရအောင်လေ၊ ဘယ်လောက်ကြာမှာလဲဟင်"

"တစ်ပတ်လောက်ပဲ ကြာမှာပါ"

"ဟီး ပျော်လိုက်တာ၊ မေ့ကိုအိမ်လိုက်ပို့ဦးနော်၊ အဝတ်တွေ သွားယူလိုက်ဦးမယ်၊ ဟိုရောက်ရင် ရှင်တို့အလုပ်ကို မနှောင့်ယှက်ပါဘူး မေ ကတိပေးပါတယ်"

မေက ကလေးငယ်တစ်ယောက်လို ပြောနေပြန်တော့လည်း သူ့မှာစိတ်ဆိုးရခက် ဒေါသထွက်ရခက် ဖြစ်နေတော့၏။ နောက်ဆုံးတော့လည်း သူတို့မှာ မေ့အလိုကိုသာ လိုက်ခဲ့ရတော့သည်လေ။

မေ့အဝတ်အစားများ ပြန်ယူပြီး ကားပေါ်ရောက်တော့ ထင့်ကားလေးမှ မေနှင့်ယှဉ်လျက် ကားနောက်ခန်းတွင် ထိုင်သည်။





မေက သူ့လက်မောင်းကို အတင်းဆုပ်ထားသဖြင့် သူ့မှာ ထင်ကျော့်ရှေ့မို့ နည်းနည်းတော့ ကသိကအောက်ဖြစ်နေရသည်။

"ဒါနဲ့ မေ့အိမ်ကို သေချာဖုန်းဆက်ခဲ့ရဲ့လား"

မေက ခေါင်းလေးကို အသာညိတ်ပြီး

"အင်း မေ့အိမ်က အေးဆေးပါလို့ အစတည်းက မပြောဘူးလား"

"ဒါဆိုလည်း ပြီးတာပါပဲကွာ၊ ကိုယ်က မေ့အတွက် စိတ်ပူလို့ပါ"

"ဘာမှပူမနေနဲ့ တကယ်ကို အေးဆေးပဲ၊ ခုတော့ မေ အိပ်ချင်ကွာ၊ မနက်အစောကြီး ထထားရတာ"

ချက်ချင်းဆိုသလိုပင် ယသုပခုံးပေါ် ခေါင်းတင်အိပ်ချလိုက်သော မေ့ကြောင့် သူ့မှာသာ ထင်ကျော့်ကို မျက်နှာပူပူနှင့်လှမ်းကြည့်ကရသည်။ ထင်ကျော်ကတော့ နောက်ကြည့်မှန်ထဲမှ လှမ်းကြည့်ကာ စိစိနှင့် လုပ်နေ၏။ သူလည်း မသိချင်ယောင်ဆောင်ထားလိုက်ပါ တော့သည်။

"မေရာ ဘာလုပ်နေမှန်းမသိဘူး၊ ဖုန်းကိုင်စမ်းပါကွာ"

နောင်ရိုးတစ်ယောက် ဖုန်းတစ်လုံးကိုကိုင်ကာ ပျာယာခတ်နေ ညတည်းက မေ့ဖုန်းကို သူခေါ်နေတာ ကိုယ်မည့်သူမရှိ။

ခုလည်း မနက်စာစားပြီးတည်းက ခေါ်နေခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အိမ်ထဲတွင် ရှေ့နောက် သမ်းလျှောက်ရင်း သူ့ခေါင်းထဲပေါ်လာသော အတွေးကြောင့် ဖုန်းနံပါတ်တစ်ခုကို ကောက်နှိပ်မိပြန်သည်။ ရွှေတောင်ကြားရှိ မေ့အိမ်သို့။

"ဟယ်လို အန်တီနေလား ကျွန်တော်ပါ နောင်ရိုးတွန်းပါ"

တစ်ဖက်မှ ဖုန်းကောက်ကိုင်လိုက်သည်နှင့် ထူးသံကိုတောင် မစောင့်နိုင်တော့ဘဲ နောင်ရိုးက စကားများကို အရောက်ပြောလိုက်တော့သည်။

"အေး ဟုတ်တယ်ကွဲ့၊ ဘာဖြစ်လို့လဲ မောင်နောင်ရိုး"

"ဟိုလေ မေများ အိမ်ရောက်နေသေးသလားလို့ပါ"

"ရောက်မလာဘူး၊ မောင်နောင်ရိုး။ မေ ဘာဖြစ်လို့လဲကွယ် မေ တစ်ခုခုများဖြစ်နေလို့လား"

အန်တီနေအသံက အနည်းငယ် တုန်ယင်လာသည်နှင့် သူက လှိုင်းထနေသောစိတ်ကို ပြန်လည်ထိန်းချုပ်လိုက်သည်။ ဘာဖြစ်သည်ဆိုတာ သေချာမသိရပါဘဲ အန်တီ့ကို စိတ်မပူစေချင်။ ထို့ကြောင့်ပင် သူကအသံကို ပုံမှန်လေသံသို့ ပြန်ပြောင်းလိုက်ကာ

"ဘာမှမဖြစ်ပါဘူး အန်တီ။ ကျွန်တော်က မိနေ့ ဘွားဘွားတို့ အိမ်လာမလို့လေ အဲ့ဒါကြောင့် မေရော အိမ်ကိုရောက်နေသလားလို့ လှမ်းမေးကြည့်တာပါ"

"ခြော် သမီးက မလာဘူးကွဲ့၊ သူ ကျောင်းမှာပဲ ရှိမှာပေါ့"





"ဟုတ်ကဲ့ အန်တီ၊ ကျွန်တော် အိမ်ကိုပဲ သွားကြည့်လိုက်ပါ့မယ်"

"အေးကွယ် မေက ခေါင်းမာသိမ်မာတော့ အန်တီတို့လည်း သူ ...ကတည်းက နေတာဆိုတော့ ဖုန်းမဆက်ဘူး ဒါပေမဲ့ သူက တချို့ ...ဆိုလေ သူ့အဖေအတိုင်းပဲ။ အန်တီတို့ကတော့ မောင်နောင်ရိုးကို ...ရတယ်။ သမီးလေးကို ဂရုစိုက်ပေးပါကွယ်"

"ဟုတ်ကဲ့ပါ အန်တီ"

အန်တီ၏ စကားများက နောင်ရိုးကိုအားတက်စေသလောက် အမှန် ...ဖြစ်သည်။

ဖုန်းချပြီးသည်နှင့် ရှက်ရှင်းမင်း မေ နေထိုင်ရာကျွန်းရှိလေသည့် ...အလေးကို မောင်းထွက်ခဲ့လိုက်၏။ မေ့ကို အရမ်းတွေ့ချင်လှပြီ။ သူ့ ...ထဲမှာ မေ့အတွက် အနစ်နှစ်အလေလေ သိမ်းထားခဲ့သော စိတ်အချက် ...ကို မေ သိအောင် ရင်ဖွင့်ချင်လှပြီ။ ထားလိုက်တော့ မေမေ့ဆနေတည်း ... မေ့ကိုချစ်ကြောင်း ပြောပြရမည့်နေ့ပြီဖြစ်၍ မေ စိတ်ထိခိုက်မှုကြောင့် ... ငြိမ်နေခဲ့ဖြစ်ခဲ့သည်။

မနက် သူထင်ပြီ။ မမြိုသိမ်နိုင်တော့ပါ။ သူ့ရင်ထဲက ရစ်ခြင်း ...ကို မေ့ရှေ့မှာ သူ ဖွင့်ပြောပြလိုက်တော့မည်။

မေ့အိမ်တံခါးရှေ့ရှိ ဘဲလ်ခလုတ်အား သုံးကြိမ်မျှနှိပ်ပြီးသော်လည်း

www.burmeseclassic.com

www.burmeseclassic.com



တံခါးလေး ပွင့်မလာခဲ့ပါ။ သူ စိတ်မရှည်တော့ပေ။ သိနှင့်ထားပြီးသော
လို့ဂှက်နံပါတ်လေးများအတိုင်း ဖွင့်ကာ ဝင်လိုက်၏။ အခန်းထဲမှာတော့
မည်သူမျှမရှိပါ။ တစ်အိမ်လုံးအနှံ့ လျှောက်ရှာပါသော်လည်း မေ့အရိ
အယောင်လေးကိုပင် မတွေ့ရ။

သူ စိတ်ပျက်စွာနှင့် ညည့်ခန်းထဲမှာ ထိုင်ချပစ်လိုက်သည်
ထိုအခါကျမှ သူ့မျက်လုံးများက မှန်တင်ခုံလေးတစ်ခုပေါ် တင်ထားသော
တစ်စုံတစ်ရာကို လှမ်းမြင်လိုက်တော့သည်။ မေ ကိုင်နေကျဖုန်းလေ
ချက်ချင်းပင် လှမ်းယူလိုက်ပြီး ဖုန်းလေးကို ဖွင့်ကြည့်လိုက်တော့ scre
ပေါ်တွင် ပေါ်လာသော ဓာတ်ပုံကြောင့် သူအသက်ရှူပင် မှားသွား

အပြာရောင် ခုံတန်းလေးပေါ်တွင် အိပ်နေသော ဖေယာ
ဒါကိုမှ သေချာ အနီးကပ်ရိုက်ထားပုံမျိုး။ ပြီးတော့ အဲဒီခုံတန်းလေ
ဒီခုံတန်းလေးက သူနဲ့မေတို့ အိမ်၏အလယ်တွင် သူတို့င်ယ်စဉ်တည်
ရှိခဲ့ခြင်းဖြစ်သည်။ သူတို့နှစ်ယောက်အတွက် နောင်ရိုးအဘွားကိုယ်တိ
လုပ်ပေးထားသော ခုံတန်းလေး။

ဒီလိုနေရာမျိုးကိုတောင် သူက တခြားသူတစ်ယောက်နှင့် လ
သည့်ပေပဲ။ ဒီလူဟာလည်း သူ ဘယ်လိုမှ ထင်မှတ်မထားသောသူး
စိတ်တွေ ကယောက်ကယက်ဖြစ်နေပြီ။ သူကတော့ တစ်သက်
တယုတယ ဂရုစိုက်ခဲ့သမျှ နှမစေသိသည့် လူတစ်ယောက်နှင့်တေ





နိုင်းယှဉ်မရတာ တော်တော်လေး ထိုးရွှားလှပါ၏။

သူ ဒီကိစ္စကို မည်သို့လုပ်ရမည်နည်း။ ဖိတိုင်းတော့ ငြိမ်ခံမနေ
ချင်။ ခုရော မေနဲ့အဆက်အသွယ် ပြတ်နေသည့်အကြောင်းက ထိုလူနဲ့
မပတ်သက်ပါဟု မည်သူပြောနိုင်မည်နည်း။ ထို့ကြောင့်ပင် ထိုလူဆိုင်သို့
လိုက်ခဲ့၏။

"ဘာအလိုရှိလို့လဲ အစ်ကို"

အရောင်းဝန်ထမ်းကောင်လေးက ဆိုင်ထဲသို့ဝင်လာသော သူ့ကို
ရိုသာစွာမေး၏။

"မင်းတို့ဆိုင်က ဖေယာသုရော"

သူ့အသံက နည်းနည်းမာနေသောကြောင့် ဝန်ထမ်းလေးက
သူ့ကို အထူးအဆန်းသဖွယ် ကြည့်သည်။ ပြီးမှ

"မရှိဘူး ကိုဖေယာသုရော ကိုထင်ကျော်ရော မြဝတီသွားတယ်"

"ဘာ ဘယ်တုန်းက သွားတာလဲ"

"မနေ့မနက်တည်းကဗျ ဘာကိစ္စရှိလို့လဲ၊ အလုပ်ကိစ္စလား။
သူတို့က တစ်ပတ်လောက်တော့ ကြာလိမ့်မယ်၊ အဲဒီကျတော့မှ ပြန်လာခဲ့
ဗျ"

ဆိုင်ထဲမှ ခြေလှမ်းကျဲကြီးများနှင့် ဝုန်းခနဲ ပြေးထွက်လာခဲ့
သော သူ့ကိုအားလုံးက အထူးအဆန်းသဖွယ် ကြည့်နေကြတာကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



မေက ပြောရင်းနှင့်အသံလေးများတိမ်ဝင်ကာ မျက်ရည်များ
ကျလာတော့ သူ ဘယ်လိုမှမခံစားနိုင်တော့ရှာပင် မေ လှဲနေသောဆို
နံဘေးတွင် ဒူးထောက်ထိုင်ချလိုက်ပြီး နဖူးပေါ်ဝဲကျနေသော ဆံပ
ဖျော့ဖျော့လေးများကို အသာအယာ သပ်တင်ပေးလိုက်သည်။

"မေရယ်"

သူ့နှုတ်မှ မချင့်မရဲလေး ရေရွတ်လိုက်၏။ မေကတော့ သူ့မ
အရောင်ဖျော့နေသော မျက်ဝန်းနက်နက်များဖြင့် သူ့ကိုငေးစိုက်ကြည့်
နေသည်။ ထိုအကြည့်များထဲတွင် သူ သေချာမဝေခွဲနိုင်သော အဓိပ္ပါယ်
ပေါင်းမြောက်မြားစွာ ပေါ်လွင်နေတာတော့ သိသာပါသည်။

ဆုပ်ကိုင်ထားသော လက်တစ်ဖက်ကို မလွှတ်ဘဲ မေ အိပ်ပျော်
သွားခဲ့၏။

သူသည်လည်း မေ့မျက်နှာလေးကို တမေ့တမော ငေးကြည့်က
စိတ်မထိန်းနိုင်ရှာဖြင့်ပင် နဖူးလေးကို တစ်ချက်ငုံ့နမ်းမိသည်မှလွဲ
မေ့အပေါ်မှာ တကယ့်ကို ဖြူစင်သော စိတ်ဖြင့်သာ နေထိုင်ခဲ့ပါသည်
မေက တော်တော်နှင့်မနိုးလာ။ မေ ဆုပ်ကိုင်ထားသော
လက်များကတော့ တင်းသည်ထက် တင်းလာသလားပင် သူ ထင်မိသည်
ထို့ကြောင့်ပင် သူလည်း ငြိမ်သက်စွာ
အချိန်တွေ မည်မျှကြာအောင် မေးခနဲ ဖြစ်သွားသည်မသိ





ရင်တွင်းမေ ဟုအော်လိုက်သော အသံကျယ်ကြီးကြောင့် သူ ဖျတ်ခနဲ
နိုးသွားခဲ့ရသည်။ သူ့လက်တစ်ဖက်ကတော့ လွှတ်မရသေး။ မေ
အိပ်ပျော်နေဆဲပါ။

အသံလာရာဆီ လှမ်းကြည့်လိုက်တော့ မျက်နှာကြီးတစ်ခုလုံး
ကာ မျက်လုံးများက မီးဝင်းဝင်းတောက်နေသလို အငွေ့တွေပဲ ပျံ
လာတော့မလား ထင်ရလောက်သည့် အကြည့်များနှင့် သူတို့ကို
ရဲရဲ စိုက်ကြည့်နေသော နောင်ရိုးထွန်း။

"ခင်ဗျား ခင်ဗျားဗျာ ကိုဖေယသု ဒါ ဘာလုပ်တာလဲဗျ"

သူသိသည်။ သူ့ကိုနောင်ရိုးထွန်း အထင်လွဲနေပြီဆိုတာ။

"မေ ထဝမ်း ရင်တွင်းမေ နင် ဖြစ်ချင်တိုင်း ဖြစ်နေတယ်
ပေါ့လား"

နောင်ရိုးက မေ အိပ်နေသည့်နားသို့ တိုးကပ်လာကာ အော်
ခြင်းဖြစ်သောကြောင့် ဒူ နည်းနည်းတော့ ဒေါသဖြစ်သွားရသည်။

"ဒီမှာ နောင်ရိုးထွန်း မေ တော်တော် နေမကောင်းဖြစ်နေတယ်
သိသူမှမရှိလို့ ကိုယ့်ကို အကူအညီတောင်းပြီး ဆေးခန်းသွားပြနိုင်း
တဲ့"

သူက ပြေရာပြေကြောင်း ပြောတော့ နောင်ရိုးထွန်းက နှုတ်ခမ်း
တစ်ချက်မဲ့ကာ



www.burmeseclassic.com

"သူ နေမကောင်းရင် ဆေးခန်းသွားဖို့ ကျွန်တော့်ကို လှမ်း

လည်း ရတာပဲလေ"

"ဒါကတော့ ကိုယ်လည်းမပြောတတ်ဘူးကွာ၊ မေ နိုးလာ

မေးကြည့်ပါ။ မင်းကိုမခေါ်ဘဲ ဘာလို့ ကိုယ့်ကိုခေါ်တယ်ဆိုတာပေါ့။ သူ

တော့ မနိုးပါနဲ့၊ သူ တော်တော်အားနည်းနေတယ်လို့ ဆရာဝန်က ပြော

လိုက်တယ်"

ယသုက သူ့လက်ကိုဆုပ်ကိုင်ထားသော မေ့လက်များကို ကျ

လက်တစ်ဖက်နှင့် ဆွဲခွာပစ်ကာ မတ်တပ်ထရပ်လိုက်သည်။ ထိုအခြ

အရာကိုမြင်နေသော နောင်ရိုးထွန်းမှာတော့ ပါးစပ်အဟောင်းသ

ဖြစ်ကာ သူတို့နားရောက်လာပြီး မေ့နဖူးကို သူ့လက်ဖဝါးနှင့်

ကြည့်၏။

"မေ့အသားတွေ တော်တော်ပူနေတာပဲ"

"ဟုတ်တယ် ကိုယ်လည်း မင်းလိုစိတ်ပူပြီး ချက်ချင်းပဲ ဆေး

ခန်းလိုက်ပြပေးခဲ့တာ၊ ဒါနဲ့ နေပါဦး။ ဒီအိမ်ကြီးမှာ သူက တစ်ယော

တည်း နေတာလား။ သူ့မိဘတွေကရော"

နောင်ရိုးထွန်းပုံစံကိုကြည့်ရတာ ယသုအပေါ် နည်းနည်း

ကြည့်လာဟန်ရှိ၏။ သက်ပြင်းကို ဟင်းခနဲ ချပြီး သူ့ကိုတည့်တည့်ကြ

ကာ





"ကိုယေယသုက မေ့အကြောင်းဘာမှသိမှာမဟုတ်ဘူး။ သိသင့်တယ်ထင်လို့ ကျွန်တော် ပြောပြပါ့မယ်"

နောင်ရိုးထွန်းက ထမင်းစားခန်းထဲရှိ ကုလားထိုင်တွင် ထိုင်လိုက်ပြီး

"ပထမဆုံးပြောချင်တာက ကျွန်တော်နဲ့သူက ဟိုးငယ်ငယ်လေးထည်းက ပေါင်းလာတဲ့ သူငယ်ချင်းတွေဆိုတာပဲ၊ ဘယ်လောက်လည်းဆိုရင် သူဟာ စာလုံးဝက်သုံးရမယ့် တစ်နေရာရာဝိုင်းကို သူ့မွေးနေ့ပဲသုံးလေ့ရှိတယ်၊ ခုလည်း သူ့အိမ်တံခါးကို သူ့မွေးနေ့နဲ့ပဲ ကျွန်တော်ဖွင့်ခဲ့တာ၊ ပြောချင်တာကတော့ အဲဒီလောက်ထိ အတွင်းကျကျ သိတယ်ဗျာ"

"ဟုတ်ပါပြီ မင်းပြောချင်တဲ့ မေ့အကြောင်းဆိုတာကို ပြောပြပါ"

ယသုရှေ့မှာ သူနဲ့မေ မည်မျှရင်းနှီးကြောင်း ထုတ်ပြောနေခြင်းအညီ မလိုအပ်ဘူးဟု ထင်သောကြောင့် ယသုက တားလိုက်ခြင်းဖြစ်သည်။

"တကယ်တော့ မေ့မှာ သူသိပ်ချစ်ပြီး သူ့ထက်နှစ်နှစ်လောက်ကြီးတဲ့ အစ်မအရင်းတစ်ယောက် ရှိခဲ့တယ်"

ထိုစကားကတင် ယသုကို တော်တော်လေး ဆွဲဆောင်လွှမ်းနေ

www.burmeseclassic.com

www.burmeseclassic.com



ပါပြီ။

"ကိုယ် မသိဘူးကွာ၊ အမှန်အတိုင်း ဝန်ခံရရင် ကိုယ်က မေ့ ပတ်သက်ပြီး ဘာမှကို မသိခဲ့တာပါ"

နောင်ရိုးထွန်းက အရှယ်ငယ်သော်လည်း တည်ငြိမ်ရင့်ကျက်မှုကတော့ အတော်ရှိပုံရပါသည်။

"အင်းလေ မေကလည်း သူ့အကြောင်းကို လူတိုင်းကို ဘယ် လျှောက်ပြောနေပို့မလဲ၊ မေ့ အစ်မ နာမည်က ရင်နှစ်သဲ တဲ့"

"ဪ ခု သူက ဘယ်ရောက်နေတာလဲ"

သူက သိလိုဇောနှင့် မေးလိုက်ခြင်းဖြစ်ပေမယ့် နောင်ရိုးက ခေါင်းကိုခါရမ်းကာ

"လွန်ခဲ့တဲ့ တစ်နှစ်လောက်က သူတို့အရွယ်တောင်ကြား သုံးထပ် တိုက် ခေါင်မိုးပေါ်က ခုန်ချပြီး သေသွားပြီဗျ"

"ဗျာ"

ဒီတစ်ခါတော့ သူ့ရင်ထဲမှာ လှိုက်လှိုက်လှဲ့လှဲ့ ဗျာ လိုက်ခြင်း ပါပဲ။ စိတ်ထဲမှာလည်း တော်တော်ကို အံ့ဩနေသည်။

တကယ်ဆို ရင်နှစ်သဲဆိုတာ ယသုနှင့်မှ ရွယ်တူလောက်ရှိမည် မဟုတ်လား။

"ကိုယ်တော့ တော်တော်လေးစိတ်ဝင်စားသွားပြီကွာ၊ ဆက်ပြော





ဦး၊ မေ့ အစ်မသေတာ မတော်တဆတော့ မဟုတ်ဘူးပေါ့နော်"

"အဲဒီလို ပြောလည်း ရပါတယ်၊ တကယ်တော့ မေ့ ဖေဖေ ဦးနက်ရှိန်းက ခေါင်းသိပ်မာတယ်ဗျ၊ အဲဒီအမွေကို မေတို့ညီအစ်မက ယည်း ပြည့်ပြည့်ဝဝကို လက်ခံရထားတယ်၊ ဖြစ်ချင်တာဆို မဖြစ်မချင်း ရအောင်နည်းနဲ့ လုပ်ယူတာ၊ ဒီလိုပဲပေါ့ မမသဲ ဆယ်တန်းအောင်တဲ့အချိန် မှာ ဘာသာစုံဂုဏ်ထူးနဲ့ အောင်ခဲ့တာဗျ၊ အမှတ်ကလည်း Top Ten ဝင်တာပေါ့ဗျာ၊ အဲဒီမှာ ဦးရှိန်းက နိုင်ငံခြားကိုလွှတ်ပြီး၊ အဲဒီမှာ ဆေး ပညာသင်စေချင်တယ်"

နောင်ရိုးစကားများကို နားထောင်ရင်းနှင့်ပင် ယသုစိတ်ထဲ အတော်သိမ်ငယ်နေမိသည်။ တကယ့်ကို ခြားနားလွန်းတဲ့ ဘဝတွေပါလား ဟုရယ်။

"ဒါပေမဲ့ မမသဲက မသွားဘူးချည်းပဲ ငြင်းတာဗျ၊ သူက သွားမယ့်အပြင် ဒီက ဆေးကျောင်းကိုတောင် တက်ဖို့ စိတ်ကူးမရှိဘူး တဲ့လေ၊ သူ တကယ်တမ်းဖြစ်ချင်တာက စာရေးဆရာတစ်ယောက်သိုပဲ၊ အဲဒီမှာ ဦးရှိန်းက အကြီးအကျယ်ပေါက်ကွဲတော့တာပေါ့၊ နိုင်ငံခြားက ဆေးပညာတက္ကသိုလ်တွေထိ အမှတ်မီတဲ့ လူတစ်ယောက်က ဒီမှာပဲနေပြီး စာရေးဆရာ လုပ်မယ်ဆိုတော့ သူ တော်တော်လေး ဒေါသဖြစ်သွားတယ်၊ အဖေကိုလည်း ဆွဲလိုက်တာ ရစရာကိုမရှိဘူး။ ပြီးတော့ ခေါင်းမာနဲ့ပဲ



www.burmeseclassic.com

www.burmeseclassic.com



မေသဲတို့ ချစ်ရေးသိတ်သားသီးထားခဲ့တာပေါ့"

"ဟူး သူတို့မိသားစု ပြဿနာကလည်း တစ်မျိုးကြီးပါလား"

"အင်း ဟုတ်တယ် အဲဒီမှာ ဖြစ်ချင်တော့ မမသဲမှာ ချစ်

ရှိနေတယ်လေ၊ ဦးရှိန်းက အိမ်ထဲက ဇာတ်ပြင်ထွက်ခွင့်မပေးတော့ သူ

ချစ်သူနဲ့လည်း ဘယ်လိုမှ တွေ့ခွင့်မရဘူး၊ ဒါပေမဲ့ သူ့ချစ်သူက မမသဲ

တွေ့ဖို့ အမျိုးမျိုးကြိုးစားတော့ ဦးရှိန်းတို့လည်း အဲဒီကိစ္စကို သိကု

တော့တာပေါ့၊ အဲဒီမှာ ပိုဆိုးတော့တာပဲ၊ ကောင်လေးက ဝိုက်ဆံ သိပ်မ

နိုင်တဲ့ အသိုင်းအဝိုင်းထဲက ဖြစ်နေတယ်လေ၊ ဦးရှိန်းတို့တာ ပေါက်

လိုက်တာ ပြောမနေနဲ့တော့၊ မမသဲကိုလည်း အိမ်ထဲမှာပဲထား၊ ခြံတံခါး

သော့ခတ်ပြီးတော့ အစောင့်တွေချပြီးတော့ နေတော့တာ၊ အဲဒီတုန်းက

ကျွန်တော်နဲ့မေက ကိုးတန်းပဲ ရှိသေးတယ်၊ အမြဲတမ်း အစ်မဘက်က

နေခဲ့တဲ့ မေကလည်း မမသဲနဲ့အတူတူ လိုက်ငိုတဲ့အထိ ချစ်ကြတာ"

နောင်ရိုးထွန်းက စကားဖြတ်ကာ ရေခဲသေတ္တာဖွင့်ပြီး ရေ

တစ်ပုလင်း ယူသောက်၏။ သူကတော့ သိချင်စိတ်က အတော်လေး

လွှမ်းမိုးနေပြီမို့ နောင်ရိုး ရေထသောက်ခြင်းကိုပင် စိတ်ထဲ နေမထိ

ထိုင်မသာ ဖြစ်နေသည်။

"အဲဒါနဲ့ ဘာတွေဆက်ဖြစ်ကြသေး၊ ပြောပါဦး"

"အဲဒီမှာ မမသဲချစ်သူက အတင်းလာတွေ့တော့ ခြံစောင့်တွေ

ဟာ ဝိုင်းထိုးနက်လွှတ်ကြတာပေါ့၊ ဒါကို အိမ်ပြတင်းပေါက်ကနေ ဖတ်

အဆုံးမြင်နေရတဲ့ မမသဲလည်း သွေးရူးသွေးတန်းဖြစ်ပြီး တိုက်ခေါင်မိုး

ပေါ်တက်ပြေးတော့တာ၊ အောက်ကနေ အားလုံးက ဆင်းလာနိုင်ပေမယ့်

ဘယ်လိုမှ ပြောလို့မရဘူး၊ နောက်ဆုံး သူဖြစ်ချင်တာတွေကို ဖြစ်ခွင့်ပေး

မှာလား၊ မပေးဘူးလားလို့ မေးတယ်၊ အဲဒီ အခြေအနေရောက်တဲ့အထိ

ဦးရှိန်းကလည်း တင်းခံထားတော့၊ ဘယ်လိုမှကို ပြောလို့မရဘူး၊ အနတိ

မှာတော့ သူ့ယောက်ျားစိတ်ကိုသိလို့ ပြောမနိုင်ပေမယ့် သူ့သမီးကိုလည်း

သနားလှပြီလေ၊ အောက်ကနေ ငိုလို့ပေါ့"

နောင်ရိုးပြောနေသည်များက အသက်ပါလွန်းလှ၍ သူလည်း

ဇာတ်လမ်းတစ်ခု ကြည့်နေရသလိုပင် စိတ်ထဲထင်လာ၏။

"ဒါနဲ့ မင်းတို့က အဲဒီကိစ္စတွေကို သေချာသိတာ ဘာဖြစ်လို့

လဲ"

"ဟာဗျာ ဘာဖြစ်ရမှာလဲ၊ ကျွန်တော့်အဘွားအိမ်နဲ့ မေတို့

အိမ်က ကပ်လျက်လေ၊ ကျောင်းပိတ်တဲ့ရက်ဆို ကျွန်တော်က ဘွားဘွား

တို့ဆီ သွားနေကျပဲ၊ ဒီအဖြစ်တွေကို မျက်မြင်ခဲ့ရတာဗျ၊ မေဆို

တာလည်း သူ့အစ်မ ပြုတ်ကျမှာစိုးလို့ ခေါင်မိုးပေါ်ထိ သွားဆွဲမယ်လုပ်

တာ၊ ဒါပေမဲ့ နစ်ယောက်လုံးကို စိုးရိမ်လို့ မေ့ကိုတော့ အပေါ်တက်လို့

မရအောင် အတင်းဆွဲထားကြတယ်လေ၊ ဒါနဲ့ပဲ"

www.burmeseclassic.com



နောင်ရိုးက ပြောလက်စ စကားကိုရပ်ကာ မေရှိရာ စည့်ခန်း ထဲသို့ မျက်လုံးများကို တစ်ချက်ဝေ့ကြည့်၏။ မေက မလှုပ်မယှက် အိပ်နေဆဲဆိုတာသိမှ စကားကို ဆက်ပြောပြန်သည်။

ဒီသူငယ်ချင်းနှစ်ယောက်၏ သံယောဇဉ်က အတော်ပင်ကြီးမား လိမ့်မည်ဆိုတာတော့ ယာသု ခန့်မှန်းမိနေပါပြီ။

"မမသဲက နောက်ဆုံးအကြိမ်မေးတာနော် ဖေဖေ၊ သမီးဖြစ် ချင်တာတွေ တကယ်ပဲ ဖြစ်ခွင့်မပေးဘူးဆိုတာ သေချာပြီလားလို့ မေး လိုက်တယ်၊ အဲဒီအကြိမ်လောက် မမသဲ မျက်နှာရော လေသံပါ တည်ငြိမ် နေတာ ကျွန်တော်တောင် မတွေ့ခဲ့ဖူးဘူး"

"ဒါနဲ့ နေပါဦးကွ၊ သူ့ချစ်သူဆိုတာကရော"

"ခုနက မြဲစောင့်တွေ ဝိုင်းထိုးလိုက်တော့ သတိလစ်ပြီး သူ့ အတူပါလာတဲ့ ဘော်ဒါတစ်ယောက်က ဆေးရုံကိုခေါ်ချသွားပြီလေ"

"ဪ အင်း ဆက်ပြောပါဦး၊ ရင်နှစ်သဲက အဲဒီလို မေးတော့ ဦးရှိန်းက ဘာပြန်ပြောလဲ"

သူလည်း မေ့ဖေဖေ ဆိုသူကို နောင်ရိုးခေါ်သလို ဦးရှိန်းဟု ရင်းရင်းနှီးနှီး ခေါ်ပစ်လိုက်၏။

"ခေါင်းခါပြီး ဘယ်လိုမှ မလိုက်လျောပေးနိုင်ဘူး တဲ့၊ အဲ စကားလည်းဆုံးရော မမသဲက အောက်ကနေ စိုစိုပ်တကြီး ကြည့်နေတဲ့





သူတွေထဲကမှ မေ့ကိုကြည့်ပြီး မျက်ရည်ကျတာဗျာ၊ ခုပြောရင် ခုချက် နီး မျက်လုံးထဲ ပြန်မြင်ယောင်တယ်"

နောင်ရိုးကိုယ်တိုင်လည်း ထိုအဖြစ်များကို ပြန်ပြောရင်း တ ယ်ပင် ခံစားနေရပုံရသည်။ ပြောရင်းနှင့် အားပါလာသော သူ့လေသံ သက်သေပင်။

"အဲဒီလိုနဲ့ နောက်ထပ်စက္ကန့်ပိုင်းလေး အတွင်းမှာပဲ မမသဲက ခေါင်မိုးပေါ်ကနေ တိုက်အောက်ကို ခုန်ချပစ်လိုက်တော့တာ၊ လူတွေ တာ ဘာဖြစ်လို့ ဖြစ်သွားမှန်းတောင် မသိလိုက်ကြဘူး၊ ကြောင်နေကြ လေ၊ အဲဒီအချိန်ကစပြီး အနံတိနလည်း နဂိုအခံရှိတဲ့ နှလုံးရောဂါက ဆိုးရွားရွား ဖောက်လာတော့တာ၊ မေဆိုတာများဗျာ ဖျပ်ဖျပ်ကို နေတာပဲ၊ အဲဒီအချိန်ကစပြီး မေ့ကို ဘယ်သူကမှ ကျောင်းဆက်တက် ရျလို့မရတော့ဘူး၊ ဘယ်လိုပဲ ချော့ချော့ခြောက်ခြောက် မေကတော့ င်းမာမာနဲ့ကို တင်းခံခဲ့တာ"

"ဒါဆို မေ မေက ခုဘာတွေလုပ်နေတာလဲ"

"မြင်တဲ့အတိုင်းပဲလေ အိမ်ကိုဂျစ်တိုက်မယ်၊ စိုက်ကျူမယ်၊ ချင်တာလုပ်မယ်၊ သူပြောတာကတော့ ဒီပညာတွေဆက်သင်လို့လည်း ဖြစ်ချင်တာ ဖြစ်ခွင့်ရမှာ မဟုတ်ဘူးတဲ့၊ ပြီးတော့ ဟိုအိမ်ကြီးကို ချင်တော့ဘူးဆိုပြီး ဒီကွန်ဒိုလေးကို ပြောင်းလာခဲ့တာလေ၊ ပထမ



www.burmeseclassic.com

www.burmeseclassic.com



တော့ မိသားစုသုံးယောက်လုံးပေါ့။ ဟိုတစ်ပတ်ကျော်လောက်ကမှ အန်တီနဲ့ ရောဂါက ဆိတ်ငြိမ်မှုဖြစ်မှာဆိုတော့ ဦးရှိန်းတို့က ရွှေတောင်ကြားကို ပြန်သွားတယ်၊ မေ့ကိုခေါ်ပေမယ့် ဖွတ်ကိုပဲ ဒီမှာနေခဲ့တာလေ၊ ကျွန်တော် သိပါတယ်၊ ဟိုအိမ်ကိုပြန်ရင် မေကတော့ မမသဲကိုပဲ မြင်ယောင်နေမိမယ်ဆိုတာ''

ခုတော့ သူ ကောင်းကောင်းနားလည်သွားပါပြီ။ မေဟာ စိတ်တတ်ပိုင်းဆိုင်ရာ တော်တော်လေးကို ထိခိုက်ခဲ့ခြင်းဖြစ်ကြောင်း။ သူ ဆိုလျှင်လည်း မေ့လိုပဲ ဖြစ်မည်ထင်သည်။ မေ့ အကြောင်းများကြားရတော့ ရင်ထဲမှာချစ်စိတ်များအပြင် သနားစိတ်လေးပါ ဝင်လာတော့၏။

ဆိုဖာပေါ် အိပ်နေသော မေ့မျက်နှာလေးကို တစ်ချက်ငေးကြည့်ကာ သက်ပြင်းမောကြီးတစ်ခုပင် မှုတ်ထုတ်ပစ်လိုက်သည်။

''အမှန်တော့ ကျွန်တော်နဲ့မေနဲ့ မနက်က မေနဲ့ကျွန်တော် ဖုန်းပြောဖြစ်တော့ မေ့အသံတွေဝင်နေပြီး ချောင်းလည်းဆိုးနေတယ်လေ ဒါနဲ့ စိတ်ပူလို့ ကျွန်တော်က လာကြည့်တာ၊ ဆေးရုံမျှ အစ်ကို့ကို နည်းနည်း အထင်လွဲသွားမိတယ်၊ ခုတော့ မေ့အစား ကျေးဇူးတင်ပါတယ်၊ ဆေးခန်းတွေဘာတွေ လိုက်ပြတာထိ ပင်ပန်းခံလုပ်ပေးထားလို့ပါ။ ကိုဇေ ပြန်ချင်ပြန်လေ၊ မေ နိုးတဲ့အထိ ကျွန်တော် စောင့်နေမှာပါ''

မေ့ကို စိတ်မချ၍ နိုးလာသည်ထိ စောင့်ကြည့်ချင်သော်လည်း





ောင်းတတ်သည့်မို့ သူ ပြန်ရန် ဆုံးဖြတ်ကာ နောင်ရိုးထွန်းကို နှုတ်ဆက်လိုက်သည်။

''ဟုတ်ပြီလေ၊ ဒါဆို ကိုယ်ပြန်တော့မယ်''

ပြီးနောက် ဆရာဝန်မှာထားသည်များကို နောင်ရိုးအား မှာထားခဲ့ကာ မေ့အခန်းလေးမှနေ၍ လေးလံသော ခြေလှမ်းများနှင့် ထွက်လာ

ဒီနေ့သင်တန်းလည်း မသွားဖြစ်တော့သည့်အပြင် ယသုခ၏ ခြေလှမ်းများကလည်း လေထဲတွင် လွင့်ချင်ရာလွင့်နေသလို ပါဖြစ်နေသည်။

အိမ်ပြန်ရောက်တော့ ညွှန်ခန်းထဲတွင် ဖင်တကြွကြွဖြစ်နေသည့် ကျော်ကို တွေ့လိုက်ရ၏။ ဒီကောင် သူ့ကိုအတော် စိတ်ပူနေပြီဆိုတာ လိုက်သည်။ သို့သော် လေပူကြီးတစ်ချက်သာ မှုတ်ထုတ်နိုင်ပြီး ပေါ် ခြေပစ်လက်ပစ် ထိုင်ချပစ်လိုက်၏။

''ယသုခ မင်းဘယ်တွေသွားနေတာလဲ၊ နာရီကိုလည်း ကြည့် နာရီခွဲနေပြီ၊ ငါ့မှာတော့ မင်းများ တစ်ခုခုဖြစ်နေပြီလားလို့ စိတ်ပူ နေတာ''

သူ့ဘေးတွင်ဝင်ထိုင်းရင်း ထင်ကျော်က ပြောလိုက်တော့ သူ ပေါ်ခေါင်းတင်ရင်း မျက်နှာကျက်ကို အဓိပ္ပါယ်မဲ့ မော့ကြည့်နေပြန်



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဟောကောင် ပြောလေကွာ၊ မင်းဘာဖြစ်နေတာလဲ၊ ငါ့ကို ရင်တုန်အောင် မလုပ်နဲ့နော်"

ထင်ကျော့်မျက်နှာက သူ့ကိုတကယ်ပင် စိုးရိမ်နေသည့် ကြောင့် သူက သက်ပြင်းကိုချလိုက်ကာ

"နေဦးကွာ ငါ ရေချိုးလိုက်ဦးမယ်၊ ပြီးရင် မင်းကိုအားလုံး ပြောပြမယ်"

ပြောကာ ထထွက်သွားသော ယသုကို ထင်ကျော်က မြူကြေ သော မျက်လုံးများနှင့်သာ တအံ့တဩ ကြည့်နေသည်။

ယသုမှာလည်း မေ့အတွက် ခံစားနေရသမျှ ထင်ကျော့်ကို ရင်ဖွင့်လိုက်လျှင်တော့ နည်းနည်းသက်သာသွားမည်ဟု မျှော်လင့်မိ သည်လေ။ လန်းဆန်းသွားအောင် ရေကိုစိမ်ချိုးလိုက်သော်လည်း လ ဆန်းခြင်းက သူ့ဆီကိုရောက်မလာတာ ထူးဆန်းလွန်းလှသည်။

ဝရန်တာသို့ ထွက်ခဲ့တော့ ဂစ်တာကြိုးညှိနေသည့် ထင်ကျော်က

"ထမင်းစားတော့မလား မောင်မြကို ရှမိုင်းလိုက်ကွာ၊ဦးအော ကတော့ မင်းပြန်မရောက်သေးလို့ စိတ်တောင်ပူနေသေးတယ်၊ ရန်ကု ဘာတွေဖြစ်နေသလားပေါ့"

"မဟုတ်ပါဘူးကွာ၊ ငါပြောပြပါ့မယ်"





"ကြားသားပဲ ငါ စဉ်းစားနေတာ"

"ဘာကိုလဲ ဦးရှိုင်းတို့နဲ့ ပြန်နေဖို့ကိုလား"

နောင်က အားရဝမ်းသာမေး၏။ မေကတော့ နောင် မမြင်နိုင် သိပေမယ့် ခေါင်းကိုဖြည်းညင်းစွာခါရမ်းလိုက်ပြီး

"မဟုတ်ဘူး နောင်"

"မေရယ် နင်ဘာတွေများ ကြိစည်နေပြန်ပြီလဲ"

"တခြားတော့ မဟုတ်ပါဘူးဟာ၊ နင်ရထားတဲ့ မုန့်ဖိုးတွေကို ယ်လိုပိုင်းဖြန့်ပေးရင် ကောင်းမလဲလို့ တွေးနေတာလေ"

မေက ပြောင်ချော်ချော်လေး ပြန်ပြောလိုက်တော့ နောင်ရိုးက မလေး'ဟု အသာရေရွတ်လိုက်ပါသည်။ မေ့တွင် သူငယ်ချင်း ပေါင်းအသင်း ပြောက်မြားစွာရှိပါ၏။ မိန်းကလေးတွေရော ယောကျ်ား များပါ မေက ခင်မင်ရင်းနှီးအောင့် ပေါင်းသည်သာဖြစ်သည်။

ဒီနောင်ရိုးထွန်းဆိုတာကတော့ ဟိုးငယ်စဉ် သူငယ်တန်းဘဝ ည်းက ကိုးတန်းကျောင်းသူဘဝထိ တွဲလာသော ငယ်သူငယ်ချင်းလေး ဖြစ်သည်။ ဆယ်တန်းကျောင်းသားဖြစ်သွားသော နောင်က စာတွေနှင့် နေသောကြောင့် အရင်လို မေ့ထံသို့ နေ့တိုင်းနီးပါး မလာနိုင်တော့ပါ။ ပတ်တစ်ခါလောက်သာ ဖုန်းပြောဖြစ်ကြသည်လေ။

"ကဲ မေ ညနက်တော့မယ်၊ အိပ်တော့နော်၊ မနက်ဖြန့် ဖုန်းဆက်မယ်ဒီ



www.burmeseclassic.com

www.burmeseclassic.com



က ငါ့ကိုလိုချင်တဲ့ ကားဝယ်ပေးမယ်တဲ့ဟ၊ အဲဒါ နင်ပါလိုက်ခဲ့"

"အင်းပါဟာ လိုက်ခဲ့ပါ့မယ်"

"နင်တစ်ယောက်တည်း အိပ်ရေးအိပ်ရရဲ့လား မေ"

နောင့်အသံက စိတ်မချသံပေါက်နေသည်မို့ မေက ရယ်ပ
လိုက်ကာ

"အမလေးဟယ် ငါကဘာလို့ မအိပ်ရဲရမှာလဲ၊ ကွန်ဒိုအပေါ်
ဆုံးထပ်ထိလည်း သူခိုးဓားပြတွေ မလာနိုင်ပါဘူး၊ အောက်မှာလည်
၂၄ နာရီ လုံခြုံရေးတွေရှိပါတယ်ဟ"

"အေးလေ နင်အဆင်ပြေတယ်ဆို ပြီးတာပါပဲလေ၊ ဒါဆို
ဖွတ်နိုက်နော်"

"ဖွတ်နိုက်"

မေက ဖုန်းလေးကိုပိတ်ပစ်ကာ ဝရန်တာဘက် ထွက်ထိုင်လိုက်
သည်။ ကွန်ဒိုရဲ့အပေါ်ဆုံးထပ်မှာမို့ လေက တဖြူးဖြူးတိုက်နေကာ
မိုးနိုပ်များဆင်နေသော ကောင်းကင်ကြီးက မည်းညို့နေသည်။ ကြယ်
လေး တစ်လုံးစ နှစ်လုံးစကတော့ တိမ်မည်းများကြားမှ ပစိပ်မပိုင်လေး
ထွက်ပြူနေ၏။

မမ

မေ အချစ်ဆုံး မမ ရင်နှစ်သဲ။





ဒီလို မိုးတိမ်တွေ မည်းနက်နေတုန်းမှာပဲ မမက မေ့ကိုလောက
 အထီးကျန်ဖြစ်အောင် လုပ်ပစ်ခဲ့သည်။ မမ မရှိတော့သည့်နောက်
 မေ ဘယ်သူနဲ့မှ အဆင်မပြေတော့။ နဂိုကမှ ဂျစ်တိုက်တတ်သော
ွင်သေးသေးလေးရှိသည့် မေဟာ မမဆုံးပြီးနောက်မှာတော့ မိဘများ
ောင် အဆင်မပြေဖြစ်လာသည်ထိ လုပ်ချင်တာတွေကိုသာ ဖွတ်လုပ်
ာသည်။

လောကမှာ မေလုပ်ချင်တာသည်သာ ဖြစ်ရမည်။ မေ လိုချင်
 မရတာ မရှိစေရ။ တကယ်တော့ မေ့ကို ဒီလိုဆိုးသွမ်း ဖွတ်လုပ်
လာအောင် ဖန်တီးခဲ့သောသူတွေသည် ဖေဖေနှင့်မေမေသာဖြစ်

အမှန်တော့လည်း ထိုသို့ခေါင်းမာတတ်သော အကျင့်သည်
ေမှ အမွေလက်ခံရခဲ့ခြင်းဖြစ်ကာ ထိုအမွေကို မမရော မေပါ
 လက်ခံရရှိခဲ့ခြင်းဖြစ်သည်။

ဖေဖေ့ခေါင်းမာမှုကြောင့် မမသည်လည်း ဖေဖေနှင့်အပြိုင်
ာခဲ့လို့ ဒီနေ့ မေတစ်ယောက်တည်း ကြေကွဲနေရခြင်းဖြစ်သည်။
သဆုံးခဲ့သည့် ကိစ္စမှာတော့ မိဘနှစ်ပါးစလုံး စိတ်ထိခိုက်မည်မှန်
်လည်း မေ့လောက်တော့ မည်သူမျှဝမ်းနည်းမည်မထင်ပါ။

ငယ်ငယ်တည်းက ဖေဖေရော မေမေပါ ကိုယ့်မိသားစုပိုင်



www.burmeseclassic.com

www.burmeseclassic.com



ကုမ္ပဏီများကို ဦးစီးလုပ်ကိုင်နေရသည်မို့ သူမတို့ညီအစ်မအား က
ထိန်းအန်တီကြီးနှင့် ထားခဲ့ရသည်က များ၏။ အရွယ်လေး၊ နည်းနည်
ရောက်လာသောအခါ မမရင်နှစ်သဲသည် မေ့၏အားအကိုးဆုံးဟူသေ
နေရာကို ရောက်လာသည်။

မေမေ့ကိုကပ်ချွဲနေဖို့ အချိန်မရပေမယ့် မမကိုတော့ မေ
သည်။ ဖေဖေ့ပေါင်ပေါ်တက်ထိုင်ကာ စကားတွေပြောခွင့်မရပေမယ့်
ပြောပြသော ပုံပြင်များနှင့် မေ အိပ်ပျော်ခဲ့ဖူးသည်။ တကယ်တော့လည်
မမရင်နှစ်သဲဟာ ရင်တွင်းမေထက် နှစ်နှစ်သာကြီးခြင်းဖြစ်၏။ သို့သေ
မေကတော့ အငယ်မို့ မမကို ဆိုးနွဲ့ဗိုလ်ကျခဲ့ပါသည်။

မမအကြောင်းများတွေးရင်း မေ့ပါးပြင်ပေါ်သို့ မျက်ရည်ပူပူ
စီးကျလာတော့၏။ မမဆုံးခဲ့တာ တစ်နှစ်ပြည့်တော့မည်ဖြစ်သော်လည်
မေကတော့ မနေ့တစ်နေ့ကလိုပင် ခံစားကြေကွဲနေရဆဲဖြစ်သည်။

ဖြစ်နိုင်လျှင် မမကို ပြန်လိုချင်မိပါသည်လေ။

■ ■ ■

ဒီနေ့မနက်စောစောမှာ ဆိုင်သွားရန် သူနှင့်ထင်ကျော် ပြင်ဆ
နေတုန်း ဦးအောင် ခေါ်နိုင်းလိုက်သည်ဟု မောင်မြလာပြောသောကြေ
နှစ်ယောက်သား အဝတ်အစားများ အမြန်လဲလှယ်ကာ အောက်ထပ်
ဆင်းခဲ့သည်။





ဧည့်ခန်းထဲတွင် ဂျာနယ်ဖတ်နေသော ဦးအောင်က သူတို့ဆင်း
တာကိုမြင်သည်နှင့် ဂျာနယ်ကို စားပွဲအောက်ခံဆီ ထိုးထည့်လိုက်ကာ

"အေး လာကြ မင်းတို့ကို တာဝန်တွေပေးခဲ့မလို့ကွ"

"ဦးအောင်ကလည်း ထူးထူးဆန်းဆန်းပါလား"

ထင်ကျော်က သူ့ဦးလေးကို တအံ့တသြ ကြည့်ကာပြော၏။
အောင်က သူတို့ကို တာဝန်ပေးသည်ဆိုတာ ညစာစားချိန်တွေမှာသာ
ပြောဆိုတတ်ခဲ့တာလေ။ ခုတော့ တကူးတကဆိုင်သွားခါနီးခေါ်သည်ဆို
တော့

"အေး ထူးဆန်းတယ် အမှန်တော့ ငါ ခရီးထွက်ချင်လို့ကွ"

"ဘယ်လဲ ဦးအောင်၊ မြဝတီဘက်လား"

ယသုက မေးလိုက်ခြင်း။ ဦးအောင်က ခေါင်းကိုဘယ်ညာ
ယမ်းခြင်းဖြင့် ယသုအဖြေကို ကန့်ကွက်လိုက်သည်။

"မဟုတ်ဘူးကွ၊ ဆွဲဖိကို"

"ဗျာ ဘယ်လို ဦးအောင်က ဘယ်ကိုသွားမယ်"

ထင်ကျော်က မျက်လုံးကြီးပြူးကာ ထအော်၏။ သူကတော့
ကြွမိပေမယ့် ဘာမှတော့ ဝင်မပြောဖြစ်ပါ။

"အေးကွ၊ ဆွဲဖိတလန်မှာ ရောက်နေတဲ့ ငါ့အသိတစ်ယောက်
ကတော့ အဆက်အသွယ်ရလို့ ငါလိုက်သွားဖို့ ဆုံးဖြတ်လိုက်တယ်၊ လော

www.burmeseclassic.com



လာဆယ်တော့ ခြောက်လလောက်နေပြီပေါ့"

ထိုသို့ပြောလိုက်သည်ကား ဦးအောင်တော့ စကားကြားကြား

တော့မည်ဆိုတာ သူတို့အားလည်းလိုက်ပြီးနှစ်ယောက်သား ဦးအောင်

မျက်နှာချင်းဆိုင် ထိုင်နေကြသောနှစ်ယောက်ထိုင်ခုံတွင် ဝင်ထိုင်လိုက်၏။

"တကယ်တော့ ဖိုက်စွ ဆက်သွယ်နေတာ ကြာပါပြီ လွန်

နှစ်တက်လောက်တည်းကပေါ့"

"သူဆိုတာ ဘယ်သူလဲ ဦးအောင်"

"အေးလေ ပြောမှာပေါ့ ဗိုလ်တင်ရယ်၊ မင်းကလည်း တော်ပြီ

သူဆိုတာကတော့ ဦးအောင်ရဲ့ ငယ်ချစ်ကြီး တင်တင်ဝေပဲ သူနဲ့ဦးအော

ကို သူ့မိဘတွေက သဘောမတူနိုင်လို့ ခွဲပစ်ခဲ့ကြတယ်လေ၊ အဲဒီ

အကြောင်းပြချက်ကတော့ ဗိုက်ဆံလည်းမရှိ ပညာလေးကလည်း

တောက်တစ်မြိုက်နဲ့ဆိုတော့ သူတို့ဂုဏ်ကြီးကျယ်တဲ့ အသိုင်းအဝိုင်းတွေ

ဘယ်လက်ခံနိုင်ပါ့မလဲလေ"

ဦးအောင်က စကားကို ခေတ္တရပ်ကာ သက်ပြင်းချ၏။ မျက်

များထဲတွင်လည်း ဟိုးအရင်ကပုံရိပ်တွေကို ပြန်လည်မြင်ယောင်နေပုံ

"ဒီလိုနဲ့ပဲ ဦးအောင်နဲ့ဝေကို တစ်လအကြာမှာပဲ သူတို့မိဘ

အလိုက် အပြီးအပိုင် ထွက်သွားကြတယ်၊ ဦးအောင်ကတော့ အသ

တွေနဲ့ အရက်တွေသောက်ပေါ့ တစ်နှစ်လောက် မူးတော့တော့ယိုင်နေ





တင်တို့ သိမှာပါ"

"ခြောက် ကျွန်တော် ငယ်ငယ်တုန်းက ဦးအောင် အမြဲမူးနေတာ

ကြောင့်ကို"

ဗိုလ်တင်ကပါ မှတ်မိဟန်ဝင်လာ၏။ ဦးအောင်ကလည်း ခေါင်းကို

ညိတ်ပြကာ ဆက်ပြောပြနေသည်။

"နောက်တော့ ကိုယ့်ဘာသာ ပြန်စဉ်းစားကြည့်တယ်၊ ဘာလို့

မိဘတွေက ဖိုက်ဆံနဲ့သဘောမတူတာလဲဆိုပြီးတော့ အဲဒီမှာ အဖြေ

လာတယ်၊ ဗိုက်ဆံမရှိလို့ ပညာအရည်အချင်းမတတ်လို့ဆိုတဲ့ ချို့ယွင်းချက်တွေနဲ့

အောင်ကို သူတို့မိဘတွေဆက်လိုက်ကြတယ်၊ အဲဒီတော့ ဦးအောင် ဘာ

ရမလဲ၊ ရေးသူတွေလုပ်ဖို့ဝင်လုပ်ပြီး ဇွဲကိုကျစ်နေအောင် ထုတယ်

ကတော့ အဆက်သွယ်လေးကလည်းရှိတာနဲ့ ထမ်းဆောင်မှာ တောင့်

ခုင်းတယ်ကွ နောက်ပိုင်း ကိုယ့်ဘော်ဒါတစ်ယောက်နဲ့ ဖိုင်စိမ်ပြီး သူက

ယောက်ဘက်က အပ်သည်တွေ ယူပြီး ဦးအောင်ဆီကနေ ဖြန့်တယ်

ရောင်းဖြစ်သွားတဲ့ အခါလေးမှာ ပိုင်ခန်းလေးလေးတစ်ခုရှိပြီး

အောင်ကလည်း လုပ်တာပဲ၊ စုဆောင်းတဲ့ငွေလေးကလည်း ရှိတာကို"

ဦးအောင်က အများကြီးပြောလိုက်ရ၍ မောသွားပုံနှင့် ခေတ္တနား

က်၏။ ပြီမှ ဆက်ကာ

"နောက်ပိုင်းတော့ သူ့လုပ်ငန်းတွေ ကိုယ်ကကျွမ်းကျင်သွား ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



အဆောက်အအုံသွယ်နဲ့ကိုယ် လုပ်ကြည့်တယ်၊ အောင်မြင်တယ်၊ ဒါနဲ့ပဲ ဒီဆိုင်
လေးဖွင့်နိုင်၊ ဒီလိုအိမ်မျိုး ကားလေးမျိုးနဲ့ နေနိုင်လောက်တဲ့အထိ ဦး
အောင်ရှာခဲ့တာပဲ"

"ဟား ဦးအောင်က လေးစားဖို့ကောင်းတယ်ဗျာ"

ဒါကတော့ ယသုက တလေးတစား ချီးကျူးလိုက်ခြင်းမင်
သူ့စိတ်ထဲမှာလည်း တကယ့်ကို အားကျနေမိတာပါ။

"အင်း ဒါကြောင့် မင်းကို ဦးအောင်က ဘွဲ့ရပညာတတ်တစ်
ယောက်ဖြစ်စေချင်တယ်၊ ဟိုကောင် ဖိုးကျော်ကိုလည်း ဖြစ်စေချင်တာ
ပေါ့၊ ဒါပေမဲ့ လူဆိုတာကလည်း ကိုယ့်ကံနဲ့ကိုယ် လာကြသားကွ၊ လူကြ
ထဲမှာ ရင်ကော့ပြီးရပ်နိုင်ဖို့ဆိုတာ စီးပွားရေးကောင်းရင်ကောင်း၊
ကောင်းရင် ပညာတတ်တစ်ယောက်ဖြစ်နေဖို့လိုတယ်ဆိုတာ ဦးအောင်
နားလည်ခဲ့တယ်လေ"

"ကျွန်တော်လည်း သဘောပေါက်ပါတယ်ဗျာ၊ ဒါကြောင့် ဦး
အောင်ဆိုင်မှာ အလုပ်ကို သေချာလုပ်နေတာပေါ့"

"ဟုတ်ပါတယ် ဖိုးထင်ရယ်၊ ဦးအောင်ကလည်း မင်းကို အပြ
မဆိုပါဘူး၊ ဒါပေမဲ့ မောင်ဇေကတော့ တက္ကသိုလ်ဆက်မတက်ဘူးလ
ခြင်းနေရင် ဦးအောင် စိတ်ဆိုးမိမှာ အမှန်ပဲ"

သူ ဘာမှမပြောပါ။ ခေါင်းကိုသာ ငုံ့ချထားမိသည်။ ဦးအော



ပြောပြသော အဖြစ်လိုမျိုး နောင်တစ်ချိန်မှာ သူ မကြုံတွေ့ပါဘူးဟု
ညေသူက အာမခံမည်နည်း။ မေနှင့်ရှေ့ဆက် ပတ်သက်မည်ဆိုပါက
ထိုအဖြစ်မျိုး ကြုံတွေ့ဖို့ ကိုးဆယ့်ငါးရာခိုင်နှုန်း သေချာပြီးသားပါ။

"ဘယ်လိုလဲ မောင်ဇေ ကျောင်းဆက်တက်မယ် မဟုတ်လား"

ယသု ဘာမှပြန်မဖြေနိုင်ခင်မှာပင် ဦးအောင်က သူ့ဘာသာ
မဟုတ်သေးဘူး ဟု ရေရွတ်လိုက်ပြီး

"ကျောင်းဆက်တက်မယ် မဟုတ်လားဆိုတာ မဟုတ်သေးဘူး
မင်း ကျောင်းဆက်ကိုတက်ရမယ်၊ ဦးအောင်ကို ကိုယ့်ဆွေမျိုးအရင်းလို
သတ်မှတ်ရင် ဦးအောင်စကားကို လိုက်နာပေးပါ"

တစ်ချက်လွှတ်အမိန့်ပေးနေသော ဦးအောင်ကျော်ကို ယသုက
မော့ကြည့်လိုက်ပြီး

"ကျွန်တော် တက္ကသိုလ်ဆက်တက်ပါ့မယ် ဦးအောင်"

"ဒါမှပေါ့ကွ လူငယ်ဆိုတာ ကြိုးစားချင်စိတ်ရှိနေမှ တိုးတက်
မှာပေါ့"

"အဲဒီတော့ ဦး၊ မသွားခင် လုပ်ငန်းကိုင်ငန်းနဲ့ပတ်သက်တာ
တွေရော ဘာရော အားလုံး မင်းတို့နှစ်ယောက်ကို သေချာရှင်းပြခဲ့မယ်၊
သူက လှမ်းခေါ်နေတာ ကြာပြီလေ၊ ဦးဘက်က ပျက်ကွက်ရင် မကောင်း
ဘူး၊ ပြီးတော့ နိုင်ငံခြားရောက်နေတာတောင် ဦးအောင်ကို မမေ့ခဲ့တာ





www.burmeseclassic.com

www.burmeseclassic.com



တကယ် ကျေးဇူးတင်ဖို့ကောင်းတယ်"

"ဒါနဲ့ အန်တီဝေ့မိဘတွေက ဦးအောင်နဲ့ သဘောမတူဘူးဆို"

ထင်ကျော် ဝင်ထောက်လိုက်သော မေးခွန်းကို ယသုကလည်း သိချင်နေခြင်းဖြစ်၏။

"အင်း လူကြီးဆိုတော့လည်း ဒီလိုပဲပေါ့ကွာ၊ နောက်တော့ ဝေကလည်း ဟိုမှာအခြေကျတဲ့အထိ သူတို့ပေးစားတာကိုလည်း တစ်ယောက်မှလက်မခံဘဲ ဆိုးဆိုးရွားရွား ငြင်းနေတော့ သူတို့လည်း လက်လျှော့လိုက်တယ်တဲ့၊ ဟိုကိုထွက်သွားပြီး ငါးနှစ်လောက်မှာ ဝေ့ဘက်က ဦးအောင်ကို ဆက်သွယ်ခဲ့သေးတယ်တဲ့၊ ဒါပေမဲ့ ခုမှပဲ ဟိုရောက်သွားတဲ့ ဦးအောင်မိတ်ဆွေတစ်ယောက်နဲ့ ဝေနဲ့တွေ့ဖြစ်ပြီး ခုလို အဆက်အသွယ်ပြန်ရတော့တာ ဝေ့ မိဘတွေလည်း ရှေ့ဆင့်နောက်ဆင့်ဆိုသလို ဆုံးကုန်တာ နှစ်နှစ်လောက်ရှိပြီတဲ့"

ဦးအောင်ကတော့ သူ့ငယ်ချစ်ကြီးအကြောင်းပြောနေရလျှင် မောသည်ပန်းသည်ဟူ၍ အတွေးထဲမှာ ရှိပုံမရ။ ပါးစပ်က အမြှုပ်ထွက်မတတ် ရှင်းပြ၏။ သူတို့ကလည်း နားထောင်ကောင်းကောင်းနှင့် နားထောင်နေမိသည်လေ။

"ဟာ ဟော့ကောင်တွေ ငါတော့ လိုတာထက် ပိုပြောမိကုန်ပြီ။ မင်းတို့လည်း ဆိုင်ဖွင့်နောက်ကျတော့မယ် သွားကြတော့ သွားကြတော့"





ဦးအောင်က လောလိုက်မှပင် ယသုတို့နှစ်ယောက်လည်း ဆိုင်ကို သုတ်ခြေတင်ခဲ့ကြရတော့သည်။

ဦးအောင်အပေါ်မှာထားတဲ့ ဒေါ်ဓာင်တင်ဝေရဲ့ အချစ်နဲ့သစ္စာလိုမျိုး ယသုလည်း ပိုင်ဆိုင်ခွင့်ရချင်ပါ၏။ သူလိုချင်သော ထိုအရာများကို ပေးနိုင်သည့်လူမှာလည်း လောကတွင် တစ်ဦးတည်းသာ ရှိပါသည်။

ထိုလူကတော့ ယသုရင်တွင်းမှ မြတ်မြတ်နိုးနိုး ချစ်ရပါသော ရင်တွင်းမေပါပဲလေ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

"ဟိတ် လူကြီး"

ဒီနေ့မှ မိုးကသည်းနေသောကြောင့် မိုးအစဲကိုစောင့်ကာ သင်တန်းဆီသို့ ယသု ထွက်လာတော့ သင်တန်းချိန်ပင် နီးကပ်နေပြီဖြစ်သည်။ မေနှင့်စဆုံခဲ့သော လမ်းချိုးလေးသို့အရောက် ထိုအသံထွက်လာခြင်းပင်။

သူ အလန့်တကြားနှင့်မော့ကြည့်လိုက်မိသည်။ သူ့မျက်လုံးပင် သူ မယုံနိုင်အောင် ဖြစ်သွား၏။ မိုးကာအင်္ကျီအနီရဲရဲလေးကို ဆံပင်တိုလေးများဖုံးသည်ထိ ခေါင်းလေးပါအောင်းထားပြီး အောက်မှာတော့ ထုံးစံအတိုင်း ဘောင်းဘီကျပ်ကျပ်လေးဝတ်ကာ ခုန်ဆွခုန်ဆွလုပ်နေသော ရင်တွင်းမေ။

ပိုစ်က မိုးမိထားသည့်ပုံပါပဲ။

"မင်း ဘယ်လိုဖြစ်လို့ ဒီလောက်မိုးသည်းတဲ့ကြားက ဒီနေရာ



ကိုရောက်နေတာလဲ၊ မင်းရဲ့ကားကြီးရော မပါဘူးလား"

သူ့အသံက နည်းနည်းတော့ ဒေါသသံပေါက်သွားမှန်း သူကိုယ်တိုင် သိလိုက်ပါသည်။ မေမျက်နှာလေးကလည်း သုန်မှုန်သွား၏။ ထုံးစံမပျက် နှုတ်ခမ်းလေးကိုတော့ စူထားသည်။

ဒါဟာ ကိုယ့်ရင်ထဲက ကရုဏာဒေါသတွေဆိုတာ မင်းမသိပါလား မေရယ်။

"ပြောလေ မင်းဘယ်လိုရောက်နေတာလဲလို့"

သူကလည်း မထူးတော့ပြီမို့ လေသံကိုမလျှော့တော့ဘဲ ဆက်ပြောလိုက်သည်။

"မေ့ကားက ဆီကုန်နေတာ ဝယ်မဖြည့်ရသေးလို့ ထီးကတော့ အစတည်းက မရှိတာ"

"ကျွတ်"

သူက လက်နှစ်ဖက်ကို ခါးပေါ်တွင်ထောက်ကာ မျက်နှာကို တစ်ဖက်လှည့်ပြီး စုပ်သတ်လိုက်၏။

"ဟုတ်ပြီလေ ဒါဆိုလည်း ဒီလောက်မိုးသည်းနေတာ အိမ်မှာပဲ နေပါတော့လား။ ဘယ်လိုဖြစ်လို့ ဒီရောက်နေတာလဲလို့"

"ရှင့်ကိုလာစောင့်နေတာလေ"

ခါးထောက်ထားသော လက်နှစ်ဖက် သတိလက်လွှတ် လျှော့ကျ



www.burmeseclassic.com

www.burmeseclassic.com



သွားသည်။ အာခေါင်ကြီးတစ်ခုလုံး ခြောက်ကပ်ကာ စကားလုံးတွေ ရုတ်တရက် ပျောက်ဆုံးကုန်သလို။

"ဘာ ဘာလုပ်ဖို့ စောင့်နေတာလဲ၊ ကိစ္စရှိလို့လည်း ဆိုင်ကို လာခဲ့ပေါ့"

သူက တုန်ချင်နေသော အသံကိုထိန်းကာ ပြောလိုက်သည်။

"ဆိုင်ကိုမလာချင်ပါဘူး။ ဆိုင်မှာက လူတွေအများကြီးပဲ"

ရော် ခက်ပြီ။ ယသုဆီသို့ မေ့အကျင့်တွေ ကူးစက်ကုန်သလား ထင်ရလောက်အောင် စိတ်လှုပ်ရှားရှုပ်ထွေးစွာ ဂုတ်ထောက်ဆံပင်နက်နက်များကို အကြောင်းမဲ့ သပ်တင်လိုက်မိ၏။

ဆိုင်မှာက လူတွေများတော့ ဘာဖြစ်လဲ မေရယ်။ မင်းစကားတွေက ကိုယ့်နှလုံးသားကို ဖြားယောင်းနေပြီလေ။

"မင်း ကိုယ့်ကို ပြောစရာတစ်ခုခုရှိလို့လား"

အသံကို အတတ်နိုင်ဆုံး ချိုသာအောင် ပြောလိုက်၏။ မေက ခေါင်းဆောင်းအောက်မှ ဆံပင်လေးများ ယိမ်းခါသွားလောက်သည်ထိ ခေါင်းကိုခါရမ်းသည်။

"ဒါဆို ဘာလို့ ကိုယ့်ကိုလာစောင့်နေတာလဲ"

"မေ နေမကောင်းဘူး။ မေ့ကိုဆေးဝယ်တိုက်"

"ဗျာ"





ဗျာ ခနဲ အာမေဋိတ်သံပင် ထွက်သွားရသည်။ သူမ ဇနမ ကောင်းလျှင် ဂရုစိုက်ရမှာ အိမ်သားတွေရဲ့ အလုပ်မဟုတ်ဘူးလား။ မေ နေမကောင်းသည်ဆိုခြင်းကို စိတ်ပူပန်သွားသော်လည်း ဆေးဝယ် ကိုက်နိုင်ခြင်းကတော့ နည်းနည်းထူးဆန်းနေပါပြီ။ ပြီးတော့ နေမကောင်း ည့်သားသမီးတစ်ယောက်ကို ဒီလိုမိုးရေကြီးထဲ ဘယ်မိဘက ထိုးမပါဘဲ တ်မည်နည်း။

နေမကောင်းဘူးဆိုခြင်းသည် မေ လိမ်နေတာများလား။ လိမ် ယ်ဆိုရင်ရော ဘာကြောင့်လိမ်ရတာလဲ။ မေနှင့်ကျမှပင် သူလည်း ထက်လုပ်စားရတော့မည့်ကိန်းပေါက်နေ၏။

မေ နေမကောင်းဘူးဆိုတာကို အတည်ပြုနိုင်ရန် သူ့လက်များ မေ့ နဖူးပြင်လေးဆီ ဖျတ်ခနဲ ရောက်သွား၏။

"ဟာ မင်းတကယ် ကိုယ်တွေပူနေတာပဲ"

မေ့ကိုယ်တွေ ပူနေတာမှ တကယ့်ကို ခြစ်ခြစ်တောက် ပူနေခြင်း သည်။ သူ့ရင်ထဲမှာ မေ့ကို စိုးရိမ်စိတ်တွေကလည်း အလုံးအရင်းနှင့် ဖြစ်နေပါပြီ။ သေချာကြည့်မှပင် မေ့မျက်လုံးလေးများ မသိမသာ င်းနေကာ နဂိုက မေ့ နှုတ်ခမ်းရဲရဲလေးများ ဖြူလျော်နေတာကို ထားမိတော့၏။

"မေ မင်း တော်တော်ဆိုးပါလား၊ ဒီလောက် နေမကောင်းဖြစ်



www.burmeseclassic.com

www.burmeseclassic.com



နေတာကို ဘာလို့ အိမ်မှာမနေတာလဲ''

''နေမကောင်းရင် မေမှ တစ်ယောက်တည်း မနေရဲတာ''

ဟုတ်ပါသည်။ မေဟာ ငယ်စဉ်တည်းက နေမကောင်းဖြစ်ပြီ

ဆို အနားမှာတစ်ယောက်ယောက် ရှိနေမှ ကျေနပ်တတ်သူဖြစ်၏။ အထူ

သဖြင့် မေသိမ်ချစ်သော မမပေ့။ မေ နေမကောင်းလို့ ကျောင်းပျက်လျှင်

မမပါ ကျောင်းလိုက်ပျက်ပေးရသည်။ ခုတော့ မေ သိမ်ချစ်ရပါသော..

ယသုကတော့ မေ့စကားကို တွေးနေသည်။ မေမှ တစ်ယောက်

တည်း မနေရဲတာ တဲ့။ ဒါက ဘာကိုဆိုလိုတာလဲ။ သို့သော်

စဉ်းစားချိန်မရပါ။ သူ့ရှေ့မှ မဟ်မတ်ရပ်နေသော မေ

များက တဖြည်းဖြည်း ယိုင်နဲ့လာသည်။ ထို့ကြောင့်ပင် သူ့မှာ တ

တစ်စီးဖမ်းတားကာ အနီးဆုံးဆေးခန်းသို့ မေ့ကို ခေါ်ခဲ့ရတော့

လိုအပ်သော စမ်းသပ်မှုများလုပ်ပြီးတော့ ဆရာဝန်က

''လူနာက အားနည်းပြီး အအေးပတ်တာပါ၊ ပြီးတော့

အစားအသောက် မှန်ပုံမရဘူး။ အစားကို ဂရုစိုက်ပြီးကျွေးပေးပါ

မင်းတို့လို အိမ်သားတွေက ဂရုတစိုက်နဲ့လုပ်ပေးတော့မှ လူနာ ပြ

ကျန်းမာလိမ့်မယ်၊ ဒီလိုမျိုးတော့ ဖြစ်ချင်ရာဖြစ် မလွှတ်ထားနဲ့''

''ဟုတ်ကဲ့ပါ ဆရာ''

''အခုရေးပေးလိုက်တဲ့ ဆေးတွေကို ဆေးပတ်လည်အော





ည်း တိုက်ပေးနော်၊ အားနည်းရင် ရောဂါတွေက ဝင်လာမှာပဲ၊ အာဟာ

ယနဲ့ ကြက်ပြုတ်ရည်လေးဘာလေးလည်း တိုက်ပေး''

ဆရာဝန်ညွှန်ကြားသည့်အတိုင်း ဆေးများဝယ်ပြီးတော့ ယဲ့ယဲ့

ဖြစ်နေသော မေ့ကို ပန်းလေးမှ သိုင်းဖက်ကာ သူ ဖေးမတွဲလာ

ည်။

သူ့ရင်ခွင်ထဲ နစ်မြုပ်မတတ်ဖြစ်နေသော မေ့ကိုယ်လေးက

ရဲရဲနှင့် တကယ့်ကို အားပြတ်နေသူတစ်ယောက်လိုပါပဲ။

တက္ကစီ တစ်စီးကို တားကာ တစ်ခါက မေပြောခဲ့ဖူးသော သူ

ိုင်နှင့် သိပ်မဝေးသည့် ကွန်ဒိုသို့ ကားကိုမောင်းနှင်းလိုက်သည်။

ထို့နောက်တော့ မေ့အခန်းလေးဆီသို့..။ မေက တစ်လမ်းလုံး

ားမပြော။

တတ်လှေကားထဲရောက်တော့ သူ မေးချင်တာကို မေးလိုက်

ည်။

''မင်းအိမ်ကို ကိုယ်လိုက်လို့ ဖြစ်ရဲ့လား၊ မေ၊ တော်ကြာ မင်း

တွေ''

သူ့စကားမဆုံးခင်မှာပင် မေက သူ့ကိုမော်ကြည့်ပြီး ယဲ့ယဲ့လေး

ြသည်။ မေ့အပြုံးဟာ အဓိပ္ပါယ်တစ်ခုခု ပျော်ဝင်နေသလိုပါပဲ။

မေက လျှို့ဝှက်နံပါတ်လေးများကိုနှိပ်ကာ အခန်းတံခါးကို ဖွင့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်၏။ ထိုနောက်တော့ ရှေ့မှဦးဆောင်ဝင်သွားကာ လည်သာဆိုဖာခုံ အနက်ရောင်အိအိကြီးပေါ်တွင် ဝုန်းခနဲ ပစ်လှဲလိုက်သည်။

သူ့မှာတော့ မေ့မိဘတွေကို အိမ်အနှံ့လျှောက်ရှာနေသည်။ လူ နိုင်လှယောင်ဆိုလို့ ဘာမှမတွေ့ရတော့မှ မေ လှဲနေရာ ဆိုဖာခုံနားသို့ တိုးကပ်သွားပြီး

"မေ မင်းမိဘတွေရော မရှိကြဘူးလား။ ဘယ်သွားကြလဲ"

မေက မျက်နှာကျက်ကို အဓိပ္ပါယ်မဲ့ငေးကြည့်နေရင်းမှ ခုနက ပြုံးခဲ့သော အပြုံးမျိုးကို ဒုတိယအကြိမ်အဖြစ် ထပ်ပြုံးပြန်သည်။ သို့သော် နုတ်ခမ်းကပြုံးနေသော်လည်း မေ့မျက်ဝန်းနက်နက်များထဲကနေ မျက် ရည် တစ်စင်း စီးဆင်းသွား၏။

မေ မင်းဟာ ဘယ်လိုမိန်းကလေးလဲ။ ကိုယ်တော့ မင်းကို နားလည်ဖို့ ပိုပို ဝေးသွားပြီနဲ့တူတယ်။

သို့သော် ထိုကိစ္စနှင့်ပတ်သက်၍ သူထပ်မမေးတော့ဖို့ ဆုံးဖြတ် လိုက်ပြီး လောလောဆယ် မေ့ကျန်းမာရေးကိုသာ ဂရုစိုက်ရန် ပြင်လိုက်၏

"ကဲ မေ မင်းမပြောချင်ရင် ကိုယ် မမေးတော့ဘူး။ ဒါပေမဲ့ ဒီလို ပေတေနေလို့တော့ မရဘူးနော် ထ ဆရာဝန်ပေးလိုက်တဲ့ ဆေးတွေ သောက်ရမယ်"

သူက မေ့ပန်းနုရောင်လက်ချောင်းလေးများစွာ တွဲကိုင်ကာ ထူမတ်ပေးလိုက်





ည်။ မေကလည်း ဘာမှမငြင်းပါ။ သူ့လက်ထဲသို့ ထည့်ပေးလိုက်သော ကို အာခေါင်ထဲသို့ ပက်ထည့်လိုက်ပြီး ရေနှင့်မျောချပစ်လိုက်၏။

"မေက လိမ္မာတယ်ဆိုတာ ကိုယ်ကသိပါတယ်ကွ"

ယသူက ကလေးတစ်ယောက်ကို ချော့သလိုမျိုး ခေါင်းလေးကို ပ်သပ်ကာ ပြောလိုက်တော့

"မေက မလိမ္မာဘူးရှင့်"

မေ ပြန်ပြောသော စကားက ထိုမျှသာ။ သူကတော့ ကလေး လေးတစ်ယောက်ကိုကြည့်သည့် အကြည့်မျိုးနှင့်သာ ကြည့်လိုက်မိ ည်။

"မေ စောလှဲနေဦးနော်၊ ကိုယ် ကြက်ပြုတ်ရည်သွားဝယ်လိုက် ယ်"

သူက ထိုသို့ပြောကာ မေ့အနားမှ ထွက်ရန် နောက်သို့လှည့် ည့်လိုက်စဉ် သူ့လက်တစ်ဖက်မှာ ပူနွေးသော အထိအတွေ့နှင့် တင်းခနဲ ၍ လှုကလည်း ရှေ့ဆက်မရွေ့ဖြစ်သွားသည်။

မေ့လက်ချောင်းလေးများက သူ့လက်တစ်ဖက်ကို အမိအရ ဲ့ထားခြင်းပင်။

"မေ့နားမှာပဲ နေပေးပါနော်၊ မေ ကြောက်လို့ပါ။ မေ တကယ် သာက်တည်း မနေရဲဘူး"



www.burmeseclassic.com

www.burmeseclassic.com



မေက ပြောရင်းနှင့်အသံလေးများတိမ်ဝင်ကာ မျက်ရည်များ[...] ကျလာတော့ သူ ဘယ်လိုမှမစောင့်နိုင်တော့ဘဲ မေ လှဲနေသောတို[...] နံဘေးတွင် ဒူးထောက်ထိုင်ချလိုက်ပြီး၊ နဖူးပေါ်ဝဲကျနေသော ဆံပ[...] ပျော့ပျော့လေးများကို အသာအယာ သပ်တင်ပေးလိုက်သည်။

"မေရယ်"

သူ့နှုတ်မှ မျှော်မရှိဘဲ ရေရွတ်လိုက်၏။ မေကတော့ သူမ[...] အရောင်တော့နေသော မျက်ဝန်းနက်နက်များဖြင့် သူ့ကိုငေးကြည့်[...] နေသည်။ ထိုအကြည့်များထဲတွင် သူ့ ဝေးရာမတွေ့နိုင်သော အဓိပ္ပါ[...] ပေါင်းစပ်ကာမြဲနေစွာ ပေါ်လွင်နေတာတော့ သိသာပါသည်။

ဆုပ်ကိုင်ထားသော လက်တစ်ဖက်ကို မလွှတ်ဘဲ မေ အိပ်ပျ[...] သွားခဲ့၏။

သူသည်လည်း မေ့မျက်နှာလေးကို တမေ့တမော ငေးကြည့်[...] စိတ်မထိန်းနိုင်စွာဖြင့်ပင် နဖူးလေးကို တစ်ချက်ငုံ့နမ်းလိုက်မှသည်[...] မေ့အပေါ်မှာ တကယ်ကို ဖြူစင်သော စိတ်ဖြင့်သာ နေထိုင်ခဲ့ပါသည်[...]

မေက တော်တော်နှင့်မနိုးလာ။ မေ ဆုပ်ကိုင်ထားသော သ[...] လက်များကတော့ တင်းသည်ထက် တင်းလာသလောက် သူ ထင်မိသည်[...] ထို့ကြောင့်ပင် သူလည်း ငြိမ်သက်စွာ

အချိန်တွေ မည်မျှကြာအောင် မေ့နေ ဖြစ်သွားသည်မသိ[...]

[...]ပြုံခဲ့အမှတ္တ ◆ ၁၃၃

[...]တွင်းမေ ဟုအော်လိုက်သော အသံကျယ်ကြီးကြောင့် သူ ဖျတ်ခနဲ [...]နိုးသွားခဲ့ရသည်။ သူ့လက်တစ်ဖက်ကတော့ လွှတ်မရသေး။ မေ [...]အိပ်ပျော်နေဆဲပါ။

အသံလာရာဆီ လှမ်းကြည့်လိုက်တော့ မျက်နှာကြီးတစ်ခုလုံး [...]ကာ မျက်ဝန်းများက မီးဝင်းဝင်းတောက်နေသလို အရေ့တွေ့သဲ မှုံ [...]ကျက်လာတော့မလား ထင်ရလောက်သည့် အကြည့်များနှင့် သူတို့ကို [...]မှုခဲ့ စိုက်ကြည့်နေသော မောင်မိုးထွန်း။

"မင်းဘာ၊ မင်းဘာကွာ ကိုမေယသူ ဒီ ဘာလုပ်တာလဲကွ"

သူသိသည်။ သူ့ကိုမောင်မိုးထွန်း အထင်လွဲနေပြီဆိုတာ။

"မေ ထနေ၊ ရင်တွင်းမေ နှင့် ဖြစ်ရပ်တိုင်း ဖြစ်နေတယ် [...]ပုတ်လား"

မောင်မိုးက မေ အိပ်နေသည့်နေရာဆီ တိုးကပ်လာကာ ဒေါ် [...]ကျိုက်ဖြစ်ဖြစ်သောကြောင့် သူ ရှည်ရှည်တော့ ပြောဖြစ်သွားရသည်။

"ဒီမှာ မောင်မိုးထွန်း မေ တော်တော် နေမကောင်းဖြစ်နေတယ် [...]ဘယ်သူမှမရှိလို့ ကိုယ်က အကူအညီပေးထောင်ပြီး ဆေးခန်းသွားဖြစ်ဖို့ [...]တာပဲ"

သူက ပြောရင်းပြောကြောင်း ပြောတော့ မောင်မိုးထွန်းက ဓုတ်ခနဲ [...]ကို တစ်ချက်မဲ့ကာ



www.burmeseclassic.com

www.burmeseclassic.com



"သူ နေမကောင်းရင် ဆေးခန်းသွားပို့ ကျွန်တော့်ကို လှမ်း

လည်း ရအောင်ပလေ"

"ဒါကတော့ ကိုယ်လည်းမပြောတတ်ဘူးကွာ၊ မေ နိုးလာ

မေးကြည့်ပါ၊ မင်းကိုမခေါ်ဘဲ ဘာလို့ ကိုယ့်ကိုခေါ်တယ်ဆိုတာပေါ့၊ သူ

တော့ မနိုးပါနဲ့ သူ တော်တော်အားနည်းနေတယ်လို့ ဆရာဝန်က ပြော

လိုက်တယ်"

ယသုက သူ့လက်ကိုဆုပ်ကိုင်ထားသော မေ့လက်များကို က

လက်တစ်ဖက်နှင့် ဖွဲ့ရှာပစ်ကာ မတ်တပ်ထရပ်လိုက်သည်။ ထိုအခြ

အရာကိုမြင်နေသော နောင်ရိုးထွန်းမှာတော့ ပါးစပ်အဟောင်းသာ

ဖြစ်ကာ သူတို့နားရောက်လာပြီး မေ့နဖူးကို သူ့လက်ဖဝါးနှင့် စ

ကြည့်၏။

"မေ့အသားတွေ တော်တော်ပူနေတာပဲ"

"ဟုတ်တယ် ကိုယ်လည်း မင်းလိုစိတ်ပူပြီး ချက်ချင်းပဲ ဆေး

ခန်းလိုက်ပြပေးခဲ့တာ၊ ဒါနဲ့ နေပါဦး။ ဒီအိမ်ကြီးမှာ သူက တစ်ယော

တည်း နေတာလား။ သူ့မိဘတွေကရော"

နောင်ရိုးထွန်းမှုံစက်ကိုကြည့်ရတာ ယသုအပေါ် နည်းနည်း

ကြည့်လာဟန်ရှိ၏။ သက်ပြင်းကို ဟင်းခနဲ ချပြီး သူ့ကိုတည့်တည့်ကြ

ကာ





"ကိုယသုက မေ့အကြောင်းဘာမှသိမှာမဟုတ်ဘူး။ သိသင့်

တယ်ထင်လို့ ကျွန်တော် ပြောပြပါ့မယ်"

နောင်ရိုးထွန်းက ထမင်းစားခန်းထဲရှိ ကုလားထိုင်တွင် ထိုင်

လိုက်ပြီး

"ပထမဆုံးပြောချင်တာက ကျွန်တော်နဲ့သူက ဟိုးငယ်ငယ်လေး

ည်းက ပေါင်းလာတဲ့ သူငယ်ချင်းတွေဆိုတာပဲ၊ ဘယ်လောက်လည်း

ဆိုရင် သူဟာ တလုံးဝက်သုံးရမယ့် တစ်နေရာရာတိုင်းကို သူ့မွေးနေ့

သုံးလေ့ရှိတယ်၊ ခုလည်း သူ့အိမ်တံခါးကို သူ့မွေးနေ့နဲ့ပဲ ကျွန်တော်

ပို့ဘာ။ ပြောချင်တာကတော့ အဲဒီလောက်ထိ အတွင်းကျကျ သိတယ်

"

"ဟုတ်ပါပြီ မင်းပြောချင်တဲ့ မေ့အကြောင်းဆိုတာကို ပြောပြ

ယသုရှေ့မှာ သူနဲ့မေ မည်မျှရင်းနှီးကြောင်း၊ ထုတ်ပြောနေခြင်း

ည် မလိုအပ်ဘူးဟု ထင်သောကြောင့် ယသုက တားလိုက်ခြင်းဖြစ်

ည်။

"တကယ်တော့ မေ့မှာ သူသိပ်ချစ်ပြီး သူ့တက်နှစ်နှစ်လောက်

ကြီးတဲ့ အစ်မအရင်းတစ်ယောက် ရှိခဲ့တယ်"

ထိုစကားကတင် ယသုကို တော်တော်လေး ဆွဲဆောင်လွှမ်းနေ



www.burmeseclassic.com

www.burmeseclassic.com



ပါပြီ

"ကိုယ် မသိဘူးကွ၊ အမှန်အတိုင်း ဝန်ခံရရင် ကိုယ်က မေ

ဝင်လာကြပြီး ဘာမှကို မသိခဲ့တာပါ"

နောင်ရိုးထွန်းက အရွယ်ငယ်သော်လည်း တည်ငြိမ်ရင့်ကျက်

မှုကတော့ အတော်ရှိပုံရပါသည်။

"အင်းလေ မေကလည်း သူ့အကြောင်းကို လူတိုင်းကို ဘယ

လျှောက်ပြောနေပါ့မလဲ၊ မေ့ အစ်မ နှမညီက ရင်းနှစ်သဲ တဲ့"

"ကြော် မ သူက ဘယ်ရောက်နေတာလဲ"

သူက သိလိုစောနှင့် မေးလိုက်ခြင်းပေမယ့် နောင်ရိုးက ခေါ

ကိုခါရမ်းကာ

"လွန်ခဲ့တဲ့ တစ်နှစ်လောက်က သူတို့ရွာတောင်ကြား သုံးထ

တိုက် ခေါင်းမိုးပေါ်က ခုန်ချပြီး သေသွားပြီဗျ"

"ဗျာ"

စိတ်ခါတော့ သူ့ရင်ထဲမှာ လှိုက်လှိုက်လှဲလှဲ ဗျာ လိုက်ခြ

ပါပဲ။ စိတ်ထဲမှာလည်း တော်တော်ကို အံ့ဩနေသည်။

တကယ်ဆို ရင်နှစ်သဲဆိုတာ ယသုနှင့်မှ ရွယ်တူလောက်ရှိ

မဟုတ်လား။

"ကိုယ်တော့ တော်တော်လေးစိတ်ဝင်စားသွားပြီကွ ဆက်ပြ





ပါဦး၊ မေ့ အစ်မသေတာ မတော်တဆတော့ မဟုတ်ဘူးပေါ့နော်"

"အဲဒီလို ပြောလည်း ရပါတယ်၊ တကယ်တော့ မေ့ ဖေဖေ

ဦးနက်ရှိန်းက ခေါင်းသိပ်မာတယ်ဗျ၊ အဲဒီအမွေကို မေတို့ညီအစ်မက

လည်း ပြည့်ပြည့်ဝဝကို လက်ခံရထားတယ်၊ ဖြစ်ချင်တာဆို မဖြစ်မချင်း

မရရတဲ့နည်းနဲ့ လုပ်ယူတာ၊ ဒီလိုပဲပေါ့၊ မမသဲ ဆယ်တန်းအောင်တဲ့အချိန်

မှာ ဘာသာစုံဂုဏ်ထူးနဲ့ အောင်ခဲ့တာဗျ၊ အမှတ်ကလည်း Top Ten

ဝင်တာပေါ့ဗျာ၊ အဲဒီမှာ ဦးရှိန်းက နိုင်ငံခြားကိုလွှတ်ပြီး အဲဒီမှာ ဆေး

ပညာသင်စေချင်တယ်"

နောင်ရိုးစကားများကို နားထောင်ရင်းနှင့်ပင် ယသုစိတ်ထဲ

အတော်သိမ်ငယ်နေမိသည်။ တကယ့်ကို ခြားနားလွန်းတဲ့ ဘဝတွေပါလား

မေရယ်။

"ဒါပေမဲ့ မမသဲက မသွားဘူးချည်းပဲ ငြင်းတာဗျ၊ သူက

မသွားမယ့်အပြင် ဒီက ဆေးကျောင်းကိုတောင် တက်ဖို့ စိတ်ကူးမရှိဘူး

တဲ့လေ၊ သူ တကယ်တမ်းဖြစ်ချင်တာက စာရေးဆရာတစ်ယောက်ဆိုပဲ၊

အဲဒီမှာ ဦးရှိန်းက အကြီးအကျယ်ပေါက်ကွဲတော့တာပေါ့၊ နိုင်ငံခြားက

ဆေးပညာတက္ကသိုလ်တွေထိ အမှတ်မီတဲ့ လူတစ်ယောက်က ဒီမှာပဲနေပြီး

စာရေးဆရာ လုပ်မယ်ဆိုတော့ သူ တော်တော်လေး ဒေါသဖြစ်သွားတယ်၊

မမသဲကိုလည်း ဆူလိုက်တာ ရစရာကိုမရှိဘူး၊ ပြီးတော့ ခေါင်းမာနဲ့ပဲ



www.burmeseclassic.com

www.burmeseclassic.com



မမသဲကို ချစ်ရှယ်တားဆီးထားခဲ့တာပေါ့"

"ဟူး သူတို့မိသားစု ပြဿနာကလည်း တစ်မျိုးကြီးပါလား"

"အင်း ဟုတ်တယ် အဲဒီမှာ ဖြစ်ချင်တော့ မမသဲမှာ ချစ်သူရှိနေတယ်လေ၊ ဦးမှိုင်းက အိမ်ထဲက အိမ်ပြင်ထွက်ခွင့်မပေးတော့ သူ့မှာ ချစ်သူနဲ့လည်း ဘယ်လိုမှ တွေ့ခွင့်မရဘူး။ ဒါပေမဲ့ သူ့ချစ်သူက မမသဲကို တွေ့ဖို့ အမျိုးမျိုးကြိုးစားတော့ ဦးမှိုင်းတို့လည်း အဲဒီကိစ္စကို သိကုန်တော့တာပေါ့၊ အဲဒီမှာ ပိုဆိုးတော့တာပဲ၊ ကောင်လေးက ငိုက်ညဲ့ သိမ်မဟန်နိုင်တဲ့ အသိုင်းအဝိုင်းထဲက ဖြစ်နေတယ်လေ၊ ဦးမှိုင်းမှာတော့ ပေါက်ကွဲလိုက်တာ ပြောမနေနဲ့တော့၊ မမသဲကိုလည်း အိမ်ထဲမှာပဲထား၊ ခြိတ်ခ်ထားပြီးတော့ အစောင့်တွေချပြီးတော့ နေတော့တာ၊ အဲဒီတုန်းက ကျွန်တော်နဲ့မေက ကိုးတန်းပဲ ရှိသေးတယ်၊ အမြဲတမ်း အစ်မဘက်က နေခဲ့တဲ့ မေကလည်း မမသဲနဲ့အတူတူ လိုက်ငိုတဲ့အထိ ချစ်ကြတာ"

နောင်ရိုးထွန်းက စကားစဖြတ်ကာ ရေခဲသေတ္တာဖွင့်ပြီး ရေတစ်ပုလင်း ယူသောက်၏။ သူကတော့ သိချင်စိတ်က အတော်လေး လွှမ်းမိုးနေပြီမို့ နောင်ရိုး ရေထသောက်ခြင်းကိုပင် စိတ်ထဲ မနေ့ထိုင်မသာ ဖြစ်နေသည်။

"အဲဒါနဲ့ ဘာတွေဆက်ဖြစ်ကြလဲ၊ ပြောပါဦး"

"အဲဒီမှာ မမသဲချစ်သူက အတင်းလာတွေ့တော့ ခြံစောင့်တွေ





က ဝိုင်းထိုးနက်လွှတ်ကြတာပေါ့၊ ဒါကို အိမ်ပြတင်းပေါက်ကနေ အစအဆုံးမြင်နေရတဲ့ မမသဲလည်း သွေးရူးသွေးတန်းဖြစ်ပြီး တိုက်ခေါင်မိုးပေါ်တက်ပြေးတော့တာ၊ အောက်ကနေ အားလုံးက ဆင်းလာနိုင်းပေမယ့် ဘယ်လိုမှ ပြောလို့မရဘူး။ နောက်ဆုံး သူဖြစ်ချင်တာတွေကို ဖြစ်ခွင့်ပေးမှာလား၊ မပေးဘူးလားလို့ မေးတယ်၊ အဲဒီ အခြေအနေရောက်တဲ့အထိ ဦးမှိုင်းကလည်း တင်းခံထားတာ၊ ဘယ်လိုမှကို ပြောလို့မရဘူး။ အနတိနကတော့ သူ့ယောကျ်ားစိတ်ကိုသိလို့ ပြောမနိုင်ပေမယ့် သူ့သမီးကိုလည်း အများလှုပြီလေ၊ ဘေးကနေ ငိုလို့ပေါ့"

နောင်ရိုးပြောနေသည်များက အသက်ပါလွန်းလှ၍ သူလည်း ဇာတ်လမ်းတစ်ခု ကြည့်နေရသလိုပင် စိတ်ထဲထင်လာ၏။

"ဒါနဲ့ မင်းတို့က အဲဒီကိစ္စတွေကို သေချာသိတာ ဘာဖြစ်လို့ လဲ"

"ဟာဗျာ ဘာဖြစ်ရမှာလဲ၊ ကျွန်တော့်အဘွားအိမ်နဲ့ မေတို့အိမ်က ကပ်လျက်လေ၊ ကျောင်းပိတ်တဲ့ရက်ဆို ကျွန်တော်က ဘွားဘွားဆီသွားနေကျပဲ၊ ဒီအဖြစ်တွေကို မျက်မြင်မြင်ခဲ့ရတာဗျ၊ မေဆိုရင်လည်း သူ့အစ်မ ပြုတ်ကျမှာစိုးလို့ ခေါင်မိုးပေါ်ထိ သွားဆွဲမယ်လုပ်သေး၊ ဒါပေမဲ့ နှစ်ယောက်လုံးကို စိုးရိမ်လို့ မေ့ကိုတော့ အပေါ်တက်လို့ မရအောင် အထင်းဆွဲထားကြတယ်လေ၊ ဒါနဲ့ပဲ"



www.burmeseclassic.com

www.burmeseclassic.com



နောင်ရိုးက ပြောလက်စ စကားကိုရပ်ကာ မေရှိရာ ညည့်ခန်းထဲသို့ မျက်လုံးများကို တစ်ချက်စွေကြည့်၏။ မေက မလှုပ်မယှက် အိပ်နေဆဲဆိုတာသိမှ စကားကို ဆက်ပြောပြန်သည်။

ဗီသူငယ်ချင်းနှစ်ယောက်၏ သံယောဇဉ်က အတော်ပင်ကြီးမား လိမ့်မည်ဆိုတာတော့ ယသု ခန့်မှန်းမိနေပါပြီ။

"မမသဲက နောက်ဆုံးအကြိမ်မေးတာနော် မေမေ၊ သမီးဖြစ်ချင်တာတွေ တကယ်ပဲ ဖြစ်ခွင့်မပေးဘူးဆိုတာ သေချာပြီလားလို့ မေးလိုက်တယ်၊ အဲဒီအကြိမ်လောက် မမသဲ မျက်နှာရော လေသံပါ တည်ငြိမ်နေတာ ကျွန်တော်တောင် မတွေ့ခဲ့ဖူးဘူး"

"ဒါနဲ့ နေပါဦးကွ၊ သူ့ချစ်သူဆိုတာကရော"

"နုနုက မြစောင့်တွေ ပိုင်းထိုးလိုက်တော့ သတိလစ်ပြီး သူနဲ့ အတူပါလာတဲ့ ဘော်ဒါတစ်ယောက်က ဆေးရုံကိုခေါ်ချသွားပြီလေ"

"ဪ အင်း ဆက်ပြောပါဦး။ ရင်နှစ်သဲက အဲဒီလို မေးတော့ ဦးရှိန်းက ဘာပြန်ပြောလဲ"

သူလည်း မေ့မေမေ ဆိုသူကို နောင်ရိုးခေါ်သလို ဦးရှိန်းဟု ရင်းရင်းနှီးနှီး ခေါ်ပစ်လိုက်၏။

"ခေါင်းခါပြီး ဘယ်လိုမှ မလိုက်လျောပေးနိုင်ဘူး တဲ့၊ အဲဒီစကားလည်းဆုံးရော မမသဲက အောက်ကနေ စိုးရိမ်တကြီး ကြည့်နေတဲ့





လူတွေထဲကမှ မေ့ကိုကြည့်ပြီး မျက်ရည်ကျတာများ၊ ခုပြောရင် ခုချက်ချင်း၊ မျက်လုံးထဲ ပြန်မြင်ယောင်တယ်"

နောင်ရိုးကိုယ်တိုင်လည်း ထိုအဖြစ်များကို ပြန်ပြောရင်း တတယ်ပင် ခံစားနေရပုံရသည်။ ပြောရင်းနှင့် အားပါလာသော သူ့လေသံတ သက်သေပင်။

"အဲဒီလိုနဲ့ နောက်ထပ်စက္ကန့်ပိုင်းလေး အတွင်းမှာပဲ မမသဲက အဲဒီခေါင်မိုးပေါ်ကနေ တိုက်အောက်ကို ခုန်ချပစ်လိုက်တော့တာ၊ လူတွေဆိုတာ ဘာဖြစ်လို့ ဖြစ်သွားမှန်းတောင် မသိလိုက်ကြဘူး။ ကြောင်နေကြတာလေ၊ အဲဒီအချိန်ကစပြီး အနီတီနုလည်း နဂိုအခံရှိတဲ့ နှလုံးရောဂါက ဆိုးဆိုးရွားရွား ဖောက်လာတော့တာ၊ မေဆိုတာများဗျာ ဖျပ်ဖျပ်ကို လူးနေတာပဲ၊ အဲဒီအချိန်ကစပြီး မေ့ကို ဘယ်သူကမှ ကျောင်းဆက်တက်ဖို့ စာရေးလို့မရတော့ဘူး။ ဘယ်လိုပဲ ချော့ချော့ခြောက်ခြောက် မေကတော့ ခေါင်းမာမာနဲ့ကို တင်းခံခဲ့တာ"

"ဒါဆို မေ မေက ခုဘာတွေလုပ်နေတာလဲ"

"မြင်တဲ့အတိုင်းပဲလေ အိမ်ကိုဂျစ်တိုက်မယ်၊ မိုလ်ကျမယ်၊ လုပ်ချင်တာလုပ်မယ်၊ သူပြောတာကတော့ ဒီပညာတွေဆက်သင်လို့လည်း ကိုယ်ဖြစ်ချင်တာ ဖြစ်ခွင့်ရမှာ မဟုတ်ဘူးတဲ့၊ ပြီးတော့ ဟိုအိမ်ကြီးကို မနေချင်တော့ဘူးဆိုပြီး ဒီကွန်ဒိုလေးကို ပြောင်းလာခဲ့တာလေ၊ ပထမ



www.burmeseclassic.com

www.burmeseclassic.com



တော့ မီးသားစုသုံးယောက်လုံးပေါ့၊ ဟိုတစ်ပတ်ကျော်လောက်ကမှ အန်တီနဲ့ ရောဂါက ဆိတ်ငြိမ်မှုဖြစ်မှာဆိုတော့ ဦးရှိန်းတို့က ရွှေတောင်ကြားကို ပြန်သွားတယ်၊ မေ့ကိုခေါ်ပေမယ့် ဖွတ်ကိုပဲ ဒီမှာနေခဲ့တာလေ၊ ကျွန်တော် သိပါတယ်၊ ဟိုအိမ်ကိုပြန်ရင် မေကတော့ မမသဲကိုပဲ မြင်ယောင်နေမိမယ်ဆိုတာ"

နုတော့ သူ ကောင်းကောင်းနားလည်သွားပါပြီ။ မေဟာ စိတ်ဓာတ်ပိုင်းဆိုင်ရာ တော်တော်လေးကို ထိခိုက်ခဲ့ခြင်းဖြစ်ကြောင်း။ သူဆိုလျှင်လည်း မေ့လိုပဲ ဖြစ်မည်ထင်သည်။ မေ့ အကြောင်းများကြားရတော့ ရင်ထဲမှာချစ်စိတ်များအပြင် သနားစိတ်လေးပါ ဝင်လာတော့၏။

ထိုအခါ အိပ်နေသော မေ့မျက်နှာလေးကို တစ်ချက်ငေးကြည့်ကာ သက်ပြင်းမောကြီးတစ်ချပ် မှုတ်ထုတ်ပစ်လိုက်သည်။

"အမှန်တော့ ကျွန်တော်စွဲမေ့နဲ့ မနက်က မေနဲ့ကျွန်တော် ဖုန်းပြောဖြစ်တော့ မေ့အသံတွေဝင်နေပြီး ချောင်းလည်းဆိုးနေတယ်လေ၊ ဒါနဲ့ စိတ်ပူလို့ ကျွန်တော်က လာကြည့်တာ၊ ဆောရီးဗျာ အစ်ကိုကိုနည်းနည်း အထင်လွဲသွားမိတယ်၊ နုတော့ မေ့အစား ကျေးဇူးတင်ပါတယ်၊ ဆေးခန်းတွေဘာတွေ လိုက်ပြတာထိ ပင်ပန်းခံလုပ်ပေးထားလို့ပါ၊ ကိုရွှေ ပြန်ချင်ပြန်လေ၊ မေ နိုးတဲ့အထိ ကျွန်တော် စောင့်နေမှာပါ"

မေ့ကို စိတ်မချ၍ နိုးလာသည်ထိ စောင့်ကြည့်ချင်သော်လည်း





ကောင်းတော်သည်မို့ သူ ပြန်ရန် ထုံးဖြတ်ကာ နောင်ရှိထွန်းကို နှုတ်ဆက်လိုက်သည်။

"ဟုတ်ပြီလေ၊ ဒါဆို ကိုယ်ပြန်တော့မယ်"

ပြီးနောက် ဆေးခန်းမှာထားသည်များကို နောင်ရှိအား မှာထားခဲ့ကာ မေ့အခန်းလေးမှခန့်၍ လေးလံသော ခြေလှမ်းများနှင့် ထွက်လာခဲ့၏။

ဒီနေ့သင်တန်းလည်း မသွားဖြစ်တော့သည့်အပြင် ယာသုတ်အပြန် ခြေလှမ်းများကလည်း လေထဲတွင် လွင့်ချင်ရာလွင့်နေသလို စိတ်မပါဖြစ်နေသည်။

အိမ်ပြန်ရောက်တော့ ဧည့်ခန်းထဲတွင် ဖင်တကြွကြွဖြစ်နေသည့် ထင်ကျော်ကို တွေ့လိုက်ရ၏။ ဒီကောင် သူ့ကိုအတော် စိတ်ပူနေပြီဆိုတာ ရိပ်သိလိုက်သည်။ သို့သော် လေပူကြီးတစ်ချက်သာ မှုတ်ထုတ်နိုင်ပြီး ဆိုဖာပေါ် ခြေပစ်လက်ပစ် ထိုင်ချပစ်လိုက်၏။

"ယသုရာ မင်းဘယ်တွေသွားနေတာလဲ၊ နာရီကိုလည်း ကြည့်ဦး ကိုးနာရီခွဲနေပြီ၊ ဒီမှာတော့ မင်းများတစ်ခုခုဖြစ်နေပြီလားလို့ စိတ်ပူလိုက်ရတာ"

သူ့ဘေးတွင်ဝင်ထိုင်းရင်း ထင်ကျော်က ပြောလိုက်တော့ သူကဆိုဖာပေါ်ခေါင်းတင်ရင်း မျက်နှာကျက်ကို အဓိပ္ပါယ်မဲ့ မော့ကြည့်နေပြန်



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဟော့ကောင် ပြောလေကွာ၊ မင်းဘာဖြစ်နေတာလဲ၊ ငါ့ကို ရင်တုန်အောင် မလုပ်နဲ့နော်"

ထင်ကျော့်မျက်နှာက သူ့ကိုတကယ်ပင် စိုးရိမ်နေသည့်ပုံ ကြောင့် သူက သက်ပြင်းကိုချလိုက်ကာ

"နေဦးကွာ ငါ ရေချိုးလိုက်ဦးမယ်၊ ပြီးရင် မင်းကိုအားလုံး ပြောပြမယ်"

ပြောကာ ထထွက်သွားသော ယသုကို ထင်ကျော်က ပြူးကြောင် သော မျက်လုံးများနှင့်သာ တအံ့တသြ ကြည့်နေသည်။

ယသုမှာလည်း ဓမ့အတွက် ခံစားနေရသမျှ ထင်ကျော်ကို ရင်ဖွင့်လိုက်လျှင်တော့ နည်းနည်းသက်သာသွားမည်ဟု မျှော်လင့်မိပါ သည်လေ။ လန်းဆန်းသွားအောင် ရေကိုစိမ်ချိုးလိုက်သော်လည်း လန်း ဆန်းခြင်းက သူ့ဆီကိုရောက်မလာတာ ထူးဆန်းလွန်းလှသည်။

ဝရန်တာသို့ ထွက်ခဲ့တော့ ဂစ်တာကြိုးညှိနေသည့် ထင်ကျော်က

"ထမင်းစားတော့မလား မောင်မြကို ခူးခိုင်းလိုက်ကွာ၊ဦးအောင် ကတော့ မင်းပြန်မရောက်သေးလို့ စိတ်တောင်ပူနေသေးတယ်၊ ရန်တွေ ဘာတွေဖြစ်နေသလားပေါ့"

"မဟုတ်ပါဘူးကွာ၊ ငါပြောပြပါ့မယ်"





ယသုက အနားကပ်ကာ ထိုင်ချလိုက်တော့ ထင်ကျော်လည်း တာကိုဘေးသို့ချကာ အလွန်စိတ်ဝင်စားသောပုံနှင့် ယသုကို ကြည့် ၏။

"ဒီနေ့ ငါ သင်တန်းမသွားဖြစ်လိုက်ဘူး"

"ဟင် ဒါဆို မင်းဘယ်တွေသွားနေတာလဲ ယသု"

"ငါ ဓမ့ဆီရောက်နေခဲ့တယ်"

သူ့စကားအဆုံးမှာတော့ ပါးစပ်ကြီးအဟောင်းသားဖြစ်သွားကာ က်လုံးများပြူးကျယ် ဝိုင်းစက်သွားသော ထင်ကျော့် တုံ့ပြန်မှုကို လက်ခံ လိုက်၏။

"မင်း ဘာပြောချင်တာလဲ၊ ဘာကိုဆိုလိုတာလဲ"

"ဟုတ်တယ် ဓမ နေမကောင်းလို့ ငါ ဓမ့အိမ်ကို လိုက်သွား တယ်"

"အာ မဟုတ်သေးဘူးနော်၊ တစ်ခုခုတော့ မှားနေပြီ၊ ကွင်း က်လွတ်နေတယ်၊ ဥပမာကွာ သူ့အိမ်ကို မင်းက ဘယ်လိုပါသွားတာလဲ မင်းနဲ့ ဘယ်မှာတွေ့တာလဲ ဆိုတာမျိုးပေါ့"

အရေးထဲမှ ထင်ကျော်က စုံထောက်လေသံဖမ်းကာ ပြောနေပြန် ပြီ။ ထို့ကြောင့်ပင် သူက မျက်စောင်းနှင့်လှမ်းကြည့်လိုက်ပြီး

"ဆက်ပြောရမလား မပြောရဘူးလား ဟော့ကောင်"

www.burmeseclassic.com

www.burmeseclassic.com



ယသု လေသံက နည်းနည်းမာသွားသောကြောင့် ထင်ကျော်

ပါးစပ်လေးပိတ်သွားကာ

"ပြောပါ ပြောပါ"

"အေး ပြောမယ် မင်း ဝင်မထောက်နဲ့"

ထင်ကျော်က ခေါင်းညိတ်ပြတော့မှ သူလည်း စိတ်ကို မေ့

ပြန်စေလွှတ်ကာ ဇာတ်လမ်းအစမှအဆုံး၊ နောင်ရိုးထွန်းပြောသွားသည

များပါမကျန် စိတ်ရှည်လက်ရှည် ထိုင်ပြောနေမိသည်။

အားလုံးပြီးဆုံးသွားချိန်မှာတော့ ထင်ကျော်က တကယ့်

အပြင်တွင် ဖြစ်နိုင်ရန်ခဲယဉ်းသည့် ဒရာမာရိုက်ကွက်တစ်ပုဒ် နားဆင်ခဲ့ရသူ

မိန်းမောနေ၏။

"ငါ ယုံတောင် မယုံချင်ဘူးကွာ"

"အေးလေ ငါလည်း ကြားကြားချင်းတုန်းက တော်တော်

ကို နင့်ခနဲ ခံစားလိုက်ရတယ်၊ ရင်နှစ်သဲသဲဆိုတဲ့ တစ်ယောက်အတွက်

အသေးကျန်သလိုဖြစ်ကျန်ခဲ့ရတဲ့ မေ့အတွက်ရောပေါ့"

"အင်းကွာ သူတို့အဖေကလည်း နည်းနည်းတော့ လွန်

တယ်"

"ဒါပေမဲ့ သူ့ဘက်က စဉ်းစားတော့လည်း သူ့သားသမီးတွေ

အကောင်းဆုံး အမြင့်ဆုံး ဆိုတာတွေပဲ ဖြစ်စေချင်မှာပေါ့ကွာ"





ထိုစကားကို ယသုရင်ထဲမှ လှိုက်လှိုက်လှဲလှဲ ပြောလိုက်ခြင်း

ဖြစ်သည်။ သူ့စိတ်ထဲတွင် မေ့ကို သိပ်ချစ်သော်လည်း မေ့ဘဝကိုတော့

သူ့ထံတွင် မနစ်မွန်းစေချင်ပါ။ သူ့မှာက ကိုယ်ပိုင်အစွမ်းဆိုလို့ ထုတ်ပြ

စရာ ဘာမှရှိတာ မဟုတ်။

တကယ်တော့ ဒီလိုကောင်မျိုးကို မေ ဂရုမစိုက်သင့်ပါ။ သို့သော်

လည်း ကံကြမ္မာက ဘယ်သူ့ကို ကျီစယ်ချင်မှန်းမသိပါဘဲ တိုးတိုးတိတ်

တိတ်နှင့် နတ်မရသည့် သံယောဇဉ်တွေကို ဖန်တီးပေးသွားခဲ့ပြီ။

■ ■ ■

အိပ်ရာမှ နိုးသည်နှင့် မေက ဝေါက်ခနဲ ထထိုင်ကာ အိမ်ခန်း

တွင်းသို့ လှည့်ပတ်ကြည့်နေသည်။ ဝရန်တာ ထွက်ရပ်နေသော နောင်

ကို မြင်လိုက်ရတော့ အတော်ကလေးပင် အံ့အားသင့်သွားပြီး မျက်ဝန်း

ဖျော့ဖျော့လေးများနှင့် အကြောင်းသား ငေးကြည့်နေ၏။

နောင်ရိုးကလည်း မေနိုးလာတာမြင်တော့ ရိုးမြသောအပြုံးနှင့်

မေ့နားသို့ရောက်လာကာ

"ကဲ ဒေါ်ရွှေမေ ခုတော့ တစ်ယောက်တည်း ပစ်စလက်ခတ်

နေပြီး ဖြစ်ပြီမဟုတ်လား၊ နေရချင်ဦးလေ"

"ဟို ဟို ကိုဖေယသုရောဟင်"

နောင့်စကားများကို နားစိုက်မထောင်နိုင်သေးဘဲ မေက အိမ်



www.burmeseclassic.com

www.burmeseclassic.com



ခန်းအနှံ့လျှောက်ကြည့်ရင်း ရင်ထဲမှ သိချင်သည်ကိုသာ တိုးညင်းသော အသံလေးနှင့် မေးလိုက်မိ၏။

နောင်ကတော့ မေ့ကို မသက်သာသလို ကြည့်ပါသည်။

"မေ နင့်ကိုငါ မေးချင်တာလည်း ဒါပဲ၊ နင်ဘာဖြစ်လို့ သူစိမ်းယောကျ်ားတစ်ယောက်ကို နင်တစ်ယောက်တည်းရှိတဲ့ အိမ်ထဲထိ ခေါ်လာရတာလဲ"

နောင့်အသံက အနည်းငယ် ဒေါသထွက်နေသယောင်ပင်။ မေကလည်း ခုမှ နောင်ရှိးကို မဝံ့မရဲ ကြည့်လိုက်ပြီး

"မဟုတ်ပါဘူးဟာ ကိုဖေယသုက လူကောင်းတစ်ယောက်ပါ"

"နင့်ကိုငါပြောချင်တာက ကိုဇေကို လူကောင်းမဟုတ်ဘူးလို့ ဆိုလိုတာ မဟုတ်ဘူးလေ၊ ဒေါးပတ်ဝန်းကျင်အမြင်မှာ မိန်းကလေးတစ်ယောက်တည်းနေတဲ့ အိမ်ဆိုတော့ ဘယ်အမြင်သင့်တယ်ပါ့မလဲ"

"ဒါဆို နင်လည်း သူစိမ်းယောကျ်ားတစ်ယောက်ပဲလေ"

မေ့စကားကြောင့် နောင်ရှိးမှာ တော်တော်ခံပြင်းသွားသည်။ ထို့ကြောင့် ဒေါသတကြီး လေသံမျိုးနှင့်

"နင်ကငါ့ကို ခုမှသိတဲ့ သူ့အကြောင်းကိုယ့်အကြောင်းတောင် ဘာဆိုဘာမှမသိတဲ့ လူတစ်ယောက်နဲ့ ယှဉ်ပြီးပြောနေတာလား မေ"

"ငါဆိုလိုတာ ဒီလိုမဟုတ်ဘူး နောင်၊ နင်က ပတ်ဝန်းကျင်





အမြင်ဆိုတာကို ပြောလို့ပါ။ အဲဒီပတ်ဝန်းကျင်အတွက်တော့ နင်နဲ့ကိုဇေ ဟာ နှစ်ယောက်စလုံးက သူစိမ်းတွေပဲလေ၊ ငါပြောတာ အဲဒီသဘောပါ"

"မဟုတ်သေးဘူး မေ၊ တကယ်တော့ နင်လုပ်နေတာတွေကို ငါ နားမလည်နိုင်တော့ဘူး။ နင် နေမကောင်းဖြစ်လို့ ဆေးခန်းသွားစရာ အဖော်မရှိရင် ငါ့ကိုခေါ်သင့်တာ မဟုတ်ဘူးလား။ မှတော့ နင်က ကိုဇေကို ခေါ်တယ်၊ အဲဒါ ဘာသဘောလဲဆိုတာ ပြောပြစမ်းပါ"

သူ့စကားများကို နားထောင်ရင်း မေ့နားတွေ ရူဝေလာသည်။ နှလုံးများလည်း ပြာရှင်လာ၏။ မူးနောက်သည့် ခံစားမှုကြောင့် နားထင်ကို လက်မနှင့် ထောက်ထားလိုက်ရသည်။

ထိုအရောက်မြင်မှ နောင်ရှိးက မေ နေမကောင်းသည်ကို သတိရသွားဟန်

"တောရီးပါ မေ၊ ဒီအချိန်မှာ ငါ ဒါတွေမပြောသင့်ဘူးဆိုတာ သိပါတယ်"

မေက လက်ပြန်ကာပြလိုက်ပြီး အခန်းထဲသို့ ယိုင်နဲ့သော ခြေလှမ်းများနှင့် ဝင်ခဲ့သည်။ အခန်းဝအရောက်မှာတော့ နောင်ရှိးဘက်သို့ ပြန်လှည့်လိုက်ကာ

"ဆယ်နာရီတောင် ထိုးနေပြီ၊ နင်မပြန်သေးဘူးလား နောင်"

"ပြန်တော့မှာပါဟာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို တံခါးတွေကို သေချာပိတ်ပေးသွားစမ်းပါနော်၊ ငါ
နားချင်ပြီ"

အခန်းတံခါးကို ချပ်ခနဲ ပိတ်ကာ ပျောက်ကွယ်သွားသော
မေ့ပုံရိပ်ကို ခေါင်းရှိ ရင်တွေပူပြင်းခြောက်သွေ့နေ၏။ ဗလောင်ဆူနေ၏

ယောင်ယောင်တည်းက ချစ်ခဲ့ရသော သူငယ်ချင်းလေးမို့ စိတ်ထဲမှ
တော်တော်လည်း ဝမ်းနည်းနေမိသည်။ ကိုယ့်ဘက်ကတော့ သူ့ကိုခင်မင်
တွယ်တာလိုက်ရတာ။ သူကတော့ ကိုယ့်ကို ရယ်စရာသည့် လူတစ်ယောက်
နှင့်တောင် မှိုင်းယှဉ်နေပြီ။ ရင်ထဲက မိုးတိမ်မှာ တိမ်ညိုတွေ အုံ့နှဲ့ကျင်း
အုံ့ဆိုင်းနေကြသလိုပါပဲ။

မေ တစ်ယောက် နေပြန်ကောင်းလျှင်တော့ သူ့ရင်ထဲမှာ ပြော
ချင်နေတာတွေကို ဖွင့်ပြောပစ်လိုက်တော့မှ သူ စိတ်ကူးလိုက်သည်။

သူ့ကို မေ စိတ်မဆိုးလောက်ပါဘူးနော်။

■ ■ ■

လေဆိပ်လမ်းထဲတွင် ကားလေးက ရိပ်ခနဲ မောင်းနေပေမယ့်
လေဆိပ်ကြီး၏ ကြီးကျယ်ခမ်းနားမှုကိုတော့ လှမ်းကာမြင်တွေ့နေရ၏။

ဒီနေ့ ဦးအောင်ကို သူတို့နှစ်ယောက် လေဆိပ်လိုက်ပို့ကြခြင်း
ဖြစ်သည်။ ဦးအောင်မျက်နှာက အချိန်အကြာကြီး မျှော်လင့်စောင့်စား
လာခဲ့သမျှ မကြာခင် ပြည့်ဝတော့မည်မို့ ပြုံးရိပ်သမ်းနေသည်။



လေဆိပ်အဆောက်အဦးကြီးထဲဝင်ပြီး မကြာမီပင် လေယာဉ်
ထွက်ခွာတော့မည့် ကြေညာသံထွက်လာသောကြောင့် ဦးအောင်က သူတို့
နှစ်ယောက်စီကို ရင်ဘတ်ချင်းအပ်၍ နှုတ်ဆက်လိုက်ပြီး

"ကဲ ငွတ်ဘိုင်ကွာ သွားတော့မယ်၊ အလုပ်ကိုလည်း ဒီထက်
တိုးတက်အောင်လုပ်ကြ၊ ငါလည်း ဖုန်းနဲ့အမြဲတမ်း ဆက်သွယ်နေမှာပါ"

"ဟုတ်ကဲ့ ဦးအောင်၊ ကျွန်တော်တို့ကတော့ စိတ်ချပါ"

ထင်ကျော်က ကတိတွေပေးသည်။

"မောင်ဇေ မင်းလည်းကျောင်းကိုတက်နော်၊ ဘာမှမပူနဲ့ လို
တာရှိရင် ဦးအောင်ကို လှမ်းသာပြော"

"ဟုတ်ကဲ့ပါ ကျေးဇူးတင်ပါတယ် ဦးအောင်"

ဦးအောင်က လက်ပြနှုတ်ဆက်ကာ ထွက်ခွာသွားတော့ သူတို့
သည်း လေဆိပ်မှထွက်လာခဲ့ကြသည်။ ထင်ကျော်က ကားကိုမောင်းနေ
ရင်းနှင့်

"ကဲ ရှိသမျှတာဝန်တွေကတော့ ငါတို့ ပခုံးပေါ်ကျလာပြီ"

"အင်းပေါ့ကွာ ငါကတော့ ဦးအောင်ကို တကယ်ကျေးဇူးတင်
မိတယ်"

"အောင်မာ မင်းက အမေကျော်ပြီး ဒွေးတော်လွမ်းတာပဲ"

"ဟား ဟား မဟုတ်ပါဘူးကွာ၊ မင်းကိုငါက ပြောနေစရာ



www.burmeseclassic.com

www.burmeseclassic.com



မလိုအောင် ရင်ထဲကနေ လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်နေပြီသားပါ"

ထိုသို့ပြောမှ ထင်ကျော့်မျက်နှာက ပြုံးဖြီးဖြီးကြီးဖြစ်သွားပြီး

"အေးပါကွ ဒါနဲ့ ငါတို့နောက်သုံးရက်လောက်ဆို နယ်ထွက်ရမယ်နော်၊ မင်းပြင်စရာရှိတာ ပြင်ထားဦး"

"ဘာပြင်စရာလိုလဲကွာ၊ ဘယ်နှရက်မှ ကြာမှာမှ မဟုတ်တာ"

"တစ်ပတ်လောက်လည်း ကြာချင်ကြာမှာလေကွာ"

"အေးပါ ငါပြင်ထားပြီးသားပါ"

ဆိုင်သို့ပြန်ရောက်တော့ ဆိုင်ဝန်ထမ်းကောင်လေးတစ်ယောက်က စာရွက်ခေါက်လေးတစ်ခု ထိုးပေးကာ

"ကိုဇေ ခင်ဗျားအတွက် စာတစ်စောင်ရောက်နေတယ်"

သူက စိတ်ထဲ အံ့အားတသင့်ဖြစ်သွားကာ လှမ်းယူလိုက်ပြီး

"ဘယ်သူလာပေးတာလဲ"

စာလေးက ဒီတိုင်းခေါက်လျက်သားလေးမို့ စာတိုက်က လာသော စာမဟုတ်တာ သေချာသည်လေ။

"ဟိုတလောက လာတဲ့ကောင်မလေးလေ၊ ဆံပင်တိုတိုလေးနဲ့"

"ဟင်"

ယသုမှာ ဟင်ခနဲဖြစ်ကာ မေ့မျက်နှာလေးကို ပြေးမြင်လိုက်ပြီး လက်ကလည်း စာလေးကိုဖွင့်ဖတ်ပြီးသား ဖြစ်သွားသည်။





ကိုဇေယသု

ဟိုတစ်နေ့က နှောင့်ယှက်သလိုဖြစ်သွားရင် တောင်းပန်ပါတယ်နော်။ မေ့ဘက်က အရမ်းတစ်ကိုယ်ကောင်းဆန်သလို ဖြစ်သွားတယ်။ ဒါပေမဲ့ အဲဒါဟာလည်း ရှင့်ကိုဒုက္ခပေးချင်လို့သက်သက် မဟုတ်တာတော့ သေချာပါတယ်။ မေ့ကို စိတ်မပျက်ဘူးဆိုရင် ဒီနေ့ညနေ ဟိုလမ်းချိုလေးကနေ မေ စောင့်နေမယ်နော်။

ရင်တွင်းမေ

စာလေးကိုဖတ်ပြီး သူ့ရင်တွေ ရှုပ်ထွေးနေသည်။ မေ့ကို သူက ဘယ်လိုနည်းနဲ့မှ စိတ်မပျက် စိတ်မဆိုးနိုင်တာ မေမှ မသိနိုင်ဘဲလေ။

ထင်ကျော်ကလည်း စာလေးကိုဖတ်ကာ သိသိသာသာ မျက်နှာပျက်ကျသွားသော ယသုနားသို့ ရောက်လာပြီး

"ဘာစာလဲကွ မင်းဇော်ပြောတဲ့ပုံအရဆို မေ့ပုံစံလေးပဲ"

"အင်း ဟုတ်တယ် မေ ရေးထားတဲ့စာ"

"ဘာတွေရေးထားလို့ မင်းမျက်နှာက ဒီလောက်ထိ ပျက်သွန်းနေတာလဲ"

"ရော့ ဖတ်ကြည့်ကွာ"

သူက ထင်ကျော့်လက်ထဲသို့ စာခေါက်လေးကို ထိုးထည့်လိုက်သည်။ ထင်ကျော်ကလည်း ဖတ်ပြီးတာနှင့် သက်ပြင်းကိုချ၏။



www.burmeseclassic.com

www.burmeseclassic.com



"မင်းဘယ်လိုလုပ်မှာလဲ၊ ကောင်မလေးက မင်းအပေါ်မှာ သံယောဇဉ်ဖြစ်နေတာတော့ သေချာပြီ"

"ငါလည်း မပြောတတ်တော့ဘူးကွာ၊ အတော့်နေ့ကတော့ ငါ တစ်ယောက်တည်း ကြိတ်မှိတ်ခံစားနေရတာကို တင်းမထားနိုင်တော့လို့ ဖွင့်ပြောမလားဆိုပြီးတော့ စဉ်းစားမိသေးတယ်၊ နေတော့ ပြောလို့မထွက်တော့ဘူး၊ ထပ်ပြောရရင် မပြောရက်တော့ဘူးဆိုတာ ပိုမှန်လိမ့်မယ်"

"ဟာ မင်းက တစ်မျိုးပါလားကွ၊ ဒီမှာ အခြေအနေက မင်းအတွက် အရမ်းကောင်းနေပြီ၊ ဒီအချိန်မှ နောက်ဆုတ်ဖို့ မင်းဆို ကြိုးစားတယ်"

ယသုက ခေါင်းကို ဖြည်းလေးမှာ ခါလိုက်ပြီး

"အေးလေ သူ ငါ့ကို ပစ်ပစ်ခါခါ ငြင်းဖို့ လုံးဝသေချာတယ်ဆိုရင် ငါ ဖွင့်ပြောမိမှာကွ၊ ခုဟာက"

"ကျွတ် မင်းကတော့ တကယ်ပါကွာ၊ ဘာမှမဟုတ်တာကို သရဲတကြောင်နေတယ်"

"ငါ့ကို ဒီလိုမပြောနဲ့ ထင်ကျော်၊ ငါ မပြောရက်တော့တာက သူ့ကိုငါ့ဘဝထဲ ဆွဲမထည့်ချင်လို့ သူ့ရဲ့ အရာရာပြည့်စုံနေတဲ့ ဘဝလေးကွာ၊ ပြီးတော့ သူ့မိဘတွေ ငါဘယ်လိုလုပ်ရမလဲ ဘယ်လိုမှ မဖြစ်နိုင်ဘူးကွာ"



"မင်း တကယ်တွေးကြည့်၊ ယောကျ်ားမဟုတ်တဲ့အတိုင်းပါလား၊ ဒါတော့ မင်းကိုကြည့်မရတော့ဘူးနော်"

ထင်ကျော်က သူ့ကိုအပြစ်တင်သလို မျက်စောင်းကြီးထိုးကာ ပြော၏။

"အဲဒါ မင်းပြောသလို ယောကျ်ားမဟုတ်တာ သရဲတာကြောင့်တာမဟုတ်ဘူး၊ အဲဒါ အချစ်ကွ၊ ကိုယ်သိပ်ချစ်တဲ့သူကို ဒုက္ခထဲ ဆွဲမသွင်းချင်တဲ့ အချစ်"

"မဆိုင်တာ မပြောပါနဲ့ကွာ၊ တကယ်တော့ အချစ်ဆိုတာ တစ်ကိုယ်ကောင်းဆန်တယ်လေ၊ အဲဒီတော့ မင်းလိုချင်တာကို ပိုင်ဆိုင်ခွင့်ရအောင်ပဲ ကြိုးစားသင့်တယ်"

ထင်ကျော်က အကြိမ်ကြိမ်ပြောတော့လည်း သူ တွေဝေသွားပြန်သည်။ သူ့စိတ်တွေ တည်ငြိမ်မှုမရှိတော့တာတော့ ဝန်ခံရပါ၏။ တကယ်တော့ သူက မချစ်သင့်သည့်သူကို ချစ်မိသွားတာပဲ မဟုတ်လား။

တစ်နေ့လုံး ဆိုင်မှာနေရတာ သူ စိတ်မပါတော့။ လူက နာရီကို ခဏခဏကြည့်ဖြစ်နေပြီး ပုံမှန်ထက်ပိုနှေးသွားသလိုခံစားရောက်တော့ လူက ဂနာမငြိမ်တော့ပါ။ ဒါကိုသတိထားမိသော ထင်ကျော်က

"သွားစမ်းပါကွာ မင်းကိုကြည့်ရတာ စိတ်မရှည်တော့ဘူး"

"ငါ ဘာဆက်လုပ်ရမလဲကွာ"

www.burmeseclassic.com

www.burmeseclassic.com



သူ စိတ်ပျက်လက်ပျက် မေးလိုက်သည်။

"မင်းရင်ထဲက ဆန္ဒတွေအတိုင်းပဲ လုပ်ပေါ့၊ ဘာကိုမှ တွေး မနေနဲ့ လှိုက်စကားတစ်ခွန်း သင်ပေးလိုက်မယ်၊ နောင်ခါလာ နောင်ခါ ရေး တဲ့၊ ကြားဖူးတယ် မဟုတ်လား၊ လုပ်ကွာ၊ စိတ်ထဲရှိတဲ့အတိုင်းသာ လုပ်"

ထင်ကျော်ကလည်း သူ့ပုခုံးကိုပုတ်ကာ ကောင်းကောင်းကြီး မြှောက်ပေး၏။ သူ့စိတ်ထဲမှာလည်း မေ နေမကောင်းသေးရဲ့လားဆိုသော ပူပန်စိတ်လေးကလည်း ရှိနေသည်။ တော်ကြာ နေမကောင်းသေးဘဲ လာသည်ဆို သူစိတ်မကောင်းဖြစ်ရမှာ သေချာသည်။

ဟိုတစ်နေ့တည်းက မေ့ကိုသူ မေ့ဖို့ကြိုးစားခဲ့၏။ မေ့ဆီလည်း ဆက်သွယ်ရန် မကြိုးစားခဲ့၊ တစ်ပတ်မျှပင် ရှိပြီမဟုတ်လား။ ထိုအချိန်မှာ မှ မေ့ထံက ဒီလိုဆက်သွယ်မှုမျိုးရတော့ သူ တော်တော် တုန်လှုပ်နေပါ ပြီ။ ဖြစ်ချင်တာတွေကို ကြိတ်မှိတ်မြိုသိပ်ထားရသော ဘဝကလည်း ဆိုးရွားလွန်းလှ၏။

"ဒါ ငါ သွားကြည့်မယ်ကွာ"

ပြောပြီးသည်နှင့် ဆိုင်ထဲမှ သုတ်ခြေတင်ထွက်ခဲ့လိုက်သည်။ သူတို့ စောင်ဆုံတွေ့ခဲ့သော လမ်းချိုးလေးသို့ရောက်တော့ သူ ရုတ်ချင်း မတွေ့ရ။ ထောင့်ချိုးလေးမှနေ၍ ပုန်းကွယ်ကာ ချောင်းကြည့်လိုက်သည်။





ခပ်ဖွဲဖွဲလေး ရွာနေသော မိုးစက်များအောက်မှာ မေက ချာလီ ထီးနီနီလေးဆောင်းကာ ရပ်နေ၏။ မေ့မျက်လုံးလေးများက လမ်းထောင့် ချိုးလေးသို့သာ မျှော်လင့်တကြီး စောင့်ကြည့်နေပုံ။ ဒီနေ့မှ မေ့အပြင် အဆင်ကလည်း ထူးထူးခြားခြားလေး ဖြစ်နေသည်။

အရင်က တီရှပ်နှင့်ဘောင်းဘီကျပ်ကျပ်၊ ကော်တိုတိုလေးများ သာ ဝတ်တတ်သော မေသည် အခုတော့ တစ်မျိုးဆန်းသစ်စွာ အဖြူခံ ကွင်း အနီရောင် ချယ်ရီသီးပုံလေးများပါသော ထဘီကို လှပဆန်းသစ်စွာ ချုပ်ထားသော ရင်ဖုံးအင်္ကျီအနီရဲရဲလေးနှင့် တွဲဖက်ဝတ်ဆင်ထား၏။ လက်ထဲတွင်လည်း အနည်းငယ်ကြီးမားသော အိတ်လုံးလုံးလေးကို ကိုင် ထားသည်။ အနီးအနားတွင်လည်း သူမစီးနေကျ ဂျစ်ကားကို မတွေ့ရ။

သူ ပထမတော့ မေ့ကို သတိရသည့်စိတ်များ ပျောက်ကွယ်သွား သည်ထိအောင် ချောင်းကြည့်ရန် ရည်ရွယ်ခဲ့ခြင်းဖြစ်၏။ မေ့ကိုမြင်ရတော့ လည်း သူ့စိတ်တွေက အလိုလိုထိန်းမနိုင်ဖြစ်နေပြီသည်။

သူ့ကိုယ်သူ မသိလိုက်ခင်မှာပင် သူဟာ လမ်းထောင့်ချိုးလေးမှ ထွက်လိုက်ပြီဖြစ်၏။ သူ့ကိုမြင်တော့ မေ့မျက်နှာက အလွန်ပင်ပျော်ရွှင် သွားသလို သွားတန်းလေးများ လက်ခနဲ ဖြစ်သွားသည်ထိ ယသုကို ကျွန်းရယ်ပြသည်။

"ရှင့်ကို မလာတော့ဘူးလို့ မေက ထင်နေတာ"



www.burmeseclassic.com

ရှင့်ရှင့်မြူးမြူးလေးပြောလိုက်သော မေ့အသံက တကယ့်ကိုပင် လန်းဆန်းတက်ကြွနေ၏။ မေ နေကောင်းသွားပါပြီ။

“မေ နေကောင်းသွားပြီပေါ့နော်”

“အင်း ကောင်းသွားပြီ ဒီနေ့ ရှင့်သင်တန်းကို ဖျက်လို့ရမလား ဟင်”

“ဘာလို့လဲ မေ၊ သင်တန်းက ဒီနေ့မရှိဘူး ပိတ်ရက်လေ”

“ဒါဆို မေ ကျွေးတာလိုက်စားရမယ်”

မေ့စကားက အထူးအဆန်းမို့ သူ ကြောင်သွားသည်။

“ဘာကိုလဲ မေရဲ့ ကိုယ် နားမလည်ဘူး”

“အဟင်း ဒီနေ့ မေ့မွေးနေ့မို့ပါ၊ မုန့်လိုက်စားရမယ်နော်”

“ကိုယ် မလိုက်နိုင်”

“ဟာ မရဘူးနော်၊ ရှင်မလိုက်ရင် မေ ထိုင်ငိုလိုက်မှာ”

သူက ပြုံးမိကြိုးစားစဉ် မေက သူ့စကားကိုတောင် အဆုံး ဘဲ လမ်းမပေါ်၌ တကယ်ပင် ထိုင်ချလိုက်သောကြောင့် သူ့မှာတော်တော် လေး ယောက်ယက်ခတ်သွား၏။

“မေ မေ ဘာလုပ်တာလဲ”

“ငိုမှာ တကယ်ထိုင်ငိုမှာ ရှင်မလိုက်ရင် ထိုင်ငိုနေမှာ၊ တကယ် မထဘူး”



ပြောနေရင်းနှင့် မေ့အသံလေးက တိမ်ဝင်ကာ မျက်ဝန်းမှာ လည်း မျက်ရည်စတို့ စို့တွဲလာသည်။ သူ တကယ်ပင် ထိတ်လန့်သွားရ၏။

“ဟောဗျာ မငိုနဲ့လေ”

“မရဘူး ရှင်မလိုက်ရင် ငိုမှာပဲလို့ ပြောနေတယ်လေ”

“ရော့ ခက်ပြီ၊ ကိုယ်တို့ဆိုင်မှာ ခုဆို ညပိုင်းပါ ထပ်ချဲ့ဖွင့် လိုက်တော့ ကိုယ် မအားဘူးကွ၊ ပြီးတော့ မင်းသူငယ်ချင်း နောင်ရိုး ရှိတာပဲ၊ သူနဲ့ပဲ သွားလိုက်ပါ”

သူ့ဘက်က ရှို့ပြောလိုက်ခြင်း မဟုတ်တာ သေချာပါသည်။ သူ့စိတ်ထဲမှာ မေ့အတွက် အစစအရာရာ အဆင်ပြေနိုင်သော နောင်ရိုး ထွန်းသည်သာ အကောင်းဆုံးဟု သတ်မှတ်ထား၏။ ထို့ကြောင့်လည်း ထိုစကားကို ပြောလိုက်ခြင်းဖြစ်သည်။

သို့သော် မေကတော့ ဘယ်လိုသဘောပေါက်သွားသည်မသိ။ ဆတ်ခနဲ မတ်တတ်ပြန်ရပ်လိုက်ကာ

“မဟုတ်ဘူးနော် မေနဲ့နောင်က ဘာမှမဟုတ်ဘူး”

“ရော် ကိုယ်ကလည်း ဘာပြောလို့လည်းဗျာ၊ မေတို့သူငယ်ချင်း တွေပဲ အေးအေးဆေးဆေး တွေ့သင့်တယ်ထင်လို့ပါ၊ မွေးနေ့ဆိုတာမျိုး က ကိုယ်နဲ့ရင်းနှီးတဲ့ မိသားစုတွေ မိတ်ဆွေသူငယ်ချင်းတွေနဲ့မှ ပျော်စရာကောင်း တာ မဟုတ်လား”

www.burmeseclassic.com

www.burmeseclassic.com



သူက ထိုသို့ပြောလိုက်ကာ စိတ်ထဲမှာလည်း မေ့ မေမေကိုမှ မေ သွားကန့်တော့ဖြစ်ရဲ့လားဟု တွေးလိုက်ပြန်သည်။

"ဘာလဲ ရှင်က မေနဲ့ မရင်းနှီးချင်ဘူးလို့ ဆိုလိုတာလား"

"ဟာ မဟုတ်ရပါဘူးဗျာ၊ ကိုယ်ပြောချင်တာက"

"ဘာလဲ ပြောလေ ပြော ဘာတွေဆင်ခြေပေးချင်နေတာလဲ"

မေက ရန်တွေ့သလိုလေး ခါးထောက်ပြီး ခပ်စွာစွာပြောသည်။

"တကယ် မအားလို့ပါ"

"မရဘူး ဒမ ထိုင်ငိုမှာလို့ ပြောပြီးသားနော်"

မေက တကယ်ပင် ငုတ်တုတ်ပြန်ထိုင်ချကာ မျက်ရည်များ ဝိုင်းဝိုင်းပေါက်ပေါက်ကျလာသည်ထိ ငိုတော့သည်။ ချက်ချင်းကိုကျလာသော မျက်ရည်များမို့ ယသုမှာ မည်သို့မျှပင် တားချိန်မရလိုက်။

"ဟာ ကျွတ် မေ မင်းကွာ ကိုယ့်ကို ပြဿနာရှာနေတာလား"

သူ့စကားဆုံးတော့ မေက သူ့ကိုမော့ကြည့်သည်။ မျက်ရည် ကြောင့် နီရဲနေသော မေ့မျက်လုံးများက အရောင်တွေထွက်ကာ စူးရှ စွာစွာကြီး သူ့ကိုစိုက်ကြည့်နေ၏။

"ရှင့်အတွက် မေက ပြဿနာမလို့ ပြောလိုက်တာလား"

သွားပြီ။ ရုတ်တရက် သူ အမှတ်မထားဘဲ ပြောလိုက်သော စကားက မေ့ရင်ကို တည့်တည့်ထိသွားတာ သေချာသည်။ သို့သော်

သူကတော့ ပြန်လည်ဖြေရှင်းခြင်း မပြုတော့ပါ။

"ဟုတ်တယ်လေ၊ ကိုယ် မင်းကိုဒီလောက်ရှင်းပြနေတာတောင် နားမလည်ဘဲ ဂျစ်တိုက်နေတာ ဘာသဘောလဲ၊ ဒီမှာအလုပ်ရှိပါတယ် ဆို ပြောနေတာကို၊ ဘာတဲ့ ဒါတောင် ကိုယ်နဲ့ရင်းနှီးချင်သေးတယ် ဟုတ်လား။ ကိုယ့်ကို နားလည်မပေးနိုင်တဲ့ လူတစ်ယောက်က ဘယ်လို လုပ်ပြီး ကိုယ်နဲ့ရင်းနှီးမှာလဲ"

သူ့စကားများက နှုတ်များမှ တရစပ်ထွက်ကျလာသည်ကို မေ တော့ မြူးကြောင်အံ့ဩနေသော မျက်နက်ဝန်းလေးများနှင့် မော့ငေး ကြည့်နေ၏။

"မင်းဒီလိုမျိုး လုပ်ချင်တာတွေပဲ ဇွတ်လုပ်နေမယ်ဆိုရင်တော့ ယ်လည်းဆက်ပြီး သည်းခံနိုင်မယ် မထင်ဘူး။ ခုလည်း မင်းပြန်ပါ တော့"

သူက ပြောချင်ရာပြောကာ ချာခနဲ လှည့်ထွက်ခဲ့သည်။ ခြေ ကြီးများနှင့် လျှောက်ထွက်လာခဲ့သော်လည်း သူ့စိတ်များကတော့ ထဲမှာ ကျန်ခဲ့ပါပြီ။ လက်သီးများကို ကျစ်ကျစ်ဆုပ်ကာ ဖဲကိုတင်းပြီး ျောက်နေရသော ခြေလှမ်းများက နောက်မှနေ၍ သူ့ဝမ်းဗိုက်ထိ သိုင်း ဖက်ထိုက်သော အထိအတွေ့ကြောင့် ရှေ့ဆက်မရပါဘဲ ရပ်တန့်သွား ည်။

www.burmeseclassic.com



နောက်ကျောဆီမှ နွေးထွေးသော အထိအတွေ့လေးသည် ယသု

နှလုံးသားလေး အမြင်သို့ ထွက်ကျမတတ် လှုပ်ခါနေအောင် ဆွဲငင်နေ

သလိုပင်။

"အဲဒီလိုပြောပြီး ထွက်မသွားပါနဲ့နော်၊ အဲဒီလိုတော့ မပြော

နဲ့"

ရှိုက်သံစွက်နေသော် အသံတိုးတိုးလေးက မိုးမွဲလေးများကြား

မှ ပေါ်ထွက်လာသည်။

တကယ်တော့ သူကိုယ်တိုင်လည်း ပြောချင်လို့ ပြောခဲ့သည်

မဟုတ်ဘဲလေ။ သို့သော် ခုတော့ အခြေအနေတွေက ပြင်မရအောင်

ပျက်ယွင်းနေခဲ့ပြီ၊ သူ ဘာဆက်လုပ်ရမလဲ။ ဒီအခြေအနေကို အကောင်း

ဆုံးဖြစ်အောင် ဘယ်လိုကိုင်တွယ်ရမလဲ။

သူ တွေးနေမိသည်။ နှလုံးသား၏အလိုအတိုင်းသော လုပ်မိ

ကတော့ သူ့စိတ်တွေ မည်သို့မျှ ထိန်းချုပ်နိုင်ခြင်း မရှိမှာ သေချာပါ

သို့သော်လည်း ဦးနှောက်ကဲ့သို့ အသိတရားမရှိသော နှ

သွားသည် မိုက်ရူးရဲဆန်တတ်သည်။

တစ်ဖက်နှင့်တစ်ဖက် ဆုပ်ကိုင်ကာ သူ့ကျောကိုသိုင်းဖက်ထ

သော လက်ကလေးနှစ်ဖက်ကို ဖြည်းလည်းချွတ်ကိုင်လိုက်ပြီး မေ့နှင့်မျက်

ချင်းဆိုင်လိုက်သည်။





ထို့နောက်တော့ သူ့ရင်ခွင်ထဲတွင် မေ့ကိုလွတ်ထွက်သွားမည့်

အလား အတင်းအကျပ် ပြန်ပြီး ပွေ့ဖက်လိုက်၏။

"မေရယ် ကိုယ် ချစ်ပါတယ်၊ မေ့ကိုချစ်ပါတယ်ကွာ"

သူ့နှုတ်မှ တိုးတိုးရေရွတ်တော့ သူ့ကိုဖက်ထားသော မေ့လက်

လေးများ ပိုပြီးတင်းကျပ်သွားသည်ဟု သူထင်သည်။ ဒါဟာ မေ့ဆီက

အဖြေတစ်ခုဆိုတာ သူသိပါပြီ။

"မေ မငိုနဲ့တော့နော်"

ယသုက ငိုရှိုက်နေဆဲဖြစ်သော မေ့ မေးဖျားလေးကို လက်နှင့်

ပင့်မော့ကာ ပြောလိုက်တော့ မေက သူမ၏ လက်ခုံနှင့် မျက်ရည်များကို

တရကြမ်းမှုတ်သုတ်ပစ်လိုက်ပြီး သွားလေးများပေါ်သည်ထိ ပြုံးပြလိုက်၏။

"ချစ်လိုက်တာ မေရယ်"

မေ့ နဖူးလေးကို ငုံ့နမ်းလိုက်ရင်း သူပြောမိသည်။ ထိုအခါ

သူမက နှုတ်ခမ်းစူပါသည်။ ကံကောင်းတာတစ်ခုကတော့ ထိုလမ်းချိုးလေး

သည် လူအသွားအလာသိပ်မရှိသော လမ်းကြားလေးလိုဖြစ်နေခြင်းပင်။

"အလုပ်မအားတာတွေ ထားခဲ့ပြီး မေနဲ့လိုက်ခဲ့တော့နော်"

"ဟောဗျာ ကိုယ့်ကို ဘယ်ခေါ်သွားမလို့လဲ"

သူက ထိတ်လန့်ဟန်လေးပြောတော့ မေက သူ့ရင်ဘတ်ကျယ်

ကြီးကို လက်သီးဆုပ်လေးနှင့် လှမ်းထုကာ

www.burmeseclassic.com



"ဘာတွေပြောနေတာလဲ၊ မေ့မေ့နေ မုန့်သွားစားမယ်လို့ ပြောထားတယ်လေ"

"မေရယ် ကိုယ်အရမ်းပျော်နေတယ် သိလား"

"အောင်မာ သူကများပြောရတယ်ရှိသေး။ မြို့တုန်းကဖြင့် မြို့နေပြီးတော့ မေ့မှာတော့ သိက္ခာတွေကျကုန်ပါပြီ"

မေ့စကားကြောင့် ယသုက မေ့ ပါးဖောင်းဖောင်းလေးကို အနည်းငယ် ဆွဲညှစ်ပစ်လိုက်မိပြီး

"အဲဒီလိုမပြောနဲ့ကွာ၊ ကိုယ်တို့တစ်ယောက်ကိုတစ်ယောက် ချစ်တယ်လေ၊ အချစ်မှာ သူ့ဘက်ကိုယ့်ဘက်ထည့်တွက်နေမှတော့ အရှုံးတွေပဲဖြစ်ကုန်တော့မှာပေါ့"

"အပြောကောင်းလိုက်တာ ဒါတောင် နယ်ကလာတာတဲ့"

"ကိုယ်က ရန်ကုန်သူတွေလို ဇာတ်သိမ်းမတတ်ပါဘူးဗျာ"

"မတတ်ပေလို့ပဲ နို့နို့ မေပဲခံနေရမှာ"

မေက မျက်စောင်းလေးထိုးကာ ပြော၏။ သူ့ရင်ထဲမှာ နှလုံးသွေးများဖြင့်သာ စီးဆင်းနေသည်ဟု ထင်လာမိသည်။ မေ့ကို သူ ဘယ်တုန်းက ဒီလောက်ထိ ချစ်သွားမှန်းတောင် သူမသိတော့။

"ဘယ်မှာစားချင်လဲ ပြောလေ"

"ကိုယ့်လိုတောသားက ဘယ်သိပါ့မလဲကွာ"



မေက မျက်စောင်းထပ်ထိုးပြန်ပါသည်၊ ထိုမျက်စောင်းလေးတွေထဲမှာ မေ့ချစ်ခြင်းတွေ ပျော်ဝင်နေသည်ဆိုတာ ယသု အတပ်ပြောနိုင်၏။

"ဒါဆိုလည်း ဗိုက်ပြည့်တာ စားချင်လား၊ ဒီတိုင်းအရည်ပဲ သောက်မလား"

"ဒီမွေးနေ့ရှင်ကလည်း ကိုယ်ကျွေးချင်တာ ကျွေးပေါ့ဗျာ၊ ဘယ့်နှယ် စားရမယ့်သူကို မေးနေတော့ ရှက်စရာပေါ့"

"မေက ရှင့်ကိုဦးစားပေးတာပါ"

မေ့အပြောလေးကြောင့် သူ့ရင်ထဲ အလွန်ကြည်နူးသွားပြန်သည်။ တကယ်ပဲ မေနဲ့သူဟာ ချစ်သူတွေဖြစ်ခဲ့ပြီပေါ့။ သူ့နှုတ်ခမ်းများက စုပိတ်လို့မရအောင် သွားများအားလုံးပေါ်သည်ထိ ပြုံးရယ်ဟန်ပေါ်ကာနေသည်။ ဒီနေ့လောက် လောကကြီးသာယာတာ မတွေ့ဖူးပါဟုလည်း ပြုံးနေသော စောင်းကင်ကိုကြည့်ကာ စိတ်ကူးနေမိ၏။

အချစ်ဆိုတာ ဒီလိုပဲ မျက်နှာလိုက်တတ်သလားဗျာ။

နောက်ဆုံးတော့ မေက ကြေးအိုးသောက်ရအောင်ဟု မြို့ထွယ် နာမည်ကြီး ကြေးအိုးဆိုင်တစ်ခုသို့သွားရန် ဆုံးဖြတ်လိုက်ကြသည်။

"မေ့မှာ ကားမပါဘူးလား"

"ဟင့်အင်း၊ တမင်မယူခဲ့တာ၊ ရှင်နဲ့အတူတူ မိုးရေထဲ



www.burmeseclassic.com

www.burmeseclassic.com



လမ်းလျှောက်ချင်လို့"

"ဪ ဟင်ဗျို မောင်တော့လေ ရုနေကောင်းတာ မကြာသေး ဘဲနဲ့ကွာ"

သူက မျက်မှောင်ကြုတ်၍ကာ သူမမျက်နှာလေးကို မကျေနပ် ဟန်နှင့်ကြည့်ပြီး ပြောလိုက်တော့ မောင် ခင်လေးကိုပု လျှော့လေးတော လမ်းလုပ်ကာ

"လျှောက်ချင်လို့ပါဆို ဖြစ်ရတဲ့ လမ်းလျှောက်ရတာ လောက်မျော်ရောကောင်းတာကြီးကို လျှောက်ရအောင်နော်"

ကလေးတစ်ယောက်လို ဆိုလာပြီးတော့သည်။ သူ့မှာသော်ပြ ကြီးရုရှ်။ ဖိုက်လျှောမမိုင်ရှည်တစ်ခုပြီးတစ်။ လက်ခုပ်လေးတစ်ကာ သွားသော မျက်နှာလေးကြောင့် သူသည်။ မနေနိုင်တော့ ပျော် သည်။

အချိန်ကာလလေးတွေကို မိတ္တိမာလေးသော ရပ်တန့်လိုက်ချင် တော့သည်။ ရှေ့ဆီမှာက ပူဆောင်သောကာလတွေနဲ့ ပင်ပန်းရ မည်ဆိုတာကတော့ မေ့ဝင်မနေရလေအောင် သေချာနေပြီသော လေ။

ပျော်ရွှင်မြူးတူးစွာ နှစ်ယောက်သောမှာတင် လမ်းလျှောက် သော မောင့် သူငြိကြည့်ကာ သေမှုလိုက်ခဲ့သည်။ အဝေးကြား





မောင် သူ့စာရပြန်ရောက်လာကာ သူ့လက်မောင်းထဲသို့ သူမလက်လေး ထိုးသွင်းပြီး သူ့မျက်နှာကိုမော့ကြည့်၏။ သူက မှုဆံပိုလေးများကို ဖွဖွသပ်လိုက်သည်။

"ဟင် ဘာလုပ်တာလဲဟို"

"မေ စိတ်ရှုပ်ရင်လုပ်တတ်တာလေ"

"အင်း ဟုတ်တယ် ရှင်ဘယ်လိုသိလဲဟင်"

မျက်ဝန်းလေးများက ဖုံးကာသော်ဖြင့်မော့ကြည့်ပြီး မေးလိုက် ပြီလေ။

"သိတာပေါ့ကွာ ကိုယ်က မောင့် ဟိုအစကတည်းက သတိထား ကြည့်နေခဲ့တာပဲ"

"သိနဲ့မှား"

မျက်နှာလေးက သူ့ကိုအပြစ်တင်ချင်ဟန် စူကာလေးသည်။ ထားသည်။ သူ ကျေနပ်တာပါပဲ။

"ကိုယ့်အမျှော်မနေနဲ့ မေဆိုတာ ဘယ်လိုနေမှုညီပြီ တွေ့ကြည့် တောင် မရှိတော့လေ ဒါကြောင့်သည်။ ကိုယ်မမိစားနိုင်ခဲ့ပေမယ့် ကြိုက်နေခဲ့တာ"

"ကြည့်စမ်း ကြည့်စမ်း ဖေတော့ အကျန်ပြောပြီးမေ့ပါ သော်ပဲ မောင့်ရှုပ်ချစ်လိုခဲ့တာ ချစ်များမျှင် မေ့သေးတွေ



www.burmeseclassic.com

www.burmeseclassic.com



ကို တော်တော်အထင်သေးမှာပဲ''

"မေ့လို မိန်းကလေးတစ်ယောက်နဲ့ မချစ်မိဘူးဆိုရင် ကိုယ်

ရှုးနေလို့ပဲပေါ့။ ကိုယ့်လိုတောသားကိုချစ်ခဲ့တဲ့ မေ့ကိုပဲ ကိုယ်က ကျေးဇူး

တင်ရမှာ''

"အဲဒီလို မပြောပါနဲ့။ မေချစ်တာက ရှင်ကျေးဇူးတင်တာ ခံချင်

လို့မှ မဟုတ်တာ''

သူ့လက်မောင်းကို တွယ်ထားသော မေ့လက်ချောင်းလေးများ

အား ကျန်လက်တစ်ဖက်နှင့် သူက ဆုပ်ကိုင်ပစ်လိုက်သည်။

"ဟင် မေ့ထီးလေးရော''

"ဟုတ်ပါရဲ့ ထီးလေးကိုတောင် မေ့သွားတယ်၊ ဟိုလမ်းချိုးလေး

မှာ ကျန်ခဲ့ပြီလေ''

ဘာမှမဟုတ်ပါဘဲ မိုးစက်များကိုမော့ကြည့်ကာ နှစ်ယောက်သား

ပြိုင်တူ ရယ်မောလိုက်တော့၏။

မေက ကြေးအိုးပူပူကို နှုတ်ခမ်းများစုချွန်ကာ တပူးပူးမှုတ်ပြီ

သူ့ဘက်တိုးပေး၏။

"စားလေ မေက ဒီလောက်အများကြီး မကုန်ဘူး။ မေ့ဟာငါ

ရှင် ဝိုင်းစားပေးနော်''

"မေ အစားကောင်းကောင်းစားရမယ်လို့ ဆရာဝန်က မှာထာ





တယ်လေ၊ ဘာလို့ အဲဒီလိုမျိုး ထင်ရာစိုင်းချင်ရတာလဲ''

မေက မျက်နှာလေးကို ချက်ချင်းစူပုပ်ပစ်လိုက်ပြီး

"မေ နေကောင်းနေပြီပဲဟာ''

"ခုမှ နေကောင်းခါစရှိသေးတာကို၊ ဘာလို့ တဖွတ်ဖွတ် ခေါင်း

မာချင်တာလဲ မေရယ်''

"အဲဒါ မေ့အကျင့်ပဲ''

"မရဘူး၊ အဲဒါဟာ အကျင့်ဆိုးတစ်ခုဆိုတာသိရင် မြန်မြန်

ဖျောက်ပစ်နိုင်ရမှာပေါ့''

"မေ့အတွက်တော့ မဆိုးတော့ပါဘူး။ တော်တော်ကို ရင်နှီးကျွမ်း

ဝင်နေပါပြီ''

"မေ ကိုယ့်ကိုရွဲ့နေတာလား''

ယသုအသံက အနည်းငယ် ဓါးသွားသံစွက်သွားသောကြောင့်

မေ့မျက်နှာလေး မဲ့ကျသွား၏။ ထိုအခါမှ သူလည်း ကိုယ့်ကိုကိုယ် သတိ

ပြန်ထိန်းလိုက်ကာ

"မေ့ကို ကိုယ်ကဆူတာ မဟုတ်ဘူးနော်၊ မေ့ကို သိသင့်တယ်

ထင်တာလေး၊ မှန်မယ်ထင်တာလေးတွေ ပြောပြတာ၊ ဘာလဲ မေက

စိတ်ဆိုးလို့လား''

မေက ခေါင်းခါပြသည်။ မျက်နှာလေးကတော့ အပြည့်အဝ



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လင်လာခြင်းမရှိသေး။

"ဒါနဲ့ မေက ဒီနေ့တော့ မြန်မာဆန်နေပါလား"

သူက စကားလမ်းကြောင်းပြောင်းလိုက်သည်။ သို့သော် ထိုသို့ပြောလိုက်ခါမှ မေ့မျက်နှာက ပြုံးတော့မည့်ဟန်လို ပျက်ယွင်းသွားတော့၏။

"ဟာ မေ ဘာဖြစ်တာလဲ၊ ကိုယ် ဘာပြောမိလို့လဲ"

"မေ့မွေးနေ့တိုင်း မေနဲ့မေ့အစ်မတို့"

မေက ထိုသို့ပြောပြီး တစ်စုံတစ်ခုကို သတိရဟန် သူ့ကိုကြည့်လိုက်ကာ

"မေ့မှာအစ်မရှိတာ ရှင့်ကိုပြောဖူးလားဟင်"

သူ မည်သို့ပြန်ဖြေရမည်မသိ ဖြစ်သွားသည်။ သူ့ကိုရင်နှစ်သိအကြောင်း ပြောပြထားမှုခြင်း မရှိသော်လည်း သူက သိနှင့်ပြီးသားဆိုတာ မေမှမသိခဲ့ဘဲ။ ဘယ်လိုပြန်ဖြေရင် ကောင်းမှာပါလိမ့်။

သူတွေးနေစဉ်မှာပင် မေက သူ့ဘာသာ သဘောပေါက်သွားဟန်နှင့် ခေါင်းကို တဆတ်ဆတ်ညိတ်ပြီး

"ရှင့်ကိုမေ မပြောဖူးတာဘဲ ရှင်ဘယ်သိပါ့မလဲ၊ အရင်မသိလည်း ခုသိရမယ်၊ သေချာမှတ်ထားနော်၊ ရင်တွင်းမေမှာ ရင်နှစ်သဲဆိုတဲ့ အစ်မတစ်ယောက်ရှိတယ်၊ အဲဒီအစ်မနဲ့အတူတူ မေ့မွေးနေ့ဖြစ်ဖြစ် မမသဲ မွေးနေ့ဖြစ်ဖြစ် ရောက်တိုင်း ဘုရားသွားနေကျလေ၊ ဒီလိုလေးတွေ ဝတ်ပြီးတော့ပေါ့၊ ခုလည်း တားပြီးရင် မေ့ကို ဘုရားလိုက်ပို့နော်"

တကယ်တော့ ယသုက ရင်နှစ်သဲနှင့်ပတ်သက်ပြီး ဘာကိုမှ အစပြန်မဖော်ချင်ပေမယ့် ဘုရားသွားမည်ဟုဆိုခြင်းမို့ ငြင်းရန်ခက်တာနှင့်ပင် ကတိပြုလိုက်ရပါသည်။

"ပို့ပေးပါ့မယ် မေ၊ ဒါပေမဲ့ ကိုယ်ပြောမယ့် စကားတစ်ခွန်းကိုလည်း မေ လိုက်လျောရမယ်"

"ဘာလဲ ပြောလေ"

"မေ့အိမ်မှာ မေ့မိဘတွေ ဘာလို့မရှိတာလဲ"

"သူတို့က ရွှေတောင်ကြားက အိမ်မှာလေ၊ မေကတော့ မြို့ထဲတို့ ပိုသဘောကျလို့ ဒီမှာ တစ်ကိုယ်တည်းနေခဲ့တာ၊ ဘာဖြစ်လို့ မေးတာလဲ"

"ဒီနေ့မေ့မွေးနေ့လေ၊ မွေးနေ့မှာ အဓိက မွေးနေ့ရှင်ပြီးရင် အရေးကြီးဆုံးက မိဘပဲ၊ ဒါကို မေ သဘောပေါက်လား"

မေက သူ့ကိုပြုံးကြောင်ကြောင်လေး ပြန်ကြည့်နေပြန်သည်။

"အဲဒီတော့ မေ့မိဘတွေကို မေ သွားကန်တော့သင့်တယ်"

သူ့စကားဆုံးတော့ မေက ဝေခွဲရခက်သောအကြည့်များနှင့် သူ့ကိုစူးစိုက်ကြည့်လိုက်ပြီး ထိုင်ရာမှ ဆတ်ခနဲ ထလိုက်၏။

"မေ မေ"







www.burmeseclassic.com

www.burmeseclassic.com



မေ့နှုတ်ကတော့ ဘာမှထွက်မလာ။ သို့သော် မေ တစ်ခုခုပြော ချင်နေမှန်း သူရိပ်မိပါသည်။

"မေ ဘာပြောချင်လို့လဲ"

ယခု အမေးကြောင့် မေက သူစိတ်လှုပ်ရှားသွားခြင်းကို မြ ထိန်းချုပ်လိုက်ကာ နံတွင်ပြန်ထိုင်လိုက်၏။ တကယ်တော့ မမသေရတာ မေ့ဖေ့ကြောင့်ပဲလေ။ ထိုစံတားချက်ဆိုးဆိုးကြီးကို သူမ မှတ်ဉာဏ်တွေက ပြန်တွေးမိတိုင်း စိုးရိမ်ထိတ်လန့်နေရသည်။

ဖေဖေဟာ မမအပေါ်မှာ ခေါင်းမာပြတ်သားနိုင်ခဲ့ပါသည်။ သို့သော် နောက်ဆက်တွဲဆိုးကျိုးအဖြစ် အားလုံးပေါ်လူများ၊ ပူဆွေး ဝမ်းနည်းရခြင်းသော အဖတ်တင်ကျန်ခဲ့လေပြီ။

မမကတော့ မည်သူ၏ထိန်းချုပ်မှုကိုမှ ခံယူစရာမလိုတော့သည့် နေရာလေးတစ်ခုမှ ငြိမ်းချမ်းစွာရှိနေမည်ဟု မေက ယုံကြည်နေ၏။

"မေ ပြောလေ မေဘာတွေဖြစ်နေတာလဲ"

"မဟုတ်ပါဘူး၊ စားပြီးရင် ဘုရားသွားကြတာပေါ့"

မေက ကြေးအိုးပန်းကန်ထဲသို့ ခေါင်းကြီးထိုးဝင်တော့မတတ် တစ်ခွန်းပြီးတစ်ခွန်း ခပ်စားနေတော့သည်။ ယခုကတော့ မေ့ကိုကြည့်ပြီ စိတ်မကောင်းသာဖြစ်နေ၏။ ဒီအချိန်ဆိုးကြီးထဲကနေ မေ့ကိုလွတ်မြောက် သွားအောင် သူကူညီပေးချင်ပါသည်။





"ကိုယ်ပြောတာကိုရော မေ လုပ်မှာလား"

မေ့မျက်နှာလေးက ချက်ချင်းပင် တွေဝေသွားပြန်၏။ ပြီးမှ "လုပ်ကြတာပေါ့"

မေ့အသံက တိုးတိုးတိတ်တိတ်လေးသော်။ ဒါပေမဲ့ သူကျေနပ် သည်။

"မေ့အိမ်ရှေ့ကနေ ကိုယ် စောင့်နေမယ်နော်"

မေက သူ့ကိုမျက်လုံးဝိုင်းလေးများနှင့် မော့ကြည့်၏။ ဘာမှတော့ ပြောပါ။ ဒီအချိန်ဟာ မေ့မိဘတွေအတွက် မေနှင့်သူ့အကြောင်းကို ရန် စောလွန်းနေပါသေးသည်လေ။ မဖြစ်သင့်သေးသည့် ပြဿနာ ကို ကြိုမခံစားချင်တာတော့ သူ့ရင်ထဲက ဆန္ဒပင်ဖြစ်၏။

"ဒါနဲ့ မေ့သူငယ်ချင်း ဟိုကောင်လေးနဲ့ရော ဒီနေ့ မတွေ့ကြ လား"

"နောင်က မနက်အစောကြီးတည်းက မေ့ဆီလာပြီ၊ မွေးနေ့ က်တောင် လာပို့သွားပြီ၊ သူ့အကျင့်က မွေးမွေးနေ့တိုင်း သူကိုယ်တိုင် င်ဆင်လာတဲ့ မနက်စာကို မေစားဖို့ ယူလာတတ်တာပဲ"

သူ မနာလိုဖြစ်သွားမိသည်။ တကယ့်ကို ရင်ထဲက လှိုက်လှိုက် ဲကြီးပါ။ နောင်ရိုးတွန်းနဲ့မေဟာ အရစ်းရင်းနှီးလွန်းသည်ဟုလည်း ်လာ၏။ အမှန်တော့ ထိုအရာကို သူသိပြီးသားပဲ မဟုတ်ပါလား။

www.burmeseclassic.com



"မောင်နိုင်ကျွ ကိုယ့်မှာတော့ မေ့အတွက် မွေးနေ့လက်ဆောင် ပါမလာဘူး"

"အာ မလိုပါဘူး မေက ရှိုက်ကြီးငြောသားတော့မှ မ ~ဝိတ ပြီးတော့ မေ့အတွက်အမွှေလှင့်ဆုံး မွေးနေ့လက်ဆောင်ကို ~ပေးပြီ ပါပြီ"

မေက အစိမ့်ပြုံးပြီးပြောတော့မှ သူ့စည်းရှည်တော့ ကျေနပ် သွားသည်။ မေရယ် မင်းကိုချစ်လွန်းလို့ ကိုယ်တော့ ရူးသွားမယ် တူတယ်။

ဘုရားကိုတော့ သူက ကားစီးပြီးသာသွားရန် ပြောလိုက်၏ မေကလည်း ဒီတစ်ခါတော့ မငြင်းတော့ပါ။ တက္ကစီတစ်စီးကိုတား၍ ရွှေတိဂုံဘုရားသို့ နှစ်ယောက်သား ထွက်လာခဲ့ကြသည်။

မေနှင့်သူ နှစ်ယောက်သား ဘုရားအတူတူရှိခိုးရသော အရသာ သည်ပင် သူ့ရင်ကို အဆမတန် ကြည်နူးချမ်းမြေ့စေခဲ့ပြန်သည် သေချာ ပါသည်။ သူဟာ မေမရှိလျှင် ဘယ်လိုမှနေတတ်တော့မှာ မဟုတ်ဘူး ဆိုတာ။

သူ့ရှိခိုး ဆုတောင်းပြီးသည်ထိ မေကတော့ လက်အုပ်ချီ မျက်စိလေးမှိတ်ကာ ပါးစပ်မှ ပွစိပွစိရွတ်ပြီး ဘာတွေဆုတောင်းနေ သေးမှန်းမသိ။ သူ ငြိမ်သွား ရိုက်ကြည့်နေမိပါသည်။





"ဘာတွေကြည့်နေတာလဲ"

ယခုက ပြုံးကာ ခေါင်းခါပြလိုက်၏။

"ဘုရားတစ်ပတ်ပတ်ပြီးရင် ဆင်းသွားမယ်"

"ကောင်းပြီလေ"

မေ့အိမ်ဆိုသော ပြကွန်ယက်ကြီးရှေ့တွင် ရပ်လိုက်မိသည်နှင့် သူ့ ရင်ထဲတွင် အမျိုးအမည်မသိသော ဝေဒနာတွေက တဖြင်းဖြင်းထည်း ချိုတို့ရှေ့တောသလို ခံစားလိုက်ရသည်။ အုတ်တံတိုင်းမြင့်မြင့်များ ကာရံ ထားသည့် ခြံကြီးထဲမှ ကြီးမားသည့်ဝါလွန်းလှသော သုံးထပ်တိုက်ကြီး ကို တစ်ပိုင်းတစ်စ လှမ်းမြင်နေရ၏။

"မေသွားတော့မယ်။ ရှင် ထမင်းမကြီးပေါ်မှာစောင့်လို့ ဖြစ်ပါ့ မလား"

သူက မေ့ခေါင်းလေးကို အသာအယာ လက်နှင့်ပုတ်လိုက်ရင်း

"မင်းတောင် ကိုယ်လာမယ် မလာဘူး။ မသေချာတာကို ဒီလို ရှိ လမ်းပေါ်မှာ ရပ်စောင့်နေခဲ့သေးတာပဲ မင်းပြန်လာမှာ သေချာနေ တာကို ကိုယ်ကဘာလို့ မစောင့်နိုင်ရမှာလဲကွ"

"ကျေးဇူးပဲ"

"ကြည့် လုပ်ပြန်ပြီ ဒီကျေးဇူးဆိုတာကြီး"

မေက သူ့မေးပင်များကို လက်နှင့်ဆွဲပွတ်နေပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ သွားတော့လေ"

"အင်း စောင့်နေနော်၊ မေ ပြန်လာမယ်"

သူ့ ခေါင်းညိတ်ပြတော့မှ မေက အိမ်ကြီးထဲသို့ ဝင်သွားတော့၏။ ချမ်းသာသော မိသားစုမှ မွေးဖွားလာသည်ဆိုခြင်းကို ကြားရရုံကတောင် ယသုမှာ မေ့အတွက်စိုးရိမ်နေခဲ့သေးတာ။ ခုလို မေတို့မိသားစု၏ ထည်ဝါမှုကို မြင်လိုက်ရချိန်မှာတော့ ယောကျ်ားကြီးတစ်ယောက်ပင် ဖြစ်စေ ဆိုကြပါစေတော့။ သူ့စိတ်တွေ အောက်ဆုံးနားထိ ကျဆင်းသွားသည်ကို ဝန်ခံချင်ပါသည်။

အိမ်ထဲသို့ မေဝင်လာသည်ကို မြင်လိုက်သော ထမင်းချက်ကြီး ဒေါ်စိန်က

"ဟယ် မေ ပြန်လာတာလား။ စောစောစီးစီး ပြန်လာတာ မဟုတ်ဘူးကွယ်၊ မနက မနက်တည်းက မေ့မွေးနေ့ဆိုပြီး ဘုန်းကြီးတွေတောင် ဆွမ်းကပ်လိုက်သေးတယ်"

"ခု ဘယ်မှာလဲ"

မေ့အသံက အေးစက်ပြတ်တောင်းစွာ ထွက်လာ၏။

"ညတာတာပြီ၊ အခန်းထဲ ဝင်သွားပြီလေ၊ မေ့ ဖေဖေကတော့ ပြန်မလာသေးဘူး"

မေက နှုတ်ခမ်းလေးတစ်ချက်မဲ့ကာ ပြုံးလိုက်ပါသည်။ ဖေ



အိမ်မှာရှိတုန်းကတောင် မေ့မွေးနေ့တွေတိုင်းမှာ ဖေဖေ ရှိနေပေးခဲ့ဖူးတာ မဟုတ်တာဘဲ။ မေ့အတွက် အထူးအဆန်းမဟုတ်တော့ပါ။ မေမေက တော့ နှစ်တိုင်း ဘုန်းကြီးဆွမ်းကပ်ပေးနေကျဖြစ်ကာ တကယ်တမ်း ဘေးမှာ ရှိနေပေးခဲ့ခြင်းသည် မမသဲနှင့် နောင်သာဖြစ်၏။

ခုတော့ မမသဲ မရှိတော့ပြီမို့ ဒီအိမ်ကြီးကိုလည်း မုန်းသည်။ သဲနှင့်အတူတူ ဖြတ်သန်းခဲ့ကြဖူးသည့် မွေးနေ့တွေကိုလည်း မုန်းသည်။

မေ့မှအခန်းသို့ရောက်တော့ တံခါးကိုဖွင့်ရှာသော ဖေထားသည့်မှ အသာတွန်းဖွင့်လိုက်၏။ ခုတင်ပေါ်တွင် မေမေ မရှိပါ။ အခန်း ယ်လည်း ဝေ့ကြည့်ပါသော်လည်း မေမေ့ကို မတွေ့ရ။ အခန်းတံခါးကို သာပြန်ပိတ်ပြီး ကြေအတိုင်းလျှောက်လာခဲ့သည်။

မေမေတို့အခန်းနှင့်ကပ်လျက်တွင် အပေါ်ထပ်ဧည့်ခန်းရှိကာ ည့်ခန်းပြီးလျှင်တော့ မေ့ အခန်းလေးသို့ ရောက်မည်ဖြစ်သည်။ ခန်းရှေ့တွင်ရပ်နေသော မေ့အားအခန်းတွင်းရှိ ချောင်းဟန့်သံတစ်ခုက ်လှုပ်ရှားရှား ဖြစ်သွားစေ၏။

အံ့ဩစိတ်နှင့်အတူ တံခါးကိုဆွဲဖွင့်မိတော့ အလိုက်သင့်ပွင့်လာ သော တံခါးချပ်ကြောင့် မေ့မျက်လုံးများဝိုင်းလို့ပင် ပြူးကျယ်သွားတော့ ည်။ အံ့ဩဖို့အကောင်းဆုံးကတော့ မေ့အခန်းပြတင်းပေါက်မှတစ်ဆင့် ခြင်းသို့ ငေးမောနေသော ဒေါ်နုနုငယ်။



www.burmeseclassic.com

www.burmeseclassic.com



"မေမေ"

ဖေါ်နုနုသယ်သည်လည်း ကြားလိုက်ရသော ကိုယ်နာမကို

မယုံကြည်နိုင်စွာပင် နောက်သို့ ဝေ၀ဲ၍ လှည့်ကြည့်လိုက်ပါသည်။ သူ

နောက်တွင် ရပ်ကာ မျက်လုံးဝိုင်းဝေလေးများနှင့် ငိုက်ကြည့်နေသော မေ

မြင်တော့ အလွန်ပင် အံ့ဩသွားသည့်ပုံနှင့် ဝေကြည့်နေပြီးမှ ရှေ့

တစ်လှမ်းချင်းတိုးလာကာ ခေါ်ကိုယ်လုံးလေးအား ပွေ့ဖက်လိုက်၏။

တကယ်ပါ။ ဒါဟာ မေ့အသက်သခင်တစ်ယောက် ဆော်ပြီး ယခုမ

အကြိမ် မေမေက သူမအားပွေ့ဖက်လိုက်ခြင်းပါပဲ။

"သမီးလေး ပြန်လာတာလား"

"မဟုတ်ပါဘူး၊ ဆောလာတာပါ"

မေ့မျက်နှာက ပြန်လည် မှုန်မှိုင်းသွားပြန်သည်။ ပြီးမေ

မေမေ့ကိုလွှတ်တော့ ငိုနေသွားပါလေ၏။

"ဪ ဘာလို့ချစ်လို့လဲ သမီးရဲ့ သမီးအမေကတော့ ပြ

မလာသေးဘူး၊ သူက နည်းနည်းအလုပ်များတယ်လေ"

"မေမေ အလုပ်များမှုနဲ့ မေ ဘယ်လိုတည်းက သိပြီးသေ

မေမေ ့ ဒု မေလာတာက မေ့မျှနေ၍"

မေက ဘာကို ရှေ့မထက်နိုင်တော့။ တစ်သက်နှင့်တစ်ကိုယ်

မေ့အချွဲခံခဲ့ပါတာကို မေြာက်ကပ်လာသောသူ့အဖေ့ထောက်နှင့် ပျော်ရွှင်ပေ





မောင်က ကျွန်မကိုမုန်းနေသည်သာရှိပြီ ဒီလိုဖြစ် ဘာမိတ္တုနောက်မှ မလုပ်ခဲ့

ဘူးလွှဲ၍ နည်းနည်းတော့ ရှိနိုင်မယ်ဆိုသည်။

"ဆက်ပြောလေ သမီး ဘာလဲ သမီးဗွေမနေတိုင်း မုန့်ရှိလော

တောင်းတာလား သမီးကလည်း မေမေ့ကို မမေ့ပါဘူး သမီးသတိတရနဲ့

ထဲကို ထုံးစံအတိုင်း ထည့်ပေးပြီးပြီ"

ကဲ ကြည့် မေ ပြောတွင် မေလွန်းသည့်ဖြစ်ပါလိမ့်မည်။ ဗုဒ္ဓော

ဘယ်လိုမျိုး ဖြစ်မရတော့သော အမေကျော်ဆွေသည် ဆွေတွေမှုအကြိမ်ကို

ပြောင်းလော့၍ တော်တော်ကိုကြိုးစားရပါဦးမည်။

"အဲဒီ မဟုတ်ပါဘူး၊ မေမေ၊ မေ ပြောချင်တာက ဒီနေ့ မေ

မွေးနေ့ပဲ ဟို ကန်တော့ချင်လို့ပါ"

မေ့အသံ အထစ်ထစ်အငေါ့ငေါ့အဆုံးမှာ မေမေ့မျက်လုံးများ

ပြူးကျယ်ကာ တစ်စုံကို အကြိမ်အကျယ်ဖိတ်လိုက်ရပုံပင်၊ သို့သော်

ထိုတစ်စုံကို ဖေါ်နုနုသယ်ကိုယ်တိုင်လည်း ဘာမှန်းသိပုံမပေါ်ပါ။

နုတ်ခမ်းများက ပြိုလွင့်ပြီး မျက်လုံးများကတော့ မျက်ရည်တို့

စီးလာလေ၏။ ထိုနောက်တော့ မေမေက ဝေ မုတ်ဝန်စွန်းတွင် ဝင်ထိုင်

လိုက်သည်။ မေကလည်း တောက်စိမ်းရောင် ကော်ဇောထူကြီးများ

ခင်းထားသည့် ကြမ်းပေါ်တွင် ပုဆစ်တုပ်ကာ ကျုံ့ကျုံ့လေး ထိုင်လိုက်၏။

ထိုနောက်တော့ ဦးသုံးကြိမ်ရှိခိုးလိုက်ပြီးနောက်မှာပင် ငုံမျက်လုံ

တို့၌ မျက်ရည်စတို့ ဝဲ၍ကြောင့်မှုန်မသော အလိုလိုစနေရင်း ရစ်ဝိုင်းသော ကာ မေမေ့ရင်ခွင်ထဲ တိုးဝင်ငိုရှိုက်တော့သည်။ မမေကတော့ သူမ ကျောလေးကို အသာပွတ်ပေးရင်း၊

"မမေလည်း တကယ်ကို စိတ်ချမ်းသာပါတယ် သမီးရယ်. မမေတို့ က သမီးတွေအပေါ်မှာ အချိန်ပြည့် မစောင့်ရှောက်နိုင်ခဲ့ဘူးလေ၊ ဒီလို တွေဖြစ်တာလည်း ကာယကံရှင်တွေရဲ့ အပြစ်တစ်ခုမှမပါပါဘူး။ မမေတို့ လုပ်ခဲ့တဲ့ အပြစ်တွေပါ၊ မမေတို့ ပေါ့လျော့မှုနဲ့ ဖြစ်တာတွေ လုပ်ခဲ့တဲ့ အကျိုးဆက်တွေပါပဲ"

မောကတော့ မမေ့ကို မျက်ရည်သုတ်ကာမှ ပြုံးပြ၍၊ တကယ် တော့ ပြန်ပြောစရာစကားလည်း မရှိခဲ့ခြင်းဖြစ်သည်။

"သမီး နေရတာ အဆင်ပြေတယ် မဟုတ်လား"

"ပြေပါတယ် မမေလည်း ကျန်းမာအောင်နေနော်၊ မေ ပြန် တော့မယ်"

မော နှုတ်ဆက်ကာ အခန်းထဲမှ ပြန်ထွက်ခဲ့၏။ [illegible] ဒီလိုအဆက်ဖြစ်ခြင်းတွေ ဒီလို နောင်တတွေ ဘာလို့ရှိနေရတာပါလိမ့်။

မေသည် မြစ်နိုင်မည်ဆိုလျှင် ဘာကိုမှ မတွေးသနပါ [illegible] နိုးစေသည် လှတန်းစားတစ်ခုထဲတွင်သာ မှေးစွာရှုပ်ပါ၏။

ပြုပြင်သို့ရောက်သည်နှင့် မှန်ရှက်လုံများကို ရေဝဲရှာကြည့်



ထိုက်သည်။ သူ ဘယ်ရောက်သွားပါလိမ့်။

"မော ရှိတာဘယ်ရောက်သွားတာလဲ ရှိတာဘယ်မှာလဲလို့ မမေ့ တယ်လေ ကိုမေသ"

ငြိမ်ပင်ပတ်လည်ကို လျှောက်ကြည့်ရင်းနှင့် မော နှုတ်မှလည်း တော်ခေါ်နေမိသည်။ မျက်မမြောင်နိုင်လို့များ၊ သူ ပြန်သွားပြီလားမသိ။

"ဟင်"

ငြိတောင့်တစ်ခုရှာရှိ ရေတမာပင်အောက် ခုံတန်းလေးများ ရောက်မှပင် မော ဟင်ခနဲဖြစ်သွားရတော့သည်။

"ဟောတော် သူက အိပ်ပျော်နေတာကိုး"

[illegible] ခုံတန်းလေးပေါ်တွင် ယာဉ်က မျှော် ပေါက် အိပ်ပျော်နေပြီဖြစ်၏။ ဂုဏ်သောက်ဆဲပင်ရက်ရက်များက မျက်နှာ [illegible] သူ့ကိုကြည့်ပြီး မောမှာ [illegible] ပုံ [illegible] ဖြစ်သည့် [illegible] မော ယှဉ်ကြည့်ရင်သည်။

တကယ်တော့ သူ့ကိုချစ်မိတည့်က [illegible] တွေ [illegible] ပြစ်သော်သည်။ ပြိုင်တော်ပါသည်။ [illegible] နေသော မယ်ရှိနေလျှင်တည်း [illegible]

တယ်လေ။

www.burmeseclassic.com

သူ့မျက်နှာက ဖျော့လျော့နေသည်ဟုတော့ မေ မဆိုလိုချင်ပါ။ ဒါပေမဲ့ မေလိုချင်သော ယောက်ျားပီသသည့် ဟန်အပြည့်ရှိတာကတော့ သေချာပါသည်။ သိပ်မထူသော်လည်း မည်းနက်နေသော မျက်ခုံးတန်းများ၊ ထင်းထင်းပေါ်နေအောင်တက်ထားသည့် နှုတ်ခမ်းမွေးများ၊ ရှည်သော်လည်း ရှုရသည့် မျက်လုံးအကြည့်များ။ အားလုံးကို မေ ချစ်ပါ၏။

သူ့မျက်နှာကို မမှိတ်မသုန် စိုက်ကြည့်နေစဉ်မှာပင် ဝေါခနဲ ဖြတ်သွားသော ကားတစ်စီး၏အသံကြောင့် သူက လူးလွန့်ကာ မျက်လုံးများလည်း အသာအယာဖွင့် ဟလာကြသည်။ မေ့ကိုမြင်တော့ အားနာသွားသော သူ့အမူအရာကိုလည်း မေ မြတ်နိုးပါသည်။

ရှင် ဘာလုပ်လုပ် မေကတော့ အကောင်းဘက်ကပဲ မြင်တတ်ဖို့ ဖြစ်နေပြီလေသွားပါပြီ။ ဘယ်လိုအခြေအနေမျိုးပဲဖြစ်ဖြစ် ရှင့်ဘက်က ရပ်တည်ပေးမယ် သူပါ။

"မောင် ဘယ်တုန်းကတည်းက ရောက်နေတာလဲ ကိုယ့်ကိုမနှိုးဘူး"

"ရှင်အိပ်နေတာ ကြည့်ကောင်းလို့ပါ"

"အိပ်နေတာပဲ ကြည့်ကောင်းရတယ်ရှိသေးတယ်၊ မေရယ်"

"မေ့အတွက်ကတော့ ရှင်ဘာလုပ်လုပ် ကောင်းတယ်လို့ ခံစားထားချင်ပါတယ်။ ရှင့်ကိုမေ အရမ်းချစ်လို့ပါ"



"ဟောဗျာ ဘယ်လိုမိန်းကလေးလဲ ချစ်တာကို ဒီလိုကြီး ပြောတတ်ပါပလား"

"ဘာဖြစ်လဲ ရှင်က မေ့ချစ်သူပဲဟာ"

မေက သူ့ကိုတင်းကြပ်စွာ ထိုကာပြောရင်း အနားမှ ထ၍ထွက်သွား၏။

ချစ်လိုက်တာ မေရယ်။ ဒါပေမဲ့ ကိုယ့်အချစ်ကြောင့်တော့ မင်းကို ဒုက္ခမရောက်စေချင်တာ တကယ်ပါကွာ။

■ ■ ■

"မောင်ကောင်း ဟိုမှာ"

ထင်ကျော်က ဆိုင်ပြင်သို့ လက်ညှိုးထိုးကာပြောခါမှ သူ လှည့်ကြည့်တော့ ဆိုင်ရှေ့တည့်တည့်တွင် ထိုးရပ်ထားသော မော်တော်ကားလေးပေါ်မှ မေက လက်လှမ်းပြသည်။

"သွားလိုက်ဦး တော်ကြာ ငါကမလွှတ်ဘူး ထင်နေဦးမယ်"

"နေပါဦးကွာ ဒီမှာ စာရင်းစစ်နေတာ"

တကယ်တော့ မေ့နားကို ချက်ချင်းကို ပြေးသွားလိုက်ချင်တာပါ။ သို့သော် သူ့အခြေအနေက ဒီလိုနေရဲ့ မဖြစ်ဟု သူ့ကိုယ်သူ သတိပေးထားသည်။ ဦးစောဘ်က လူ့အပေါ်မည်သို့ပင် သတ်မှတ်ပါစေ သူကတော့ သူ့ကိုယ်သူ ဒီဆိုင်ရဲ့အလုပ်သမားတစ်ယောက်အဖြစ်သာ တွေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ကောင်တာတွင် ဝင်ထိုင်ကာ လုပ်စရာရှိသော စာရင်းကိစ္စများ ကို ခေါင်းမဖော်တမ်း လုပ်နေလိုက်၏။

ဆယ်မိနစ်ခန့်အကြာမှာတော့ သူ့နားခေါင်းထဲသို့ မှတ်မိနေသော ကိုယ်သင်းနံ့ သင်းသင်းလေးတစ်ခု ဝေ့ခနဲ ဝင်လာသည်။ ထို့နောက်တော့ သူ့ရှေ့တည့်တည့်တွင် ရပ်လိုက်သော အရိပ်တစ်ခု။ သူ မော့မကြည့်ဘဲ နှင့်ကို မေဆိုတာ သိလိုက်၏။

"ရှင့်ကို မေစောင့်နေတာ၊ ဘာလို့ ထွက်မလာတာလဲ"

မေ့အသံကြားမှ သူက အေးဆေးတည်ငြိမ်သော အမူအရာ နှင့် မော့ကြည့်လိုက်သည်။

"မေ့မှာကိစ္စရှိလို့လား။ ကိုယ်က ဒီမှာ စာရင်းတွေနဲ့ရှုပ်နေတာ လေ"

"ဘာပဲဖြစ်ဖြစ် ခဏလေးတော့ ထွက်လာသင့်ပါတယ်"

"ကဲပါ ခုပဲ ကိုယ့်ရှေ့ရောက်နေပြီ ပြောစရာရှိတာ ပြောလေ"

မေ့ရင်ထဲမှာ ဝမ်းနည်းသွားတာတော့ သေချာသည်။ မေ တော့ သူနဲ့အတူတူ မနက်စာစားချင်၍ လာခေါ်ခြင်းဖြစ်၏။ ခုတော့ သူ့အမူအရာတွေက အေးစက်လွန်းလှသည်။

"မေနဲ့အတူတူ မနက်စာလိုက်စားရမယ်"

ခလေသံက တောင်းဆိုနေသည့် လေသံမျိုးမဟုတ်။ အမိန့်ပေး





ဆန်၏။ သို့သော် သူ့နားထဲမှာတော့ ချိုမြိန်သည်ဟု သူထင်သည်။

"မဖြစ်ဘူး၊ မေ၊ ကိုယ် ဒီမှာအရေးကြီးနေတယ်"

"ဘာမှအရေးမကြီးဘူး မေ၊ ဒီကောင့်ကို ရအောင်ခေါ်သွား"

ရုတ်တရက် အနားရောက်လာကာ ဝင်ပြောလိုက်သော ထင် ကျော်ကြောင့် မေ့မျက်နှာလေးက ဝင်းခနဲဖြစ်သွားကာ

"တွေ့လား၊ ကိုထင်ကျော်ကတောင် ပြောနေပြီ ရှင်က ဘာဖြစ် နေတာလဲ၊ ခုထ သွားမယ်"

သူ့လက်ကို အတင်းဆွဲကာ ပြောသော မေ့ကြောင့် သူ မျာယာ ခတ်သွား၏။ ဆိုင်ထဲမှ ဝန်ထမ်းလေးတွေရော ဝယ်သူအချို့ကပါ သူတို့ဆီ အကြည့်များ၊ ဝိုနေသောကြောင့် သူက အားလုံးကို ခေါင်းငြိမ့်ပြလိုက်ကာ မေ ဆွဲခေါ်ရာနောက် ပါလာတော့သည်။

"တက် သွားမယ်"

"အဝေးကြီးတော့ မလုပ်နဲ့နော်၊ ကိုယ်ကအလုပ်သမားတစ် ယောက်ပါ မေရယ်"

"မသွားပါဘူး။ မေတို့လမ်းထိပ်က အသစ်ဖွင့်တဲ့ဆိုင်ကို သွား ကြမယ်"

"ကောင်းပြီလေ"

မေ ခေါ်လာသော ဆိုင်လေးသည် လမ်းသွားလာကောင်းပေါ်



www.burmeseclassic.com

www.burmeseclassic.com



တွင် ဝီနိုင်းထိုးထားသော လက်ဖက်ရည်ဆိုင်သေးသေးလေးဖြစ်၏။ သူက မျက်လုံးများ ပြူးသွားပြီး

"မေက ဗီလိုဆိုင်မျိုးမှာ ထိုင်တတ်လို့လား"

"မေ ထိုင်ကြည့်ချင်လို့"

မေက သူ့ကိုအတင်းဆွဲကာ ခေါ်သွားသည်မို့ သူလည်း မေနှင့်အတူတူ ထောင့်ကျကျ စားပွဲလေးတွင် လိုက်ထိုင်လိုက်ရသည်။ ထို့နောက် မေက

"မှာလေ ဘာသောက်မှာလဲ"

"ကိုယ်ကတော့ ပေါ့ဆိမ့်ပဲ သောက်မယ်၊ မေကရော"

မေက ခေါင်းလေးကိုစဉ်းကာ

"မေ မမှာတတ်ဘူး"

"တစ်ခါမှ မထိုင်ဖူးဘူး၊ မဟုတ်လား"

"အင်း"

"ဒါဆိုလည်း ကိုယ်သောက်တာပဲ လိုက်သောက်ကြည့်ပေါ့"

စားပွဲထိုးလေးက ပေါ့ဆိမ့်နှစ်ခွက် လာချပေးတော့ မေ

နုတ်ခမ်းလေးကို ရှေ့သို့စုထုတ်ကာ ခွက်ဖျားလေးတွင် တေ့ပြီး ရှူ

စုတ်သောက်ကြည့်သည်။ ထို့နောက် ကျေနပ်သွားသော မျက်နှာလေး

"အင်း မေကြိုက်တယ်"





"မေက အိမ်မှာဖျော်တာပဲ သောက်ခဲ့ဖူးတာလေ၊ ခုတော့ ကျေနပ်ရှုပဲသိလား"

"မေ ကြိုက်တယ်ဆိုရင် နောက်ကိုယ်တို့ ထပ်လာပြီး ထိုင်ကျတာပေါ့နော်"

"ဪ ရှင့်ကို မေ မေးရဦးမယ်"

"မေးလေ မေ"

"ရှင်က ကျောင်းဆက်တက်မှာလားဟင်"

"ကိုယ့်ကို ဦးအောင်က ကျောင်းဆက်မတက်လို့ မရဘူးလို့ ပြောခဲ့တယ်ကွ၊ ကိုယ်ဆက်တက်ရလိမ့်မယ်"

"ဟင် ဒါဆို ရှင်က မေ့မျက်နှာကိုရောက်ဦးမှာပေါ့ ဟုတ်လား။ မရဘူးနော်၊ မေက လိုက်ခဲ့မှာပဲ"

"မေက သိပ်ကလေးဆန်တာပဲ၊ ကိုယ်က မေ့နောက်ကွယ်မှာ ဘာမှလုပ်မှာ မဟုတ်ပါဘူး။ အဲဒီလိုကိစ္စတွေနဲ့ပတ်သက်လို့ကတော့ ကိုယ့်ကိုအကြွင်းမဲ့ယုံနိုင်တယ်သိလား၊ ကိုယ်က မေတစ်ယောက်တည်း ကိုပဲ ချစ်မှာ၊ အဲဒါ အသေချာဆုံးသစ္စာပဲ"

မေက သူ့ကိုနှာခေါင်းရှုံ့ပြပါသည်။ သို့သော် ဘာမှတော့ မေက မတက်တော့ပါ။ နှစ်ယောက်သား လက်ဖက်ရည်ကိုအပြီး သောက်ပြီး ဆိုင်လေးထဲမှ ထွက်ခဲ့ကြ၏။ သူမက ယသုကို ဆိုင်ရှေ့ထိ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီး

"ရှင့်ဆီမှာ မေ့ ဖုန်းနံပါတ်မရှိဘူး မဟုတ်လား။ ရော့ ယူထား
လိုက်"

ကဒ်သေးသေးလေးတစ်ခုကို မေကသူ့ထံသို့ ကမ်းပေးသည်။
ထို့နောက်တော့ လက်ပြနှုတ်ဆက်ကာ ကားမောင်းထွက်သွားသော မေ့
ကို သူ မျက်စိတဆုံးလိုက်ကြည့်နေမိ၏။

မေ့ကိုသူချစ်ပေမယ့် မေနဲ့သူ့ဘဝက ဘယ်လိုမှကိုမဖြစ်နိုင်ဘူး
ဆိုတာ မေ သိအောင် သူပြောပြချင်လှသည်။ ပြီးတော့ မေ့မိသားစု
သူ့ကိုမည်သို့မျှ လက်ခံနိုင်မည်မဟုတ်။ ဒီလိုဆိုလျှင် နောက်ဆုံးခံစား
မည့်သူမှာ မေသာဖြစ်သည်လေ။

မေရိုသော ကောင်မလေးကလည်း သူ့အစ်မလို ခေါင်းမာတတ်
သည် မဟုတ်လား။ မေ့ကိုတော့ ရင်နှစ်သဲလို ကြေကွဲစရာကောင်းသော
ဇာတ်သိမ်းမျိုးနှင့် မကြုံစေချင်တာ အမှန်ပင်ဖြစ်၏။

■ ■ ■

"ဟေ့ကောင် မပြီးသေးဘူးလား။ ဒီမှာ ကားထွက်တော့မယ်"

ထင်ကျော်က အိမ်ရှေ့မှနေ၍ လှမ်းအော်လိုက်သည်။ ဒီ
သူနှင့်ထင်ကျော်တို့ မြဝတီဘက်ဆင်းရန် စီစဉ်ထားခြင်းဖြစ်၏။

သူကတော့ ဘာမှမပြင်ဆင်နိုင်သေးဘဲ စည်ခန်းထဲတွင် ရှိ





တစ်လုံးရှေ့ချပြီး မြဝတီဘက်ဆင်းရန် မေ့ဆီကို ဖုန်းဆက်ခေါ်သော်လည်း
ကိုင်မည့်သူမရှိဖြစ်နေခြင်းပင်။

"မေ့ဆီ ဖုန်းဆက်နေတာလား။ မင်းကလည်းကွာ စောစော
ကတော့ မဆက်ထားဘူး"

"အေးကွာ ငါလည်းအလုပ်ရှုပ်နေတာဆိုတော့ မေ့နေလို့ကွ"

"လုပ်ကွာ မြန်မြန် ဟိုမှာမောင်မြက လိုက်ထရပ်နဲ့ ရှေ့က
ထွက်နှင့်နေပြီ"

မောင်မြက သူတို့ရှေ့မှနေ၍ ပစ္စည်းတင်သော ကားနှင့်ထွက်
သွားပြီမို့ ထင်ကျော်က လောနေခြင်းဖြစ်၏။ သူ့ကြောင့်တော့အလုပ်ကို
နှောင့်အယှက်မဖြစ်စေချင်၍ သူလည်း မေ့ဆီဖုန်းခေါ်နေခြင်းကို
ဆက်လျှော့လိုက်ပါသည်။

"တော်ပါပြီကွာ မခေါ်တော့ပါဘူး သွားကြတာပေါ့"

ထင်ကျော်က မောင်းသူနေရာတွင်ထိုင်ကာ သူကတော့ ဘေးမှ
ပြီး ငေးမောရင်းသာ လိုက်လာခဲ့၏။ ထိုစဉ် တစ်နေရာအရောက်မှာ
တော့ ထင်ကျော်က ရှေ့သို့လက်ညှိုးညွှန်ပြကာ

"ဟာ ဟေ့ကောင် ဟိုမှာ မေ ယာဉ်တိလား"

ထင်ကျော်ပြရာသို့ သူလည်း လိုက်ကြည့်မိသည်။ ဟုတ်ပါ၏။
ကားဘေးသောင်းဘီတိုလေးနှင့် လက်ပြတ်အင်္ကျီအကျပ်လေးကို ဝတ်



www.burmeseclassic.com

www.burmeseclassic.com



ထားသော မေက ပြည်းပြည်းမှန်မှန်လေး ပြေးနေသည်။ ထင်ကျော်ကလည်း အလိုက်သင့်လေးပင် ကားကိုရှစ်ပေးလိုက်ရာ သူလည်း[illegible] လျှင်မြန် စွာ ပြေးဆင်းလာခဲ့၏။

"ဟေး မေ စောင့်ဦး"

သူ့အသံကြားတော့ မေကလှည့်ကြည့်ကာ အံ့သြတကြီးဖြင့်[illegible] မျက်လုံးလေးများပင် ဝိုင်းစက်သွားသည်။

"ရှင်က ဘယ်လိုဖြစ်ပြီး ဒီနားရောက်နေတာလဲ"

"မေကရော"

"မေက မနက်တိုင်း လေ့ကျင့်ခန်းလုပ်နေကြလေ"

"ဟုတ်လား ကိုယ်ကတော့ မြဝတီဘက်သွားမလို့လေ၊ အဲ[illegible] ဒီနားက ကားဖြတ်သွားတော့ မေ့ကိုတွေ့လို့ လှမ်းခေါ်လိုက်တာ"

"ဘာ မြဝတီသွားမယ် ဟုတ်လား"

မေ့မျက်နှာက တကယ်ကိုပင် အံ့သြတကြီးဖြစ်သွားတော[illegible] ဒီလိုဖြစ်သွားလိမ့်မယ်လို့လည်း ယသု မျှော်လင့်ထားခဲ့ပါသည်။

"ဟုတ်တယ် မေ၊ ကိုယ်တို့အထည်တွေ တက်ယူရမယ်[illegible] ဦးအောင်က လုပ်ငန်းသဘော နားလည်အောင်ဆိုပြီး ကိုယ်တို့နှစ်ယော[illegible] ကို တစ်ခါလောက်ဖြစ်ဖြစ် လိုက်ကြည့်စေချင်တယ်လေ၊ ဒါကြောင့်[illegible]

"ရှင် မေ့ကိုမချစ်ဘူး"



ချက်ချင်းလိုပင် မေ့မျက်ဝန်းမှာ မျက်ရည်စတို့ ဝိုင်းတွယ်လာ[illegible] ဒီလိုဆိုတော့လည်း သူဘယ်လိုမှ မနေနိုင်တာ အမှန်ပင်ဖြစ်သည်။

"မေ့ကိုချစ်တာနဲ့ ကိုယ့်အလုပ်နဲ့ ပတ်သက်တာမှမဟုတ်ဘဲ မေရာ၊ မေ့ကို ကိုယ်ချစ်ပါတယ်လို့ ပြောပြီးနေပြီပဲ"

"ဒါဆို ဘာလို့ ခရီးထွက်မယ့်ကိစ္စ မေ့ကို ကြိုမပြောတာလဲ"

"မေ့ဆီ ကိုယ်ခုပဲ ဖုန်းဆက်တယ်လေ၊ မေက ကိုင်မှမကိုင်တာ"

"မေက မနက်လေ့ကျင့်ခန်းလုပ်ဖို့ ထွက်ရင် ဖုန်းမယူဘူး ရှင်လို့"

"ဒါဆို ကိုယ့်မှာ အပြစ်မရှိတော့ဘူးနော် မေ"

"ဒီလိုတော့ ဘယ်ရမလဲ၊ မေ့ကိုကြိုပြီး ပြောသင့်တာ မပြောတဲ့ အတွက် မေတောင်းဆိုတာကို ရှင်လုပ်ပေးရမယ်"

မေ့ပုံစံက လက်နက်အပြည့်အစုံပါသော စစ်သူကြီးတစ်ယောက် တိုက်ပွဲထွက်တော့မည့်ပုံနှင့် တူနေသည်။ မေ ဘာတွေတောင်းဆိုဦးမည် [illegible]။

"ကောင်းပြီလေ၊ အခုလုပ်ပေးလို့ရရင်လည်း၊ လုပ်ပေးမယ်[illegible] ရရင် ကိုယ်ပြန်လာမှလုပ်ပေးမယ်နော် မေ"

"ဟင်း ဟင်း ရှင်ခုလုပ်ပေးလို့ ရတဲ့ဟာပါ"

www.burmeseclassic.com



"ဒါဆို ပြောလေ မေ"

"မေလည်း ရှင့်[illegible]ဝါကို လိုက်မယ်"

သူ့မျက်နှာမှာ ပြုံးရွှင်သွားသလော [illegible] မ

*တောင်းဆိုနေတာကြီးက ဘယ်လိုမှ မဖြစ်နိုင်တာကြီးပါ။*

"မေ ကိုယ့်ကိုအခက်တွေ့အောင် မလုပ်ပါနဲ့ကွာ"

"မေ့ကို မခေါ်ဘူးပေ့ါ၊ ရတယ်လေ၊ ဒါဆိုလည်း မေ့ဘာသာ မေ နောက်ကနေလိုက်ခဲ့မယ်"

"မေ ကိုယ့်ကိုစိတ်ဆိုးအောင် မလုပ်နဲ့နော်"

"မလုပ်ပါဘူး ဒါပေမဲ့ မေ တကယ်လိုက်ခဲ့မှာ သိလား"

"မေ မင်းကွာ"

မေ တစ်ယောက်တည်း လိုက်လာမည့်အဖြစ်ကို သူ ဘယ်လို လက်ခံပြီး စိတ်ချလိုက်ရမှာလဲ။ ဘယ်လိုမှမဖြစ်နိုင်ပါ။ မေကလည်း ခေါင်းမာလေသောအခါ သူ့ခေါသဖြစ်ဖြစ်ချင်း အော်လိုက်မိခြင်းဖြစ်သည်။

"မေ့ကိုအော်တယ်ဟုတ်လား။ တော်ပြီ ရှင့်ကိုစိတ်ဆိုးတယ်။ နေ့ရည်ဆုံးတစ်ခေါက် ထပ်မေးမယ်နော်၊ မေ့ကိုခေါ်မှာလား မခေါ်ဘူးလား။ ကိုယ့်ဘာသာ လိုက်ခဲ့ရမလား"

"မေ တကယ်ပဲ ပြောလို့မရတော့ဘူးလား"

မေက ခေါင်းလေးကိုခါကာ အဖြေပေး၏။ ထို့နောက်





"အဲဒီလိုသာဆို မေ ထိုင်ငိုလိုက်တော့မှာ သိလား"

မေက တကယ်ပင် မြေကြီးပေါ်ထောင့်ကြောင့်လေးထိုင်ချကာ မျက်ရာလေးမဲ့တော့ သူ့အာလုံလို အားကိုးသမ္မာပေး ပြုံးပြနေသည်။

*"မေ အဲဒီလိုမလုပ်နဲ့နော်"*

"လုပ်မှာပဲ မေ့ကိုမှ ရှင်က ဂရုမစိုက်တာ၊ မေ့စိတ်မကောင်းဘူး ဟီး"

တကယ်ပင် မေ ငိုပါသည်။ မျက်ရည်များက ပါးပြင်ပန်းသွေး ရောင်လေးပေါ် ဒလဟော စီးဆင်းလာသောအခါ သူ ဘာမှမတတ်နိုင် တော့။ ထိုစဉ်မှာပင် ထင်ကျော်က သူတို့နားသို့ရောက်လာကာ

"ဟောကောင် ဘာဖြစ်နေတာလဲ၊ မေက ဘာငိုနေတာလဲကွ"

သူက အကြောင်းစုံကို ထင်ကျော်အားပြောပြလိုက်ရတော့ ထင် ကျော်လည်း ဝေခွဲရခက်သွားသည့်ပုံပင်။

"ကိုယ်တို့နဲ့လိုက်ခဲ့ရင် မေ့မိဘတွေကို မေ ဘယ်လိုအကြောင်း [illegible]လဲ"

"သူတို့က ဘာမှပြောမှာမဟုတ်ပါဘူး။ တော်ပါတွေနဲ့ ရေတွက် [illegible] ပေးပြောလိုက်မှာပေ့ါ"

မေက တကယ့်ကို စိတ်အားထက်သန်စွာ ပြောနေခြင်းပါ။ [illegible]ကျော်ကလည်း မေ့မျက်နှာကို စေ့စေ့ကြည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"မေ့အိမ်နဲ့ အဆင်ပြေမယ်ဆိုတာ သေချာလား"

"သေချာတာပေါ့ အော်ဒါတွေနဲ့လည်း ဝီလို့ ထွက်နေကျကို"

"ဒါဆိုလည်း မေလိုက်ခဲ့လေ"

ထင်ကျော်စကားကြောင့် ကြောင်အမ်းကာ လှမ်းကြည့်လိုက်မိသော သူ့ကို ထင်ကျော်က လက်ကာပြကာ ဖြစ်ပါတယ်ဟူသော သဘော ခေါင်းဆတ်ပြ၏။ သူကတော့ စိတ်ထဲမှာ ထင့်ခနဲဖြစ်နေတာ အမှန်ပါပဲ။

"ဒါဆို မေ့အိမ်မှာအဝတ်အစားတွေ သွားယူရအောင်လေ ဘယ်လောက်ကြာမှာလဲဟင်"

"တစ်ပတ်လောက်ပဲ ကြာမှာပါ"

"ဟီး ပျော်လိုက်တာ၊ မေ့ကိုအိမ်လိုက်ပို့ဦးနော်၊ အဝတ်တွေ သွားယူလိုက်ဦးမယ်၊ ဟိုရောက်ရင် ရှင်တို့အလုပ်ကို မနှောင့်ယှက်ပါဘူး မေ ကတိပေးပါတယ်"

မေက ကလေးငယ်တစ်ယောက်လို ပြောနေပြန်တော့လည်း သူ့မှာစိတ်ဆိုးရခက် ဒေါသထွက်ရခက် ဖြစ်နေတော့၏။ နောက်ဆုံးတော့လည်း သူတို့မှာ မေ့အလိုကိုသာ လိုက်ခဲ့ရတော့သည်လေ။

မေ့အဝတ်အစားများ ပြန်ယူပြီး ကားပေါ်ရောက်တော့ ထင်ကျော်နှင့် ကားလေးမို့ မေနှင့်ယှဉ်ကာ ကားနောက်ခန်းတွင် ထိုင်သည်။





မေက သူ့လက်မောင်းကို အတင်းဆုပ်ထားသဖြင့် သူ့မှာ ထင်ကျော့်ရှေ့မို့ နည်းနည်းတော့ ကသိကအောက်ဖြစ်နေရသည်။

"ဒါနဲ့ မေ့အိမ်ကို သေချာဖုန်းဆက်ခဲ့ရဲ့လား"

မေက ခေါင်းလေးကို အသာညိတ်ပြီး

"အင်း မေ့အိမ်က အေးဆေးပါလို့ အစတည်းက မပြောဘူးလား"

"ဒါဆိုလည်း ပြီးတာပါပဲကွာ၊ ကိုယ်က မေ့အတွက် စိတ်ပူလို့ပါ"

"ဘာမှပူမနေနဲ့ တကယ်ကို အေးဆေးပဲ၊ ခုတော့ မေ အိပ်ချင်တယ်ကွာ၊ မနက်အစောကြီး ထထားရတာ"

ချက်ချင်းဆိုသလိုပင် ယသုပခုံးပေါ် ခေါင်းတင်အိပ်ချလိုက်သော မေ့ကြောင့် သူ့မှာသာ ထင်ကျော့်ကို မျက်နှာပူပူနှင့်လှမ်းကြည့်လိုက်ရသည်။ ထင်ကျော်ကတော့ နောက်ကြည့်မှန်ထဲမှ လှမ်းကြည့်ကာ ပြုံးစိစိနှင့် လုပ်နေ၏။ သူလည်း မသိချင်ယောင်ဆောင်ထားလိုက်ပါတော့သည်။

"မေရာ ဘာလုပ်နေမှန်းမသိဘူး။ ဖုန်းကိုင်စမ်းပါကွာ"

နောင်ရိုးတစ်ယောက် ဖုန်းတစ်လုံးကိုကိုင်ကာ ပျာယာခတ်နေ ညတည်းက မေ့ဖုန်းကို သူခေါ်နေတာ ကိုယ်မည့်သူမရှိ။ ခုလည်း မနက်စာစားပြီးတည်းက ခေါ်နေခြင်းဖြစ်သည်။

www.burmeseclassic.com

အိမ်ထဲတွင် ရှေ့နောက် သမ်းလျှောက်ရင်း သူ့ခေါင်းထဲဝင်လာသော အတွေးကြောင့် ဖုန်းနံပါတ်တစ်ခုကို ကောက်နှိပ်မိပြန်သည်။ ရွှေတောင်ကြားရှိ မေ့အိမ်သို့။

"ဟယ်လို အန်တီနုလား၊ ကျွန်တော်ပါ နောင်နိုင်ထွန်းပါ"

တစ်ဖက်မှ ဖုန်းကောက်ကိုင်လိုက်သည်နှင့် ထူးခံသံကိုတောင် မစောင့်နိုင်တော့ဘဲ နောင်နိုင်က စကားများကို အရင်ပြောလိုက်တော့သည်။

"အေး ဟုတ်တယ်ကွဲ့၊ ဘာဖြစ်လို့လဲ မောင်နောင်ရဲ့"

"ဟိုလေ မေများ အိမ်ရောက်နေသလားလို့ပါ"

"ရောက်မလာဘူး၊ မောင်နောင်ရဲ့။ မေ ဘာဖြစ်လို့လဲကွယ် မေ တစ်ခုခုများဖြစ်နေလို့လား"

အန်တီနုအသံက အနည်းငယ် တုန်ယင်လာသည်မို့ သူက လှိုက်မောနေသောစိတ်ကို ပြန်လည်ထိန်းချုပ်လိုက်သည်။ ဘာဖြစ်သည်ဆိုတာ မသေချာသေးပါဘဲ အန်တီနုကို စိတ်မပူစေချင်၊ ထို့ကြောင့်ပင် သူကအသံကို ပုံမှန်လေသံဖြင့် ပြန်ပြောင်းလိုက်ကာ

"ဘာမှမဖြစ်ပါဘူး၊ အန်တီ၊ ကျွန်တော်က ခုနေ ဘုရားသွားဖို့ အိမ်လာမလို့လေ၊ အဲဒါကြောင့် မေရော အိမ်ကိုရောက်နေသလားလို့ လှမ်းဆက်ကြည့်တာပါ"

"ခုတော့ သမီးက မလာဘူးကွဲ့၊ သူ ကျောင်းမှာပဲ ရှိမှာပေါ့"





"ဟုတ်ကဲ့ အန်တီ၊ ကျွန်တော် ဆေးရုံကိုပဲ သွားကြည့်လိုက်ပါ့ [illegible]မယ်"

"အေးကွယ် မေက ခေါင်းသိပ်မာတာ အန်တီတို့လည်း သူ [illegible]ကမပေါက်တာနဲ့ နေတာဆိုတော့ ပိုဆိုးတာပေါ့၊ ဒါပေမဲ့ သူက တခြား [illegible]ကို သဘောကျ သူ့အမေအတိုင်းပဲ၊ အန်တီတို့ကတော့ မောင်နောင်ကို [illegible]ထားတယ်၊ သမီးလေးကို ဂရုစိုက်ပေးပါကွယ်"

"ဟုတ်ကဲ့ပါ အန်တီ"

အန်တီနု စကားများက နောင့်ကိုအားတက်စေတော့သော်လည်း အမှန် [illegible]မဖြစ်သည်။

ဖုန်းချပြီးသည်နှင့် ချက်ချင်းပင် မေ နေထိုင်ရာကျောင်းဆောင်သို့ [illegible]သောကို မောင်းထွက်ခဲ့လိုက်၏။ မေ့ကို အမြန်တွေ့ချင်လှပြီ။ သူ့ [illegible]ထဲမှာ မေ့အတွက် အစစ်စစ်စာလလ သိမ်းထားခဲ့သော စိတ်ချော [illegible]ကို မေ သိအောင် ရင်ဖွင့်ချင်လှပြီ။ တကယ်တော့ မေ့မှာစတုတည်း [illegible] မေ့ကိုချစ်ကြောင်း ပြောပြရမည်ဆိုရင် ဆံခ မေ စိတ်ဆိုးမှာကြောက် [illegible] ငြိမ်နေခဲ့ခြင်းဖြစ်သည်။

ခုတော့ သူထင်ပြီ မပြိုင်နိုင်တော့ပါ။ သူ့ရင်ထဲက ရှိခြင်း [illegible]ကို မေ့ရှေ့မှာ သူ ဖွင့်ပြောပြလိုက်တော့မည်။

မေ့အိမ်ခန်းရှေ့ရှိ ထင်ဝင်ထား သုံးကြိမ်မျှ နှိပ်ပြီးသော်လည်း

www.burmeseclassic.com

www.burmeseclassic.com



တံခါးလေး ပွင့်မလာခဲ့ပါ။ သူ စိတ်မရှည်တော့ပေ။ သိနှင့်ထားပြီးသော
လျှို့ဝှက်နံပါတ်လေးများအတိုင်း ဖွင့်ကာ ဝင်လိုက်၏။ အခန်းထဲမှာတော့
မည်သူမျှမရှိပါ။ တစ်အိမ်လုံးအနှံ့ လျှောက်ရှာပါသော်လည်း မေ့အရိ
အယောင်လေးကိုပင် မတွေ့ရ။

သူ စိတ်ပျက်စွာနှင့် ဧည့်ခန်းထဲမှာ ထိုင်ချပစ်လိုက်သည်
ထိုအခါကျမှ သူ့မျက်လုံးများက မှန်စီရီလေးတစ်ခုပေါ် တင်ထားသော
တစ်စုံတစ်ရာကို လှမ်းမြင်လိုက်တော့သည်။ မေ ကိုင်နေကျဖုန်းလေ
ချက်ချင်းပင် လှမ်းယူလိုက်ပြီး ဖုန်းလေးကို ဖွင့်ကြည့်လိုက်တော့ sc
ပေါ်တွင် ပေါ်လာသော ဓာတ်ပုံကြောင့် သူအသက်ရှူပင် မှားသွား

အပြာရောင် ခုံတန်းလေးပေါ်တွင် အိပ်နေသော ဖေယာသု
ဒါကိုမှ သေချာ အနီးကပ်ရိုက်ထားပုံမျိုး။ ပြီးတော့ အဲဒီခုံတန်းလေ
ဒီခုံတန်းလေးက သူနဲ့မေတို့ အိမ်၏အလယ်တွင် သူတို့ငယ်စဉ်တည်း
ရှိခဲ့ခြင်းဖြစ်သည်။ သူတို့နှစ်ယောက်အတွက် ခေါင်ရိုးအဘွားကိုယ်တို
လုပ်ပေးထားသော ခုံတန်းလေး။

ဒီလိုနေရာမျိုးကိုတောင် သူက တခြားသူတစ်ယောက်နှင့် လ
သည့်ပေပဲ။ ဒီလူဟာလည်း သူ ဘယ်လိုမှ ထင်မှတ်မထားသောသူ
စိတ်တွေ ကယောက်ကယက်ဖြစ်နေပြီ။ သူကတော့ တစ်သက်
တယုတယ ဂရုစိုက်ခဲ့သမျှ နှမစသိသည့် လူတစ်ယောက်နှင့်တော





နိုင်းယှဉ်မရတာ တော်တော်လေး ထိုးရွားလှပါ၏။

သူ ဒီကိစ္စကို မည်သို့လုပ်ရမည်နည်း။ ဗိတိုင်းတော့ ငြိမ်ခံမနေ
ချင်။ ခုရော မေနဲ့အဆက်အသွယ် ပြတ်နေသည့်အကြောင်းက ထိုလူနဲ့
မပတ်သက်ပါဟု မည်သူပြောနိုင်မည်နည်း။ ထို့ကြောင့်ပင် ထိုလူဆိုင်သို့
လိုက်ခဲ့၏။

"ဘာအလိုရှိလို့လဲ အစ်ကို"

အရောင်းဝန်ထမ်းကောင်လေးက ဆိုင်ထဲသို့ဝင်လာသော သူ့ကို
ရိုသာစွာမေး၏။

"မင်းတို့ဆိုင်က ဖေယာသုရော"

သူ့အသံက နည်းနည်းမာနေသောကြောင့် ဝန်ထမ်းလေးက
သူ့ကို အထူးအဆန်းသဖွယ် ကြည့်သည်။ ပြီးမှ

"မရှိဘူး ကိုဖေယာသုရော ကိုထင်ကျော်ရော မြဝတီသွားတယ်"

"ဘာ ဘယ်တုန်းက သွားတာလဲ"

"မနေ့မနက်တည်းကဗျ ဘာကိစ္စရှိလို့လဲ၊ အလုပ်ကိစ္စလား။
သူတို့က တစ်ပတ်လောက်တော့ ကြာလိမ့်မယ်၊ အဲဒီကျတော့မှ ပြန်လာခဲ့
ပါ"

ဆိုင်ထဲမှ ခြေလှမ်းကျဲကြီးများနှင့် ဝုန်းခနဲ ပြေးထွက်လာခဲ့
သော သူ့ကိုအားလုံးက အထူးအဆန်းသဖွယ် ကြည့်နေကြသာကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



သူ သတိမထားတော့ပါ။ စိတ်ထဲမှာ မေကသာ ကြီးစိုးနေပြီဖြစ်သည်။

ဒါဆို မေ ပျောက်နေသောကိစ္စသည် ဒီလူနဲ့ပတ်သက်တာ သေချာပါပြီ။ သူ ဘာဆက်လုပ်ရမလဲ။

ကားမောင်းနေရင်းနှင့် စိတ်တွေ မတည်ငြိမ်လွန်းသောကြောင့် ပလက်ဖောင်းဘေးတစ်နေရာတွင် ကားကိုထိုးရပ်လိုက်ရသည်။ စိတ်တွေက ဘာကိုမှတောက်တည်ရာမရတော့။

ခုတော့ သူ့အချစ်တွေက ဘယ်သူ့မှတောင် သိခွင့်မရလိုက်ပါဘဲ ထိတ်တဆိတ်ပျောက်ကွယ်ပေးရတော့မည်။ ဒါကို သူမကျေနပ်နိုင်။ တကယ်ဆို သူ ချစ်သော အချစ်သည်လည်း၊ မေတို့တစ်ယောက်နှင့် တစ်ယောက် ချစ်သောအချစ်လိုမျိုးပဲဆိုတာ သိစေချင်၏။

လောကမှာ မေယသူဆိုသည့် လူတစ်ယောက်ပဲ မေ့ကိုချစ်တတ်ခြင်းမဟုတ်။ နောင်ရိုးထွန်းသည်လည်း ရင်တွင်းမေဆိုသော ကောင်မလေးအား ဟိုးငယ်စဉ်ဘဝတည်းက ချစ်ခဲ့ရခြင်းဖြစ်ကြောင်း သူတို့ သိစေရမည်။

လူတိုင်းမသိတောင် မေကတော့ သိစေမည်။ ပြီးတော့ သူ တန်ပြန်လိုချင်သော မေ့အချစ်တွေကိုလည်း မရရသည့်နည်းနှင့် ပိုင်ဆိုင်ခွင့်ရအောင် ကြိုးစားရမည်လေ။



## အခန်း (၇)

"မေ ဘာလုပ်နေတာလဲ၊ ခြံထဲမှာအေးတယ်လေ"

မောင်မြနှင့် ထင်ကျော်က အလုပ်ကိစ္စတစ်ခုနှင့် အပြင်ထွက်သွားသည်မို့ သူတို့တည်းစနေသော ဦးအောင်မိတ်ဆွေအိမ်လေးတွင် သူနှင့်မေသာ ကျန်ခဲ့၏။ ဦးအောင်၏မိတ်ဆွေကလည်း မနက်တည်းက လုပ်ထွက်သွားလိုက်တာ ခုထိပြန်မလာသေး။ ညနေပင်စောင်းနေပြီဖြစ်သည်။

"ရပါတယ် ဒီမှာထိုင်ရတာ မေ သဘောကျလို့၊ ရှင်လည်းလာ ထိုင်လေ"

မေ ထိုင်နေသော ခြံထဲရှိ သရက်ပင်ကြီး၏ ခြေရင်းတွင် ခုံတစ်ခုကာပါ ဝင်ထိုင်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မေ ပျော်နေလား"

"ပျော်တာပေါ့လို့ ရှင်နဲ့အတူတူလာရတာပဲ၊ မေက မပျော်ဘဲ ရှိပါ့မလား"

"ဟုတ်ပါပြီကွာ"

သူက မေ့ပခုံးလေးကို သူ့လက်နှစ်ဖက်နှင့်သိုင်းဖက်ကာ ရင်ခွင်ထဲ ဆွဲသွင်းထားလိုက်၏။

"မေရယ် ကိုယ်တော့ မေ့ကို ဇကွဲရောက်အောင်လုပ်မိနေပြီ ထင်တယ်၊ မေ့ဘဝထဲကို ကိုယ်ရောက်လာတာ မေ့အတွက်တော့ နာကျည်း သက်သက်ပဲဖြစ်နေမှာ ကိုယ်သိတယ်"

"ရှင် ဘယ်လိုပြောလိုက်တာလဲ၊ အဲဒီလိုပြောတာဟာ မေ့ကို စော်ကားလိုက်တာပဲ၊ မေ့ကိုစော်ကားရင် မေ့အချစ်တွေကိုလည်း စော် ကားတာနဲ့တူတူပဲ"

ထင်မှတ်မထားပါဘဲ မေ့အသံက မာထန်ပြတ်သားစွာ ထွက် လာ၏။ သူ့ရင်ခွင်ထဲမှလည်း ရုန်းထွက်သွားလေသည်။

"ဘာဖြစ်တာလဲ မေရယ်၊ ကိုယ့်ကြောင့် မေ ခံစားရတာကို မမြင်ချင်လို့ ကိုယ်က ပြောရတာပါ၊ ကိုယ်လို ဘာမှမရှိတဲ့လူတစ်ယောက် ကို မေ့လို အခြေအနေအဆင့်အတန်းနဲ့ မိန်းကလေးတစ်ယောက်က ချစ်တယ်ဆိုတာ နောက်ဆုံးကျရင် ခံစားကြရမှို့ သက်သက်ပဲဖြစ်မှာပါ





"ရှင့်ကိုတောင်းပန်ပါတယ် ထပ်မပြောပါနဲ့တော့နော်၊ မေ့အ တွက် ရှင့်ကြောင့် ခံစားရမယ်ဆိုလည်း မေ ကျေနပ်တယ် သိလား၊ လောကမှာ ရှင်ကလွဲလို့ ဘယ်ယောကျ်ားကိုမှစိတ်မဝင်စားခဲ့ပါဘူး၊ ချစ်ဖို့ ဆိုတာ ဝေလာဝေးပေါ့၊ ဒါကြောင့် မေ့ဘဝမှာ ပထမဆုံးချစ်မိတဲ့ လူ တစ်ယောက်ကြောင့် ဘာတွေပဲကြုံတွေ့ရ တွေ့ရ မေကတော့ ရင်ဆိုင်ဖို့ အသင့်ပဲ၊ မေ သတ္တိမနည်းပါဘူးရှင်"

မေ့စကားတွေက သူ့ကိုအားအင်တွေ ဖြစ်စေခဲ့တာတော့ အမှန် ပါပဲ။ မေ သတ္တိမနည်းတာကိုလည်း သူ ရိပ်မိပါသည်။ မေဟာ သူ့အစ်မ ရင်နှစ်သဲလိုပဲ လိုချင်တာကို မပေးမချင်း အသက်ကိုစတေးသွားသည်ထိ မိုက်မှုရဲဝံ့ချင်လည်း ဆန့်နေပါလိမ့်မည်။ ဒီလိုအဖြစ်မျိုးတွေနှင့် မေ့ကို မကြုံတွေ့စေချင်ပါ။

သက်ပြင်းငွေ့ငွေ့တစ်ချက်ကို ဟင်းခနဲ ချလိုက်၏။

"ဘာတွေသက်ပြင်းချနေတာလဲ"

သူက ခေါင်းခါပြလိုက်သည်။ ထိုစဉ်မှာပင် ဖျတ်ခနဲဆိုသလို မေက သူ့ပါးလေးအား နမ်းလိုက်သောအခါ သူ့နှလုံးသွေးတွေအားလုံး ရပ်တန့်ကုန်သလားပင် ထင်မှတ်ရ၏။

"မေ"

မေဟု ခေါ်လိုက်သော သူ့အသံများပင် တုန်ယင်နေသလား



www.burmeseclassic.com

www.burmeseclassic.com



ထင်မှတ်လိုက်မိသည်။ ထို့နောက်တော့ မေ ဘာလုပ်သည် ထင်ပါသနည်း။

သူ့မျက်နှာရှေ့တည့်တည့်တွင် မျက်စိလေးကိုမှိတ် ခေါင်းလေးကို မော့ကာ ပြုံးပြုံးလေးလုပ်နေတော့သည်။ သူ့လက်များတွေ အေးစက်လာ၏။ သူ ဘာလုပ်သင့်သည်ဆိုတာ သူသိပါသည်။ သို့သော် အသေမတန်ရုန်းလှုပ်နေသော ရင်ဘတ်အစုံကြောင့် လက်များများပင် အေးစက်လာသလိုမို့ မေ့လက်ချောင်းလေးများအား ဖတ်ခနဲ ဆုပ်ကိုင်လိုက်မိသည်။

ဟင် မေ့လက်လေးတွေလည်း အေးစက်တောင့်ခဲနေတာပါလား။ ထိုအချိန်မှာတော့ သူ ဘာကိုမှ စဉ်းစားမနေတော့ပါ။

သွေးရောင်လွှမ်းနေသော မေ့နှုတ်ခမ်းလေးများထက်တွင် သူ့နှုတ်ခမ်းများအား နားစက်ခွင့်ပေးလိုက်၏။ ကမ္ဘာပေါ်တွင် အချိုမြိန်ဆုံးသော အရသာကို မေ့နှုတ်ခမ်းများမှတစ်ဆင့် ခံစားနိုင်သည်။ အလေးနက်ဆုံးသော ရင်ခုန်သံတွေကို သူ့ရင်ဘတ်များထဲမှ ဆက်ဆက်ကြားနိုင်၏။ သို့သော် ထိုအရာတွေသည် မေနှင့်သူ နှစ်ဦးတည်းသာ ပိုင်ဆိုင်သော အရာတွေပါ။

သူ့လည်ပင်းကို သိုင်းဖက်လာသော မေ့လက်ချောင်းလေးများ။ မေ့ကိုယ်လုံးလေးအား ထွေးဖက်ထားမိသော သူ့လက်ချောင်းများ။ ထိုလက်တစ်စုံသာ မြဲနေမည်ဆိုလျှင် သူတို့နှစ်ယောက် တစ်သက်မခွေတော့ဟု ယသု ယုံကြည်နေ၏။



"အဟမ်း ဟမ်း"

ရုတ်တရက် ထွက်ပေါ်လာသော ချောင်းဟန့်သံကြောင့် နှစ်ဦးသား လန့်ဖျပ်ကာ ခန္ဓာကိုယ်များကို ခွာပစ်လိုက်ကြ၏။ သူ့ရှေ့နှင့် ခပ်လှမ်းလှမ်းတွင် ရပ်နေသော ထင်ကျော်။ မျက်နှာကိုတစ်ဖက်သို့လွှဲကာ ပါးစပ်ကို လက်နှင့်အုပ်ပြီး ချောင်းဆိုးချင်ယောင်ဆောင်နေသည်။

မေကတော့ ထင်ကျော်ကိုမြင်တည်းက ရှက်သွားကာ အိမ်ထဲသို့ ပြေးဝင်သွားလေပြီ။

"ဟောကောင် ဘာလုပ်တာလဲကွ၊ မင်းကွာ"

"ဘာလဲ ဟောကောင်၊ အရေးကောင်း ဒိန်းခေါင်းပျက်လို့ ပြောဦးမလို့လား"

ထင်ကျော်က ပြောပြောဆိုဆို ခုနက မေထိုင်သွားသော နေရာလေးတွင် ဝင်ထိုင်လိုက်၏။

"ငါဆိုလိုတာ အဲဒီလို မဟုတ်ဘူး၊ မင်းကအဲဒီလိုလုပ်တော့ မေ ရှက်သွားမှာပေါ့၊ မင်းကတော့ တကယ်ပဲကွာ"

"တောင်းပန်ပါတယ်ကွာ ငါကမင်းကို အလုပ်ကိစ္စအကြောင်းပြောလာတယ်ဆိုတာ ပြောမလို့ လာခဲ့တာကွ၊ မင်းကလည်းကွာ မေ့ကိုပြန်ပြောလိုက်ပေါ့၊ ငါဘာမှမမြင်ပါဘူးလို့ ဟဲ ဟဲ"

စပ်ဖြီးဖြီးနှင့်ပြောလိုက်သော ထင်ကျော့်စကားကြောင့် သူက



www.burmeseclassic.com

www.burmeseclassic.com



အသံထိတ် ကျိန်ဆဲပစ်လိုက်၏။

"မင်းတို့အရမ်းပျော်နေတယ် မဟုတ်လား။ ဒါပေမဲ့ မေ့အိမ်ကသာ မင်းနဲ့မေ့ကိစ္စကိုသိရင် မင်းတို့ ဘယ်လိုလုပ်ကြမလဲ"

"ဟူး ငါလည်း အဲဒါနဲ့ပတ်သက်ပြီး တွေးမိတိုင်း ရင်နာနေရတာပဲ ဒါပေမဲ့ကွာ မေက အဲဒီအကြောင်းပြောလိုက်တိုင်း ငါ့ကို တအားစိတ်ဆိုးတတ်တယ်ကွ၊ ငါက သူ့အချစ်ကို မယုံတာတဲ့၊ အဲလိုဆိုတော့ ငါ ဘယ်လိုဆက်ပြောရမလဲ မင်းစဉ်းစားကြည့်လေ"

"အင်းလေ မေ ပြောတော့လည်း ဟုတ်တာပေါ့ကွာ၊ သူ့အခြေအနေနဲ့ မင်းကိုချစ်တယ်ဆိုတည်းက ဒါဟာ ဘယ်လိုနည်းနဲ့မဆို စိတ်ကစားတာတော့ မဖြစ်နိုင်ပါဘူး။ မေက အရှုံးနဲ့မလိုက်အောင် စံစားထားရတယ်၊ ပြီးတော့ သိပ်အထီးကျန်ခဲ့တယ်လေ၊ မင်းကိုတွယ်တာပြီး ချစ်မိသွား၊ အများကြီးဖြစ်နိုင်တာပေါ့"

"မေ ငါ့ကိုသိပ်ချစ်တယ်ဆိုတာ ငါ ခံစားပြီးသိနေတယ်ကွာ၊ ပြီးတော့ ယုံလည်းယုံတယ်၊ ငါ မယုံကြည်တာက ကံကြမ္မာကိုပဲ"

ဒီတစ်ခါတော့ ထင်ကျော် ဘာမှမပြောတော့ပါ။ တိတ်ဆိတ်သော အကြည့်များနှင့်သာ သူ့ကို စေ့ကြည့်ရင်း ပခုံးကို အသာအယာ ပုတ်လိုက်သည်။

ညဦးပိုင်းက ပုရစ်တို့၏ အော်သံဖြင့်သာ လွှမ်းမိုးနေပြီး တိတ်



ဆိတ်ခြင်းကို အနိုင်ယူထား၏။ သူ့ရင်ထဲမှာသာ ကံကြမ္မာကို မယုံကြည်နိုင်သည့် တိတ်ဆိတ်ခြင်းတွေ ကြီးစိုးနေခဲ့တာဖြစ်သည်။

■ ■ ■

"ဒါက ဘယ်သွားမလို့လဲ၊ မေ့ကိုထားခဲ့ပြီးတော့"

အိပ်ရာမှနိုးလာသော မေက အိမ်ရှေ့တွင် အပြင်ထွက်ရန်ပြင်နေသော ယသုနှင့်ထင်ကျော်ကို လှမ်းအော်လိုက်ခြင်းဖြစ်သည်။

"မေ လိုက်လို့မရဘူး။ အိမ်မှာပဲနေခဲ့နော်၊ ကိုယ်တို့က အလုပ်နဲ့ပတ်သက်ပြီး သွားမှာလေ၊ မောင်မြ ထမင်းဟင်းတွေ ချက်ပေးထားတယ်၊ ဗိုက်ဆာရင် ယူစားလိုက် သိလား"

"မရဘူးကွာ မေ ပျင်းနေမှာပေါ့၊ မရဘူး လိုက်မှာပဲ"

"မေ ကိုယ့်ကို ကတိပေးထားတယ်လေ၊ ကိုယ်တို့အလုပ်ကို နှောင့်ယှက်ပါဘူးဆိုတာ"

"ဒါပေမဲ့"

"ဘာလဲ မေက ကတိတစ်လုံးကို လွယ်လွယ်နဲ့ပေးတတ်တဲ့ လူမျိုးလား"

ဒီလိုကျတော့လည်း မေ မခံနိုင်ပါ။ သူ့မျက်လုံးများထဲ စွေ့စွေ့ စိုက်ကြည့်ပြီး

"အောင်မာ မေ့ကိုအထင်သေးလှချည်လား၊ မေက အဲဒီလို

www.burmeseclassic.com

www.burmeseclassic.com



လူမျိုးမဟုတ်ဘူး၊ သိရဲ့လား"

"အဟား ကိုယ့်မေက လိမ္မာတယ်ဆိုတာ ကိုယ်ကသိပြီးသားပါ"

သူက မေ့ခေါင်းလေးကိုပုတ်ကာ ပြောလိုက်ပြီး ခြံဝင်းထဲမှ ထွက်ခဲ့၏။ မေကတော့ နှုတ်ခမ်းလေးစူကာ ကျန်ခဲ့ပါတော့သည်။

တစ်ယောက်တည်း ကျန်ခဲ့သော မေမှာ ပျင်းရိငြီးငွေ့စွာပင် ဘာလုပ်လို့ လုပ်ရမည်မသိ ဖြစ်နေသည်။

ထမင်းစားချိန်ကျော်သည်ထိ ပြန်မလာကြသောအခါ မေမှာ ပျင်းပျင်းနှင့်ပင် ခြံထဲဆင်းလမ်းလျှောက်နေ၏။ ထိုစဉ်မှာပင် မေ့နားသို့ ခဲလုံးလေးတစ်လုံး ကျလာသည်။ မေက ငုံ့ကြည့်လိုက်၏။

ထို့နောက် ချွတ်ချွတ်ဟု ခေါ်လိုက်သော အသံ။ မေ့နောက် ကျောဘက်မှ ထွက်လာသော အသံကို ခေါင်းလေးကိုငဲ့စောင်းကာ ကြည့်လိုက်သည်။ မြင်လိုက်ရသော မြင်ကွင်းကြောင့် မေ နည်းနည်းကြောင် သွားရ၏။

တစ်ဖက်ခြံထဲမှ ကောင်လေးတစ်ယောက်က မေ့ကိုလက်ယက် လှမ်းခေါ်နေခြင်းပါ။ သူ့ကိုလည်း မေ မသိ။ ပုံစံကတော့ မေတို့နှင့် ရွယ်တူလောက်သာ ရှိမည်နှင့်တူသည်။

မေက မေးလေးကို ဆတ်ပြီး ဘာလဲဟု လှမ်းမေးလိုက်၏။ သူက သူရပ်နေရာ ခြံစည်းရိုးနားသို့ လာခဲ့ရန် လက်ဟန်နှင့် အမူအရာ





လုပ်ပြကာ ပြသည်။ မေကလည်း ခြံစည်းရိုးလေးနားသို့ ဖိုးလျှောက်လိုက် ပြီး

"ဘာလဲ နင့်ကိုငါ မသိဘူး"

"ငါလည်း နင့်ကိုမသိပါဘူး။ အဲဒီတော့ နင်ဘယ်သူလဲဆိုတာ ပြောပြ၊ အရင်က ဒီအိမ်မှာ ဦးစန်းဝင်းတစ်ယောက်ပဲ နေတာပါ၊ နင်က ဘယ်ကရောက်လာတာလဲ"

"ငါ့အကြောင်းတွေသိရတော့ ဘာဖြစ်လို့လဲ"

"ခင်ရတာပေါ့ဟ"

"လုပ်မနေနဲ့ ငါက တစ်ပတ်လောက်ပဲနေမှာ၊ အလုပ်ကိစ္စနဲ့ လာတာ"

"နင့်နာမည် ပြောပြပါလားဟာ"

"ဘာလို့ပြောပြရမှာလဲ"

"အဆိုတော့လည်း အဆေပါ်ကြတာပေါ့၊ ငါ့နာမည်ကတော့ တခွန်ဆိုင်း တဲ့"

ထိုကောင်လေးကိုကြည့်ကာ မေ စိတ်ပျက်ခနဲဖြစ်သည်။ ဘယ်လို ကောင်လေးပါလိမ့်။ မခင်ချင်ပါဘူးဆိုတာကို အတင်းအဓမ္မလာရောနေ၏။

"ဆောရီးဟာ ငါ နင့်ကိုမခင်ချင်ဘူး"

မေက တစ်ခွန်းတည်းပြောကာ လှည့်ထွက်မလို့လှည့်တော့



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူမှမရှိတဲ့ အိမ်ကြီးထဲမှာ နင်တစ်ယောက်တည်းပျင်းနေမှာစိုးလို့ ငါက အဖော်လုပ်ပြီး စကားပြောပေးမလို့ပါ"

"ဘာမှပြောပေးစရာမလိုဘူး။ သူတစ်ယောက်တည်း မဟုတ်ဘူး။ ငါတို့ရှိတယ်"

ရုတ်တရက် မေ့နောက်ကျောမှ ထွက်လာသော အသံကြောင့် မေ လှိုက်ခနဲ ဝမ်းသာသွားသည်။ ဒါ ယေယသု အသံလေး၊ မေက ယသု လက်ကိုပြေးဆွဲလိုက်ကာ

"ဒီမှာတွေ့လား၊ အဲဒါ ငါ့ချစ်သူ"

ကောင်လေးမျက်နှာက မေ့စကားကြောင့် တော်တော်ပင် ပျက်ယွင်းသွား၏။ ဘာမှပင်ပြန်မပြောနိုင်တော့။ သို့သော် ယသုကိုကြည့်နေသော အကြည့်များကတော့ စူးရှလင်းလက်ကာ အရောင်များပင် ထွက်နေသလားဟု ထင်မှတ်ရလောက်အောင်ပါ။ မေက မျက်စောင်းတစ်ချက်ထိုးကာ ယသုလက်ကို ဆွဲတ်လျက်နှင့် အိမ်ထဲသို့ ဝင်ခဲ့လိုက်သည်။

အိမ်ထဲရောက်သည်နှင့် ယသုက ကြိမ်ကုလားထိုင်လေးပေါ်တွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်ပြီး

"မေ မင်းဘာတွေလျှောက်လုပ်နေတာလဲကွ"

"ရှင် မေ ဘာတွေလုပ်လို့လဲ"

"ဟိုဘက်ခြံက ကောင်လေးကို မင်းစကားသွားပြောနေတာဘာသဘောလဲ"

"ဟာ မေ သွားပြောတာမှ မဟုတ်တာ၊ မေ့ဘာသာသာပျင်းလို့ ခြံထဲလမ်းဆင်းလျှောက်နေတုန်း သူကစကားစပြောတာ၊ မေနဲ့ဘာမှ မဆိုင်ဘူး"

မေက ခေါ်သလေးနှင့် ပြန်အော်တော့ ယသုက တင်းနေသော မျက်နှာကို အနည်းငယ်လျှော့ချပစ်လိုက်ပြီး

"သေချာလို့လား"

"မေက ရှင့်ကိုဘာလို့ လိမ်ရမှာလဲ"

"မေ့ကို ယုံပါတယ်ကွာ၊ ဒါပေမဲ့ မေက ချစ်စရာကောင်းတော့ မေ့ကိုသူတို့က စိတ်ဝင်စားကြမှာပဲပေါ့၊ အဲဒါမျိုးတွေ ကိုယ် မလိုချင်ဘူး။ နောက်ဆို ခြံထဲမဆင်းနဲ့"

"ခြော် ရှင်တို့က မနက်မိုးလင်းတည်းက ထွက်သွားပြီး မေ့ကို ထားခဲ့ကြတာလေ၊ မေလည်း ပျင်းတာပေါ့၊ ခြံထဲတောင် လမ်းဆင်းလျှောက်လို့မရဘူးလား"

"မဟုတ်ပါဘူး မေရယ်၊ ကိုယ်က မေ့ကိုတခြားယောကျ်ားတွေ အာ်စိလေးနဲ့ ကြည့်မှာတောင် မလိုချင်လို့ပါ"

သူ့စကားကြောင့် မေ့မျက်နှာလေးက ခေါ်သမျက်နှာမှ ရွှင်ချင်း ပြုံးယောင်သမ်းသွားပြီး





www.burmeseclassic.com

www.burmeseclassic.com



"ရှင်က မေ့ကို သဝန်တိုတာလား"

မေ့အပြောကြောင့် သူ့မျက်နှာ ရဲခနဲဖြစ်သွား၏။ မေ့ကို သူ
သဝန်တိုမိတာ မှန်ပါသည်။ သို့သော် သူ ဝန်ခံရမှာတော့ တွန့်တိုနေ၏
"ဘာဖြစ်လို့ ရှင့်မျက်နှာကြီးက ရဲသွားရတာလဲ၊ ဘာဖြစ်သ
တိုရင်တိုတယ်ပေါ့၊ ကိုယ့်ချစ်သူကိုယ် သဝန်တိုတာများ ရှက်သလိုလို
ဘာလိုလိုနဲ့ ဘယ်လိုလူကြီးလဲ"

မေက ထိုသို့ပြောကာ အခန်းထဲဝင်သွား၍သာပေ့။ နို့မို့ဆို
မေ့မျက်နှာကို သူ ကြည့်ရဲတော့မှာ မဟုတ်တာ သေချာနေ၏။ ပြီးတော့
ကိုယ့်ကိုကိုယ် သဘောကျစွာ ရယ်ပစ်လိုက်သည်။ ထိုစဉ်မှာပင် မေ
ဝင်သွားသော အခန်းမှ ခန်းဆီးစလေး ဖျတ်ခနဲ ရွှက်သွားကာ မေ့မျက်နှာ
ပြုံးစိစိလေးက ပေါ်လာပြီး

"ညကျရင် ကားမောင်းသင်ပေးမယ်၊ အဆင်သင့်လုပ်ထား
သင်မှာမဟုတ်လား"

ယသုတစ်ယောက် ယောင်ယမ်းကာ ခေါင်းညိတ်လိုက်ပါသည်
ခြောက် အချစ်တိုသော အရာသည် ယသုလို ယောကျ်ားရင့်မ
ကြီးတစ်ယောက်ကိုတောင် အယောင်ယောင်အမှားမှား ဖြစ်အောင်
လုပ်နိုင်စွမ်းလှပါလားနော်။

■ ■ ■





"ဦးလေး၊ ဟိုဘက်ခြံက တောရွှန်းထိုင်းတိုတာကို သိလား"

ညစာထမင်းဝိုင်းတွင် အိမ်ရှင် ဦးစန်းဝင်းအား ကြည့်ကာ
မေက မေးလိုက်ခြင်းပါ။ ထိုအမေးကြောင့်ပင် ဦးစန်းဝင်းမျက်နှာကြီးက
ထိတ်လန့်သွားပြီး ယသုမျက်နှာကတော့ အလိုမကျခြင်းတွေနှင့် သုန်မှုန်
သွားသည်။

"ခွေးကောင်လေးနဲ့ သွားမပတ်သက်နဲ့နော် သမီးလေး ဒီ
ကောင်လေးက ဒီရပ်ကွက်မှာတော့ နာမည်ကြီးလေ၊ သူ့အပေါင်းအသင်း
တွေနဲ့ ဘာအလုပ်မှ မလုပ်ဘဲ လျှောက်သွားနေကြတာ၊ ဆိုးလိုက်တာ
လည်း တာတေကိုလန့်ရော"

"မပတ်သက်ပါဘူး ဦးလေးရယ်၊ မေက သိချင်ရုံလေးမေး
တာပါ"

"မင်းက ဘာလို့သိချင်ရတာလဲ"

ယသုအသံက ဒေါသကြီးအောင့်ကြီးထွက်လာတော့ ထင်ကျော
င် ဟင်းရည်သီးလုမတတ် ဖြစ်သွား၏။

"ဖြည်းဖြည်းလုပ်ပါ ယသုရယ်၊ မင်းလုပ်တာနဲ့ ငါသေတော့မှာ
ပဲ"

"အင်းလေ သူ့စိတ်ကြီးပဲ"

မေကပါ သူ့ကိုမျက်စောင်းလေးထိုးပြီး ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါ ဘာလို့ ဒီလိုဖြစ်တယ်ဆိုတာ မင်းမသိဘူးလား"

"သိတယ်လေ ရှင်က မေ့ကို သ..."

တပွဲနဲ့အောက်မှာနေ၍ ယသုက မေ့ခြေထောက်လေးအား လှမ်

ကန်လိုက်သောကြောင့် မေ့စကားတစ်ဝက်တစ်ပျက် ဖြစ်သွားခြင်းပါ

"တော်ပြီ မေး တပြီးရင် ထွက်နဲ့တော့ ကားမောင်းသင်ပေး

မယ်ဆို"

ထိုသို့ပြောကာ ထမင်းစားပွဲမှ ထသွားသော ယသုကို ထင်ကျော်

က

"ဟောကောင်ရ မင်းကားမောင်းသင်ချင်ရင် ငါသင်ပေးမှာပေ

ကွာ၊ မေ ပင်ပန်းမှာပေါ့"

"မဟုတ်ပါဘူး ကိုထင်ကျော်၊ မေကိုယ်တိုင်က သင်ပေးမယ်

ပြောထားတာပါ"

"အမလေးဟဲ့ ဖါကျတော့လည်း တည့်သွားကြပြန်ပြီ"

ထင်ကျော်က မှဲကာရွဲကာ ပြောခြင်းမို့ မေက ခစ်ခနဲ ရယ်လို

ကာ ထမင်းစားခြင်းကို လက်စသတ်ပြီး ယသုနောက်ပြေးလိုက်ခဲ့သည

ကားမောင်းသူနေရာတွင် မေက နေရာယူလိုက်ပြီး

"လူရှင်းတဲ့ လမ်းမဘက်သွားကြမယ် ရှင် လမ်းပြ"

ယသုက လူရှင်းသည့် သစ်တောအုပ်များသွားရာလမ်းဘက်





ကားလေးကို မောင်းစေလိုက်သည်။ ထိုလမ်းက တစ်ခါတစ်ရံ ကုန်ကား

ကြီးများ ဖြတ်သည်မှလွဲ၍ ကားအသွားအလာ ကျဲပါးသည်လေ။

ထိုလမ်းမကြီးပေါ် ရောက်မိသည်နှင့် မေက ကားလေးကို

ထိုးရပ်လိုက်ပြီး

"ကဲ ရှင်က ဒီဘက်ကိုပြောင်းထိုင်"

ထိုအချိန်မှစ၍ မေသည် ဆရာကြီးလေသံနှင့် ယသုကို

"ဘယ်ဘက်ခြေထောက်အောက်က ကလပ်ကိုနင်း။ ပြီးရင်

ညာဘက်က လီဗာကို ဖွဖွနင်း"

သူက မေပြောသည့်အတိုင်း လုပ်လိုက်သည်။ မေက ဂီယာကို

လှမ်းထိုးလိုက်ပြီး

"ဂီယာကို အဲဒီလိုထိုး ပြီးရင် ကလပ်ကို ဖြည်းဖြည်းချင်းပြန်

လွှတ်"

ယသုက ဘယ်ဘက်ခြေထောက်ကို ဖိနင်းလိုက်သည်။

"ဟာ အဲဒီလိုမဟုတ်ဘူးလေ၊ ဖြည်းဖြည်းလွှတ်ပါဆို လီဗာကို

ထပ်တင်"

မေက သူမလက်ချောင်းနုနုလေးများကို စတီယာရင်ပေါ် တင်

ထားသော ယသုလက်များပေါ် အုပ်ကိုင်ကာ

"အင်း ဟုတ်တယ် ဟိုဘက်ကို ကွေ့၊ ဒီလိုကွေ့"



www.burmeseclassic.com

www.burmeseclassic.com



"ရစ်ချင်ရင် ဘယ်လိုလုပ်ရမလဲ"

"ကလေးကိုနင်၊ ဖွဖွလေးနော်၊ ပြီးရင် ဘရိတ်ကို နင်းလိုက်၊ ရပြီ"

ကားလေးက တွဲခနဲ ရပ်သွားၓ၏။

"ဘာလုပ်တာလဲ ဆက်မောင်းလေ"

မေက သူ့ကိုမျက်လုံးလေးစောင်းကာ ကြည့်ပြီး

"ပြော"

"နောက်ဆို ကိုယ့်ရှေ့မှာ တခြားယောကျာ်းတွေအကြောင်း မပြောနဲ့ကွာ၊ ကိုယ်တယ်လိုမှ သည်းမခံနိုင်ဘူး"

"ဘာဖြစ်လို့လဲ"

"ဟာ ကိုယ့်ချစ်သူပဲ၊ သဝန်တိုတာပေါ့"

"ဟီး ပျော်လိုက်တာ"

"မင်းက ဘာဖြစ်တာလဲ"

ယသုအသံက ခပ်ဆတ်ဆတ်ထွက်လာသည်။

"ဘာဖြစ်ရမှာလဲလို့ ရှင်က မေ့ကိုသဝန်တိုတယ်လေ၊ အဲဒါ ချစ်လို့ပေါ့၊ အဲဒီတော့ ပျော်တယ်"

"ပြော် ဒီလိုလား၊ မင်းက ကိုယ့်ကို တမင်ညှင်းတယ်ပေါ့"

သူက မေ့ဘက်သို့ ကိုယ်ကိုစောင်းငဲ့လိုက်၏။ မေက မျက်လုံး





လေးများပြူးကာ သူမကိုယ်လေးကို အနောက်သို့ ရှိလိုက်သည်။ မေ့ကိုယ်ပေါ်အုပ်မိုးလာသော သူ့ကြောင့် မေ့လက်များတွေ အေးစက်ကာ တောင့်တင်း ထစ်အကုန်၏။

"ရှင် ရှင် ဘာလုပ်မလို့လဲ"

ယသုက ကားမီးများကို ဖျတ်ခနဲ ပိတ်ချလိုက်သည်။

"ရှင်နော် မေ့ကို"

မေ့ရင်တွေ တအားခုန်ကာ တစ်ကိုယ်လုံး အေးစက်တောင့်တင်း လာ၏။

"အာ၊"

တကယ်တော့ အလွန်လှပ်ရှားနေသော နှလုံးသားလေးကြောင့် လုပ်မိလုပ်ရာ လုပ်လိုက်ခြင်းပေါ့။

"ဟာ ဘာလို့အော်တာလဲ"

"မ မသိ ကြောက်လို့"

"အာ ဘာလို့ကြောက်တာလဲ၊ နမ်းရုံလေး နမ်းမလို့ဟာကို"

"မသိဘူးလေ ဒါဆို ဘာလို့ ရှင့်တစ်ကိုယ်လုံး ရှေ့တိုးလာတာ လဲ"

"ဈော် ခက်ပြီ မသိဘူးကွာ"

သူကိုယ်တိုင် စိတ်ရှုက်များ ကသိကအောက်ဖြစ်ကာ ဘာပြော



www.burmeseclassic.com

www.burmeseclassic.com



လို့ ပြောရမှန်းမသိတော့။ သို့နှင့်ပင်

"မင်းကိုငါ ပြောရဦးမယ်"

"ပြော"

"ငါ့ကို ရှင် ရှင်နဲ့မခေါ်နဲ့၊ နားထဲမှာ ကန့်လန့်ကြီး"

"ဒါဆို ဘယ်လိုခေါ်ရမှာလဲ၊ ကိုလား ကိုကိုလား၊ မောင်မောင် လား၊ ဟီး ဟီး"

"မေ မနောက်နဲ့ကွာ"

မေက သူမဘာသာ သဘောတကျနှင့် ရယ်မောသောကြောင့် သူ နည်းနည်းတော့ စိတ်တိုသွားသည်။

"ကိုယ်စိတ်တိုလာပြီနော်"

"အဲဒီတော့ ဘာဖြစ်လဲ"

မေ့မျက်နှာပြုံးစိစိကတော့ ပြောင်းလဲခြင်းမရှိ။

"အဲဒီတော့ ဘာဖြစ်လဲ ဟုတ်လား။ ကောင်းပြီလေ ဘာဖြစ်သဲ ဆိုတော့"

ယသုက မေ့ဘက်သို့ ပြန်တိုးကပ်လိုက်၏။

"ဒီတစ်ခါတော့ နမ်းရုံလေးမဟုတ်လောက်တော့ဘူး"

သူ့စကားကို ကြားရချိန်မှာတော့ ပြုံးနေသော မေ့မျက်ဝန်းများ ဖျတ်ခနဲ ဝိတ်သွားပြီး



"ရှင်နော်"

"လာပြန်ပြီလား ဒီရှင်"

"ဟုတ် ဟုတ်ပြီလေ၊ ဒါဆို ဘယ်လိုခေါ်ရမလဲ ပြော"

"ကို လို့ခေါ်"

ထိုစဉ်မှာပင် ရွှမ်းခနဲ အသံနှင့်အတူ သူတို့ကားလေးမှာ ဘယ်ညာယိမ်းထိုးသွား၏။

"အို"

"ဟင် ဘာဖြစ်တာလဲ"

နှစ်ယောက်သား အလန့်တကြားနှင့် အသံလာရာ ကားနောက် ဘက်သို့ လှမ်းကြည့်လိုက်သည်။ သူတို့ကား၏ နောက်မှန်မရှိတော့။ မှန်ကွဲစများအဖြစ် ဖိတ်တစ်ဝက် စင်တစ်ဝက် ပြန့်ကျဲကုန်လေပြီ။

ကားပတ်ပတ်လည်မှာလည်း တုတ်တွေကိုယ်စီကိုင်ထားသော ကောင်လေးငါးယောက် ရှေ့ဆုံးမှ တစ်ယောက်ကို မေ မြင်လိုက်ရချိန် မှာတော့

"စောခွန်ဆိုင်၊"

"အေး ဟုတ်တယ် နင့်အကောင်ကို ကြည့်မရလို့ နည်းနည်း ပါးတော့ ဆုံးမပေးရမယ်"

"နင် ဆုံးမရအောင် သူက နင့်ကို ဘာလုပ်နေလို့လဲ"

www.burmeseclassic.com



"ဘာမှတော့ မလုပ်ဘူးပေါ့။ ဒါပေမဲ့ သူ့အကြည့်တွေကို ငါ မကြိုက်ဘူး"

"နင် မကြိုက်တာကို ငါတို့က ဂရုစိုက်နေရမှာလား"

"နင်က ဂရုမစိုက်ပေမယ့် ငါက နင့်ကို ဂရုစိုက်ချင်တော့ ဒီကောင့်ကိုလည်း လိုက်ဂရုစိုက်နေရတာပေါ့ဟာ"

မေက တစ်ခုခုပြန်ပြောရန် ပြင်၏။ သို့သော် ယသုက မပြောရန် လက်ကာပြလိုက်ရင်း၊

"ဒီမှာ မင်းကောင့်ကို ဘာလို့ ပလိန်ကြီး ပြဿနာရှာနေတာလဲ"

"အဲဒီတော့ ခင်ဗျားက မကျေနပ်ဘူးလား"

ယသုက မေဆွဲထားသည့်ကြားမှပင် ကားတံခါးဖွင့် ဆင်းလိုက်၏။

"မကျေနပ်ဘူး"

"ဟေ့ကောင်တွေ သူက မကျေနပ်ဘူးတဲ့"

စောခွန်ဆိုင်းက သူ့ဘော်ဒါလေးယောက်ဘက် လှည့်ကာ ခနဲ့တဲ့တဲ့ မျက်နှာပေးနှင့်ပြောလိုက်ပြီး သူ့ဘက်သို့ ပြန်လှည့်လာချိန်မှာတော့ ယသု မျက်နှာဆီသို့ လက်သီးတစ်လုံးက လျင်မြန်စွာ ပြေးဝင်လာသည်။

သို့သော် မျက်စိလျင်သော ယသုက ခေါင်းသို့ငုံကာ ရှောင်ရှားလိုက်ပြီး သူ့ရင်ဘတ်ကို ဘယ်ခြေဖြင့် ကန်ထည့်လိုက်၏။ လျှပ်တစ်ပြက်





ဖြစ်သွားသော အခြေအနေမို့ စောခွန်ဆိုင်းမှာ ဟန်ချက်ပျက်ကာ နောက်သို့ ဖင်ထိုင်လဲကျသွားသည်။

ထိုအခါမှ နောက်တွင် ရပ်နေသော သူ့ဘော်ဒါတွေက သူ့ဆီ ပြေးဝင်လာကာ

"အား မလုပ်နဲ့ ကို တော်တော့ မလုပ်ကြပါနဲ့တော့"

ကားထဲမှနေ၍ မျက်ရည်များပေါက်ပေါက်ကျကာ အသံတွေ ပြာနှမ်းလာသည်ထိ မေ အော်ဟစ်လိုက်မိသည်။

စောခွန်ဆိုင်းတို့အား ယသုက ပထမပိုင်းတွင် သူတစ်ပြန် ကိုယ်တစ်ပြန် တိုက်ခိုက်နိုင်သော်လည်း ငါးယောက်နှင့်တစ်ယောက် တည်းမို့ ကြာလာသည်နှင့်အမျှ ခြေကုန်လက်ပန်းကျကာ အထိနာလာ၏။

"မလုပ်နဲ့တော့ ကို့ ကို မလုပ်"

မေ့အသံတွေ တိမ်ဝင်ကာ မျက်စိထဲတွင် သွေးများဖြင့် ပေကျံနေသော ယသုမျက်နှာကိုသာ မြင်ယောင်နေတော့၏။

"ကို"

မေ့အသံက တိုးညှင်းစွာ တစ်ချက်ထွက်ပေါ်လာပြီးနောက် မေ့မျက်လုံးများ မှေးစင်းကျသွားခဲ့သည်။ ဒီအချိန်လေးပြီးသည်နှင့် မေနဲ့ကိုတာ ခွဲခွာရခြင်းဆိုတဲ့ [illegible]တ်ဒုက္ခကို အသွားအလဲ ခံစားရမယ်မှန်းသာ သိခဲ့ပါလျှင်. . .။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

မေ့မျက်လုံးများကို ဖွင့်ကြည့်လိုက်သည်နှင့် ဆံလွှန်ရင်းနီးနေခဲ့သော အနံ့အသက်တစ်ခုက နှာခေါင်းဝကို လာရောက်ရိုက်ခတ်၏။ ပြီးတော့ အနှစ်နှစ်အလလ လက်ပွန်းတသီး နေလာခဲ့သော မေ့အိပ်ခန်းလေး။

ဒီနေရာကို မေ ဘယ်လိုပြန်ရောက်နေတာပါလိမ့်။ မေ ပြန်စဉ်းစားကြည့်နေသည်။

"ဟင် ကို ရော"

တစ်ကိုယ်လုံး ချွေးအလိမ်းလိမ်းဖြစ်နေသော ယသုကို မျက်စိထဲတွင် ပြန်မြင်ယောင်လာသည်။ ကို ဘယ်ရောက်သွားလဲ။ မေက ဒီနေရာကို ဘယ်လိုပြန်ရောက်လာတာလဲ။ မေတို့က မြဝတီမှာ ရှိနေရမှာ မဟုတ်လား။ ခုတော့ လူဆန်းစွာပင် ရွှေတောင်ကြားရှိ မေ့အိပ်ခန်းလေးထဲသို့ ပြန်ရောက်နေ၏။





ထိုစဉ်မှာပင် အခန်းထဲသို့ မေမေ ဝင်လာပြီး

"ဟယ် သမီးငယ် သတိရနေပြီ ဝမ်းသာလိုက်တာ သမီးလေး သတိလစ်နေတာ ဒီနေ့နဲ့ဆို နှစ်ရက်တောင်ရှိပြီ"

"ဘယ်လို မေ သတိလစ်နေတာ နှစ်ရက်ရှိပြီ ဟုတ်လား"

"ဟုတ်တယ် သမီး။ သမီးကို မောင်နောင်ရိုးနဲ့ သမီးဖေဖေတို့တွေ မြဝတီက ပြန်ခေါ်လာတည်းက သမီးသတိလစ်နေတာ"

"ဘာတွေဖြစ်နေတယ်ဆိုတာ မေ့ကိုပြောပြပါ"

"ဟိုကောင်လေးနောက် သမီးလိုက်သွားတာ သမီး ဖေဖေတို့ သိသွားပြီး မြဝတီလိုက် ပြန်ခေါ်လာတာပဲ၊ မေမေကတော့ ဒီလောက်ပဲ သိတယ် သမီးလေး"

ဒီလောက်ဆိုရင် တော်တော်ပြည့်စုံနေပါပြီ။ ဒါပေမဲ့ နောင်က ဒီကိစ္စမှာ ဘယ်လိုပါဝင်ပတ်သက်နေတာလဲ။

"နောင်က"

သူမ မေးရန်ပြင်လိုက်စဉ်မှာပင် ဖေဖေနှင့်အတူတူ နောင်ရိုး တွန်းကာပါ မေ့အခန်းထဲ ဝင်လာပြီး

"မေ သတိရပြီလား။ ငါစိတ်ပူလိုက်ရတာဟာ"

မေ ဘာမှပြန်မပြောမိ။ ဖေဖေ့ကိုသာ စူးရဲသော မျက်လုံးများနှင့် မမိုတ်မသုန် စိုက်ကြည့်နေမိသည်။



www.burmeseclassic.com

"ဖေဖေ မတရားဘူး"

"တရားတယ် မတရားဘူးဆိုတာကို သမီးက ဘယ်လိုပေတံ မျိုးနဲ့ တိုင်းချင်တာလဲ၊ ဒီကိစ္စမှာတော့ ဖေဖေ့ပေတံနဲ့ ဖေဖေတိုင်းတာ မှန်တယ်လို့ ယူဆတယ်၊ သမီး ပေတံနဲ့သမီး တိုင်းရင်တော့ ဖေဖေ့ လုပ်ရပ်တွေက မှားတယ်လို့ ထင်ချင်လည်းထင်နေမှာပေါ့လေ"

"အဲဒါတွေ မေ နားမလည်ဘူး၊ မေ ချစ်တဲ့ မေ အတူတူ နေချင်တယ်"

မေက ပြောရင်းဆိုရင်းပင် ခြုံလွှမ်းထားသော စောင်ကို ကိုယ်ပေါ်မှ ဖယ်ရှားချကာ ခုတင်ထက်မှ ကျုံ့ရုံးထလိုက်သည်။

"ဒါက ဘယ်သွားမလို့လဲ ရင်တွင်းမေ"

ဖေဖေ့အသံက ကျယ်လောင်စွာ ထွက်လာသည်၊ သို့သော် မေက လှည့်မကြည့်ပါ။ ခြေလှမ်းကို ရှေ့သို့တစ်လှမ်းလိုက်စဉ်မှာပင် သူမ လက်လေးတစ်ဖက်ကို နောက်မှနေ၍ နောင်နိုးထွန်းက ဆောင့်ဆွဲ လိုက်ခြင်းကြောင့် ခြေလှမ်းများယိုင်ကာ ခန္ဓာကိုယ်ကလည်း နောင့် ရင်ခွင်ထဲ ပြိုလဲကျသွားတော့၏။

နောင်ကလည်း အလိုက်သင့်လေးပင် ဆီးပွေ့ထားလိုက် သည်။

"မေ နုံးအားနည်းနေတယ်၊ ဘယ်တွေသွားဦးမလို့လဲ"





"ငါ့ဟာငါ ဘယ်သွားသွားပေါ့"

နောင့်ရင်ခွင်ထဲရောက်နေခြင်းကို အတင်းပြန်လည်ရုန်းထကာ ခြေလှမ်းများကို အခန်းပြင်သို့ ပြန်လည်ဦးတည်လိုက်၏။

သို့သော် မေ ကံဆိုးစွာပင် ဖေဖေက လက်ဦးမှုရယူကာ အခန်း တံခါးများကို ပိတ်ပြီး တံခါးရှေ့မှ မားမားကြီးရပ်နေလေပြီ။

"ဖေဖေ မေ့ကို အဲဒီလို မချုပ်ချယ်နဲ့နော်"

"ရင်နက်ရှိုင်းရဲ့သမီးတွေက အဲဒီလိုမျိုး ကိုယ့်အဆင့်အတန်းနဲ့ ထိုက်တဲ့မြေလို့ ကွာခြားနေတာမျိုးတွေကိုမှ ဘာသောကျတတ်ကြတာလား၊ လိုဆိုရင်တော့ ဖေဖေ သိပ်ဝမ်းနည်းတယ်"

"ဖေဖေ ညာတာပါ၊ မမသဲ သေဆုံးသွားခဲ့တာတောင် ဖေဖေ က်ရည်တစ်စက် ကျခဲ့လို့လား၊ ဖေဖေက သမီးတွေကို ချစ်တာမှ ဟုတ်တဲ့၊ ဖေဖေ့ရဲ့အတ္တတွေကို ဖေဖေ ချစ်နေတာ"

"ဘယ်လိုပြောလိုက်တာလဲ ရင်တွင်းမေ"

"ဟုတ်တယ် ဖေဖေ့ကို မေ စိတ်နာတယ်၊ မမသဲနဲ့ပတ်သက်ပြီး တာလည်း ခုချိန်ထိ ဖေဖေ့အပေါ်မှာ နားလည်ပေးလို့ မရသေးဘူး"

"မင်းတို့နားလည်စရာ မလိုဘူး၊ ငါပြောခဲ့သလိုပဲ ပတ်ဝန်းကျင် ငါ မျက်နှာမပြရဲလောက်တဲ့ ကိစ္စမျိုးဆိုရင်တော့ ငါက ဘယ်နည်းနဲ့ ဖြစ် တားရမှာပဲ၊ ဒီလိုအရှက်ကွဲခံမှာထက်တာရင် သေသွားတာမှ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းဦးမှာပေါ့"

"ဖေဖေ သိပ်အတွေ့ကြုံကြီးတယ်၊ ဒါကြောင့်လည်း ကိုယ့်သမီး တစ်ယောက်လုံး ကိုယ့်မျက်စိရှေ့မှာတင် ကိုယ့်ကိုကိုယ် အဆုံးစီရင်သွား တာကို ဖေဖေ မျက်ရည်တစ်စက်မကျဘဲ နေနိုင်တာပေါ့၊ မေ့ကိုတော့ မမသဲလို ကိုယ့်ကိုကိုယ်သတ်သေတဲ့နည်းကို ကျင့်သုံးမယ် မထင်နဲ့၊ မေက ကိုယ်ချစ်တဲ့သူကို ရအောင်ယူမှာပဲ၊ ဖေဖေလည်း တွေးလေ၊ ဖေဖေပြောသလိုပေါ့၊ ကိုယ့်အလုပ်ကိုယ်ဆက်လုပ်ကြမယ်၊ မေကလည်း ကိုကိုပဲ ချစ်တယ်၊ ကိုနဲ့ပဲ နေဖို့ကြိုးစားမှာပဲ"

"ရင်တွင်းမေ ဖေဖေ ပြောနေတာကို နည်းနည်းမှ ဂရုမစိုက် တာလား"

"ဖေဖေတောင် မေတို့ရင်ထဲက ခံစားချက်တွေကို ဂရုစိုက်ခဲ့ လို့လား၊ အဲဒီတော့ လုပ်ပါ၊ ဖေဖေ ကြိုက်သလိုလုပ်၊ မေကလည်း ရတဲ့နည်းနဲ့ ကိုဆီပြန်မှာပဲ"

"တောက်"

မေ့ နှုတ်မှထွက်လာသော ပြတ်သားသောစကားများကြောင့် ဦးနက်ရှိုင်းမှာ တက်တစ်ချက်သာ ခေါက်နိုင်တော့သည်။

သို့သော် နောက်ဆုံးရလဒ်အနေနှင့်ကတော့ မေ့ကို အခန်းထဲ တွင် ပိတ်လှောင်ထားလိုက်ခြင်းပါပဲ။





"ကိုရေ မေ့ကို လာခေါ်ပါ၊ မေ မနေချင်ဘူး၊ ကိုနဲ့ပဲ မေ နေ ချင်တာ"

မေ တစ်ယောက်တည်း ငိုရှိုက်နေမိသည်။ သို့သော် ထိုငိုရှိုက်သံ များကိုတော့ မည်သူတစ်ယောက် ကြားနိုင်မည် မဟုတ်ပါလေ။

■ ■ ■

"ဟော့ကောင် နည်းနည်းပါးပါးလည်း ငြိမ်ငြိမ်စိမ်စိမ်လေး နေစမ်းပါကွာ"

"ဒီလိုအချိန်မှာ ငါဘယ်လိုလုပ်ပြီး ငြိမ်နေလို့ ရမှာလဲ၊ မင်း ငါ့ကို နည်းနည်းပါးပါးတော့ စာနာကြည့်စမ်းပါ"

"ငါ မစာနာလို့ ပြောနေတာ မဟုတ်ဘူး၊ ဒါပေမဲ့ မင်းဒီလို မျိုး ယောက်ယက်ခတ်နေတာထက်စာရင် ခေါင်းအေးအေးထားပြီး စဉ်း စားတာက ပိုကောင်းမယ်မဲ့တူတယ်လို့ ပြောချင်တာ၊ ငါတို့အတူတူ ဝိုင်း စဉ်းစားကြတာပေါ့"

ထင်ကျော်ပြောတာလည်း မှန်ပါသည်။ သို့သော် ရင်ထဲမှာ မေ့အတွက် စိုးရိမ်ရလွန်းသောကြောင့် ဘယ်လိုမှ ငြိမ်သက်ခြင်းမရှိသော စိတ်တို့နှင့်အတူတူ လူကပါ လိုက်လှုပ်ရှားနေမိခြင်းဖြစ်၏။

"ဒါပေမဲ့ မင်း အဲဒီနေ့ကသာ မေ့ အဖေရဲ့လူတွေရောက်လာပြီး ဝင်မကာယ်ရင် မင်းတော့အသက်တောင် ရှိတော့မှာ မဟုတ်ဘူး"

www.burmeseclassic.com



"ဪ ဒါနဲ့ပဲ ငါက ကျေးရွာတင်နေရမှာလား။ သူတို့က ဟို ကောင်တွေပြေးအောင်လုပ်ပြီး မလှုပ်နိုင်တော့တဲ့ ငါ့ဆီကနေ မေ့ကို အတင်းအဓမ္မ လုယူသွားကြတာလေ"

"လောလောဆယ်တော့ ငါတို့လုပ်နိုင်တဲ့ တစ်နည်းက မေ့အိမ်ကို သွားကြည့်ဖို့ပဲ"

"ကွန်ဒိုကို ငါ မနေ့က ရောက်ခဲ့ပြီးပြီ၊ လုံခြုံရေး လူကြီးကို မေးကြည့်တော့ ဟိုးတစ်နေ့ညတည်းက အခန်းကို ဒီအတိုင်း ပိတ်သွားကြတာတဲ့၊ အေးလေ ဒီမှာ ဘယ်ထားတော့မလဲ၊ သူတို့ရဲ့ တိုက်ကြီးပဲ ပြန်ခေါ်သွားမှာပေါ့"

"အင်း အဲဒီတော့ ငါတို့ဘာလုပ်ကြမလဲ"

ထင်ကျော်က အားတက်သရော မေးပါသည်။ သူကတော့ ထင်ကျော့်ကိုကြည့်ကာ သက်ပြင်းတစ်ချက်သာ ချလိုက်၏။

"မင်းကိုလည်း ငါအားနာပါတယ်ကွာ၊ ငါ့ကြောင့်အလုပ်တောင် အေးအေးဆေးဆေး မလုပ်ရတော့ဘူး"

"မင်း အဲဒီလိုပြောတော့ ငါ့ကိုမခင်လို့ပဲ ယဲသူ၊ တော်ဒါအချင်း ချင်း တစ်ယောက်အခက်အခဲရှိရင် တစ်ယောက်က ကူညီရမှာပဲပေါ့။ မင်းက ဘာလို့ ဒီစကားပြောတာလဲ"

"မဟုတ်ပါဘူးကွာ ငါ့ကိုစွကြောင့် မြဝတီကနေလည်း ချက်ချင်း





ပြန်ထင်းလာရတယ်လေ"

"မဆိုင်ပါဘူး။ အလုပ်ကိစ္စကလည်း ထင်ထားတာထက် ပိုပြီး စောစောပြီးလို့ ဆိုတာ မင်းမြင်တဲ့အတိုင်းပဲ၊ မင်းကြောင့်သက်သက် ရန်ကုန်ပြန်ချလာတာမှ မဟုတ်တာ"

"ဘယ်လိုပဲဖြစ်ဖြစ် ကျေးဇူးပဲကွာ"

သူ့စကားကြောင့် ထင်ကျော်က သူ့ပခုံးကို ပုတ်ကာ အားပေး ပါသည်။

"ငါတို့ ရွှေတောင်ကြားထဲပဲ လိုက်သွားကြတာပေါ့ကွာ"

ဘာအကြံမှမရှိတာထက်စာလျှင် ထင်ကျော် ပြောသည့်အတိုင်း လိုက်သွားတာကမှ ကောင်းမည်ဟု သူလည်းတွေးမိသောကြောင့် ဘာမှ စောဒက မတက်တော့ဘဲ လက်ခံသဘောတူလိုက်တော့၏။

ထိုညက သူနှင့်ထင်ကျော်တို့ မေတို့ခြံကျယ်ကြီးရှေ့ကိုရောက် တော့ ညဆယ့်တစ်နာရီကျော်ခန့်ရှိပြီ။ တစ်အိမ်လုံး မီးများမှောင်ကျကာ လူရိပ်လူယောင်မျှပင် မတွေ့ရ။

"ဟေ့ကောင် အိပ်ကုန်ပြီလား မသိဘူး"

"မအိပ်လောက်ပါဘူးကွာ၊ စောပါသေးတယ်၊ ဟိုးနားက နံရံနား လေးကနေ သွားထိုင်စောင့်ရအောင်"

တစ်ခါက မေ့ကိုသူထိုင်စောင့်ခဲ့ဖူးသော ခုံတန်းပြာလေးတွင်

www.burmeseclassic.com

www.burmeseclassic.com



ထိုင်ကာ မေ့ကို တမ်းတနေမိသည်။ ကြီးကျယ်ခမ်းနားလှသော မေတို့ အိမ်ကြီး၏အပြင်ပန်းအပြင်အဆင်ကိုက သူ့ကိုသိမ်ငယ်စေတာတော့ အမှန်ပဲ။ ဒီအဆောင်အယောင်အခမ်းအနားတွေကိုမြင်တိုင်း သူ့ကိုယ်သူ မေနှင့်အဝေးဆုံးက လူတစ်ယောက်ဟု ထင်လာရသည်။

ဘယ်လောက်ပဲ မေ့ကိုချစ်နေပါစေ။ သူတို့အခြေအနေတွေက ကွာခြားလွန်းလှသည်ဆိုတာကိုတော့ သူ လက်ခံထားပါသည်။ ဒါဟာ ဘယ်လိုမှ မေ့လို့မရသော သူတို့နှစ်ယောက်ကြားက အတားအဆီးတစ်ခု ပဲ မဟုတ်လား။

"ဟာ ဟိုမှာ ယသု ကြည့်လိုက်စမ်း"

မျက်လုံးများမှိတ်ပြီး အတွေးကောင်းနေသော ယသုကို လှမ်း ပုတ်ကာ ထင်ကျော်က မေတို့အိမ်ဘက်သို့ လက်ညှိုးထိုးပြ၏။ သူ လှမ်း ကြည့်လိုက်တော့ သူတို့နှင့်မျက်နှာချင်းဆိုင်စားသွင် ရှိသော အခန်းလေး မှ မီးလင်းလာကာ အရိပ်လေးတစ်ခုက ပြတင်းပေါက်နားသို့ တိုးကပ်လာ ခြင်းဖြစ်သည်။

"ဟော့ကောင် အဲဒါ မေ မဟုတ်လား"

ထင်ကျော် ထင်မြင်ချက်ကြောင့် သူ သေချာစိုက်ကြည့်လိုက် ၏။ ဟုတ်ပါသည်။ သေးသွယ်သော ခန္ဓာကိုယ်လေး၊ တိုနံ့နံ့ဆံပင်လေး များကို လက်ချောင်းများဖြင့် ထိုးဖွပစ်လိုက်သော ပုံရိပ်လေးဟာ မေ





မှ မေအစစ်ပါပဲ။

"ဟုတ်တယ် ထင်ကျော် အဲဒါ မေပဲ"

"ဒါဆို မင်း ဘာလုပ်မလဲ ယသု"

"ငါ ဘာလုပ်ရမလဲ၊ ခြံထဲဝင်လိုက်ရမလား"

မြင့်မားသော အုတ်တံတိုင်းများကို ကြည့်ပြီး မဖြစ်နိုင်မှန်း သိလျက်နှင့် ယသုက ဖွတ်ပြောလိုက်သည်။ ထင်ကျော်က ခေါင်းကိုခါကာ

"ဒီလောက်အမြင့်ကြီးကို မင်းက ဘယ်လိုတက်မှာလဲ ယသု၊ မဖြစ်နိုင်ဘူးနော်"

"မေ့အတွက်ဆိုလျှင် မဖြစ်နိုင်တာဆိုတာ မရှိစေရဘူး ထင် ကျော်"

မင်း ဖိုက်ရှုရဲ့မဆန်ရှင်စမ်းပါနဲ့ကွာ၊ ဒီအုတ်နံရံကိုကျော်တက် နိုင် ကြီးစားတာထက် မင်းရှိနေတယ်ဆိုတာ မေ တွေ့အောင်ကြိုးစားတာ ကမှ ပိုကောင်းဦးမယ်လို့ ငါထင်တယ်"

"ဒါဆို ငါ ဘယ်လိုလုပ်ရမလဲ ထင်ကျော်"

သူ့စိတ်တွေ မတည်ငြိမ်စွာပင် ပြန်မေးလိုက်သည်။ စိတ်တွေ လှုပ်ရှားလွန်းသောကြောင့် ဘယ်အရာကိုမှလည်း ကောင်းမွန်စွာ တွေး တောနိုင်ခြင်း မရှိတော့ပါလေ။

"တစ်ခုခုကွာ ဥပမာ လက်ခေါက်မှုတ်တာတွေ ဘာတွေပေါ့"

"သူ့အိမ်က လူတွေ ကြားသွားရင် ဘယ်လိုလုပ်မလဲကွ"

"ဘာလဲ မင်းက သွေးကြောင်တာလား ဟော့ကောင်၊ ဒါဆို လည်း ဘာမှလုပ်မနေနဲ့တော့ကွာ"

ထင်ကျော့်အသံက အနည်းငယ်ဒေါသစွက်နေမှန်း သူရိပ်မိ လိုက်သည်။

"ငါ ကြောက်တာ မဟုတ်ဘူး ထင်ကျော်၊ မေ့ကို သူတို့ တစ်ခုခု လုပ်လိုက်မှာစိုးရိမ်တာ"

"ဟော့ကောင် မင်းမှတ်ထား၊ သန်းခေါင်ထက်ကျော်တော့ ဘယ်ဟာ မှ ညည်းမနက်တော့ဘူး၊ မင်းတကယ်ပဲ မေ့ကိုလိုချင်ရင် ချကွာ"

ထင်ကျော့်အားပေးစကားကြောင့် သူက မေရှိနေရာ နေရာက သစ်ပင်ရိပ်ကျသော နံတနိုးလေးနားတွင်မို့ မေ မမြင်နိုင်ခြင်းလည်း ဖြစ်နိုင်ပါသည်။

မေကိုယ်တိုင်ကလည်း ဒီည ဖေဖေက ပါတီ တစ်ခုတက်ရန် ထွက်သွားသည်မို့ အပြင်သို့ နိုးထွက်ရန် ကြိုစည်နေခြင်းဖြစ်၏။ ပြတင်း ပေါက်နားတွင် ရပ်နေတုန်း ကြားလိုက်ရသော လက်ဖျောက်သံကြောင့် ဟိုဟိုဒီဒီ လျှောက်ကြည့်နေမိသည်။ အရင်က ဒီလိုဆိတ်ငြိမ်နေသော ရပ်ကွက်မျိုးမှာ ဒီလိုအသံမျိုးတွေ မကြားဖူးတာတော့ အမှန်ပါပဲ။

ထိုစဉ်မှာပင် နံတနိုးပြာလေးရှိရာ သစ်ပင်ရိပ်အောက်မှ ထွက်



လာသော လူရိပ်နှစ်ခု။ မေ သေချာစိုက်ကြည့်နေမိ၏။ ထိုလူရိပ်နှစ်ခုက မေရှိရာသို့ လှမ်းမော်ကြည့်ကာ လက်ဖျောက်တီးနေခြင်းပင်။ မေ့ အာရုံ ထဲမှာ ကိုနိုင်က ဝိုပြင်ထင်ရှားလာသည်မို့ လှိုက်ခနဲ ဝမ်းသာသွားရသည်။

မေ့ကို ကို လာကယ်တာပေါ့။ ဒီနောင်ကြိုးတွေထဲကနေ မေ ရုန်းထွက်နိုင်တော့ပါ။ ကို ရှိရာကို လှမ်းမျှော်ကြည့်ကာ မေက လက်လှမ်း ပြလိုက်၏။ ကို ကလည်း လက်ပြန်ပြပါသည်။ ပြီးနောက် မေက ဆင်းခဲ့ မယ်ဟု လက်ဟန်ခြေဟန်ပြတော့ ကိုယ်က ခေါင်းညိတ်ပြသည်။

သို့သော် မေ့အတွက်တော့ ကိုဆီသွားချင်သော စိတ်သာရှိကာ တကယ်တမ်းမှာက ဖြစ်နိုင်ရန်ခဲယဉ်းမှန်းသိပါ၏။ အလုံပိတ်ထားသော အခန်းတံခါး၊ အလူမီနီယံ ဘောင်များနှင့် ကာရန်ထားသော ပြတင်း ပေါက်တံခါးများ။ အားလုံးသည် မေ့အတွက် ထွက်ပေါက်ပိတ်နေသလို ဖြစ်နေရ၏။ မေ ငိုချင်လာသည်။ ဘယ်လိုလုပ်ရမည်ဆိုတာလည်း မစဉ်း စားတတ်တော့။ သို့နှင့်ပင်

"ဒုန်း ဒုန်း ဒုန်း မေ့ကို တံခါးဖွင့်ပေး။ မေ့ကို တံခါးဖွင့်ပေး နော်၊ မေ အပြင်ထွက်မယ်၊ ဒုန်း ဒုန်း"

တံခါးကို အတင်းထုရိုက်ကာ မေက အော်ဟစ်နေသည်။

"အီးဟီး မေ့ကို လွှတ်ပေးကြပါ၊ ကိုဆီကို မေသွားချင်တယ်၊ မေ့ကို လွှတ်ပေးကြပါနော် ဒုန်း"

www.burmeseclassic.com



ထုထဲလှသော ကျွန်းတံခါးကြီးကို မေက လက်သီးဆုပ်လေးဖြင့် အသားကုန်ထုရိုက်နေသောကြောင့် ကြာလာတော့ လက်လေးများပင် သွေးခြေဥကာ နီရဲလာသည်။

"ဖွင့်ပါ ဖွင့်ပါ မေ့ကိုဖွင့်ပေးလို့ ပြောနေတယ်နော်"

မေ သိပါသည်။ မေ ဘယ်လောက်ပဲ အသံတွေပြာနှမ်းလာသည်ထိ အော်နေပါစေ။ တံခါးကတော့ ပွင့်လာမှာ မဟုတ်ဘူးဆိုတာကိုပေါ့။

သို့သော် ဇီတစ်ကြိမ် တံခါးကို ထုလိုက်ချိန်မှာတော့ လုံးဝ မျှော်လင့်မထားစွာပင် တံခါးက ဖျတ်ခနဲ ပွင့်သွား၏။ အံ့သြလွန်းစွာ မျက်လုံးလေးများပြူးကျယ်ပြီး ကြည့်နေသော မေ့မျက်ဝန်းထဲသို့ အခန်းရှေ့တွင် သော့တွဲကြီးကိုကိုင်ကာ ရပ်နေသော မေမေ့ပုံရိပ်က ပီပြင်စွာ ထွက်ပေါ်လာ၏။

"မေမေ"

မေမေက ခေါင်းညိတ်ပြသည်။ သူမ အံ့သြလွန်း၍ ယုံပင် မယုံနိုင်ပါ။ ဝမ်းသာလွန်းအားကြီး၍ မေမေ့ကိုပြေးဖက်လိုက်မိ၏။ မေမေ ကလည်း သူမကို ပြန်လည်ပွေ့ဖက်ထားရင်း မျက်ရည်တွေစီးကျလာကာ

"သမီးကြီးရော သမီးငယ်ကိုပါ မေမေ သိပ်ချစ်ပါတယ်ကွယ်"

"မေမေ့ကိုလည်း မေ သိပ်ချစ်ပါတယ်"

မေမေက မေ့ဆံနွယ်စများကို လက်ချောင်းများနှင့် သပ်တင်





ပေးလိုက်ပြီး

"သမီး ဖေဖေပြန်လာတော့မယ်၊ မြန်မြန်သွားတော့"

"ကျေးဇူးတင်ပါတယ် မေမေ"

မေက မေမေ့ပါးပြင်ကို တစ်ချက်နမ်းရှိုက်လိုက်ကာ အိမ်ထဲမှ ပြေးထွက်ခဲ့တော့သည်။ မေမေ ပြောထား၍ ထင်သည်။ ခြံစောင့်ကြီး ကလည်း မေ့အတွက် ခြံတံခါးကို အဆင်သင့်ဖွင့်ပေးထား၏။ ကို ရှိရာ နံ့တန်းလေးဆီသို့ ရောက်သည်နှင့် ကို ရင်ခွင့်ထဲ ပြေးဝင်လိုက်မိသည်။

မေ့အတွက်တော့ ကို့ရင်ခွင်က အမြဲတမ်းနွေးထွေးလုံခြုံသော နေရာတစ်ခုပါပဲ။

"မေရယ် စိတ်ပူလိုက်ရတာ"

"ကိုရော ဘာဖြစ်သွားသေးလဲဟင်၊ စောခွန်ဆိုင်းတို့ ကို့ကို ဘာတွေလုပ်သွားကြသေးလဲ"

"သူတို့ကို ဥပဒေက အရေးယူလိုက်ပါပြီ ကို လည်းဘာမှမဖြစ် ပါဘူး"

"ကို့ ကိုအရမ်းသတိရတာပဲ သိလား"

"ကို လည်း အရမ်းလွမ်းနေတာပါကွာ"

သူ့အနမ်းများက မေ့မျက်နှာလေးပေါ်သို့ တရှိုက်မက်မက် ကျ ရောက်လာချိန်မှာတော့ မေ မရုန်းတော့ပါ။ ချစ်ခြင်းရဲ့ ရိုးမြင်ခြင်းတွေကို



www.burmeseclassic.com

www.burmeseclassic.com



မေ. ကောင်းကောင်းခံယူချင်ပါသည်။

အနားတွင်ရပ်နေသော ထင်ကျော်ကိုလည်း သူတို့နှစ်ယောက် မမြင်နိုင်တော့ပါ။

"ဟော့ကောင် မင်းယုတ်မာလှချည်လား၊ ငါ့အိမ်ရှေ့ထိလာပြီး ငါ့သမီးကို စော်ကားနေတာလား"

ရုတ်တရက် ဟိန်းခနဲ ထွက်လာသောအသံကြောင့် သူတို့ သုံးယောက်လုံး လန့်ဖျပ်ကာ အသံလာရာဆီ လှမ်းကြည့်လိုက်ကြ၏။

အလွန်မင် လူကြီးလူကောင်းဆန်သော ရုပ်ရည်မျိုးနှင့် သားနား သပ်ရပ်စွာ ဝတ်ဆင်ထားသော အသက်ငါးဆယ်ခန့် လူကြီးတစ်ယောက်။ သူ့နောက်မှာမှ နောင်ရိုးတွန်း။

"ဖေဖေ"

မေ့အသံစိမ်းပြတ်ပြတ်က နှုတ်ခမ်းများများမှ အေးစက်စွာ ထွက်လာ၏။ သို့သော် ဦးနက်ရှိုက်က မေ့ကိုတစ်ချက်သာ ငဲ့စောင်းကြည့်ကာ ယသုဘက်သို့ မျက်နှာကို လှည့်လိုက်ပြီး

"ဒီမှာ မင်းယောကျ်ားတစ်ယောက်ဆိုရင် ကိုယ့်အခြေအနေ ကိုယ်သိပြီး နောက်ဆုတ်သင့်တယ်ဆိုတာ သဘောမပေါက်ဘူးလား"

"ကျွန်တော် ယောကျ်ားတစ်ယောက်မို့လို့ ကျွန်တော့်အချစ်တွေ အတွက် တာဝန်ယူချင်တာပါ"



ဦးနက်ရှိုင်းက နှုတ်ခမ်းကို တစ်ချက်မဲ့သည်။

"မင်းက ဘာကောင်မို့ ငါ့သမီးကို တာဝန်ယူမယ်လို့ ပြောရတာလဲ"

"မေ့ကို ဦးလို ချမ်းချမ်းသာသာ မထားနိုင်ရင်တောင် စိတ်ချမ်းသာအောင်တော့ ထားနိုင်ပါတယ်"

"မေ့ချစ်သူနဲ့သာ နေရမယ်ဆိုရင် မေ ဘာကိုမှမကြောက်ဘူး ဖေဖေ၊ လူဆင်းရဲမှာလည်း မကြောက်ဘူး။ မေ ကြောက်တာက အဆောင် အယောင် အခမ်းအနားတွေနဲ့နေပြီး စိတ်ချမ်းသာမှု နည်းနည်းမှ မရှိတာ ကိုပဲ"

"ရင်တွင်းမေ ဖေဖေစကားတွေအများကြီး မပြောချင်ဘူးနော်၊ မောင်နောင်ရိုး သမီးကို သွားခေါ်လိုက်ပါ"

ဦးနက်ရှိုင်း စကားကြောင့် နောင်ရိုးက မေ့နားသို့တိုးကပ်လာ ကာ မေ့လက်လေးတစ်ဖက်ကို ဆောင့်ဆွဲလိုက်ပါသည်။

"နောင် နင်နဲ့ဘာဆိုင်လို့လဲ၊ နင်ကဘာလို့ ဖေဖေ့ဘက်က လိုက်နေရတာလဲ၊ နင် ဒီလိုသာ ဆက်လုပ်မယ်ဆိုရင် နင့်ကိုသူငယ်ချင်း ခေါ်တော့ဘူးနော်"

"ငါကလည်း နင်နဲ့သူငယ်ချင်း မလုပ်ချင်တော့ပါဘူး"

"ဘာ"



www.burmeseclassic.com

www.burmeseclassic.com



မေ့မျက်နှာက ဒေါသကြောင့် နီရဲလာကာ နောင်ရိုးလက်ထဲမှာ လက်လေးကို အတင်းပြန်ရုန်းနေမိသည်။

"နောင်ရိုးထွန်း မေ့ကိုလွှတ်စမ်းကွာ"

"ခင်ဗျား ဝင်မပါပါနဲ့၊ မေက မကြာခင်မှာ ကျွန်တော်နဲ့လက်ထပ်မယ့် သတို့သမီးပါ"

ယသုရဲ့ ရင်တစ်ခုလုံး ဝုန်းဒိုင်းကျဲလောက်အောင် ပြောင်းဆန်သွား၏။ ထို့အတူပါပဲ။ မေ့မှာလည်း ပါးစပ်လေး အဟောင်းသားပွင့်ဟကာ နောင်ရိုးကိုတစ်လှည့် ဖေဖေ့ကိုတစ်လှည့် ကြည့်လိုက်သည်။

"ဟုတ်တယ် သမီး၊ မောင်နောင်ရိုးနဲ့သမီးနဲ့ကို ဒီတစ်ပတ်အတွင်း လက်ထပ်ပေးဖို့ ဖေဖေတို့အားလုံး စီစဉ်ပြီးသွားပြီ"

"ဟင်"

ဟင်ခနဲနေအောင် ထိတ်လန့်သွားသော နှလုံးသားနှင့်အတူ လူကလည်း စိတ်ဓာတ်များပြိုလဲပြီး မြေပြင်ပေါ်သို့ ခွေကျသွားသည်။

"မေ ဘာဖြစ်တာလဲ"

ယသုက မေ့ဆီသို့ ပြေးသွားရန်ပြင်စဉ်မှာပင် ဘယ်ကဘယ်လို ရောက်လာမှန်းမသိသော ဦးနက်ရှိုင်းကုလားနှစ်ယောက်က သူ့လက်တ ဖက်စီကို ဖမ်းချုပ်ထားလိုက်ကြသောကြောင့် သူ့မှာ မည်သို့မျှ မရုန်း အောင် ဖြစ်သွား၏။ ထင်ကျော်ကိုလည်း သူနည်းလည်းကောင်း





ဖမ်းချုပ်ထားကြသောအခါ

"ကို"

"ခင်ဗျားတို့ ကျုပ်ကိုလွှတ်စော်"

သူ အော်ဟစ်ပြီး ရုန်းပါသော်လည်း သန်မာသော လက်များကြားမှ ရုန်းမထွက်နိုင်အောင် ဖြစ်နေရသည်။ မေ့ကို နောင်ရိုးက ပြန်လည်ထူမကာ အိမ်ဘက်သို့ အတင်းဆွဲခေါ်၏။ မေသည်လည်း ရှိသမျှအင်အားဖြင့် ရုန်းကန်နေပေမယ့် နောင်ရိုးလက်များထဲမှ မလွတ်နိုင်တော့ဘဲ အိမ်ထဲသို့ ပြန်ပါသွားရသည်။

"မင်းတို့နောက်တစ်ခါ ငါ့အိမ်နားကို လာလို့ကတော့ ဒီတိုင်း ပြန်လွှတ်လိုက်မယ်၊ မထင်နဲ့"

ထိုသို့ပြောကာ ပြန်ထွက်သွားသော သူတို့ကိုကြည့်ပြီး ယသုက တက်တစ်ချက်ခေါက်လိုက်သည်။

"ငါတော်တော်ညံ့တယ်ကွာ၊ မေ့ကိုတောင် သူတို့လက်ထဲက ရအောင် မခေါ်နိုင်ဘူး"

သူ့ပန်းကိုဖက်ကာ ထင်ကျော်က ထိုအိမ်ရှေ့မှနေ၍ အတင်းဆွဲခေါ်လာသောကြောင့်သာ ပါလာခဲ့သော်လည်း သူ့စိတ်တို့ကတော့ မေ့ဆီမှာသာ ကျန်ခဲ့လေတော့သည်။

မေရယ် မင်းကိုဘယ်လိုမှ လက်လွှတ်ဆုံးရှုံးမခံနိုင်ဘူး။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

"မောင်ရိုးထွန်း နင်ဘယ်လိုပဲ ငါ့ကို လူကြီးတွေနဲ့ ပေါင်းပြီး စီစဉ်ပါစေ၊ ငါကတော့ နင့်ကိုလုံးဝ မချစ်တာ သေချာတယ်"

"ခုမချစ်လည်း နောက်တော့ ချစ်လာမှာပေါ့ မေ"

မောင်ရိုးက မေ့စကားကို အပြုံးမပျက်ပြန်လည် တုံ့ပြန်လိုက်သည်။ မေက မဲ့ပြုံးတစ်ချက်ပြုံးလိုက်ပြီး

"နောက်ဆိုတာ နင့်အတွက် မရှိတော့ဘူး၊ မောင်ရိုး။ ငါ့နှလုံးသားထဲမှာ ကို တစ်ယောက်ပဲရှိတယ်၊ ကို ကလွဲရင် ငါ ဘယ်သူ့ကိုမှ ချစ်မှာမဟုတ်ဘူး။ နင့်အတွက်ဆိုရင် အချစ်လက်ကျန်လောက်တောင် မရှိဘူးဆိုတာ နင် နားလည်ထားစမ်းပါ"

"နင်ငါ့ကို ဒီလိုမပြောနဲ့နော် မေ၊ ငါက နင့်ကို ဟိုးငယ်ငယ်တည်းက ချစ်ခဲ့ရတာ၊ ခုတော့ နင်က တွေ့တာ ဘာမှမကြာသေးတဲ့ကောင်တစ်ကောင်ကြောင့် ငါ့ကို ဒီလိုစိမ်းစိမ်းကားကားတွေတောင် ပြောနိုင်နေ





ပြီကိုး"

"အချစ်ဆိုတာ တွေ့တာ မကြာသေးတာတွေ၊ ရှုတွေ့တာတွေနဲ့ ဘာမှမပတ်သက်ဘူးလို့ ငါကတော့ ထင်တယ် မောင်ရိုး။ နင်လည်း သေချာစဉ်းစားကြည့်ပါဦး၊ နင့်ငါ့ကိုချစ်တာလား။ ဒါမှမဟုတ် လိုချင်နေတာ သက်သက်လားဆိုတာ"

"ဘာမှပြန်စဉ်းစားစရာ မလိုဘူး မေ၊ ငါ့ရင်ထဲမှာ နင့်ကိုချစ်ခဲ့ရတာ ဟိုးငယ်ငယ်တည်းကပဲ၊ အဲဒီတော့ အချစ်ဆိုတာ ရယူပိုင်ဆိုင်ခြင်းပဲလေ၊ ငါချစ်တဲ့သူကို ငါလိုချင်တာ ထူးဆန်းတဲ့ကိစ္စတော့ မဟုတ်ပါဘူး"

မေ့ရှေ့တွင် ရပ်နေသော မောင်ရိုးသည် မေ ငယ်ငယ်တည်းက ခင်ခဲ့ရသော သူငယ်ချင်းမောင်ရိုးထွန်းမှ ဟုတ်ပါလေစ။ အရင်က မောင်ရိုးထွန်းသည် မေ့အလိုကို အမြဲတမ်းလိုက်လျောခဲ့သော မောင်ရိုးထွန်း ဖြစ်သည်။ ခုတော့ မောင်ရိုးထွန်းတစ်ယောက် ပြောင်းသွားသလား ထင်ရလောက်အောင်ထိ နောင် ပြောင်းလဲသွားခဲ့ပြီဖြစ်သည်။

"မောင် ငါ သိပ်အံ့ဩတယ်သိလား။ ငါသိတ်ကို ခင်တွယ်ခဲ့ရတဲ့ နင်က ငါ့ကိုဒီလိုမျိုးလုပ်လိမ့်မယ်လို့ ထင်တောင်မထားခဲ့ဘူး"

"မအံ့ဩနဲ့ မေ၊ လူဆိုတာ တစ်နေရာထဲမှာ ရပ်နေမှာမဟုတ်ဘူး၊ မြစ်ရေတွေလိုပဲ အမြဲတမ်းပြောင်းလဲနေမှာ၊ တကယ်တော့ ငါ ပြောင်းလဲတယ်ဆိုတာလည်း နင်က အကြီးကြီးလို့ ထင်နေမယ့် ငါ

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ငါကတော့ ဘာမှသိပ်ပြီး မပြောင်းလဲဘူးလို့ပဲ ထင်တယ်"

"တော်ပြီ နောင်ရိုး၊ ငါ နင်နဲ့စကားဆက်ပြောစရာ အကြောင်း မရှိတော့ဘူး"

"ကောင်းပြီလေ ဒါဆို ငါပြန်မယ်၊ မနက်ဖြန်တော့ အလှဆုံး လေး ပြင်ဆင်ပြီး ငါ့သတို့သမီးလုပ်ပေးပါ"

နောင်ရိုးက ဘောင်းဘီအိတ်ထဲမှ အနက်ရောင် ကတ္တီပါဘူး လေးကို ထုတ်ကာ စားပွဲပေါ်တင်ပေးခဲ့ပြီး အခန်းထဲမှ ပြန်ထွက်သွား၏။

ထိုဘူးလေးကို မေက ဖွင့်ပင်မကြည့်ပါ။ သူပြန်ထွက်သွားသော အခန်းတံခါးဆီ အားကုန်ပစ်ပေါက်လိုက်သည်။ မေ့မှာ ဘယ်လိုမှ လွတ် လမ်းမမြင်ဘဲ ကိုနဲ့လည်း တစ်သက်လုံး ဝေးရတော့မည်တဲ့လား။ မနက် ဖြန်ဆိုလျှင်ပဲ မေ့ကို လက်ထပ်ပေးကြတော့မည်။ အရင်တစ်ခါကလို မေမေလည်း မကူညီနိုင်တော့ပါ။

မေ့ အခန်းရှေ့တွင် ဖေဖေက သူ့တပည့်များနှင့် အစောင့်များ ချကာ ခြံတစ်ခုလုံးလည်း မီးများထိန်ထိန်လင်းနေအောင် ထွန်းညှိပြီး ဘယ်ကိုကြည့်ကြည့် ဖေဖေ့လူများဖြင့်သာ ပြည့်နက်နေသည်။

ခေါင်းအုံးပေါ်တွင် မှောက်ချကာ မေ ရှိုက်ကြီးတငင် ငိုလိုက် တော့၏။ မေ့ဘဝကြီးကို ဒီလိုနဲ့ပဲ မချစ်မနှစ်သက်သော လူတစ်ယောက် လက်ထဲ ထိုးအပ်လိုက်ရမည်တဲ့လား။

ဒီလိုဆိုရင် လောကကြီးကရော တရားမျှတမှုရှိပါဦးမလား။





မေ့ကိုကယ်မည့်သူမှာ မေ ကိုယ်တိုင်သာရှိမှန်း မေ သိလိုက်ပါတော့သည်။

■ ■ ■

မေ့ပါးပြင်ပေါ်သို့ မျက်ရည်ပူနွေးစက်စီးကျလာသည်။ သို့သော် မေ မသုတ်ပါ။

"ဒို ဘာဖြစ်လို့ ငိုတာလဲ သတို့သမီးရယ်၊ ဒီမှာ အလှတွေ ပျက်ကုန်တော့မှာပဲ"

မေ့မျက်နှာနုနုလေးကို စိတ်ရှိလက်ရှိ ကိုင်တွယ်ကာ အလှပြင် ပေးနေသော မာမီက ခပ်နွဲ့နွဲ့လေသံနှင့် ပြောလိုက်၏။

"မပြင်ဘဲနဲ့တောင် ဒီလောက်ချစ်စရာကောင်းနေတာ၊ ပြင် လိုက်တော့ ကြည့်စမ်းပါဦး၊ အရုပ်လေးကျနေတာပဲ"

မာမီက သူမမျက်နှာလေးကို ပန်းရောင်သွေးပြေးနေအောင် ခြယ်မှုန်းပေးထားပြီး ခေါင်းထက်မှာလည်း စိန်တစ်တန်းစီခြယ်ထားသော သီးကုပ်လေးကို တပ်ပေးကာ သူ့ဘာသာ ကြည့်မဝဖြစ်နေသည်။

"လုပ်လိုက်တာ သတို့သားမြင်ရင်တော့ မေ့တောင်လဲသွားမယ် ထင်တယ်၊ အဟင်း ဟင်း"

ပန်းသားဖွေးဖွေးများပေါ်နေသော ဂါဝန်ဖြူဖြူလေးကလည်း သူမ အသားအရေလေးနှင့် ဟပ်နေအောင်ပင် လှပါသည်။ ထို့နောက် မာမီကြီးက သူမခြေထောက်အောက်တွင် စိန်စီထားသော ဖိနပ်ဖြူ လေးကို ထိုးထည့်ပေး၏။



www.burmeseclassic.com

www.burmeseclassic.com



မေသည်လည်း အလိုက်သင့်လေးပင် စီးလိုက်ပါသည်။ ထို့နောက်တော့ အေးစက်သော လေသံနှင့် မာဗီကြီးမျက်နှာကို စိုက်ကြည့်ကာ

"မာဗီ ချစ်သူချင်းသာ ညှားသင့်တာ မဟုတ်လားဟင်"

"ဟုတ်တာပေါ့ သမီးလေးတို့ဆိုရင် ဘယ်လောက်လိုက်ဖက်ညီလဲ၊ အသက်လေးတွေကလည်း ရွယ်တူ၊ ရုပ်လေးတွေကလည်း ချောလိုက်တာ မှန်နေတာပဲ၊ ဘယ်လောက် ရှေ့သွားနောက်လိုက်ညီလဲ"

"ဒါပေမဲ့ တကယ်လိုအပ်နေတဲ့ အရာတစ်ခုတော့ ဒီပွဲမှာ မပါဘူး"

မာဗီကြီးက မေ့ကိုတအံ့တသြနှင့် မျက်မှောင်ကြီးကျုံ့ကာ မေးကြည့်နေသည်။ ဘာများလဲဆိုသော အမူအရာမျိုးနှင့်ပါ။

"မေ့မှာ ချစ်သူရှိတယ်၊ ဒါပေမဲ့ ဒဲဗီလူက မေ့လက်ကိုတွဲပြီး ပွဲတက်မယ့် နောင်ရိုးထွေးမှတော့ မဟုတ်ဘူး"

"ဟင်"

မာဗီကြီးမှာ ဟင်ခနဲ ဖြစ်သွားကာ မျက်လုံးများ ပြူးကျယ်ကုန်ပြီး ပါးစပ်အဟောင်းသား ပွင့်ဟကုန်၏။

■ ■ ■

"ဟော့ကောင် မြန်မြန်ရအောင်ကွာ"

"ငါ မေ့ကိုနောက်ဆုံးအခေါ်နဲ့ ကြည့်ပါရစေကွာ၊ ငါသူ့ကိုမမြင်





ရရင် ငါရူးသွားလိမ့်မယ်"

ယသုက ဘယ်လိုမှ တားမရတော့မည့်ပုံနှင့် မေ့ မင်္ဂလာဆောင် ကျင်းပမည့် ဟိုတယ်ကြီးအဆောင်တစ်ဖက်ကားလမ်းတွင် ယောက်ချာရစ်နေသည်။

"မင်း ဒီလိုလုပ်ရင် ပိုပြီးခံစားရမှာစိုးလို့ ငါက တားနေတာကွ၊ ဘယ်လိုမှ မဖြစ်နိုင်တော့တာကို မင်းကိုယ်မင်း ဒုက္ခခံပြီးတော့ ရှေ့ဆက် တိုးမနေနဲ့တော့"

"ဒီနေ့ နောက်ဆုံးပဲကွာ၊ ဒီနေ့ပြီးရင် မေဆိုတဲ့ နာမည် ငါ့ ပါးစပ်က ထွက်တာနဲ့ မင်း ငါ့ကိုထိုးကွာ ထင်ကျော်၊ ငါ လုံးဝ အာမခံ တယ်"

ခေါင်းမာမာနှင့် တင်းခံနေသော ယသုကို သူက ဘာမှမပြော တော့ဘဲ လေပူကြီးတစ်ချက်သာ မှုတ်ထုတ်ပစ်လိုက်သည်။ ပြီးနောက်မှာ တော့ ယသု ထိုင်နေရာ ပလက်ဖောင်းခုံတွင် စိတ်ပျက်လက်ပျက် ဝင်ထိုင်လိုက်တော့၏။

ထိုအချိန်မှာပင် သူတို့နားထဲသို့ တိုးဝင်လာသော ရယ်သံများ။ အသံလာရာဆီသို့ အားလုံးလှမ်းကြည့်လိုက်သည်။ ဝတ်ကောင်းစားလှ များ ဝတ်ထားသော လူတစ်သိုက်က နောက်မှနေ၍ ရှေ့သို့အတင်းလှမ်း ခေါ်ကာ ပြေးနေကြခြင်း။

သူတို့ရှေ့မှာတော့ အလွန်ကိုလှပသော ပုံရိပ်လေးတစ်ခု၊ ဂါဝန် အမြီးစလေးကို မကာ ရှေ့ဆီသို့ တဟုန်ထိုး ပြေးလွှားနေ၏။



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



"ဟင် မေ"

သူ့နှုတ်များမှ မေ့ နာမည်လေးခုန်ပေါက်ထွက်သွားသလို သူ့ခြေလှမ်းများကလည်း တစ်ဖက်ကားလမ်းရှိ မေ့ထံသို့

"မေ"

တဝီဝီမြည်အောင် သွားနေသော ကားများကြားမှနေ၍ သူက အသံကုန်ဟစ်ကာ အော်လိုက်သည်။

မေ့ခြေလှမ်းများ ရပ်တန့်သွားပါသည်။ အသံလာရာဆီ မျက်ရည်များပြည့်လျှံနေသော မျက်ဝန်းများဖြင့် လှမ်းကြည့်လိုက်၏။

"ကို"

တစ်ဖက်ကားလမ်းမှနေ၍ ခရီးရာဘက်သို့ ကားလမ်းဖြတ်ကူးရန် ကြိုးစားနေသော ယသုကိုမြင်လိုက်ရသော ခဏမှာ မေ့စိတ်တို့က ဘာကိုမှ သတိမရတော့။

ကားရှုပ်လှသော လမ်းမကြီးတစ်ဖက်ကို ရောက်ရန်သာ အားထုတ်လိုက်၏။

"ဟော့ကောင် ယသု၊ ကားတွေ ဒီလောက်ရှုပ်ယှက်ခတ်နေတာ မင်းက ဘယ်လိုကူးချင်နေတာလဲ"

နောက်မှအော်ပြောလိုက်သော ထင်ကျော့်အသံကိုလည်း သူ ဂရုမစိုက်နိုင်တော့ပါ။ သူ့မျက်လုံးထဲမှာ မေ့ကိုသာ မြင်သည်။ သူရှိရာ တစ်ဖက်ကားလမ်းသို့ ဖြတ်ကူးလာနေသော မေ့ပုံရိပ်လေးက သူနှင့်



တဖြည်းဖြည်း နီးကပ်လာနေပါပြီ။

"သမီး ဘာလုပ်တာလဲ၊ ပြန်လာခဲ့၊ ကားတိုက်မိလိမ့်မယ် ပြန်လာခဲ့နော်"

"မေ ပြန်လာခဲ့စမ်း။ နင် ဘာလုပ်တာလဲ၊ ဒီမှာ မင်္ဂလာချိန် နီးနေပြီ"

မေမေနှင့်နောင်ရိုးထွန်း၏ အသံကိုလည်း မေ့ နားထဲမှာ ဘာမှမဝင်တော့။ ဦးနောက်မှိုင်းကာတော့ မေ့နောက်သို့ လိုက်ရန်ပြင်နေခြင်းကို ရှေ့မှနေ၍ မေ့ကို မိတ်ကပ်ပြင်ပေးသော မာမီကြီးက လက်ကြီးဆန့်တန်းကာ ကာဆီးနေသောကြောင့် မေမေ့မှာလည်း၊ အခက်တွေ့နေရသည်။

နောက်ဆုံးမှာတော့ မေမေက မိတ်ကပ်ဆရာကို ခြေကြီးပေါ်သို့ အတင်းတွန်းဖယ်ပစ်ကာ မေ့နောက်သို့လိုက်ခဲ့ပါသော်လည်း

ယသုနှင့်မေတို့က ကားလမ်းမအလည်တည့်တည့် လက်တစ်ကမ်းအကွာတွင်သာ မျက်နှာချင်းဆိုင်ရပ်နေမိကြပါပြီ။

"မေ"

"ကို"

တစ်ယောက်ကိုတစ်ယောက် ပျောက်သွားမှာစိုးသည့်အလား ထိုးဖောက်နစ်ဝင်တော့မတတ် အကြည့်များနှင့်ကြည့်နေမိ၏။

ထိုစဉ်မှာပင်

"ဟော့ကောင် ယသု"

"သမီး"

www.burmeseclassic.com



"မေ"

"အမလေး သေပါပြီ"

အော်သံများ ရှုပ်သွား၏။ ကားသံများလည်း ရှုပ်ယှက်ခက်စွာ ထွက်ပေါ်လာသည်။ ဘရိတ်ဆွဲလိုက်သော အသံများ၊ အုန်းနေနဲ့မြည်သွားသော အသံ၊ လူတွေ၏ ကြောက်လန့်တကြား အော်ဟစ်လိုက်သော အသံ။

အားလုံးကြားမှ မေနဲ့ယသုကတော့ ပြုံးနေကြသည်။ ဖြူစွတ်နေသော သတို့သမီးဝတ်စုံလေးတွင် စွန်းထင်းကုန်သော သွေးစက်များကိုလည်း ဂရုမထားနိုင်တော့ဘဲ တစ်ယောက်လက်ကို တစ်ယောက် ဆုပ်ကိုင်ကာ..

ယသုကလည်း စေးကပ်နေသော သွေးများပေကျံနေသည့် လက်အစုံဖြင့် မေ့ကိုလွတ်ထွက်သွားမည့်အလား မွေ့ဖက်ထားလိုက်သည်။

ဘေးနားသို့ရောက်လာသော လူများ၏အော်သံဟစ်သံများ သို့သော် မေနှင့်ယသုအတွက်ကတော့ အေးချမ်းသော အပြုံးများဖြင့်သာ

ဘယ်တော့မှ ဘယ်သူမှ မခွဲနိုင်တော့မည့် ဆုံတည်းခြင်းတစ်ခု ဆီသို့ ဦးတည်လျက်...။

ပရိသတ်အတွက်

အမြဲတမ်း

သျှိုး